# ပုဏ္ဏမိ

## ကြိုတင်မမြင်နိုင်သော



ပုဏ္ဏမိ

ကြိုတင်မမြင်နိုင်သော

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၅၁၉၀၅၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၆၆၃၀၆၁၀

၂၀၁၀ ခုနှစ်၊ သြဂုတ်လ

ပထမအကြိမ်

တန်ဖိုး – ၁၀၀၀/-

အုပ်ရေ – ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင်(၀၃၈၈၇)၊ စေတနာစာပေ
အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃)၊ စေတနာ-OFFSET
အမှတ်(၅၉)၊ ၁၉-လမ်း၊ ရန်ကုန်။

၈၉၅.၈၃

ပုဏ္ဏမိ
ကြိုတင်မမြင်နိုင်သော/ပုဏ္ဏမိ-ရန်ကုန်။
စေတနာစာပေ၊ ၂၀၁၀။
၂၉၂- စာ၊ ၁၂×၁၈ စင်တီ။
(၁) ကြိုတင်မမြင်နိုင်သော


**နိုင်ငံတော်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | နိုင်ငံတော်အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | နိုင်ငံတော်အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | နိုင်ငံတော်အရေး |

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**


- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



# ပုဏ္ဏမီ

## ကြိုတင်မမြင်နိုင်သော



စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ





## အခန်း(၁)

"လုပ်ပါဟယ်၊ ငါလေ နင့်ကို နင်ကြိုက်တဲ့ ဟို New Channel အင်္ကျီလေးတစ်ထည် ဝယ်ပေးမယ်။ အပြာနုရောင်လေးပေါ့ဟယ်။ နင်က အဲဒီအင်္ကျီအပြာနုလေးကိုဝတ်ပြီး အဲဒီ တွေ့ဆုံပွဲ စားပွဲမှာ ငုတ်တုတ်ကလေး သွားထိုင်ပေးရုံပဲ။ ဒါပဲ။ ဒီ့ထက် ဘာမှမပိုဘူး လွယ်လွယ်ကလေးပါ။ ကူညီပါဟယ်"

"အဲဒီလောက်လွယ်ရင် နင်ပဲသွားထိုင်နေလိုက်ပါလားဟဲ့။ ဘာအင်္ကျီလက်ဆောင်မှလဲ မလိုချင်ဘူး။ ငါ့ကို နင့်ရဲ့ပေါက်ကရ ရှုပ်ရှုပ်ယှက်ယှက် ကိစ္စတွေထဲ ဆွဲမထည့်နဲ့။ မလုပ်နိုင်ဘူး."

"ဟဲ့ ... ဘယ်ကလာ ပေါက်ကရ ဟုတ်ရမှာလဲ။ ဒါ ... ငါ တကယ့်ကို စိတ်ပါလက်ပါ အပတ်တကုပ်နဲ့ ကြိုးစားထူထောင်နေတဲ့ ငါ့ရဲ့အလုပ် business ဟဲ့။ အပျော်လုပ်

နေတာလည်း မဟုတ်ဘူး။ ကောင်းကောင်းမွန်မွန်၊ စနစ်တကျ၊ သိက္ခာရှိရှိ”

“ဒါဖြင့် နင့်ဘာသာပဲလုပ်။ ငါတော့ ဆွဲမထည့်နဲ့”

“ငါက ကုမ္ပဏီကြီးတစ်ခုလုံး ထူထောင်ပြီး လူမပြည့်လို့ ငါပါဝင်ထိုင်ရတယ်ဆိုတာ လူကြားလို့ ကောင်းပါ့မလားဟ။ ‘တစ်နှစ်အတွင်း ယောကျ်ားရစေရမယ်’လို့ ဟောမိပြီး မရနိုင်တော့ သူ့ဗေဒင်ပညာကို လူအထင်သေးမခံနိုင်တာနဲ့ပဲ သူကိုယ်တိုင်ပဲ ယူလိုက်ရတယ်ဆိုတဲ့ ဗေဒင်ဆရာနဲ့ သွားတူမနေပေဘူးလား”

“တူ ... တူ ... ဒါ နင်လုပ်တဲ့ဇာတ်ပဲလေ၊ နင်နိုင်အောင်ကပေါ့”

“လုပ်ပါဟယ်။ ချစ်သူငယ်ချင်းလေးရယ်။ နင်နဲ့ငါ သူငယ်တန်းတည်းက အရင်းအချာတွေ ဖြစ်ခဲ့ကြတာ ခုထိ။ ငါ စိတ်ညစ်ဒုက္ခရောက်ရမယ့် ကိစ္စမျိုးကို နင် မလုပ်ချင်ပါဘူး။ နင် ငါ့ကို ကူညီမှာပါ”

“ဒါဖြင့်လည်း အပြန်အလှန်အားဖြင့် ပြန်တွက်ရင် နင်လည်း ငါစိတ်ညစ် ချောက်ပေါက်ကျရမယ့် အလုပ်မျိုးကို မလုပ်ခိုင်းနဲ့လေ”

“ခုဟာက နင့်အနေနဲ့ အဲဒီလိုဖြစ်သွားစရာမှ ဘာမှမရှိတာ”

“ရှိတယ် ... ရှိတယ်။ အဲဒီတွေ့ဆုံပွဲကို ရောက်လာကြမယ့် ယောကျ်ားကြီးသုံးယောက်က ငါ့ကို ဘယ်လိုမြင်ကြ





မလဲ ... ဟင် !။ ငယ်ငယ်ရွယ်ရွယ်နဲ့ ဖူးစာရှင်ရှာမရနိုင်တော့မှန်း ကိုယ့်ကိုယ်ကိုယ် သေချာနေလို့ matchmaker (အောင်သွယ်) Company ကို အပ်ထားရတယ် ဆိုမှတော့ ဘယ်လိုချွတ်ယွင်းချက်တွေ ရှိနေတဲ့ မိန်းကလေးမျိုးပါလိမ့်လို့ တွေးကုန်ကြမှာ ငါ အင်မတန် သိက္ခာကျတယ်”

“အမယ်လေး ... ဖြစ်မှဖြစ်ရလေဟယ်၊ ကြံဖန်တွေးတော်ပြီး သိက္ခာကလည်း တက်ချင်နေလိုက်သေးတယ်၊ မဆိုင်ပါဘူး”

“ဆိုင်တယ် ... ငါ့ရုပ်၊ ငါ့ရည်၊ ငါ့ပုံစံ၊ ငါ့အဆင့်အတန်း အသိုင်းအဝိုင်းနဲ့ ငါ့အလုပ်အကိုင်တွေအရ”

“အေးပါဟယ် ... နင်မို့ လမ်းတစ်ခါထွက်ရင် နောက်ကနေ လိုချင်တပ်မက် တွယ်တာမြတ်နိုးနေကြတဲ့ ပုရိသတွေ အယောက်ငါးဆယ်လောက် ရှင်လောင်းလှည့်နေသလိုကို တစ်သီကြီး တစ်တန်းကြီးပါ၊ ပါလာကြတာ လူတိုင်းသိပါတယ်”

“တောက် ... အရွဲ့တိုက်မပြောနဲ့၊ ငပိမကြီး”

**“စောကလျာ”**မှာ သူ တစ်ခုခုကို လိုလားတောင်းဆိုချင်ပြီဆိုရင် သူ လုပ်နေကျပုံစံ၊ ထားနေကျ မျက်နှာထားလေး အတိုင်း မျက်နှာငယ်ကလေး လုပ်ထားကာ သွားဖြီကလေးနဲ့ “တညှင်းညှင်း”ရယ်လျက် ရှိပါသည်။ အဲဒီ သွားကြားလေထွက် တညှင်းညှင်း အသံလေးဟာ အပြီးသတ်ကျတော့ သူလိုရာကို ချည်း လုပ်ချင်တိုင်း လုပ်ရသွားတတ်တဲ့ “တညှင်းညှင်း”။

ပေါင်းလာကြတာကိုက အနှစ်နှစ်ဆယ်နီးပါး ရှိကြပြီမို့ သူ့သည်းညည်းကိုယ်ခံ၊ ကိုယ့်သည်းညည်း သူခံနဲ့ အဲဒီ တညှင်းညှင်းရဲ့ဒဏ်ဟာ ကိုယ့်ကို ဘယ်လောက်ထိ ရစ်ပတ်ဆွဲငင် ဒုက္ခပေးတော့မယ် ဆိုတာ **ရှေးနှောင်း** သာလျှင် အသိဆုံးပေ။

မ်ဘမျှားက ပဲ၊ နှမ်း Export နဲ့ ကြီးကြီးကျယ်ကျယ်၊ ထင်ထင်ရှားရှား၊ လူသိများသော စီးပွားရေးလုပ်ငန်းရှင်ကြီးတွေ ဖြစ်ကြပါရက်၊ အဲဒီ စောကလျာဟာ သူ့အစ်ကိုအစ်မများလို ပညာစုံတာနဲ့ မိဘလုပ်ငန်းထဲ ခြေစုံပစ်ဝင်လိုက်တာမျိုးမရှိ။ သူ့ကြွေးကြော်နေကျ "လမ်းသစ်ဖောက်မယ်"ဆိုတဲ့ စကားအတိုင်း လုပ်မယ့်လုပ်တော့လည်း သူတည်ထောင်သော ကုမ္ပဏီက Matchmaker (အောင်သွယ်လုပ်ငန်း)နဲ့ Wedding Planner *(မင်္ဂလာအခမ်းအနား စီစဉ်ပေးသည့်လုပ်ငန်း)*တဲ့။

အောင်အောင်မြင်မြင်ကြီး ဖြစ်ပြီလားဆိုတော့ မဖြစ်လှသေးပါဘူး။ အခမ်းအနား စီစဉ်ပေးရတာက ငါးခါ ခြောက်ခါမျှရှိပြီဖြစ်လျက် အောင်သွယ်အလုပ်ကတော့ ခုမှ ဒါပထမဦးဆုံးအကြိမ်ပင်။ ဒါတောင် သူကိုယ်တိုင်က Chinese (တရုတ်) မျိုးနွယ်ဝင်မို့။ ဒီကိစ္စမျိုးမှာ အောင်သွယ်နဲ့ လုပ်ကိုင်လေ့ရှိကြတဲ့ တရုတ်လူမျိုးတို့ရဲ့ထုံးစံ ဓလေ့အရ။ သူ့မှာအလုပ်အပ်သူ၊ စုံစမ်းသူ၊ အဆက်အသွယ်လုပ်သူ အနည်းအကျဉ်းနဲ့ အရှက်ကွဲရလောက်တဲ့ထိ "သုညရာခိုင်နှုန်း"ဖြစ်မနေတာပင်။





မြန်မာ့လူနေမှုစနစ်ထဲမှာတော့ ယောကျ်ားလေးတွေကတော့ မပြောတတ်။ "ကောင်းကောင်းမွန်မွန် တော့တော့ဆိုင်ဆိုင် ဖူးစာရှင်မျိုး လိုချင်လို့"ဆိုပြီး မာတ်ပုံ၊ ကိုယ်ရေးရာဇဝင်နဲ့တကွ အလုပ်လာအပ်ချင်တဲ့ အမျိုးသမီးဆိုတာကတော့ အတော်ကြီးကိုပဲ ရှားနေဦးမည် မဟုတ်လား။

လူချင်းတွေ့ပြီးကြကာမှ ယောကျ်ားလေးဘက်က "မဖြစ်နိုင်ပါဘူး။ မနှစ်သက်ပါဘူး။ မနီးစပ်ပါဘူး"ဟု ငြင်းပယ်ခံရမှာကို ဒီပြင်နိုင်ငံတွေ လူမျိုးတွေက အမျိုးသမီးတွေအနေနဲ့ ဘယ်လိုမှ မနေဘဲလည်း ရှိချင်ရှိမည်။ မြန်မာ့အသိုင်းအဝိုင်းမှာတော့ ဒါဟာ အတော့်ကို အခံရခက်စရာ၊ ရှက်စရာကြီးလေ။

အဲဒါကြောင့်မို့ပဲ မရွှေချော စောကလျာရဲ့ အစီအစဉ်က တစ်ဦးချင်း တစ်ယောက်ချင်း နှစ်ဦးသားတည်း တွေ့ဆုံပေးဖို့ထက် အလုပ်အပ်ထားတဲ့ မိန်းမသုံးယောက်နဲ့ ယောကျ်ားသုံးယောက်ကို ကုမ္ပဏီက အကုန်အကျနဲ့ တွေ့ဆုံပွဲ၊ ညစာစားပွဲတစ်ခု ဖန်တီးပေးလိုက်သည်။ အဲဒီမှာပဲ အကဲခတ်ကြ၊ စကားပြောကြည့်ကြ၊ ရွေးချယ်ကြပေါ့နော်။ ကုမ္ပဏီကလူမပါ။ အလုပ်အပ်ထားသူ Customer တွေချည်း တွေ့ဆုံကြမည့်ပွဲပါ။

ဒါပေမဲ့ အဲဒီခြောက်ယောက်ထဲမှာ Chinese အမျိုးသားတစ်ယောက်၊ အမျိုးသမီးတစ်ယောက်ပါတာမို့ စောကလျာက အဲဒီနှစ်ယောက်ကိုတော့ သူ့ဟာနဲ့သူ အချိတ်အဆက်မိ အဆင်ပြေသွားနိုင်ကြမည်ဟုပဲ ပုံသေတွက်ထားသည်။ ကျန်တဲ့

လေးယောက်သည်လည်း ဘယ်သူနဲ့ဘယ်သူမှ ရင်းနှီးကျွမ်းဝင်မှု မရှိကြတဲ့ အုပ်စုလိုက်ကြီး ရောနှောတွေ့ဆုံကြရတာမျိုး ဆိုတော့ကာ တစ်ယောက်ချင်းစီတွေ့ပြီး မနှစ်သက်လို့ ငြင်းပယ်ကြတာထက် အများနှင့် အုပ်စုနှင့် ရောထွေးနေတဲ့အခါကျတော့ အဆင်မပြေတာ၊ ထပ်မဆက်သွယ်ချင်တာ၊ ဘယ်သူကမှ ဘာကြောင့်ကိုသဘောမကျတာတွေအတွက် မိန်းမသားဖြစ်သူတွေအဖို့ ပိုပြီးအခံရသက်သာကာ မျက်နှာသိပ်ပူစရာမရှိဟု သူက ယူဆသည်လေ။

အဲဒီလို အစီအစဉ်နဲ့ပဲ ပါဝင်ကြမယ့်သူတွေကို ကြိုတင်အကြောင်းကြား ဖိတ်ကြားစီစဉ်ပြီးကာမှ ကြွရောက်ရမယ့် အလုပ်အပ်ထားတဲ့ အစ်မကြီးတစ်ယောက်က (သတ္တိပဲမရှိတော့တာလား) "မလာနိုင်ပါ"တဲ့။ ကပ်ပြီးဖျက်လေသည်။ အဲဒီမှာတင် စောကလျာက သူ့ပွဲတော့ အပျက်မခံ၊ သူ့ကုမ္ပဏီတော့ နာမည်ပျက်မခံ၊ လုပ်ကိုင်စီစဉ်လိုက်ပုံကလေးက လစ်လပ်သွားမယ့်ခုံ တစ်နေရာမှာ အချစ်ဆုံးသူငယ်ချင်းကလေး "မိရေး"ကိုပဲ ထိုးထည့်ဖို့ ကြံတော့တာ။

လိုက်ဖက်မှုရှိရှိ မရှိရှိ၊ Match ဖြစ်ဖြစ် မဖြစ်ဖြစ် နောက်ထပ် အလုပ်အပ်ထားတဲ့အထဲက တစ်ယောက်ယောက်ကိုပဲ အတင်းအစားထိုးဖို့ ဆိုရအောင်ကလည်း သူ့မှာ အမျိုးသား Client (ဖောက်သည်)တွေကသာ များနေလျက် အမျိုးသမီးက နောက်ထပ်တစ်ယောက်မှမှ ရှိကို ထပ်မရှိတော့တာကိုး။

"နင် လုပ်ပေးမလား၊ မလုပ်ပေးဘူးလား"





"အောင်မာ ... သူကပဲ မာရေကျောရေနဲ့"

"နင် မကူညီရင် ငါက ငါ့ရဲ့ပထမဆုံးပွဲကို မလှမပ မစည်မကား မပြည့်မစုံကြီးနဲ့ ဖြစ်ပျက်နေတာကိုတော့ လက်ပိုက်ကြည့်မနေနိုင်ဘူး။ အိပ်ဆေးတွေသောက်ပြီးတော့ကို အိပ်နေမှာ"

"အောင်မာ ... ဟား ဟား ဟား ဟား ... ကြောက်စရာကြီးပါလား၊ ကြောက်လွန်းလို့ပဲ မငြင်းပယ်ဝံ့ရတော့မလိုလို"

"ညှင်း ညှင်း ညှင်း ညှင်း ... နင် လုပ်ပေးတော့မှာပါ၊ ငါ သိတယ်"

"သွားလဲသေလိုက်ဟယ်"

စောကလျာကား လဲသေနေဖို့ အချိန်မရှိပါ။ သူ့ရဲ့ "ကိုယ်ရေးလက်ထောက်"ဟု ကြီးကြီးကျယ်ကျယ် နာမည်တပ်ခေါ်ကာ ခန့်ထားသော သူ့မောင်ဝမ်းကွဲဖြစ်သူထံ ဖုန်းလှမ်းဆက်လျက် ...

"စကော့ဈေးထဲက မဦးတို့ဆိုင်မှာ ငါတို့ ဟိုနေ့ကသွားကြည့်ခဲ့တဲ့ New Channel မီးခိုးပြာနုလေး သွားယူလိုက်ချေတော့ သွား။ ပြီးရင် ဆိပ်ကမ်းသာလမ်းထဲက မိရေးတို့ အလုပ်ထဲကို လာပို့ပေးနော်၊ အေး ... အေး ... ငါ ဈေးဆစ်ထားပြီးသား သိလား၊ နင် ပိုမပေးခဲ့နဲ့နော်"

သူ့ဘာသာသူပဲစီစဉ်၊ သူ့ဘာသာသူပဲ "အဝင်က မရှိသေးဘူး၊ အထွက်တွေက အရင်များနေပြီ။ ပွဲစီစဉ်ပေးရတာ ရော အကျိုးဝယ်ဆင်ရတာက ရှိသေးတယ်"ဟု ညည်းညူ။

"နားငြီးတယ်၊ နင့်သဘောပဲ နင်ဆောင်နေတာကို။ ငါက ဘာမှမထောင်းဆိုဘူး"

"ဒါပေမဲ့ လာဘ်ထိုးမှပဲ ရှောရှောရှူရှူ ပိုအဆင်ပြေမယ် မဟုတ်လား။ မဖြစ်ဘူး အောင်သွယ်ခသပ်သပ်ယူပြီးတာ တောင် လက်ထပ်ပွဲကျ ငါ့ကို Planner အဖြစ် ပြန်ငှားရ ဦးမယ်ဆိုတာပါ Contract ထဲ ထည့်ထားမှ။ နို့မို့ အရင်း တောင်ကျေမှာ မဟုတ်ဘူး"

"နားကြားပြင်း ကတ်လိုက်တာဟာ။ ဒီလောက် သိမ်မွေ့ နက်နဲတဲ့ကိစ္စကို နင်မို့ ငွေကြေးကိစ္စကြီးတွေ၊ အလုပ် သဘောကြီးတွေနဲ့ ပူးယှက်ထားတယ်။ မုန်းစရာကြီး"

"မတော်တဆ နင့်ကိုမှ ကြိုက်ပါပြီ၊ အဆင်ပြေပါပြီတွေ ဖြစ်ကုန်ရင်လည်း ငါက ယောကျ်ားလေးဘက်ကပဲ ယူမှာ ပါဟဲ့။ နင့်ဆီကတော့ မယူပါဘူး ညှင်း ညှင်း"

"နင့်ဟာနင် လဲသေဖို့ နေရာရှာမရနိုင်ရင် ငါ အမိုက်ပုံ ကောင်းကောင်းတစ်ခု ရှာပေးမယ် ချေးစုတ်မ"

ဘယ်လောက်ပဲ ဆဲဆဲဆိုဆို အဲဒီအဓိပ္ပာယ်မရှိတဲ့ ပေါက်ကရကိစ္စကြီးကို ရှေးနှောင်းအနေနဲ့ လုပ်ကိုင်လုပ်ပေးရ တော့မယ်ဆိုတာကတော့ အလိုလိုနေရင်းနဲ့ပင် သေချာသွားခဲ့ ပါပြီ။

♥ ◇ ♥





"ကျွန်တော့်နာမည်က 'ဩဇာ'တဲ့။ ခင်ဗျားကရော"

ဟုတ်လည်း မဟုတ်ဘဲနဲ့များ။ မိရှေးတို့က ကုမ္ပဏီ ကနေ စာရင်းစာရွက်ကို သေချာလေ့လာ ဖတ်ရှုကြည့်ခဲ့ပြီးသား။ ယောကျ်ားသုံးယောက်အနက်မှာ တရုတ်အနွယ်ဝင် အစ်ကိုကြီး တစ်ယောက်က ကိုမြင့်ဦးမောင် ဆိုရင်၊ အသက်လေးဆယ်နီးပါး မြန်မာရုပ်စစ်စစ်ကြီးနဲ့ ကြည့်လိုက်တာနဲ့ Typical Bachelor (လူပျိုသိုးရေမရောကြီး)ရုပ် ထွက်နေတာက **ဦးအောင်စေယျ** ပင် ဖြစ်လိမ့်မည်။ ဒါဖြင့် ကျန်တစ်ယောက်က စာရင်းအရ "ကိုတင်လှ" ပေါ့။ အဲဒါကိုများ ဘာလဲ"ဩဇာ" ဟား ဟား ဟား။

"မာလကာ"

မိရှေးမှာ ဟားချင် ပြောင်ချင်စိတ် အပြည့်နှင့် လွှတ်ခနဲ ပြန်ပြောထွက်လိုက်မိပြီးမှ ကိုယ့်နှုတ်ခမ်းကိုယ် မြန်မြန် ပြန်ကိုက်ထားလိုက်ပါသည်။ သူက "ဩဇာ"ဆိုလို့ ကိုယ်က "မာလကာ"လိုက်လုပ်ရင် သူနဲ့အတွဲညီ အလိုက်ကျချင်တယ် ထင်နေပါဦးမည်။ ကိုယ် ဒီကိုရောက်လာရတာဟာ ကျန်တဲ့ငါး ယောက်လို "ရည်ရွယ်ချက်"ကြီးတွေနဲ့မှ မဟုတ်တာ။ ခံ့ဖြည့်ဝင် ထိုင်ရုံမို့ ပေရှည်စေနိုင်တဲ့ အပြုအမူ အပြောအဆိုမျိုးတွေကို ဘတ်နိုင်သမျှ ရှောင်ကြဉ်နိုင်ရင် အကောင်းဆုံးလေ။

"ဟာ ... ဒါဆို အိုကေတာပေါ့"

မြန်မြန်ပြန်ဘရိတ်အုပ်ပါတယ် ဆိုမှ ကိုကိုသွက်တို့ကလည်းပဲ နားပါးပါးနဲ့ အမိအရကို အကွက်နင်း ထက်ကြပ်ကပ်ပါနေချေတော့သည်။ ခက်ပေါ့။ မိရှေးက ညြဇာဆိုတဲ့ ပြုံးစိစိသကောင့်သားကို အရေးမစိုက်တော့သလို နေလိုက်ကာ စားပွဲဝိုင်းကို လှည့်ပတ်အကဲခတ်လိုက်ပါသည်။

Chinese နွယ်ဝင် ကိုမြင့်ဦးမောင်နဲ့ မရီရီထွေးတို့ကတော့ စောကလျာ ကြိုတင်ခန့်မှန်း မျှော်လင့်ထားပြီးသလိုပင်။ စတင်တွေ့လိုက်ကြစဉ်ကတည်းက "တခြားလူတွေကို လိုက်ကြည့်နေစရာ မလိုပါဘူး၊ ငါနဲ့ သူနဲ့ကသာ အတွဲအဖက် အကိုက်အညီတွေပါ"ဟု သူတို့ဘာသာ သတ်မှတ်နိုင်လိုက်ကြပုံနဲ့ နှစ်ယောက်တည်းအဖွဲ့ကျလျက် အဆင်တပြေ ရေပက်မဝင်တွေပင်ဖြစ်လို့။

ကျန်တဲ့လေးယောက်မှာ မခင်မြတ်ကြွယ် ဆိုတဲ့ အစ်မကြီးနဲ့ ဦးအောင်ဇေယျတို့ဟာလည်း ပြောရမယ်ဆို အဆင်ပြေကောင်း ပြေသွားနိုင်တဲ့ လိုက်လိုက်ဖက်ဖက် အသက်အရွယ်၊ အခြေအနေပုံစံတို့နှင့်ပါပဲ။ ခက်နေတာက အဲဒီဆရာကိုတင်လှပင်။ မိရှေး အစားထိုးဝင်လာခဲ့တဲ့ အစ်မကြီးက သူ့အကြောင်းနဲ့သူ ရောက်မလာလို့သာ တော်တော့တာပေါ့။ ရောက်များလာရင် "မမနဲ့မောင်လေး"ဇာတ်တောင် မဟုတ်၊ "တီတီနဲ့ တူတူ"လောက်ဖြစ်နေကြတော့မှာမို့ သူတို့နှစ်ယောက်စလုံးဟာ ကုမ္ပဏီကို ကျိန်ဆဲကြတော့မှာ အမှန်ပင်။





အဲဒီစောကလျာဟာလေ လုပ်စရာလား။ အလုပ်အပ်ထားတဲ့ သုံးဦးတည်းသော အမျိုးသမီးများဟာ အသက်အရွယ် ခပ်ကြီးကြီးတွေထဲကချည်း ဖြစ်နေလျှင် အခု ကိုမြင့်ဦးမောင်လို၊ ဦးအောင်ဇေယျတို့လိုအရွယ် ယောကျ်ားနောက်တစ်ယောက်ကိုသာ စီစဉ်ထည့်သွင်းပေးရမှာပေါ့။ ဒီဇရုတ်သုက္ခ မိရှေးတို့လောက်အရွယ်ကလေးကို ဆွဲထည့်ထားစရာလား။ အောင်မြင်ဦးမယ်။ ဒီလိုပုံနဲ့တော့။

ဟိုးစားပွဲထိပ်တစ်ဖက်က နှစ်ယောက်ကသာ အဆင်ပြေတာ။ စားပွဲအလယ် မျက်နှာချင်းဆိုင်က အစ်ကိုကြီး အစ်မကြီးနှစ်ယောက်ကလည်းပဲ ကျောက်ရုပ်ကြီးတွေ စုံချထားသလားမှတ်ရ။ အစ်မကြီးမှာ မျက်လွှာအသာချပြီး အစားကိုသာ မဲစားနေလိုက်တာ။ သူ့ကိုယ်လုံးကိုယ်ပေါက်က ဘာဖြစ်လို့ ဒီလိုခပ်ဒိုင့်ဖိုင့်ကလေး ဖြစ်နေရသလဲ ဆိုတာကို သက်သေပြနေသလိုသာရှိတော့သည်။

ဦးအောင်ဇေယျကကျတော့ မခင်မြတ်ကြွယ်ဘက်မျက်လုံးတစ်ချက်လောက် ဝေ့မိရင်ပဲ မိုးကြိုးပစ်ခံရတော့မယ့်အလားလည်ပင်းကြီး လိမ်နေလိုက်တာ။ မိရှေးထင်တာ မမှားဘူးဆိုရင် ခင်မြတ်ကြွယ်နဲ့ စကားစမြီပြောကြည့်ဖို့ထက် မိရှေးတို့လူငယ်နှစ်ယောက်ဘက်ပဲ သူက ပါချင်နေသလိုတောင် ဖြစ်နေသည်။ အထူးသဖြင့် မိရှေးနဲ့ပဲ မျက်လုံးချင်းဆုံမိအောင် ကြိုးစားနေပုံဆောင်ရကာ သူတို့ဘက် အကဲခတ် လှမ်းကြည့်လိုက်တဲ့ မိရှေး

ရဲ့မျက်လုံးတွေနဲ့ ဆုံလိုက်တော့မှ ဝမ်းသာအားရပုံကြီးပင် ပေါက်သွားရင်း ...

"ညီမကတော့ ကျောင်းတက်နေတုန်းပေါ့"

ရွယ်တူချင်းကျတော့လည်း မပြောရဲ။ ငုတ်တုတ်ကြီးကျတော့လည်း ကြောင်တာပေါ့နော်။ မိရှေးက သြဇာတစ်ဖြစ်လဲ ကိုတင်လှကိုသာ အရေးမစိုက် ရှောင်ကြဉ်ဖို့ ဆုံးဖြတ်ပေမယ့် ဒီလူကြီးကျတော့ သူ့အသက်ကိုလည်း ငဲ့ရဦးမှာမို့ ...

"ရှေးက အဲဒီလောက် မငယ်တော့ပါဘူး ဦးအောင်ဇေယျရဲ့။ ကျောင်းပြီးတာ ကြာပါပြီ။ အခု Victory Travel and Tour Compamy မှာ အလုပ်လုပ်ပါတယ်၊ Assistant Manager ပါ"

"သြော် ... ငယ်ငယ်ကလေးနဲ့ မန်နေဂျာတစ်ယောက်တောင် ဖြစ်နေပြီပေါ့၊ ဘာနဲ့ကျောင်းပြီးပါလိမ့်"

"ပြင်သစ်ဘာသာနဲ့ ပြီးပါတယ်ရှင်"

"အား ... ပြင်သစ်က ခက်တယ်လို့ ပြောကြတယ်နော်"

မိရှေးမှာ မခင်မြတ်ကြွယ်ကို ဘယ်လိုမျိုးပုံစံနဲ့စကားဝိုင်းထဲ ခေါ်ထည့်ပြီး ဦးအောင်ဇေယျရဲ့စကားတစ်ခွန်းခွန်းနဲ့ချိတ်ဆက်မိမိ ဆွဲစေ့ပေးလိုက်ရမလဲ ဆိုတာကို အပြင်းအထန် ကြံဆအခွင့်ကောင်း ချောင်းနေပါသည်။ ခုနကသာ ကျောက်ရုပ်ကြီးဖြစ်နေတဲ့ ဦးအောင်ဇေယျဟာ ဒီလိုပုံဆိုတော့လည်း စကားကိုအမျှဉ်မပြတ် ဇာရားရေလွှတ်တွေ တန်းထားတော့မယ့်လူမျိုးကြီး





ဖြစ်နေပြီ။ သူတို့နှစ်ယောက်ပဲ ချိတ်ဆက်မိသွားအောင် ကိုယ်ကအသာလှိုးထွက်နေလိုက်လို့ရအောင် ဘယ်လိုလုပ်ရမလဲ၊ ဘယ်လိုလုပ်ရမလဲ။

"ရှေး ... ဆိုတာက ဘာလဲ၊ နာမ်စားထည့်သုံးသွားတော့ နာမည်လား"

ကျွတ် ... ဟိုပြုံးစိစိ ထက်ကြပ်မခွာဟာ တစ်စက္ကန့်လောက်တောင် အချိန်ယူ စကားခြားထားလို့မရ။ အတင်းကိုဒိုင်ဗင်ထိုး ဝင်ရောက်လာပြန်ပြီ။ မိရှေးမှာ အဲဒီလိုတိုက်ရိုက်ထည့်တိုးကြီး လာမေးလိုက်တာကိုကျတော့/ပိတ်နေလို့မကောင်းတတ်တော့တာမို့ အင်တင်တင်နှင့်ပင် ...

"နာမည်က ရှေးနှောင်းပါ"

"ဟား ... အရမ်းမိုက်တာပဲ"

"လူတိုင်းမှည့်လေ့မရှိတဲ့ နာမည်မျိုးပဲ"

"ရှေးဆန်၊ ခေတ်နောက်ကျသလိုလိုနဲ့ စမတ်ကျပြီး ဆန်းကြယ်တဲ့နာမည် ဖြစ်နေတာ။ အဲဒီမှာမှ ကိုယ့်ကိုယ်ကိုယ် 'ရှေး'လို့ ထည့်ပြောတော့ ပိုပြီး စိတ်ဝင်စားဖို့ကောင်း၊ အသက်ဝင်သွားတယ်"

"မှည့်ပေးခဲ့တဲ့ လူကြီးမိဘက စိတ်ကူးကောင်းတယ်၊ အိုက်ဒီယာ အတော်ကောင်းတယ် ပြောရမှာပေါ့။ အများဆွတ်ပြီး ခေါ်တာပဲဖြစ်ဖြစ် ကိုယ့်ကိုယ်ကိုယ် စကားထဲထည့်ပြောတာပဲဖြစ်ဖြစ် 'ရှေး'ဆိုတော့လည်း ဆန်းလည်း

ဆန်းတယ်၊ ရှောရှောရှူရှူ ပြေပြေပြစ်ပြစ်လည်း ရှိတယ်၊ 'နှောင်း'ဆိုပြန်ရင်လည်း လှတယ်၊ နွဲ့တယ်၊ ခေါ်လို့ကောင်းတယ်။ အပြစ်ပြောစရာကို မရှိတဲ့ နာမည်မျိုးပါ"

ဘုရားရေ ...။ သူ တစ်ခွန်းပြီး ငါတစ်ခွန်း။ အပြိုင်အဆိုင် အချီအချ အလုအယက်ကြီး လိုလိုပါလား။ ဩဇာက ဦးအောင်ဇေယျကို လုံးဝလှည့်မကြည့်၊ အသိအမှတ်မပြု၊ အဘက်မလုပ်ပေမယ့် သူ တစ်ခွန်းပြောပြီးလိုက်တိုင်း တန်းပြီးထက်ကြပ်နောက်က တစ်ခွန်းထွက်,ထွက်လာတာကိုတော့ အတော်ကြီးအောင့်သက်သက် အမြင်ကတ်လာပုံရကာ နောက်ဆုံးတစ်ခွန်းအပြီးမှာ "ဘယ်လိုကြီးလဲဟ"ဟု တမင်ကြီး လှည့်ကြည့်သည်။

သူ့ဟာနဲ့သူရှိသမျှ သဲမဲငုံ့စားနေတဲ့ မခင်မြတ်ကြွယ်ပင် ခေါင်းမော့ မျက်လွှာပင့်ကာ သူ့ရှေ့က ယောကျ်ားနှစ်ယောက်ကို တစ်ယောက်တစ်လှည့်စီ ကြည့်လာပြီ။ ဟုတ်တယ်လေ။ ဒီအရွယ်မတူ ယောကျ်ားနှစ်ယောက်လုံးရဲ့ ဟန်ပန်က မိရှေးကိုပဲ သဲကြီးမဲကြီး အပြိုင်လုယက် ရင်းနှီးလိုကြပုံတွေ ပေါက်နေလေပြီကိုး။

ဦးအောင်ဇေယျကား သူ့ဆီလူနှစ်ယောက်ထံမှ အကြည့်ကြီးတွေ တစ်ပြိုင်နက် ကျရောက်လာကြတာကို ဘယ်လိုမှ စိတ်ထဲရှိပုံမရ။ မလိုတမာကြီး လှည့်ကြည့်နေရ၍ စကားပြောဖောရပ်သွားရသော ဩဇာရဲ့တိတ်ဆိတ်သွားမှုကိုပဲ အခွင့်ကောင်းယူလိုက်ကာ မိရှေးထံ ခပ်သွက်သွက်ပင် ...





"Travel and Tour ဆိုတော့ ပြည်တွင်းလိုင်းလား ပြည်ပလား"

"ကုမ္ပဏီကတော့ နှစ်ခုလုံး ဝန်ဆောင်မှုပေးနေတာပါ။ ရှေးကတော့ Package Tour Group အစီအစဉ်ရှိရင် သွားရတဲ့ နိုင်ငံမှာပါ အဆင်ပြေစေဖို့ စီစဉ်ပေးနိုင်အောင် အပြင်ထွက်လိုက်ရပါတယ်။ ရန်ကုန်မှာ ရှိရင်တော့ ရုံးထိုင်ပါပဲ"

"ဒါဖြင့် ခရီးသွားလာစရာ အကြောင်းပေါ်လာရင်တော့ လူခံရှိပြီလို့ သတ်မှတ်ရမှာပေါ့နော်"

မိရှေးမှာ ဘယ့်လိုပြန်ပြောလိုက်ရမှန်းပင်မသိ ဖြစ်နေစဉ်တွင်း "အကြည့်"တွေ "အထာ"တွေက သိပ်အလုပ်မဖြစ်လှမှန်း မြန်မြန်ဆန်ဆန် သဘောပေါက်နိုင်သွားတဲ့ ဩဇာက စားပွဲပေါ် တင်ထားမိတဲ့ ရှေးနှောင်းရဲ့ လက်ကိုင်ဖုန်းကလေးကိုပဲ တစ်ချက် နှစ်ချက်လောက် ခေါက်လိုက်ကာ ...

"ရှေးရဲ့ဖုန်းနံပါတ် ယူထားဦးမယ်၊ ကျွန်တော်တို့ အလုပ်ထဲမှာလည်း ခရီးထွက်ဖို့ အစီအစဉ်ရှိတယ်လို့ ပြောနေသံကြားတယ်"

"ဒါဆိုရင် ရုံးကိုပဲ ဆက်သွယ်လိုက်လို့ ရပါတယ်၊ ရုံးကဖုန်းတွေက (.........)နဲ့ (...........)တို့ပါ။ ဘယ်နံပါတ်ကိုပဲဆက်ဆက် တာဝန်ကျတဲ့ ဝန်ထမ်းတွေက အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးမှာပါ"

ဦးအောင်ဇေယျကြီး ကျိတ်ပြုံးလိုက်တာကို ရှေးကတွေ့ဖြစ်အောင် တွေ့လိုက်ပါသည်။ မိရှေးကတော့ အဲဒီနှစ်ယောက်စလုံးကိုပဲ တော်တော့်ကို အချဉ်ပေါက် အမြင်ကတ်နေမိပြီ။ လူကြီးကလည်း လူကြီးမို့လို့။ သူတို့ရွယ်တူချင်း စကားစရခက်လို့ ဒီဘက်ကို ခြေဆင်းအရှင်ဝင်သလား မှတ်ပါတယ်။ တစ်ခါတည်း အရွယ်ကြီးနဲ့မလိုက်၊ ဒီဘက်မှာပဲ အလုအယက် အပြိုင်အဆိုင်တွေ လာလုပ်နေရတယ်လို့။

လူငယ်ကလည်း လူငယ်ပဲ။ နှာသိုးကြီးပြုတ်ပြီး လွတ်လာတာကမှ သူ့ထက်ဏ္ဍဖြေ့ရဦးမလားတော့ မသိ။ စတွေ့ကတည်းက အဖွဲ့ကျနေတဲ့ ဟိုတရုတ်စုံတွဲတောင် သူ့လို နသားပါးရား၊ မဖြစ်မနေ၊ ငမ်းငမ်းတက်ပုံစံမျိုးကြီးမှ မဟုတ်တာ။ သူ့မှာတော့ ဖြစ်နေလိုက်တာ။ မျက်နှာထားကအစ အသည်းအသန်။

ဟော ... ကြည့်ပါဦး။ သူများ ဖုန်းထည့်ထားတဲ့ သားပိုက်ကောင်အရုပ်လေးရဲ့ဗိုက်က အိတ်ကလေးထဲကို သူ့ **Visiting Card** လေးကို အတင်းလာထိုးထည့်နေပြန်ပြီ။ ကတ်ကတော့ ပုံမှန်ဆိုက်ပေမယ့် အိတ်ကသေးနေတာမို့ မဆန့်တော့ သုံးခေါက်၊ လေးခေါက် ခေါက်ကာ မရမက အတင်းကြီးအဓမ္မသွတ်သိပ် ထိုးထည့်နေသည်။

"ကိုယ်လည်း ဖုန်းဆက်လိုက်ဦးမယ်နော် ... ညီမ"

လုပ်ထားလိုက်ကြဟေ့။ မိရှေးမှာ မဦးမချွတ်ပါးစပ်ပုပ်ကြီးနဲ့ "မတော်တဆ နင့်ကိုမှ ကြိုက်ပါပြီ၊ အဆင်ပြေပါပြီ





တွေ ဖြစ်ကုန်ရင်"ဟု စကားဦးသမ်းလွှတ်လိုက်သော စောကလျာကိုပဲ အတွင်းကျိတ် ကျိတ်ကျိန်ဆဲနေမိပါတော့သည်။ ပြန်သာသိသွားရင်လေ သူ့လုပ်ငန်း အောင်မြင်တာ မအောင်မြင်တာအပထား။ အဲဒီမိန်းမက "တည့်ငှင်းညှင်း"နဲ့ကို ရယ်နေဦးတော့မည်။

ဘယ့်နှယ်ကြောင့်မို့လို့များ တစ်ခါတည်းနဲ့ တန်းခနဲဆိုသလို အဲဒီလောက် အသဲအမဲကြီးတွေ ဖြစ်ကုန်ကြတယ် မပြောတတ်တော့ပေ။ မိရှေးတို့ ကျောင်းတုန်းကတောင် ဒီလောက်ထွက်ပြေးရမတတ်ကြီး မစွံဖူးခဲ့ပါဘူး။ ခုဟာကတော့ ပီယဆေးနဲ့ မျက်နှာလိမ်းခရင်မ် မှားလိမ်းလာမိသလားတောင် ထင်ရတော့မည်။

မိရှေးမှာ ဇွန်းနှင့် ခက်ရင်းကို သိသိသာသာ အသံပြုကာ ပန်းကန်ထဲမှာ ယှဉ်ချလိုက်ပြီး စားသောက်ခြင်းကို အဆုံးသတ်လိုက်သည့် မခင်မြတ်ကြွယ်ကို အားနာပါးနာ မသက်မသာကြီးပဲ လှည့်ကြည့်လိုက်ရပါသည်။

"တို့တော့ ပြန်မှပဲ၊ ကီစွလေးရှိနေသေးလို့"

"မိရှေးလည်းပြန်မှာ အစ်မ၊ အလုပ်ထဲ ခဏလောက် ပြန်ဝင်ရဦးမယ်"

မခင်မြတ်ကြွယ်ရဲ့ မျက်နှာကလည်း မိရှေးလိုပဲ မသက်မသာနှင့်ပါဝင်။ သူ့ဟာနဲ့သူ အဆင်ပြေနေကြတဲ့ဟိုစုံတွဲကအကြောင်းမဟုတ်။ ကျန်တဲ့လေးယောက်မှာမှ နှစ်ယောက်စလုံးသော ယောက်ျားတို့က ဒီမိန်းကလေး တစ်ယောက်တည်းကိုပဲ သဲမဲအလုအယက် ပတ်သက်လိုနေကြတာကို ဘယ်လိုမိန်းမသား

မျိုးက ဘယ်လိုမျက်နှာမျိုးနဲ့ ကြာရှည်ကြာများ ထိုင်သည်းခံချင်နေပါ့မလဲ။

ဟိုလူကြီးဟာလေ။ ဟိုလူငယ်နဲ့ဆိုရင် သူကပိုပြီး အလုပ်မဟုတ်တာပေါ့။ အေးလေ ... အဲဒီလိုတော့လည်း ဘယ်အပြစ်ပြောလို့ ရမလဲ။ ခုထက်ထိ စိတ်တိုင်းကျကျ မတွေ့နိုင်လို့ လူပျိုကြီး လုပ်နေရတဲ့ လူတစ်ယောက်မှာ ဒီလိုကုမ္ပဏီမျိုးကို ဗိုက်ဆံတွေ သိန်းချီအကုန်အကျခံပြီး အလုပ်အပ်မှတော့ သူစိတ်ပါမယ်၊ စိတ်တိုင်းကျမယ့် ထင်တာကိုပဲ သူရွေးချယ်မှာပေါ့။ အဲဒါ သူ့အခွင့်အရေးပင်။ ကုမ္ပဏီက စိစဉ်ချင်တိုင်း ခေါင်းညိတ်လက်ခံရအောင် မိဘစကား နားထောင်ရမယ့် ကလေးငယ်မှ မဟုတ်တာ။

အပြီးသတ်ကျတော့ အလုပ်မဟုတ်တာ။ လုံးဝမှားယွင်းနေတာက မိရှေးမှ မိရှေးပင်။ စောကလျာရဲ့ အဲဒီ "တညှင်းညှင်း" ကို မရမက ခေါင်းမာမာနဲ့ကို ငြင်းဆန်တွန်းလှန်နိုင်ခဲ့ရမှာ။ ခုတော့ အပြန်လမ်းမှာ မိရှေးဟာ ဟိုအစ်မကြီး စိတ်သက်သာအောင် အလာပသလ္လာပတွေနဲ့ စကားလက်ဆုံကျ မိတ်ဖွဲ့ရင်းနှီးဖို့ ကြံမိတာကိုပင် လှုပ်ရှားခွင့်မသာလိုက်ရပါ။ ကိုယ့်ကားနား ကိုယ်ရောက်တဲ့အထိ တစ်ယောက်က ဘယ်ကဆို တစ်ယောက်ကညာ။ ကပ်လို့ကို ပါလာကြတာလေ။ တစ်ယောက်က ကားတံခါးဆွဲဖွင့်ကာ ပြန်ပိတ်ပေးလျှင် တစ်ယောက်က ပါကင်နေရာကနေ ရှင်းရှင်းလင်းလင်း လွတ်လွတ်လပ်လပ် မောင်းထွက်လို့ရအောင် ကားကြည့်ပေးရတာနဲ့ လမ်းကြောင်းရှင်းပေးရတာနဲ့။





အဲဒီစားသောက်ဆိုင်က ကားပါကင်နေရာမှာ စောင့်နေကြတဲ့ အစောင့်အလုပ်သမားတွေပင် Tip(ဆုကြေး)ရဖို့ ကံမပါလိုက်ကြပါ။

ပါ

♥ ✧ ♥

"ညီမရေ ... ကိုယ်ပါ၊ အောင်ဇေယျပါ"

ကျွတ် ... သေလိုက်စမ်း ဒေါ်မိရှေး။ ပွဲပြီးမီးသေ၊ ကိစ္စပြီး နောက်ကြောင်းရှင်း အနေအထားမျိုးလည်း မဟုတ်ပါလား။ ဘယ်မှာလဲ "ငုတ်တုတ်ကလေး သွားထိုင်ပေးရုံပဲ၊ ဒါလေးပဲ" ဆိုတဲ့စကား မှန်လည်း မမှန်ပါလား။ အဲ ... အဲ ... နေပါဦး။ ဒီလူကြီး ခေါ်လာတာ ငါ့လက်ကိုင်ဖုန်းကိုပါလား။ ငါပြောခဲ့မိတာက ရုံးကလိုင်းဖုန်းနံပါတ်တွေပါ။ ဘယ်လိုဖြစ်တာလဲ။ ဘယ်သူပေးလိုက်တာလဲ။

ဘယ်သူတွေ ရှိမလဲ။ ဟိုမိန်းမ ဟုတ်ရင်ဟုတ်။ ဒါမှမဟုတ် သူ့ကုမ္ပဏီက သူ့ရဲ့ဆွေမျိုးပေါက်ဖော် ဝန်ထမ်းတွေပေါ့။ ဒါပဲရှိတာ။ နေနှင့်ဦး။

"မမှတ်မိဘူး ထင်တယ်"

"မှတ်မိပါတယ် ဦးအောင်ဇေယျရဲ့၊ ဖုန်းဆက်လာတာကိုပဲ အံ့ဩနေမိလို့ပါ"

"ကုမ္ပဏီကို ပြန်ဆက်သွယ်ပြီး မစောကလျာဆီက ဖုန်းနံပါတ်ကို တောင်းလိုက်တာ"

ဟော ... တွေ့လား။ အသားထဲကလောက်ထွက်။ သစ္စာဖောက်မ။ အေးပေါ့။ သင်းက ဒီလိုဆိုတော့လည်း ကိုယ့်ဘက်ကလည်း အဲဒီ"သစ္စာ"ဆိုတာကြီးကို ဖောက်ဖျက်သင့် ပြန်ဖောက်ဖျက်ရပေမည်။

"အဟမ်း ! ဒီလိုပါ၊ ညီမနဲ့ ကိုယ်နဲ့ နောက်တစ်ကြိမ် နှစ်ယောက်တည်း ထပ်တွေ့ပြီး စကားပြော ဆွေးနွေးကြည့်လို့များ ရနိုင်မလားလို့"

"မဖြစ်နိုင်ပါဘူးရှင်"

"ခင်ဗျာ"

"ဒီလိုပါ ဦးအောင်ဇေယျရယ်၊ တကယ်တော့ ရှေးကအဲဒီကုမ္ပဏီမှာ အလုပ်အပ်ထားတဲ့၊ သူတို့စီစဉ်ပေးသမျှကို လိုက်နာဆောင်ရွက်မယ့်သူ မဟုတ်ပါဘူး။ ပွင့်ပွင့်လင်းလင်း ပြောရရင် စီစဉ်ထားတဲ့အထဲက တစ်ယောက်ကရောက်မလာနိုင်လို့ ခုံဖြည့်လာထိုင်ပေးတာပါ။ ကုမ္ပဏီက အကူအညီတောင်းခဲ့လို့ ဆိုပါတော့။ အဲဒီ စာကလျာက ရှေးရဲ့သူငယ်ချင်းရှင့်"

"အဲ ... ... ...။ အဲဒီလိုဆိုတော့ ..."

"အဲဒီလိုဆိုတော့ တွေ့ဆုံပွဲပြီးတဲ့အခါမှာ အချင်းချင်း ထပ်တွေ့ကြဖို့၊ ထပ်စကားပြောကြည့်ကြဖို့၊ ဆွေးနွေးညှိနှိုင်းကြည့်ကြဖို့ ကိစ္စတွေက ရှေးနဲ့မဆိုင်ဘူးရှင့်။ ကုမ္ပဏီရဲ့





Customer တွေအနေနဲ့က အပြင်လူလို ဖြစ်နေတဲ့ ရှေးကို အဲလိုကမ်းလှမ်းလာခွင့်လည်း မရှိဘူး။ ရှေးကလည်း ကိုယ်နဲ့ကုမ္ပဏီနဲ့ ဘာမှမဆိုင်ဘဲနဲ့ ဆက်လုပ်ရှားမှာ၊ လက်ခံမှာ။ ဝင်ပါမှာ မဟုတ်တော့ဘူးရှင့်"

ဟွန်း ...။ ရှေးမြန်မာကြီးတွေရဲ့ရုပ်ကြီးနဲ့ လေးဆယ်နားတော့ နီးကိုနီးနေပြီ နေမှာပါ။ ရှေးကဖြင့်(၂၅)နှစ်တောင် မနည်းပြည့်ရဦးမှာ။ သူကတော့ ဒီကုမ္ပဏီမှာ ဖါအလုပ်အပ်မိတာမှန်လိုက်လေ၊ မှန်လေစွလို့ ဟုတ်လှပြီတွေ ဖြစ်နေမှာပေါ့။

"ဒီလိုလား"

"ဟုတ်ကဲ့ ... ဒီလိုပဲရှင့်"

"ဒါဖြင့် ဒီကိစ္စမှာ ကုမ္ပဏီက သူ့ရဲ့ Customer တွေအပေါ် မရိုးသားတဲ့ သဘောတော့ ဖြစ်နေတာပေါ့နော်"

မိရှေး တစ်ယောက်"အိ"ခနဲ နှုတ်ပိတ်ကာ ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားပါသည်။ ဟိုမိန်းမ စာကလျာကို လိမ်၊ လိမ်ဆွဲချင်လောက်အောင် စိတ်ခုနေရသော်လည်း ကိုယ့်ကြောင့်တော့ဖြင့် ချစ်သူငယ်ချင်းရဲ့ အလုပ်နဲ့စီးပွားရေးကို မထိခိုက်စေချင်ပါ။ လုပ်ငန်းတစ်ခုမှာ "နာမည်"တစ်လုံးက တအားအရေးကြီးတာလေ။ တစ်ဦးကနေ တစ်ရာဆိုသလို ပါးစပ်တစ်ပေါက်ပြီးတစ်ပေါက် မကောင်းသတင်းပျံ့နှံ့သွားလို့ကတော့ သွားပြီတစ်သက်လုံး။

"ရွေးချယ်ခွင့် မရှိသူ ဆိုရင်လည်း သက်သက်လာထိုင်ရုံ ပါ ဆိုတာကို အလုပ်အပ်ထားတဲ့သူတွေကို ကြိုအသိပေး ထားသင့်တယ် ညီမရဲ့"

ဩော် ...။ ပန်းချီပန်းပုပြပွဲတွေလို "ရောင်းရန် မဟုတ်"ဆိုတဲ့ စာတန်းပါတဲ့ကတ်ပြားလေး လည်ပင်းချိတ်ဆွဲ လာရမယ့် သဘောပေါ့နော်။

"ကိစ္စမရှိဘူး။ လုပ်ထုံးလုပ်နည်း မှားပေမယ့် သူတို့မှ အဲဒီလိုမမှားခဲ့ရင်လည်း ညီမကို ကိုယ့်အနေနဲ့ မြင်ဖူးတွေ့ ဖူးလိုက်စရာ အကြောင်းရှိချင်မှရှိမယ်။ အမှားကောင်းပါ။ ကျေးဇူးတင်မယ်ဆိုရင် ကြံဖန်ကျေးဇူးတင်လို့တောင် ရပါ တယ်"

မြတ်စွာဘုရား။

"အဲဒီတော့ ကုမ္ပဏီကိစ္စ မပါဘဲနဲ့ ညီမအနေနဲ့သက်သက် ကိုယ့်ကိုလက်ခံတွေ့ဆုံပေးနိုင်မလား။ ကုမ္ပဏီနဲ့မဆိုင်ဘူး။ ဒါသီးခြားကိစ္စ ဖြစ်သွားပြီ"

ဖွတ်ပါလား။ မိရွေး သိဖူးသလောက် အိမ်အရောင်း အဝယ်၊ အငှားစတာတွေကို ပွဲစားကုမ္ပဏီတစ်ခုခုနဲ့ အလုပ်လုပ် ရင် အဲဒီပွဲစား အကျိုးဆောင်ကုမ္ပဏီတွေဟာ "အရောင်းအဝယ်၊ အငှားစာချုပ် ချုပ်ဆိုမှု မပြီးမချင်း၊ အိမ်ရှင်နှင့် အိမ်ငှား၊ အိမ် ဝယ်အချင်းချင်း ဖုန်းနံပါတ်လဲလှယ်ခြင်း၊ ဖုန်းဆက်စကားပြော ခြင်း၊ ကုမ္ပဏီမှတာဝန်ရှိသူ မပါဝင်ဘဲ တွေ့ဆုံညှိနှိုင်းပြောဆိုခြင်း





များကို ကျေးဇူးပြု၍ မပြုလုပ်ကြပါရန်"လို့တောင် အတိအလင်း သတိပေး၊ စာဝေထားကြသတဲ့။ အဲဒါ ဒီလူကြီးတို့လို "ကုမ္ပဏီနဲ့ မဆိုင်တော့ဘူး၊ ကုမ္ပဏီကိစ္စ မပါတော့ဘူး"လို့ ဖယ်ထုတ်ပြီး ကိုယ်တွေချင်းပဲ တိတ်တိတ်ဆက်သွယ်ချင်တတ်ကြတဲ့ Customer မျိုးတွေကြောင့် ဖြစ်မှာပေါ့။

ဟင် ... ဘာဆိုင်လဲ။ ဒီကိစ္စက အိမ်ရောင်း၊ အိမ် ငှားကိစ္စမျိုးမှ မဟုတ်တာပဲ၊ ငါ့နှယ်။

"ဒီ ... ဒီလိုဆိုရင်လည်း"

"ဒီလိုဆိုရင်လည်း မဖြစ်နိုင်ပါဘူးရှင့် ... ပဲပေါ့ ဟုတ်လား။ အိုကေပါ၊ ကုမ္ပဏီကို အလုပ်အပ်ထားတဲ့သူ မဟုတ်တဲ့ အပြင်လူတစ်ယောက်မှာ ကိုယ်တို့လို နောက်ကြောင်းရှင်း ရှင်းနဲ့ အချိန်မရွေး စကားပြော ညှိနှိုင်းကြည့်လို့ ရနိုင်နေတဲ့ အနေအထားမျိုး ဟုတ်ချင်မှ ဟုတ်မယ်ဆိုတာ ကိုယ်နား လည်ပေးလို့ ရပါတယ်။ ရတယ် ညီမ။ ကိစ္စမရှိပါဘူး"

အဲဒီလိုဆိုလိုက်တော့ မိရွေးကပဲ နောက်ကြောင်း မရှင်းသလိုလိုနဲ့။ ဒါပေမယ့် "ရှင်းပါတယ်နော်၊ ကျွန်မမှာလည်း ခုချိန်ထိ ဘာအတွဲအဖက်မှ တစ်ခါမှ မရှိဖူးသေးပါဘူး"လို့ ထရှင်းပြနေစရာမှ မလိုတာ။ သူ့ဘာသာသူ ထင်ချင်ရာထင်နေ ပါစေ။ အဲသလို ထင်သွားပြီး ထပ်မဆက်သွယ်တော့လည်း အေး ရော ... ရှင်းရော။

"ဒီ ... ဒီလိုဆိုရင် ဒါပဲလားရှင်"

"အင်း ... အင်းပေါ့နော်၊ ဒါပဲ,ပဲ ဖြစ်သင့်တာပေါ့။ ကဲ ... နှုတ်ဆက်ပါတယ် ညီမ၊ သိခွင့် စကားပြောခွင့် ရဖူးလိုက်တာ ဝမ်းသာပါတယ်။ အမှတ်ရနေမှာပါ"

"ဟုတ်"

ဖုန်းချပြီးဖြီးချင်း မိရှေးက သက်ပြင်းမောကြီးတစ်ချက်ကို "ဟူး"ခနဲ ခပ်မြန်မြန်ချလိုက်သေးသည်။ စောကလျှာဆီ ဖုန်းဆက် ဆဲဖြစ်အောင် ဆဲဦးမည်ဟု တေးထားတာကိုပင် ချက်ချင်းမလုပ်ဖြစ်သေးပါ။ လူကြီးနဲ့ လူငယ်ဆိုတာ သိပ်ကွာတာပဲ။ လူကြီးကျတော့ ပိုပြီးထိန်းထိန်းသိမ်းသိမ်းနဲ့ ကိုယ့်သိက္ခာ ကိုယ့်နာမည်နဲ့ ကိုယ့်အခြေအနေကို ကိုယ်ပြန်ငဲ့ရတွက်ရတာမျိုးရှိသေးတာပေါ့နော်။ လူငယ်ကျတော့လား။ ဟွန်း- ...။

ဦးအောင်ဖေယျဆီက ဖုန်းရောက်မလာခင် မိရှေးက ညြဇာလို့ သူ့ဘာသာ အမည်လှလှပေးထားတဲ့ ကိုတင်လှ ဆိုတဲ့လူနဲ့ တွေ့ပြီးခဲ့ပါပြီ။ တိုက်တိုက်ဆိုင်ဆိုင် ဆိုသလိုပေါ့။ တွေ့ဆုံပွဲရဲ့နောက်တစ်နေ့မနက်မှာပဲ မိရှေးက အလုပ်ကို ထမင်းဘူးပါမလာတဲ့နေ့မို့ အလုပ်ထဲကနေ နေ့လယ်ဘက် ခဏတဖြုတ်အပြင်ထွက် ထမင်းစားသခိုက် သူနဲ့တန်းဆုံတာ။ အေးလေ ... ခုမှ ပြန်စဉ်းစားမိတာပါ။ တိုက်ဆိုင်တာ၊ တန်းဆုံတာလည်း ဟုတ်ချင်မှ ဟုတ်မှာပေါ့။ မဆိုင်,ဆိုင်အောင် မဆုံ,ဆုံအောင် မိရှေးရဲ့အလုပ်ရှိရာ ဆိပ်ကမ်းသာလမ်းထဲ ခေါက်တုံ့ခေါက်ပြန်လာလျှောက်၊ ထိုင်စောင့်နေရင် တစ်ကြိမ်မဟုတ် တစ်ကြိမ်တော့ ဘွားခနဲ ပေါက်ပင်းတိုးကို တိုးကြရတော့မှာပေါ့။ ဒါနေမှာပေါ့။





အမယ် ... တွေ့တွေ့ချင်းများ ဘာပြောတယ်မှတ်လို့လဲ။

"ဘာဖြစ်လို့ ဖုန်းမဆက်တာလဲ"

"ဆက်စရာလားရှင့်၊ ဆက်ချင်မှ ဆက်မှာပေါ့"

"ဖုန်းနံပါတ် ပေးထားခဲ့တယ်လေ"

တယ်လည်း ပိုင်လိုက်ပါလားနော်။ မနေ့က သူက ဖုန်းနံပါတ် ပေးထားခဲ့တဲ့အတွက် ဒီကနေ့ မနက်မိုးလင်းလင်းချင်းမှာပင် မိရှေးက သူ့ဆီ ဖုန်းစဆက်ရတော့မယ့် အချိုးအပေါက်မျိုးနဲ့။

"ပေးတိုင်း ဆက်ရမှာလား၊ ဘယ်ပျောက်သွားပြီလဲတောင်မှ မသိဘူး"

"ကျွန်တော့်ဆီ စမဆက်ချင်ရင်လည်း ကျွန်တော်ကပဲ စဆက်ခွင့်ရအောင် ဖုန်းနံပါတ်တောင်းတော့လည်းမပေးဘူး"

"ဒါလည်း ပေးချင်မှ ပေးမှာပေါ့။ ကိုယ့်အခွင့်အရေးနဲ့ ကိုယ်ပဲဟာ"

"ဒါဖြင့် အဲဒီတွေ့ဆုံပွဲမှာ ရှေးနှောင်းက ဟိုလူကြီးကိုပဲ မျက်စိထဲမြင်၊ သဘောကျ အကြိုက်တွေ့တယ်ပေါ့"

"ဘာပြောတယ် ! "

"အဲဒီအဘိုးကြီးဟာ ဟိုအဘွားကြီးအတွက်ပါ"

မိရှေးမှာ စိတ်တွေတိုလာမိပေမယ့် စောကလျာကို သစ္စာဖောက် ချောက်ချပြီး အဖြစ်မှန်အတိုင်း "ခုံဖြည့်လာထိုင်တာပါ" ဆိုတာကို ပြောပြလိုက်ဖို့ အဲဒီတုန်းကတော့ ဆန္ဒမရှိသေးတာမို့ အံတကြိတ်ကြိတ် မျက်စောင်းတခဲခဲသာ လုပ်နေရခဲ့ရပါသည်။

ဒါဒီခဲတ်လူငယ်တို့ရဲ့ ခေတ်သစ်ချဉ်းကပ်နည်းများလားနော်။ ကိုယ် စကားပြောပတ်သက်ချင်တဲ့ မိန်းကလေးကို မြင်ကတည်းက စကားကောင်း မပြောဘဲ စိတ်တိုလာအောင်ဆွနေ၊ ဖောက်နေခြင်းဟာ ဒီခေတ်ရဲ့စတိုင်သစ်များလား။ သူများတွေအတွက်တော့ မပြောတတ်။ မိရှေးကိုတော့ ဒီလိုနည်းကြီးနဲ့ လာဝင်ရင် အဆင်ပြေပါလိမ့်မယ် အားကြီးကြီး။ ဆောရီးပဲ ဆရာ။

"သူ့ဘာသာ အဘိုးကြီးနဲ့ အဘွားကြီးပဲဖြစ်ဖြစ် မမနဲ့ မောင်လေးပဲဖြစ်ဖြစ် စိတ်ကိုမဝင်စားဘူး။ လုံးဝပဲ"

"မမနဲ့ မောင်လေးဆိုတာ ကျွန်တော့်ကို ပြောနေတာဆိုရင်တော့ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ပါဘူး၊ ကျွန်တော်က ရှေးနှောင်းကိုပဲ စိတ်ဝင်စားတာ"

"အင်"

ခံလိုက်ရပြီတစ်ကွက်။ အလစ်မှာ ဝုန်းခနဲ တိုက်စစ်ဆင်လိုက်တာလေ။

"ရှေးနှောင်းက ဘာဖြစ်လို့ ငယ်ငယ်ရွယ်ရွယ် ချောချောလှလှလေးနဲ့ ကုမ္ပဏီကို အပ်တာလဲ"





"ရှင့်စကားကို ကုမ္ပဏီကကြားရင် တရားစွဲခံရလိမ့်မယ်။ Matchmaker ကုမ္ပဏီဆိုတာ အသက်ကြီးကြီး မစွံနိုင်သူကြီးတွေချည်း အပ်ကြတာလို့ ဘယ်သူပြောလဲ"

"မဟုတ်ဘူးလား

"ဒါဖြင့် ရှင်ကျတော့ရော"

"ဒါကတော့ ကိုယ့်အကြောင်းနဲ့ကိုယ်ပေါ့"

"မှန်တာပေါ့ရှင်၊ လူတိုင်းက ကိုယ့်အကြောင်းနဲ့ကိုယ်ချည်းပဲပေါ့"

"ဒါဖြင့် ကျွန်တော်က ရှေးနှောင်းကို စိတ်ဝင်စားပါပြီလို့ ကုမ္ပဏီကို သွားပြောရမှာလား၊ ရှေးနှောင်းက သူတို့ရဲ့ Procedure (လုပ်ငန်းစဉ်) အတိုင်းပဲ လိုက်နာလုပ်ရှားဖို့ ဆန္ဒရှိတာလား"

"အာ ... စိတ်ကုန်လိုက်တာ။ သွားမပြောနဲ့ ကုမ္ပဏီကို"

"ဒါဖြင့် ဘာလုပ်ရမှာလဲ"

"ဘာမှမလုပ်နဲ့"

"ဟာ ... ကျွန်တော်က ရှေးနှောင်းကို စိတ်ဝင်စားတယ်လေ"

"ဒါပေမဲ့ ကျွန်မကမှ မဝင်စားဘဲ"

"ဘာလို့ မဝင်စားတာလဲ ... ! "

"ဘာလို့ကော ဝင်စားကို ဝင်စားရမယ်လို့ တစ်ထစ်ချ သတ်မှတ်ထားရမှာလဲ"

"ခင်ဗျားက သူများစကားကိုပဲနင်းပြီး ပြန်ပြန်ပြောနေတာပဲ"

"နင်းနေတာ မဟုတ်ဘူးရှင့်၊ ငြင်းနေတာ"

"ငြင်းနေတာ ... ဟုတ်လား ၊ ဒါကြောင့်ကိုး။ ခင်ဗျားဘာလို့ ငယ်ငယ်ရွယ်ရွယ် ချောချောလှလှနဲ့ ကုမ္ပဏီအပ်ရတဲ့ဘဝ ရောက်ရသလဲဆိုတာ ခုမှ သဘောပေါက်တယ်"

မိရှေးက အဲဒီလူကို အံကြိတ်ကာ မော့ကြည့်လိုက်လျှင် သူက ကမန်းကတန်း လက်ကာပြကာ ...

"မိန်းကလေးဆိုတာ လူတစ်ယောက်က ကိုယ့်ကို စိတ်ဝင်စားပါတယ်ဆိုရင် အဲဒီလူက ဘာလဲ၊ ဘယ်သူလဲဆိုတာ တစ်ချက်လောက်တော့ ခေါင်းထဲ ထည့်စဉ်းစားကြည့်ရသေးတယ်ခင်ဗျ။ ပြောပြီး ချက်ချင်းတစ်စက္ကန့်အတွင်း ပြန်ငြင်းထုတ်ပစ်လိုက်ရမှာ မဟုတ်ဘူး။ နို့မို့ ခင်ဗျားအပျိုကြီး ဖြစ်ချင်ချင် မဖြစ်ချင်ချင် အဲဒီလမ်းပဲရောက်သွားလိမ့်မယ်။ နားမလည်ဘူးလား။ ခင်ဗျား အရွယ်စရောက်လာကတည်းက ခင်ဗျားရဲ့အမေက အဲဒီလို မသင်ထားဘူးလား"

ရယ်တောင် ရယ်ချင်လာသလိုလိုပင်။

"ခင်ဗျားပုံစံ ကြည့်ရတာ ငယ်ငယ်ရွယ်ရွယ် ကျောင်းသူဘဝလောက်ကများဆိုရင် နားဗိတ် လွယ်အိတ်ပိုက်ပြီး တစ်ခါတည်း ထွက်ပါပြေးခဲ့မယ့်ပုံမျိုးပဲ"



မရယ်မိစေနဲ့။ ရယ်လိုက်ရင် သင်း အကြီးအကျယ်ရောင့်တက်သွားလိမ့်မယ်။

"ခရီးသွားဟန်လွဲ တွေ့လိုက်မိလို့ စိတ်ဝင်စားပါတယ်ဆိုတာမျိုးတွေကို လုံးဝအယုံအကြည် မရှိလို့ပါရှင်။ မယုံကြည်တော့ စိတ်ဝင်စားလာဖို့ဆိုတာ ဘယ်လိုမှ ဖြစ်မလာနိုင်ဘူး၊ ခေါင်းထဲတောင် မရောက်ဘူး"

"တွေ့လိုက်မိမှသာ စိတ်ဝင်စားလို့ ရမှာပေါ့။ ကိုယ်မတွေ့ဖူး မဆုံဖူး တစ်ခါမှမမြင်ဖူးတဲ့ လူတစ်ယောက်ကို ခင်ဗျားဘယ်လိုစိတ်ဝင်စားမလဲ။ ကဲ ... ဒါဖြင့် ခင်ဗျား ကျွန်တော့်အစ်ကိုဝမ်းကွဲ ကိုအေးထွန်းကို စိတ်ဝင်စားသလား"

"အဲဒါ ဘယ်သူလဲ၊ သိတောင်မှ မသိတဲ့ဟာ"

"သိစရာ မလိုပါဘူး၊ စိတ်ဝင်စားသလားပဲ ပြောပါ"

"ရှင်က သိပ်ရယ်ဖို့ ကောင်းတာပဲ၊ သိလည်းမသိ မြင်လည်းမမြင်ဖူးတဲ့ လူတစ်ယောက်ကို"

"ခင်ဗျား ခုနကပြောတော့ တွေ့လိုက်မိလို့ စိတ်ဝင်စားသွားတာကို အယုံအကြည်မရှိဘူးဆို။ ခုကျတော့ 'မမြင်ဖူးတဲ့လူကို'လို့ ခင်ဗျားပဲ ပြောပြန်ပြီ၊ ခင်ဗျားက ဘယ်လိုဟာမျိုးကိုမှ အယုံအကြည်ရှိရှိနဲ့ စိတ်ဝင်တစား လက်ခံနိုင်မှာလဲ"

ရှင်က "စိတ်ဝင်စားမှု"တစ်ခုတည်းနဲ့တင် အိမ်ထောင်တစ်ခုကို တည်ဆောက်ယူနိုင်သူပေါ့နော်။ မိရှေးကတော့

ဘယ်သူတစ်ဦးတစ်ယောက်ရဲ့ တိုက်တွန်း လှုံ့ဆော်စီစဉ်အကွက် ချမှုမျိုးမှ မပါဘဲ "အချစ်"တစ်ခု ရင်ထဲမှာ ဖျတ်ခနဲ ဖြစ်ပေါ် မလာမချင်း ကိုယ့်ရဲ့ဘဝအဖော် ဖြစ်လာဖို့ ဘယ်သူ့ကိုမှ အယုံ အကြည် မရှိဘူး။ ဒါပါပဲ။ အထူးသဖြင့်ကတော့ Matchmaker (အောင်သွယ်ပွဲစား)ကုမ္ပဏီတွေရဲ့ အစီအစဉ်နဲ့ ဦးဆောင်မှုအောက် မှာ လိုက်လှုပ်ရှားကြတဲ့ သူမျိုးဆိုရင် ပိုလို့တောင်မှ မယုံကြည် နိုင်ပါရှင်။

"ကျွန်မရဲ့အမေက ယောကျ်ားတစ်ယောက်ကို စိတ်ဝင် စားစရာ မလိုဘူး။ မြတ်နိုးယုံကြည်မှုနဲ့ပဲ လက်တွေ့ဘဝ ကို တည်ဆောက်ယူပါလို့ပဲ သင်ထားတယ်ရှင်။ ကဲ ... ကဲ ...။ ခွင့်ပြုပါဦး။ ကျွန်မတို့အလုပ်က ရုံးချိန်အတွင်းမှာ အပြင်ကို ခပ်ကြာကြာထွက်နေခွင့်မရှိဘူး၊ ကျွန်မ နေ့လယ် စာ လွတ်သွားလိမ့်မယ်"

ခပ်မြန်မြန်ပဲ စကားဖြတ်ပစ်ခဲ့ကာ သူ တစ်ခုခုပြန် ပြောဖို့ ပါးပစ်ပြင်နေရုံရှိသေး ပြေးလို့ကို ထွက်ခဲ့ရပါသည်။ နို့မို့ ဆို သူက "ခင်ဗျားက မြတ်နိုးမှု ပါရမယ်ဆိုလို့"ဟု လမ်းမကြီး လယ်ကောင် "ချစ်ပါတယ်၊ ကြိုက်ပါတယ်"တွေပါ လိုက်ပြောနေ နေပါဘူးလို့မှ အာမ,မခံနိုင်တဲ့ လူမျိုးပဲ။ စိတ်ကုန်တာ အဲဒါတွေ။ ကမူးရှူးထိုး၊ တစ်ဖွတ်ထိုး၊ ခုဆိုခုချက်ချင်း၊ ဆိုတာမျိုးတွေကို မိရှေးက ကိုယ်လည်းပဲ ငယ်ရွယ်သေးတဲ့ လူငယ်တစ်ယောက် ဖြစ်ရက် လက်ကိုမခံနိုင်တာပါ။





လူကြီးကတော့ "အမှတ်ရနေမှာပါ"ဆိုတဲ့ စကား တစ်ခွန်းကို နောက်ဆုံး ပြောသွားတဲ့အတွက် ကိစ္စရှင်းပြီ၊ ဇာတ် လမ်းပြတ် ငြိမ်းချမ်းပြီဟု ဆိုနိုင်ပြီလား မသိချေ။ လူငယ်တစ် ယောက်ကတော့ ဒီလောက်နဲ့ ပြီးသွားမယ့်ပုံမရ၊ ပေဆက်ရှည်ဦး မယ့်ရုပ်နဲ့ ဘယ်နှခါလောက်များ ထပ်သည်းခံနေရဦးမှာပါလိမ့် နော်။

"မိရှေးရေ ... နင်တော့ ကံဇာတာတွေ တက်လာပြီထင် တယ် ဆရာ"

ငါးဖောင်ရိုးမ၊ ကျူရိုးမ၊ ဝါးခြမ်းပြားမ၊ ဖဲထီးသံ ချောင်းမ။ ကိုယ်ကတောင် စဆက်စရာမလို။ သူက "တညှင်းညှင်း" အသံထွက်နဲ့ ဖုန်းစဆက်လာခဲ့ချေပြီ။

"ကံဇာတာက ဘယ်ကလာ တက်လာရမှာလဲ။ ဆုတ်ယုတ် ကျဆင်းသွားတာ။ အဲဒါကြောင့် အသေဝနာစ ဗာလန် ဆိုတာများ တယ်မှန်တာပဲ"

"အမယ် ... နင် နောက်ကျ အဲဒီဗာလန်ကိုချည်း ဖင်ဘူး တောင်းထောင်အောင် ထိုင်,ထိုင်ရှိခိုးနေတော့မှာများ"

"မိစော ... ... ... ...။ နင် ငါ့ကို စနောက်မနေနဲ့"

"ငါ သတင်းရထားပြီးပြီနော်၊ နှစ်ယောက်စလုံး ငါ့ဆီဖုန်း လာပြီးသွားကြပြီ။ ကိုကိုလား ... မောင်မောင်လား မြန် မြန်စဉ်းစားပေးစမ်းပါဟယ်။ အဲဒီကိစ္စကနေ ပထမဦးဆုံး ဝင်တဲ့ ဝင်ငွေနဲ့ ငါ့ဖားသားကြီးကို လက်မထောင် ဂုဏ်ယူ ပြချင်လွန်းလို့ပါ"

"နင်ဟာလေ။ ကုလားအုပ်တွေ ဆိုရင်တောင် အနည်းဆုံး နှစ်ဘို့တော့ ပါသေးတယ်။ နင်ကတော့ နွားမှ နွားမအစစ် လုံးဝဥဿုံ တစ်ဘို့တည်းပဲ ဖွတ်ကြည့်နေတဲ့ဟာမ"

"ကိုယ်ရေးရာဇဝင်တွေ ယူမလား"

"နင် ဖွတ်ပို့လာရင်တောင် မီးရှို့ပစ်မယ်"

"နှစ်ယောက်လုံး အခြေအနေ အလားအလာ ကောင်းပါတယ်။ အသက်ကလေးတွေ နည်းနည်းကြီးနေကြတာက လွဲလို့"

"ဘယ်ကလာ ... ကိုတင်လှ ဆိုတဲ့ တစ်ယောက်က ငယ်ငယ်လေး ရှိသေးတာ။ ငါတို့နဲ့မှ မတိမ်းမယိမ်းဟာကို။ နင်က အဲဒါကြောင့် 'မောင်မောင်'လို့ ခေါ်တာမဟုတ်ဘူးလား"

"မငယ်ပါဘူး (၃၂)နှစ်ပဲ ရှိနေပြီ။ အပြင်မှာ နုတာထင်တယ်။ ဓာတ်ပုံထဲမှာတော့ ဒီလောက်မဟုတ်ဘူး"

"အမယ်လေးတော် ... ဒါဆိုရင်တော့ နုတာထက် မရင့်ကျက်တာ၊ ကလက်တာ ထင်ပါရဲ့။ ငါက ငါ့ထက်တောင် ငယ်ဦးမလား နှစ်ဆယ်ကျော်စလေးလားတောင် ထင်မိတာ။ တော်ပါပြီ မယ်မင်းကြီးမရဲ့၊ မိရှေးတို့က ဒန့်သလွန်သီးဟင်း ချက်စားရင်တောင် လျှာပေါ်တင်လိုက်ရုံနဲ့ အရည်ပျော်မှ။ ဘာအရင့်နဲ့မှ အပတ်အသက် မလုပ်တာ။ ဒီလောက် ငယ်ရုပ်ဆင်နေတဲ့သူတောင် (၃၂)ဆိုရင် ဟိုတစ်ယောက်ကတော့ (၅၀)ပဲ ဖြစ်ရမယ်"





"(၃၅)ပါဟယ် ... နင်ကလည်း"

"လိမ်ထားတာဖြစ်မယ်။ မှတ်ပုံတင်ထဲက မွေးသက္ကရာဇ်နဲ့ ပြန်တိုက်ပြီး လက်ချိုးနှတ်ကြည့်လိုက်ဦး။ သူသာ ဘူးသီးဆိုရင် လက်သည်းနဲ့ ထိုးကြည့်လို့မှ လက်သည်းကွင်းရာတောင် မထင်နိုင်တော့တဲ့ လက်သည်းပဲကျိုးသွားမယ့် သူကများ။ ဓားနဲ့ကောက်ထိုးတော့မှပဲ အစက်လောက် အရာထင်မယ့် ဘူးသီးကများ (၃၅)တဲ့"

"နင်ဟာလေ မှိုချိုးမျှစ်ချိုး၊ ချိုးချိုးဖွဲဖွဲကို နိုင်တယ်"

"ဘာပဲဖြစ်ဖြစ် မိစော၊ တော်တန်တိတ်။ ဒီကိစ္စဒီတင်ရပ်။ နင်မရပ်လို့လည်း မရတော့ဘူး။ နှစ်ယောက်လုံးကို ငါလည်း အပြတ်ပြောလိုက်ပြီးပြီ"

စောကလျာမှာ ဝမ်းနည်းသံလေးနှင့် ...

"တကယ်ပေါ့နော် ... နင် ..."

"ဆယ်ကယ်ဟယ်"

"ငါ့မှာတော့ ချက်ချင်း response (ပြန်ကြားချက်)ရမယ် ထင်ထားတဲ့ ဟို Chinese စုံတွဲက ဘာအကြောင်းမှ ကြားမလာသေးဘဲ အဲဒီနှစ်ယောက်ကသာ စုံစမ်းတာတွေ ဘာတွေလုပ်လာလို့ အောင်မြင်ပြီဆိုပြီး ဝမ်းသာနေတာ"

"မခင့်မြတ်ကြွယ် အကြောင်း အလုအယက် စုံစမ်းကြရင်သာ နင် အောင်မြင်တာပေါ့။ ငါက ဘာဆိုင်လဲ။ အစောကတည်းက နင့် အမြင်ရှင်းရှင်းပဲ ရှိရမှာပေါ့။ ငါက

ဦးအောင်ဖေယျကိုတောင် အဖြစ်မှန်ကို ရှင်းပြလိုက်သေးတယ်"

"ဟယ် ... တကယ်လား။ ဒါဖြင့် ဒီတစ်ခါ ကိုတင်လှ ထပ်ဆက်လာရင်တော့ သူ့လည်း အဲဒီလိုပဲ ပြောပြလိုက်မှပါ။ သူက တွေ့ဆုံပွဲ ပြီးပြီးချင်း အဲဒီညကပဲ အိမ်ကိုတောင်မှ ပြန်ရောက်သေးရဲ့လား မသိ။ ငါ့ဆီ လှမ်းဆက်ပြီး ဘာဘာညာညာမေးတော့ ငါမှာ နင်မကြိုက်မှာစိုးလို့ ဘာမှတောင် သေချာမပြောလိုက်မိပါဘူး"

"နောက်တစ်နေ့ကျမှ ဦးအောင်ဖေယျကြီးကိုကျတော့ ဖုန်းနံပါတ် ပေးလိုက်တာပေါ့၊ ဟုတ်လား။ ဘာမှပူမနေနဲ့ နင့်ဆီက ဘာအချက်အလက်မှ မရပေမယ့် နင့်ရဲ့ အဲဒီ ကိုတင်လှက ဆိပ်ကမ်းသာလမ်းထဲ ငါတို့ကုမ္ပဏီရုံးခန်းရှေ့ ငုတ်တုတ်ကို လာထိုင်စောင့်နေတာ"

"ဟဲ့ ... မေတ္တာစစီပေါ့"

"တော်စမ်းပါ၊ စိတ်ဝင်စားတယ်တဲ့။ စိတ်ဝင်စားတယ်ဆိုတာကတော့ လမ်းဘေးက မျက်လှည့်ပိုင်းဆရာကိုလည်း နင် စိတ်မဝင်စားဘူးလား။ မြို့ထဲမှာတွေ့တဲ့ ကုလားအဘိုးကြီးတစ်ယောက် လက်ကလေးတွေပြတ်ပြီး ငုံးတိတိလေးဖြစ်နေတာကိုလည်း ဘာများဖြစ်လို့ပါလိမ့်လို့ ငါတော့ စိတ်ဝင်စားတယ်"

"ပြီးရော ... ကျောက်ရုပ်မ၊ သံမဏိမ"





"အေး ... နင်လည်း တကယ်ပြီးပါစေ၊ ကောက်ရိုးနဲ့လုပ်ထားတဲ့ နွားမ"

"အကယ်၍များ နင်ကသာ ငါ့ကို Special Favour (အထူးအခွင့်အရေး)ပေးတဲ့အနေနဲ့ ငါ့ကုမ္ပဏီမှာသာ အလုပ်အပ်လိုက်တယ်ဆိုရင် ငါက နင့်ခေါတ်ပုံနဲ့ကို ကျာနယ်၊ မဂ္ဂဇင်းတွေမှာ ကြော်ငြာတွေ ထည့်ပစ်လိုက်မှာ သိလား။ ငါတော့ အပ်ထည်တွေ ပလူပျံတက်သွားမှာပဲ ထင်တယ်။ နင်နဲ့ တစ်သက်လုံး ပေါင်းလာတာ နင့်ကို ဒီလောက်ကြီးလှတယ်၊ စွံမယ်လည်း ငါ တစ်ခါမှ မထင်ခဲ့မိတာအမှန်ပါပဲ။ ခုကျ ဘယ်လိုဖြစ်ကုန်တာလဲတောင် မစဉ်းစားတတ်တော့ဘူး"

"ပြီးပြီဆို ဒေါ်ပိန်ရေ။ နင်ပဲ ပြီးပြီဆို ... ခုပဲ"

"ငါက ပြီးပေမယ့် တချို့ တချို့တွေကျတော့ ပြီးချင်မှ ပြီးကြမှာကလည်း ရှိသေးတာကိုး"

လွဲပါစေ ဖယ်ပါစေ။ သူ့ကုမ္ပဏီ တစ်ရေးတည်း၊ တစ်ကိစ္စတည်းပဲ ခေါင်းထဲထည့်နေတဲ့ အဲဒီမိန်းမ ပြောသမျှ လွဲပါစေ။ ဆုကတော့ တောင်းတော့ တောင်းကြည့်ခဲ့တာပါပဲနော်။

♥ ✧ ♥

## အခန်း(၂)

အောင်ဇေယျနှင့် ဩဇာတို့ တွေ့ဆုံကြသောပွဲက တော့ တိုက်ဆိုင်ကြုံကြိုက်ကြခြင်း မဟုတ်။ တမင်သက်သက် မဆုံ့ဆုံအောင် နှစ်ဦးစလုံး တက်ညီလက်ညီ ကြံစည်ထားကြသည် ဟုပင် ပြောနိုင်သည်တည်း။

"ခင်ဗျားဖို့ ကုမ္ပဏီက စီစဉ်ပေးထားတာ ဟိုအန်တီကြီး ပါဗျ"

"အဲဒီလို ငါ့ကို တစ်ခွန်းမှ မပြောခဲ့ပေါင်ကွာ။ လုံးဝကို မပြောတာ"

"ဘာပဲဖြစ်ဖြစ် ရည်ရွယ်တာကတော့ အဲဒီလိုပဲလေ၊ သက် တူရွယ်တူ၊ ဝိုက်တူဆိုက်တူပဲဟာ။ ပေါ်တင်ကြီး ဖွင့်မပြော လည်း ကိုယ့်ဘာသာ သိရမှာပေါ့ဗျ"

"မင်းယူပါလားကွာ၊ မင်း အဲဒီလောက် စိတ်ဝင်စားနေရင်၊ သူတို့က မင်းဖို့ဆိုပြီး စီစဉ်ပေးထားတာလည်း ဖြစ်နိုင်သေး တာပဲဟာ"





"အရပ်ရပ် နေပြည်တော် ကြားလို့မှမတော်တာဗျာ။ ဒီ အရွယ်နဲ့ ဒီအရွယ် ဘယ်သူက စီစဉ်ရည်မှန်းပေးကြမှာလဲ။ အဓိပ္ပာယ်မှ မရှိတာ။ ဘယ်အရွယ်နဲ့ ဘယ်အရွယ်ကိုပဲ စီစဉ်ပေးရမယ်မှန်း ကုမ္ပဏီက သိပါတယ်။ အရွယ်ရောက် ပြီးသားလူတွေ စီးပွားရေး လုပ်နေကြတာဗျ။ အရူးတွေ ဆော့နေကြတာမှ မဟုတ်ဘဲ"

"ဘယ်သူတွေ ဘာပဲလုပ်နေနေ လူဆိုတာကတော့ ကိုယ့် ရွေးချယ်လိုမှုနဲ့ ကိုယ်ပဲလေကွာ"

"အဲဒီလို ရွေးချယ်လို့ကို မရတာ။ ကောင်မလေးက ခုံဖြည့်လာထိုင်တာတဲ့ ခင်ဗျာ။ ကုမ္ပဏီရဲ့ Customer မှ မဟုတ်တာတဲ့"

"ဟာ ... မင်းကို အဲဒါ ဘယ်သူပြောတာလဲ၊ ရှေးနှောင်း လား"

"ကုမ္ပဏီကိုယ်တိုင်က ပြောတာ ခင်ဗျာ၊ ကျွန်တော် ဖုန်း ဆက်မေးပြီးပြီ"

"ဟဲ ဟဲ ဟဲ ဟဲ ... ငါ့ကျတော့ ကုမ္ပဏီက အဲဒီလိုမပြော ဘူးကွ။ ကောင်မလေးရဲ့ဖုန်းနံပါတ်ကိုပဲ ရောရောရှရှပြော ပြလိုက်တယ် ... ဟဲ ဟဲ ဟဲ ဟဲ"

အောင်ဇေယျမှာ ဩဇာ ဆိုသော ကောင်ကလေး အပေါ် တစ်ကွက်နိုင်လိုက်ရသလိုရှိရာ "တဟဲဟဲ"နှင့် ပါးစပ်မ ပိတ်နိုင် ဖြစ်သွားရပါသည်။ ကိုယ်တိုင်လည်း အဲဒီအချက်ကိုသိ

နေနှင့်ပြီးသား ဖြစ်ပေမယ့် ကိုယ့်ကျတော့ ကောင်မလေးကိုယ်တိုင်က ပြောတာ။ သူ့ကိုတော့ ကုမ္ပဏီက ပြောတာလေ။ ကိုယ်လည်း သိပြီးသားဆိုတာတော့ ဘယ်ထုတ်ဖော် လူသိခံမလဲ။ ကောင်မလေးကိုယ်တိုင်က ပြောပြလိုက်တာဆိုရင် ငြင်းပယ်လိုက်တဲ့သဘောဆိုတာ ဦးနှောက်ရှိတဲ့လူတိုင်း၊ ဒက်ခနဲအတွေးပေါက်လိုက်နိုင်တဲ့ အဖြစ်လေ ... ဟဲ ဟဲ။"

ညဗာမှာတော့ တရှုံးရှုံး တရားရားပင်ဖြစ်လျက်။ အဲဒီကုမ္ပဏီစုတ်ဟာ ငါဆက်တော့ "ပြောပြခွင့်မရှိပါဘူးရှင်၊ သူက ကျွန်မတို့ကုမ္ပဏီမှာ အလုပ်အပ်ထားတဲ့သူ မဟုတ်ရပါဘူးရှင်" ဘာညာနဲ့ ဒီလူကြီးကျတော့ ဖုန်းနံပါတ်ကို တန်းပေးလိုက်တာ ဘာသဘောလဲ။

"အဲဒါကြောင့် ငါတို့ချင်းက ဖုန်းချင်းအဆက်အသွယ်ရှိတယ်ကွ ... ဟဲ ဟဲ ဟဲ"

အောင်ဇေယျမှာ "တစ်ကြိမ်တည်း" သောလုပ်ရပ်ကို အမြဲတစေပဲ ဖြစ်ပျက်နေသူယောင်ယောင် အပိုဆာဒါး စွက်လိုက်ပါသည်။ ညဗာမျက်နှာ အီလည်လည်က လုံးဝမကျေနပ်နိုင်တာ အသိအသာကြီးမှန်းလည်း အကဲခတ်နိုင်သည်မို့ စိတ်ထဲမှာအူမြူးလာရပြီး ကိုယ့်ကိုယ်ကိုယ်ပဲ အဟုတ်ကြီးထင် လက်ခမောင်းခတ်ရမလိုလိုရယ်။ တကယ့်တကယ်တမ်းကတော့ ကောင်မလေးဟာ အဲဒီ"တစ်ကြိမ်တည်း"မှာပင် အပြတ်ပြော နှုတ်ဆက် "ဘိုင့်ဘိုင်" ပါ လုပ်ပြသွားခဲ့တာ ဒီကောင်လေး သိစရာ ဘာလိုသလဲ။





ကိုယ်ကလည်း တစ်ခါလောက် "ဓာ့တာ"ပြရုံနဲ့ အပြီးသတ် နောက်ဆုတ်လှည့်ပြန်လိုက်တော့မယ့်သူမှ မဟုတ်တာ။ အစစအရာရာ သေချာအောင်နဲ့ ကိုယ့်အတွက် ဘာတစ်ကွက်လောက် ရှိနိုင်ဦးမလဲဆိုတာ ခွဲမလျှော့တမ်း မဆုတ်မနစ် ဆက်ချိတက်ဦးဖို့ပဲ ဆန္ဒပြင်းပြနေသူဆိုတော့ ဒီလိုပြိုင်ဘက် ရန်သူတစ်ယောက်ကို လမ်းရှင်းထားတာကသာ အမှန်ကန်ဆုံး။

"ကိုယ်နဲ့သင့်တော်ရာ တော်ရာကို မစဉ်းစား မရွေးချယ်တတ်ခဲ့လို့ ခုထက်ထိ လူပျိုကြီးပဲ ဆက်ဖြစ်နေရပြီး Matchmaker Company ကိုပဲ အားကိုးတကြီး လုပ်နေရတဲ့ ဘဝ ရောက်နေတာလည်း ခုထိ အမှတ်မရှိဘူး"

ညဗာက ကိုယ့်ရှေ့ကလူကြီးကို မပြောသလိုလို ပြောသလိုလို၊ ကိုယ့်ဘာသာပဲ တစ်ယောက်တည်း အာသံထွက်ညည်းတွားနေသလိုလိုနဲ့ တစ်ချက်ဆောင့်ထည့်လိုက်ပါသည်။ ကိုယ့်ကျတော့ "ဆက်စရာလားရှင့်၊ ဆက်ချင်မှ ဆက်မှာပေါ့" ဘာဘာညာညာနဲ့ မယ်သီလရင်ဘဝနဲ့ပဲ အရိုးထုတ်မတတ် "ဘူး"ချည်း ခံငြင်းခဲ့တဲ့ မချောကလည်း ရှေ့က ဘူတားကြီးနဲ့ကျတော့ ဖုန်းပြောပါသတဲ့။ ဒါ ဖြစ်သင့် ဖြစ်ထိုက်တဲ့ သမားရိုးကျ အခြေအနေ ဟုတ်ရဲ့လား။ လူချင်း လူချင်းလည်း ယှဉ်ကြည့်ကြည့်ကြပါဦး။

အောင်ဇေယျကတော့ ကောင်လေးဆီက အဲဒီလို မလိုတမာသံတွေ ထွက်လာလေလေ ဒီကောင်လေးရဲ့ အခြေအနေက ဘာမှတိုးတက်မှု မရှိသေး၊ မပိုင်နိုင် မတိကျနိုင်သေးဘူးဆို

တာ ပိုသေချာ ရိပ်မိနိုင်လေလေမို့ အူထဲကလိပ်,လိပ်တက်ပြီးတော့တောင်မှ ကျိတ်ဝမ်းသာနေမိပါသည်။

"ငါ့ကို ,အဲဒီလို ပြောရတယ်ဆိုတော့ကွာ မင်းကျတော့ကော ငါ့ညီရာ။ ငယ်ငယ်ရွယ်ရွယ် သနားကမားနဲ့။ ဘယ်ယောကျ်ားမျိုးမဆို ဒီအရွယ်မှာ လူတိုင်း လက်ခမောင်းခတ် မျက်စိမှိတ် ရှာရင်တောင် လက်ညှိုးထိုးမလွဲဘူးကွ။ ဒါတောင် ကုမ္ပဏီအားကိုးနေရတယ်ဆိုတော့ ဘာတစ်ခုခုများ ချွတ်ယွင်းနေပါလိမ့်ကွာ"

ကိုယ်က ကိုယ့်ဘာသာ ပြောသလိုလိုနဲ့ လူမှုရေးငုံ့နေသေးပေမယ့် ဒီလူကြီးကတော့ မျက်လုံးချင်း ဆိုင်ကြည့်ပြီးတော့တောင်မှ တဲ့တိုးခွပ်ဖို့ ဝန်မလေးသူပါလား။ လက်နှေးပါးစပ်နှေးနေလို့ လုံးဝမဖြစ်သူမျိုးပေ။

"ငါ့ညီတွေ ဘာတွေ မခေါ်စမ်းပါနဲ့ဗျာ၊ ခင်ဗျားကြီးကကျွန်တော့်အဖေနဲ့မှ နှစ်နှစ်ကြီး နှစ်နှစ်ငယ်လောက်ရှိမယ့်ရုပ်ကြီးနဲ့ပါ။ အူယားစရာကြီး ငါ့တူလောက်တော့ လုပ်ဗျာ"

"ဒါနဲ့ မင်းအဖေက လူပျိုပေါက်ရယ်လို့ စဖြစ်ကတည်းက မိန်းမခိုးပြေးခဲ့တာပေါ့ ဟုတ်လား။ ဒါနဲ့များတောင်ကွာ အဖေ့လို လက်သွက်ခြေသွက်နဲ့ 'ဇ'ရှိတဲ့ မျိုးရိုးကို မင်းက မဆက်ခံနိုင်ပါလား။ ညံ့သကွာ"

"ဘာဆိုင်လဲဗျ၊ ဘယ်ကလာ ဟုတ်ရမှာလဲ"





"မင်းပဲ မင်းအဖေက ငါ့ထက် နှစ်နှစ်ပဲ ကြီးတယ်ဆို။ ငါ့ထက် နှစ်နှစ်ပဲကြီးတဲ့လူက မင်းအရွယ်သားမျိုး မွေးထားနိုင်ရင်၊ အင်ထုခံလိုက်ရတာလည်း မဟုတ်ဘဲ သူ့သားပဲ အစစ်လည်း ဖြစ်နေမယ်ဆိုရင် ဆယ့်နှစ်နှစ်၊ ဆယ့်သုံးနှစ်သားလောက်နဲ့ မိန်းမတစ်ယောက်ကို ရအောင်ယူနိုင်ပြီး သားတစ်ယောက်ပါ ထွက်လာနိုင်လိုက်သေးတာပေါ့၊ ဂုဏ်ယူပါတယ် ငါ့တူ။ လေးစားပါတယ်။ မျိုးရိုးမတိမ်ကောပါစေနဲ့"

ဩဇာမှာ တရှုးရှုး တရှဲရှဲနှင့် လိုမ့်ချည်းခံနေရတော့သည်။ လိုမ့်ခံနေရဆို ကိုယ်ကလည်း ဒီကိစ္စကို စတင်လာကတည်းက မှန်မှန်ကန်ကန် ရိုးရိုးသားသားနဲ့ စခဲ့တာမှ မဟုတ်တာ။ တကယ်တော့ ဩဇာဟာ ကုမ္ပဏီက အသိအမှတ်ပြု၊ ပွဲတက်ခွင့်ရှိတဲ့ "ကိုတင်လှ" မဟုတ်ဘူးလေ။ ကိုတင်လှဟာ ဩဇာရဲ့သော့စ်။ အလုပ်ထဲက အထက်လူကြီး။ အူလည်လည် ခွကျကျနဲ့ ဒီကိစ္စမျိုးမှာတော့ ကြောက်တတ်လိုက်တာကလည်း ပြာလို့၊ လက်နှေးလိုက်တာကလည်း ချာလို့ဆိုတဲ့ လူပျိုကြီးလေ။

ခါတိုင်းများ အမြဲတမ်း သူ့အအော်ချည်း လိုမ့်ခံ၊ ခေါင်းမဖော်နိုင်ဘဲ ပြားနေခဲ့ရပေမယ့် အဲဒီနေ့ကတော့ ချွေးတွေက အရွှဲသား၊ မျက်လုံးက အပြူးသားနဲ့ ကိုယ့်ပဲ အားကိုးတကြီး အရေးအရာထား၊ လာတိုင်ပင်နေတာမို့ ကိုယ့်ဘက်ကလည်း အသာစီးရတုန်း ဟန်ကြီးတစ်ခွဲသား၊ မျက်နှာထားမာမာနဲ့ ...

"သွားရမှာပေါ့ဗျ။ အဲဒီလိုသွားဖို့ စိတ်ကူးမရှိရင် အစော ကြီးတည်းက ဘာလို့ ပိုက်ဆံအကုန်ခံပြီး register (စာရင်း သွင်း၊ မှတ်ပုံတင်)သွားလုပ်ထားသေးလဲ"

"ဒီလိုကြီး မျက်နှာချင်းဆိုင်တွေ့ ခေါ်တွေ့ပေးမယ် မထင် လို့ပေါ့ကွ ... ငါ့လခွေး"

"အဲဒီလိုကြီး မတွေ့သင့်ဘူးဆိုရင် ဆရာသမားက ကုမ္ပဏီက ဒီလူနဲ့ဒီလူဟော့လို့ ဆိုရုံနဲ့ ခေါင်းညိတ်လက်ခံပြီး မင်္ဂလာ ဦးညကျမှ တစ်ယောက်နဲ့တစ်ယောက် ဘွားခနဲ အတွေ့ခံ ကြမယ်လို့ ရည်ရွယ်တာလား"

"ဟောကောင် ... အခွင့်သာတုန်း ဆရာကြီး သိပ်လုပ်မနေ နဲ့။ ငါဘာလုပ်ရမလဲ မသိတော့လို့ မင်းကို တိုင်ပင်တာ။ အခွင့်အရေး မယူနဲ့ အေးဆေးပြော"

"ကျွန်တော့်လာတိုင်ပင်တယ်လည်း ဆိုသေး၊ သွားမှဖြစ် မှာပေါ့ဆိုတော့လည်း လက်မခံ"

"ဟောကောင် ... အဲဒီလို ရဲရဲတင်းတင်းကြီး မျက်နှာပြောင် တိုက် သွားဝံ့မှတော့ ဒီလိုကိစ္စမျိုးကို မင်းလိုကောင်ကို တောင် ပေးအသိမခံတော့ဘူး"

"ဒါဖြင့်လည်း မသွားနဲ့ပေါ့ဗျ၊ မလာဖြစ်ဘူးလို့ အကြောင်း ပြန်လိုက်"

"အဲဒီလို လုပ်ချင်ရင်လည်း မင်းကို ပြောမနေဘူး။ registration fees (မှတ်ပုံတင်ခ)က ဘယ်လောက်များမှတ် နေလို့လဲ။ မင်း လျှော်မလား"





ဘာဆိုင်လဲ။ "ကိုးလိုးကန့်လန့်ကလည်း" နိုင်သေး၊ ခွက်ကလည်း ကျသေး။ အဲဒါကြောင့် လူပျိုကြီးဖြစ်နေတာ။ မိန်းမလိုချင်လိုက်တာကျတော့လည်း သူ့အပြင်မရှိ။ ရေဗက္ကာဝင်း တို့၊ ဂျင်းနီတို့၊ နန်းဆုရတီစိုးတို့ ပုံတွေဆို ရုံးခန်းထဲ ပလူပျံ နေအောင် ကပ်ထားတတ်တာမို့ အဲဒီရုံးခန်းထဲ အတူထိုင် အလုပ် လုပ်နေရတဲ့ ဒီကလူပျိုကလေးမှာ ဘယ်လောက်မျက်နှာပူထား ရတယ် မှတ်သလဲ။

သူ့ laptop ဖွင့်လိုက်ရင်ကော။ အလုပ်ကိစ္စနဲ့ ပတ်သက်တဲ့ အကြောင်းအရာ၊ အချက်အလက်တွေ၊ ပုံတွေက ချက်ချင်းထွက်မလာ။ စန္ဒီမြင့်လွင်တို့၊ ဝိုင်းစုခိုင်သိန်းတို့၊ အေသင် ချိုဆွေတို့။ အဲဒီပုံတွေကပဲ အရင်ထွက်ပေါ်လာတာ။

"ဒါဖြင့်ရင် ဆရာသမားက တိုင်ပင်အကြံတောင်းချင်တာ မဟုတ်တော့ပါဘူး။ အကြံအစည်တစ်ခုခု ရှိပြီးသား မဟုတ် လား။ ပွင့်ပွင့်လင်းလင်းပဲ ပြောပါတော့"

"ငါ့ကိုယ်စား မင်းသွားလိုက်ကွာ"

ထိုင်နေတဲ့ခုံပေါ်ကတောင် ယောင်ယမ်းပြီး ပြုတ်ကျ သွားပါတယ်ဆို။

"ဟာ ... ဆရာသမား အဲဒီကုမ္ပဏီမှာ Register လုပ်တော့ ဓာတ်ပုံပေးမထားရဘူးလား။ ဆရာ့ရုပ်ကြီးကို သူတို့က သိနေနှင့်ကြမှာပေါ့။ ပြီးတော့ ကိုယ်စားသွားထိုင်ပြီး ကျွန် တော့်စိတ်ကြိုက် ရွေးချယ်လာမယ့်လူကိုပဲ ဆရာက ကောင်း

ပြီကောင်းရဲ့နဲ့ လက်ခံမယ် ! ဟုတ်လား။ ချစ်တပည့်ကျော်ကြီးကို အဲဒီလောက်အထိကို ယုံကြည်စိတ်ချတယ်တဲ့လား၊ ကိုယ့်ဆရာရယ် ဂုဏ်တောင်ယူလာမိပါပြီ"

"ပေါက်ကရ မပြောနဲ့၊ မင်းကိုလား ငါက ယုံကြည်မှာ။ မင်းက ပွဲလုပ်တဲ့စားပွဲမှာ သွားထိုင်။ အဲဒီဆိုင်က မင်းနဲ့ တစ်စားပွဲကျော်လောက်မှာပဲ ငါက ငါ့ဘာသာတစ်ယောက်တည်း လိုက်ထိုင်နေမယ်။ ရောက်လာမယ့် အမျိုးသမီးတွေကို ငါကိုယ်တိုင်ပဲ အကဲခတ် စိတ်ကြိုက်ကြည့်မှာပေါ့ကွ"

"ဒီရုပ်ကြီးနဲ့ ဒီရုပ်ကလေးကကော ! ဆရာနဲ့ ကျွန်တော်က အမြွာပူး မဟုတ်ဘူးလေ၊ ဆင်တင်တင်တောင် ရှိလို့လား"

"အဲဒီပွဲမှာ ကုမ္ပဏီကလူ တစ်ယောက်မှ မပါဘူး။ လာမှာမဟုတ်ဘူး။ သူတို့ပါ,ပါနေရင် အလုပ်သဘော သိပ်ဆန်သွားမှာစိုးလို့ တစ်ယောက်နဲ့တစ်ယောက် တစ်ခါမှ မမြင်ဖူးတဲ့ လူအချင်းချင်း ဘဝတူ ကိုယ်ချင်းသူချင်းပဲ လွတ်လွတ်လပ်လပ် တွေ့ဆုံဆွေးနွေးကြပါလို့ ဖွင့်ပေးတဲ့ သဘောတဲ့ကွ"

"တော်ကြာကျ ရောက်လာတဲ့ မဒီကြီးတွေက ကျွန်တော့်ပဲ ဝိုင်းရွေးကုန်ကြရင်ကော။ တကယ့် အစစ်က တစ်စားပွဲကျော်မှာပါ ခင်ဗျာလို့ အဲဒီအချိန်ကျမှ ထရှင်းနေရရင်တော့ မလွယ်ဘူးနဲ့ တူတယ်နော်"





ဆရာကိုတင်လှရဲ့ ထုံးစံ။ စကားဝိုင်းကို အဆဲအဆိုကလေးနဲ့ အဆုံးသတ်လိုက်ကြရပြီးတဲ့ သကာလမှာ သြစာဟာ အဲဒီလို ပေါက်ကရ ရက်စရာ အစီအစဉ်တစ်ခုမှာ ဒီမျက်နှာကြီးနဲ့ပဲ ငုတ်တုတ်ကြွချီ တက်ရောက်လိုက်ရတော့တာပေါ့လေ။ သို့ပေမဲ့ အကျိုးယုတ်တယ်လို့ မဆိုသာပါ။ ဖြစ်နိုင်ရင် ကျေးဇူးရှင် ဆရာကိုတင်လှကို ဦးသုံးကြိမ်တောင် ထိုင်ကန်တော့လိုက်ချင်ပါသေး။

သြစာဟာ ကိုယ့်ရဲ့ဘဝတစ်ခု၊ အသည်းနှလုံးတစ်ခုကို ရုတ်ခြည်း အပိုင်သိမ်း ဆွဲနုတ်ယူငင်သွားနိုင်တဲ့ တန်ခိုးရှင်မလေးတစ်ပါးကို အဲဒီပွဲမှာ ဆုံတွေ့ခွင့် ရလိုက်လို့ပါပဲ။ "ရှေးနှောင်း" တဲ့။ ခံရတဲ့လူမှာ ဣနြေ္ဒမျှပင် မဆယ်နိုင်ပါ။ ဖျပ်ဖျပ်လူး၊ အရူးအမူး၊ အသည်းအသန်နဲ့ မဖြစ်မနေကြီး ဆိုသလို အဲဒီတန်ခိုးရှင်မကလေးရဲ့ ညာဘက်လက်အတွင်းမှာ နှလုံးသားတစ်ခုဟာ ကိုယ့်နှလုံးသားပဲ အမြဲဖြစ်ခွင့်ရစေဖို့ သန္နိဋ္ဌာန်လည်း အပြီး၊ တစ်ထိုင်တည်း ချနိုင်လိုက်ပါသည်။

သို့သော်လည်း ကံကြမ္မာက Half feel နဲ့ တစ်ဝက်တစ်ပျက် ဆိုသလို ပြိုင်ဘက်ကြီးက တန်းလန်းပါလာခဲ့သေးသည်။ ဆရာကိုတင်လှတို့လိုပဲ အချိန်တန် အရွယ်ရောက်လို့မှ ကိုယ့်ဘာသာ ရှာကြံမစွံနိုင်တဲ့ အဘိုးကြီးအိုပေါက်စတစ်ယောက်ကလည်းပဲ ကိုယ့်တန်ခိုးရှင်မရဲ့၊ ဘယ်ဘက်လက်အတွင်းကို သူ့ရဲ့မုပ်ကုန်သိုးကုန်၊ အဖြစ်မရှိ၊ မှိုတက်၊ Awfully dated (အလွန်အင်မတန်

ခေတ်နောက်ကျ ခေတ်ဆွေး)၊ Expire (သက်တမ်းကုန်)ဖြစ်နေသော ရင့်ရင့်ရော်ရော် နှလုံးသားကြီးတစ်ခုကို အတင်းလာထိုးထည့် အပ်နှံလိုက်ပုံ ရှိနေပြီတည်း။

ပိုဆိုးတာက ဒီဘူတာကြီးဟာ ကိုတင်လှတို့လို ချေးထွက် မျက်လုံးပြူးနေမယ့် အစားထဲက ဟုတ်မှမရပါ။ "(၁၆)နှစ်သားနဲ့လည်း အပြိုင်ကြဲပစ်မှာပဲ၊ ဘယ်သူ့မှ ဂရုမစိုက်ဘူးကွ"ဆိုတဲ့ မရအရ စွတ်အသားကုန်ကြဲတော့မယ့် မိုက်ဂိုက်ကြီး အပြည့်နဲ့။

ကံဆေရှားသူ မှောင်ညြဇာလေး ခရိုမှာ ချစ်ရသူ ရလေးကိုယ်တိုင်က ကုမ္ပဏီမှာ အလုပ်အပ်ထားသူ တစ်ယောက်လည်း မဟုတ်။

ကောင်မလေးရဲ့ နှုတ်ဖျားကလည်း "အောင်သွယ်ကုမ္ပဏီတွေရဲ့ အစီအစဉ်နဲ့ ဦးဆောင်မှုအောက်မှာ လိုက်လှုပ်ရှားနေကြတဲ့သူမှန်ရင် လုံးဝကိုမယုံကြည်နိုင်ပါရှင်"လို့ ပြောသွားပြီဖြစ်ပါရက် ...

"ဟန်ကျလိုက်တာ ခင်ဗျာ၊ ကျွန်တော်လည်း အဲဒီကုမ္ပဏီမှာ အလုပ်အပ်ထားတဲ့သူ မဟုတ်ရပါဘူး။ အပြင်လူသက်သက်ပါခင်ဗျ"ဆိုတာကို ထုတ်ဖော်ကြေငြာလိုက်ခွင့် မရှိပါ။ လူပျိုကြီးမှန်ရင် ဘယ်လူပျိုကြီးနဲ့မှ အကျိုးမပေး၊ အကျော့မတည့်၊ ကိုယ့်အပေါ် မကောင်းကြတဲ့ ကံကြမ္မာမျိုးရှိသူပီပီ ဆရာကိုတင်လှက ...





"ဟောကောင် ... မင်းအချိုးတွေ ငါရိပ်မိတယ်နော်။ 'ကျွန်တော်တို့ကကုမ္ပဏီကို မလိုမှတပတ် လုပ်မိကြတာပါခင်ဗျာ' လို့များ ငါ့ကိုသစ္စာဖောက်ပြီး မျက်နှာလိုအားရ၊ ပြေးသံတော်ဦးတင်၊ သွားဝန်ခံလိုက်မယ် စိတ်မကူးနဲ့။ ငါ့မှာ ငါ့ဟာနဲ့ငါ အစီအစဉ်တွေ ရှိသေးတယ်။ မင်းပါးစပ်ပေါက်ကြီးကို ဓားတဖြတ် လောက်တော့ မရ့ရအောင် ပိတ်ထားချေဦး"တဲ့ ...။

"ဒီမယ်အစ်ကိုကြီး ... ယောက်ျားချင်းချင်း ပွင့်ပွင့်လင်းလင်း ရှင်းရှင်းပြတ်ပြတ်ပဲ ဆွေးနွေးကြရအောင်ပါဗျာ၊ ဟုတ်ပြီလား"

"ကြိုက်ပြီကွာ အစီအစဉ်ကိုရော၊ အစ်ကိုကြီးဆိုတဲ့ အခေါ်အဝေါ်ကိုရောပဲ။ ဒီလို မှန်ကန်တဲ့ အတွေးအခေါ်၊ အမြင်မျိုး ရှိလာတာ ကြိုဆိုပါတယ်ကွာ"

ညြဇာ တစ်ယောက် တိတ်တခိုး ကျိတ်မှဲ့လိုက်တာကို အောင်ဇေယျက ရိပ်မိလိုက်လျှင် "ကောင်ကလေးရာ မင်းနုပါသေးတယ်၊ 'နောက်ပေါက်'ဆိုတဲ့စကားက တော်ရုံပြောကောင်းရုံလောက်နဲ့ ပေါ်လာတာ မဟုတ်ဘူးကွ။ နောက်မှပေါက်တဲ့သူတွေဟာ ရှေ့လူတွေကို မကျော်နိုင်ပါဘူး ဆိုတဲ့ လေးနက်တဲ့ အဓိပ္ပာယ်တွေ တစ်လှေကြီးနဲ့ကွ"ဟု ခပ်အေးအေးပဲ တွေးနေလိုက်ပါသည်။

"ယောက်ျားချင်း"ဆိုပြီး "ခင်ဗျားဝင်မပါပါနဲ့တော့ဗျာ၊ စိတ်လျှော့ နောက်ဆုတ်လိုက်ပါတော့"။ ဒီလိုပဲ ပြောလာ

မယ်မဟုတ်လား ကိုယ့်လူရေ။ မရဘူး မောင်ရင်။ အောင်ဖေယျ
တို့က အဲဒီနေ့ကတည်းက စားပွဲမှာ ဝင်ထိုင်လိုက်ပြီဆိုတာနဲ့
ကိုယ့်မျက်စောင်းထိုးနားလောက်က နတ်ဘုရားမကလေးဟာ ကိုယ့်
အတွက်သက်သက် ဘုရားက ဖန်ဆင်းပေးသနားတော်မူလိုက်တာ
ပဲဖြစ်မယ်လို့ကို သတ်မှတ်လိုက်ပြီးသား။

ဘယ့်နှယ်ဗျာ မျက်တောင်လေး ခတ်လိုက်တာက
အစ၊ ပါးစပ်လေး ပွင့်ဟလိုက်တာအလယ်၊ လည်တိုင်လေးတစ်
ချက်လောက် ငဲ့လိုက်တာအဆုံး တစ်သက်တာ ကြုံဆုံဖူးသမျှ
ရှိရှိသမျှ ဘယ်ဣတ္ထိယမှ လိုက်မမီနိုင်လောက်တဲ့ မိန်းကလေးငယ်
မျိုးကို ခုကျမှပဲ စဆုံဖူးရသတဲ့လား။

သို့သော်လည်း "ပညာလို အိုသည်မရှိ" ဆိုတဲ့ စကား
ပုံတောင် ရှိသေးရင် "ကြင်ယာလို အိုသည်မရှိ" ဆိုတာမျိုးကော
မရှိရဘူးလို့ ဘယ်သူက သတ်မှတ်သလဲ။ ရသေ့ကြီးတောင်
"ကျည်ပွေ့အတက်ပေါက်" သေးရင် အောင်ဖေယျတို့လည်း ...။
အဲ ... အခါနှောင်းပြီဆိုတာ ရှိရရိုးလား။

ရင်ထဲမှာ ဆွဲမွှေလှုပ်ခါပြီးတော့ မုန်တိုင်းတစ်ခုဝင်
ကြီသွားသလို ခံစားလိုက်ရပုံများ၊ သူကလေး ကိုယ့်မြင်ကွင်းထဲက
ပျောက်သွားချိန်မှာ ရင်ထဲရှိရှိသမျှ နေရာအနှံ့ ဝုန်းဒိုင်းကြဲပြီးတော့
မုန်တိုင်းဆင်ပြီးစ နေရာငယ်တစ်ခုလို ဖြစ်ပျက်ကျန်ရစ်ရတာပါ။
ဒါပေမဲ့လည်း နာဂစ်ဒဏ်သင့်ခဲ့တဲ့ ဧရာဝတီသားတွေတောင်
အဘက်ဘက်က ဝိုင်းဝန်းကြံဆောင် ဖန်တီးမှုတွေနဲ့ ကိုယ်ကိုယ်



တိုင်တွေရဲ့ မဆုတ်မနစ် ဇွဲလုံ့လတွေနဲ့ ပြန်လည်ထူမတ်ပြီး အေး
ချမ်းအောင်မြင်တဲ့ ဘဝတွေဆီ ခြေလှမ်းပြင်လာကြသေးတာပဲလေ
နော။ အောင်ဖေယျလည်း လူပဲ။ ဧရာဝတီသားတို့ရဲ့ ဇွဲမျိုးကိုပဲ
နှလုံးမူရမှာပေါ့။

သူကလေးမှာက ရည်းစွယ်သူ လက်ရှိနဲ့ မကြာခင်
ရွှေလက်တွဲလို့ နန်းသိမ်းပွဲတက်တော့မယ်သူကအသင့် ဆိုရင်တော့
လည်း တစ်မျိုးလေ။ ခုဟာကတော့ အောင်ဖေယျက အပြင်း
အထန် စုံစမ်းကြည့်လိုက်ပြီးပြီ။ လုံးဝကို လွတ်လွတ်လပ်လပ်။
ဘယ်အမျိုးကောင်းသားမဆို "ပုရိသစင်စစ် ကေန်ဖြစ်တဲ့သူ မှန်
သမျှ ကြံစည်ကြိုးစားခွင့် အပြည့်အဝရှိတဲ့ လွတ်လွတ်လပ်လပ်။
ကြီးတာတွေ ငယ်တာတွေ၊ အရွယ်မတူတာတွေ၊ သင့်တော်ရာ
တန်ရာတွေ ဘေးချိတ်။

ဒါမျိုးကတော့ ဖူးစာရေးနတ်မင်းရဲ့ အလိုလိုက်
မျက်နှာသာပေးမှုနဲ့ ကိုယ့်ရဲ့ဇွဲလုံ့လ ဝီရိယရော နည်းလမ်းကောင်း
လေး နည်းနည်းနဲ့ပါ ပေါင်းစပ်လိုက်နိုင်ရင် အလုပ်ဖြစ်နိုင်တဲ့
အနေအထားလို့ ပြောနိုင်ပြီ။

ဒါနဲ့တောင် "ဆွေးနွေးကြရအောင်ပါ" တဲ့။ လာထား
စမ်း ကောင်ကလေး။ ရေငတ်လာရင် ရေသောက်ပြီး ဆက်ပြော၊
အာပေါက်လာရင် ပလာစတာကပ်ပြီး ဆက်ပြော၊ လျှာထွက်လာ
ရင် လည်ပင်းထဲကနေ ကြိုးနဲ့ပြန်ချည်ဆွဲပြီး ဆက်ပြော။ အောင်
ဖေယျတို့ကတော့ "Sorry" ပဲ။ တစ်ခွန်းပါပဲ။

"ဒါနဲ့ အစ်ကိုကြီး... ဒီအရွယ်နဲ့ ဒီအရွယ် ဆွဲလွဲရည်မှန်းပစ်ရအောင်ဗျာ မမြင်ဖူး မကြုံဖူး အစိမ်းသက်သက် ဓမ္မ ပက်ကင်ဖောက်ရတဲ့ brand new (အသစ်ကျပ်ချွတ်)လူမျိုး ပေါက်စလေးမို့လားဗျ"

"မောင်ရင် ဘာပြောပြော ဘယ်လိုပြောပြော ကိုယ်ကဖိတ်စာတစ်ခြမ်း ရိုက်ပြီးပြီ။ Sedona မှာ open date နဲ့ ဘွတ်ကင်တင်ပြီးပြီ"

"ဟား ... ရေလည်ပြောင်တယ်ဗျာ၊ ဒါပေမဲ့ အဲဒီဖိတ်စာလည်း ပေါင်းသွားမှာပါပဲ၊ ဆီဒိုးနားထဲလည်း ခြေချလိုက်ရမှာ မဟုတ်ပါဘူး"

"မောင်ရင့်လို ရွယ်တူချင်းကိုတောင် တစ်ခွန်းပြတ်နဲ့ ငြင်းလွှတ်လိုက်သေးတယ်ဆိုရင် ဒီလိုမိန်းကလေးမျိုးဟာ ကြိုးစားနိုင်မှ တန်ကာကျမယ်ဆိုတာ ကိုယ် မှန်းနိုင်ပါတယ်၊ စိတ်မပျက်ပါဘူး"

အောင်ဇေယျရဲ့မြားချက်က မန်းသန်းပြီး ယမ်းပစ်လိုက်တာ ဖြစ်ပေမယ့် ကောင်ကလေး ချက်ကောင်းထိသွားတယ်ဆိုတာတော့ သေချာပါသည်။ ဟိုက ယတိပြတ် ငြင်းမလွှတ်ဘဲ ဆွဲတန်းထားလိုက်တယ် ဆိုရင်တောင် ဒီချာတိတ်မျိုးက ကိုယ့်လာပြီး ဘယ်ညှိနေမလဲ။ မဟုတ်ဘူးလား။ တစ်ဖက်ကို ညှိလိုတယ် ဆိုကတည်းက ကိုယ့်အခြေအနေက သိပ်ဟန်မကျလှဘူးဆိုတာ ကိုယ့်ဘာသာ သိနေလို့။ ယုံကြည်နေလို့။





"ဒါဖြင့် ခင်ဗျားက ကိုယ့်အရွယ် ကိုယ့်အခြေအနေနဲ့ကိုယ် သိက္ခာရှိရှိနေမယ် စိတ်မကူးဘူးပေါ့။ ဖြိုင်ကိုဖြိုင်မယ် ချမယ့်ပေါ့၊ ဒီလိုလား"

"မိန်းကလေးတစ်ယောက်ကို ချစ်ခင်ပြီး လက်ထပ်ခွင့်ရဖို့ ကြိုးစားကြတိုင်းသာ သိက္ခာမဲ့ရမယ် ဆိုရင်တော့ ကိုယ့်လူရာ၊ ဒီကမ္ဘာလောကကြီးထဲမှာ ယောကျ်ား၊ မိန်းမ၊ ကလေး မလေး၊ ကောင်ကလေး သန်းခြောက်ထောင် အရေအတွက်ကို အတိအကျစီလို့ ပျမ်းမျှတွက်ပြီး လေးပုံ့ပုံလိုက်ရင် လူသန်းပေါင်း တစ်ထောင့်ငါးရာလောက် သိက္ခာမရှိ၊ အရှက်မဲ့တဲ့သူတွေ ဖြစ်ခဲ့၊ ဖြစ်ဆဲ၊ ဖြစ်လတ္တံ့. ဖြစ်နေပြီပေါ့ကွ"

သေလိုက်စမ်း။ ညြဇာမှာ ကိုယ့်ရှေ့က တစ်ဖွတ်ထိုးကြီးကို လည်ပင်းကိုညှစ်၊ အနည်းငယ် သိသာစပြုနေပြီဖြစ်တဲ့ ဗိုက်ကြီးကို ဒူးနဲ့တိုက်၊ ညို့သကျည်းကို ဆောင့်ကန်ပြီးမှ လမ်းကြိတ်စက်အောက်သို့ပဲ တွန်းချပစ်လိုက်ချင်မိတော့သည်။ ကောင်းပြီပေါ့။ ဖြိုင်မယ်ဆိုလည်း ဖြိုင်ပေါ့၊ ဖြိုင်ကြည့်လိုက်ပေါ့။

"ကဲ ... အသည်းကောင်းလို့ ပွဲတော်ကျင်းနေပြီ ဆိုမှတော့ ပဝါမကူ ရေမရှုကြေးပေါ့ ... ဟုတ်လား။

♥ ◇ ♥

ပြတင်းပေါက် အပြင်ဘက်မှာ လှစ်ခနဲ အရိပ်တစ်ခု ပေါ်လာပြီးမှ ပြန်ပျောက်သွားတာကို မြင်လိုက်လျှင် အောင်ဇေယျ က လက်ထဲက ဘုရပ်ရှ်ဘီးကို အိပ်ရာပေါ် ပစ်တင်ကာ အဲဒီ ပြတင်းပေါက်ဘက်သို့ ဖျတ်ခနဲ တိုးကပ်သွားလိုက်ပါသည်။ အောင်ဇေယျ ပြေးကပ်လာတာကို အဲဒီပြတင်းအပြင်ဘက် ခြံထဲ က အရိပ်ကလည်း တွေ့မြင်လိုက်ပုံနဲ့ ချိုးချိုးချွတ်ချွတ်၊ ဝုန်းဝုန်း ဒိုင်းဒိုင်း အသံညံညံတွေ မြည်ပြီးတော့မှ အဲဒီအရိပ်ဟာ ကိုယ့် အိမ်ဘက်ကနေ ခြံအရှေ့ဘက်ထဲ ပြေးထွက်သွားတော့တာကို မြင်လိုက်ရပါသည်။

ထင်တဲ့အတိုင်းပဲလေ။ အငယ်မ။

လူပျိုကြီးဖြစ်တဲ့ အောင်ဇေယျဟာ တစ်ဦးတည်းသော အရင်းအချာ အစ်ကိုဖြစ်တဲ့ ကျော်သီဟနဲ့အတူ တစ်ခြံဝင်းတည်း နေထိုင်သူ ဖြစ်ပါသည်၊ တစ်အိမ်တည်းတော့ မဟုတ်။ အစ်ကိုနဲ့ သူ့မိသားစုက ခြံအရှေ့ဘက်က နှစ်ထပ်တိုက်အိမ်မကြီးမှာ။ အောင်ဇေယျက တစ်ယောက်တည်း လွတ်လွတ်လပ်လပ် ရှိရအောင် ခြံအနောက်ဘက်ကျတဲ့ နေရာက ဂိုဒေါင်နဲ့ တစ်တွဲတည်းကပ်လျက် out house တစ်ထပ်အိမ်ငယ်လေးကို ပြန်လည်ပြုပြင် မွမ်းမံထားတဲ့ တစ်ထပ်တိုက်ပုပုလေးမှာ တစ်ကိုယ်တည်း။





မပူချင့်လို့ အေးအေးနေနေပါတယ်ဆိုမှ အစ်ကိုဖြစ်သူနှင့် စီးပွားချင်း၊ အိမ်မြေနေရာချင်း မခွဲမစိပ် မဝေခြမ်းရသေးတဲ့ အောင်ဇေယျဟာ အစ်ကိုနဲ့မရီးကတော့ သိပ်ကိစ္စမရှိပေမယ့် တူနဲ့တူမ အပျိုလူပျိုနှစ်ကောင်ရဲ့ ဒဏ်ကိုတော့ အတော်ကလေး ညည်းသည်းခံ၊ နေထိုင်နေရတယ်ဟု ပြောရမှာပေ။

အောင်ဇေယျရဲ့တစ်ထပ်တိုက်ကို "လူပျိုကလေးရိပ်သာ"အဖြစ် သူပဲ မောင်ပိုင်စီး အပိုင်သိမ်းချင်နေတဲ့ တူတော်မောင်ရဲ့ ငြိငြင်မှုကို လျစ်လျူရှုနေရတာက တစ်မျိုး။ ရှိရှိသမျှ အိမ်သားအားလုံးကို တစ်ယောက်တစ်မျိုးစီ လိုက်ရှုပ်ဒုက္ခပေး၊ ဝေးဝေးနေလို့ မရနိုင်တဲ့ တူမတော်စပ်စုမရဲ့ဒဏ်ကို အော်တစ်ချီ၊ ငေါက်တစ်လှည့်၊ မသိချင်ယောင်ဆောင်လို့တစ်ဖုံ အမျိုးစုံ ခံစားနေရတာကတစ်မျိုး။

ခုလည်း ကြည့်လေ၊ အမြဲတမ်း စပ်စုနေတဲ့ စပ်စုမဟာ အောင်ဇေယျ တစ်ယောက် အခန်းအောင်းပြီး ဘာတွေ ကျိတ်လုပ်နေပြန်ပြီလဲလို့ လာရောက်ချောင်းမြောင်း စပ်စုသွားပြန်ပြီ။ အောင်ဇေယျက ခေါင်းကို စိတ်ပျက်လက်ပျက် ခါယမ်းကာ ခုတင်ပေါ်ကဘီးကို ပြန်ကောက်ကိုင်လိုက်ရင်း မှန်တင်ခုံဆီသို့ ပြန်လျှောက်လာခဲ့ပါသည်။

ဟော ...။ ဒီတစ်ခါကတော့ အိပ်ခန်းပြတင်းပေါက်ကို ခြံထဲကနေ တွယ်တက်ပြီး ချောင်းမြောင်းလိုတဲ့အဆင့်မကတော့။ နောက်ဖေးပေါက်က ဇွတ်ရှုံ့ဇွတ်ထားတဲ့ မီးဖိုချောင် သံပန်းတံခါးကိုပါ ဖြည်းဖြည်းကလေး တွန်းဖွင့်ပြီး ဝင်လာနေပြန်ပြီ။

အောင်ဖေယျက "ကျွတ်"ခနဲ ခပ်ကျယ်ကျယ် မြည်တမ်းကာ အိပ်ခန်းထဲကနေ ခြေလှမ်းကျယ်များနဲ့ ပြေးလွှားလှမ်းထွက်။ ထမင်းစားခန်းငယ်နဲ့ မီးဖိုခန်းကို ကာရံထားသော လိုက်ကာခန်းဆီးကြီးကိုပါ ဖြန်းခနဲ ဘေးဆွဲကပ်ကာ သူခိုးဖမ်းလိုက်ချိန်မှာ ...

"အမယ်လေး ..."

"ဟင် ... ! မရီး။ စပ်စုမလည်း မဟုတ်ပါလား"

"အမယ်လေး ... လန့်သွားတာပဲ အောင်အောင်ရယ်၊ မမပါ သမီးလည်း ပါတယ်"

"မမက ဘာလို့ အိမ်ရှေ့ကမဝင်ဘဲ နောက်ဖေးက ကွေ့ဝင်လာရတာလဲ"

အောင်ဖေယျက ပြောပြောဆိုဆို ဟင်းလင်းပွင့်ကျန်ရစ်သော အိပ်ခန်းတံခါးဆီ အမြန်ပြန်ပြေးသွားပြီး တံခါးလက်ကိုင်ဘုကနေ ချပ်ခနဲ ဆွဲပိတ်ပစ်လိုက်ပါသည်။ အောင်ဖေယျ၏ အိပ်ခန်းတွင်းမှ အခြေအနေကို မရီးဖြစ်သူ မမြင်စေလိုပါ။ စပ်စုမတစ်ယောက် လာချောင်းပြီးသွားပြီမို့ ပြန်ပြောပြပြီးသား ဖြစ်နိုင်သော်လည်း "သိသာသိစေ မမြင်စေနဲ့"ဆိုတာလည်း ရှိတာပဲ။

"မွေးလှချည်လား အောင်အောင်၊ ဘာလုပ်နေတာလဲ"

"အြော် ... ဟုတ်တယ်၊ ဟုတ်တယ်။ ဒီနေ့ အမဲသားနှပ်ချက်စားတယ်၊ ချက်ထားတာက များပါတယ်၊ ပိုတယ်၊ ယူသွားဦးမလား"





"ဓိဓာကြောင်တဲ့ လူပျိုကြီး"ဟု အမည်တပ်ခံထားရသော အောင်ဖေယျကား မရီးနဲ့ သူ့ကောင်မလေးတွေရဲ့လက်ရာ ထမင်းဝိုင်းကို အစ်ကိုဖြစ်သူ ကျော်သီဟလို ကြိတ်မှိတ်သည်းခံနေတတ်သူမျိုး မဟုတ်ဘဲ ကိုယ့်ဘာသာ အိုးခွဲပြီး စိတ်ကြိုက်ချက်စားတတ်သူတည်း။

"ဟယ် ... ဟင်းနံ့ကို ပြောတာမဟုတ်ပါဘူး။ ရေမွှေးလား၊ ခေါင်းလိမ်းဆီလား၊ ကိုယ်လိမ်းပေါင်ဒါလား၊ ဘော်ဒီစပရေးလား၊ Cosmetics (အလှပြင်ပစ္စည်း)တစ်မျိုးမျိုးရဲ့ အနံ့ပါ၊ သိမ်မွေးတာပဲနော်"

မရီးကား လူကြီးဖြစ်ပြီမို့ စိတ်ရောကိုယ်ပါ ထိန်းသိမ်းနေထိုင်ထားဟန် ရှိသော်လည်း စပ်စပ်စုစု၊ ပါလေရာသိချင်၊ သတင်းနှိုက် အတင်းတုပ်တတ်တဲ့ နေရာမျိုးမှာတော့ သူ့သမီးဖြစ်သူနဲ့ နင်လားငါလားပင်တည်း။ အေးလေ သမီးလုပ်တဲ့သူ ဒီလိုပုံပေါက်နေတာလည်း မျိုးရိုးလိုက်တာပဲ ဖြစ်ရင်လည်းဖြစ်နေမှာပေါ့။

အထူးသဖြင့်ကတော့ လူပျိုကြီး အောင်ဖေယျကို "ဘယ်တော့ မိန်းမယူမှာလဲ၊ ဘယ်လိုမိန်းမမျိုးကိုများ ရွေးချယ်လာမှာလဲ"ဟု ပူပူပင်ပင် စိတ်မချရခြင်း၌ သမီးလုပ်သူထက်တောင် သာနေသေးတဲ့ မရီးဟာ သမီးဖြစ်သူရဲ့ ဝါသနာဗီဇကို မတားမြစ် မဆုံးမတဲ့ပြင် သူကတောင် အားပေးအားမြှောက်နဲ့ အထောက်တော်ခန့်ထားလိုက်သေးတဲ့ သဘောမျိုးလည်း ရှိနေသည်တည်း။

ဒါ စိတ်ပုပ် အူတိုတဲ့ သဘောမျိုးတော့ မဟုတ်ပါ။ သူကိုယ်တိုင်ပင် တက်တက်ကြွကြွနဲ့ တစ်ယောက်ပြီးတစ်ယောက် ရှာဖွေစပ်ဟပ် အောင်သွယ်တတ်သေးတဲ့ မရီးဟာ အောင်ဇေယျကို လူပျိုကြီးဘဝက အမြန်ကျွတ်စေချင်သူမျိုး ဖြစ်ပါသည်။ ဒါပေမဲ့ သူ အမြဲပြော,ပြောနေကျ စကားက ...

"သူငယ်နှပ်စား မဖြစ်စလောက်၊ မသူတော်မျိုးနဲ့ပဲ တွေ့သွားမလား။ ခုခေတ် ငယ်ငယ်ရွယ်ရွယ် လည်လည်ဝယ်ဝယ်လေးတွေရဲ့ အနုပ် အလိမ့်ကိုပဲ ခံလိုက်ရမလား။ ဒါမှမဟုတ် မတန်တရာ မတော်တရော်တွေ လိုက်မှန်းနေလို့ ဆွေထဲမျိုးထဲ မျက်နှာပျက် အရှက်ရစရာတွေပဲ ဖြစ်ကုန်မလား ပူရတယ် ကိုကျော်ရေ။ ကိုယ့်မလည်း မောင်နှမသားချင်းက ရှိတာမဟုတ်။ သားနဲ့သမီးကလည်း နည်းနည်းငယ်သေးတယ်ဆိုတော့ သူ့ပဲ တစ်နေ့တစ်နေ့ လိုမ့်ပူနေရတော့တာပဲ"

ပူတာကတော့ ဟုတ်ပါပြီ။ မရီးနဲ့ မတ် ဆိုပေမယ့် အသက်ကလည်း နည်းနည်းကွာလေတဲ့အခါ မောင်လို သားလို မေတ္တာနဲ့ ကြောင့်ကြတယ်ဆိုတာလည်း ယုံပါရဲ့။ သို့သော် အမြဲပြောနေကျ စကားထဲမှာကိုက "သူငယ်နှပ်စား၊ မဖြစ်စလောက်၊ ငယ်ငယ်ရွယ်ရွယ်၊ မတော်တရော်"ဆိုတာမျိုးတွေချည်း ခပ်များများ လိုမ့်ပူနေတတ်တဲ့ မရီးဟာ သူမို့ စီစဉ်လိုက်တိုင်းလည်း မကြာခင် မီးယပ်သွေးဆုံး ဖြစ်တော့မယ့် အရွယ်မျိုးတွေနဲ့။





ဆံပင်တောင် ဖြူနေတဲ့အစားတွေနဲ့။ လင်နဲ့မယား တစ်ဦးနဲ့တစ်ဦး လက်အုပ်ချီ ရှိသေပြီးတော့မှ တရားကျောင်းပဲ လှမ်းနေရတော့မယ့် အသက်တွေနဲ့။

အောင်ဇေယျတို့ နည်းနည်းလောက် ထူးခြားမှုရှိပြီဆိုရင် "ဘယ်ပေါက်တီးပေါက်စနဲ့၊ မလော်ကလီ မလောက်စားတွေနဲ့ ဖြစ်ပျက်နေပြီလဲ"လို့ သူ့မှာ အမြဲပူပင်နေတတ်တော့သူတည်း။

ခုလည်းပဲ အိပ်ခန်းထဲက ကြမ်းပြင်ပေါ်မှာ ဝတ်ကြည့်ပြန်ချွတ် မွှေမွှေကျဲ ပွစာတိုက်နေတဲ့ အဝတ်အစားပုံကြီးကို မမြင်စေလိုလို့ အခန်းတံခါးကို အမြန်ဆွဲပိတ်လိုက်လျှင် "မွှေလိုက်တာ" ဟူသော စကားမျိုးနဲ့ သတင်းနိူက် စပ်စုဖို့ တစ်ဖက်ကလှည့်ဝင်ကြိုစည်လာချေပြန်ပြီ။

အောင်ဇေယျရဲ့မရီးဖြစ်သူ "ဒေါ်ဝင်းဝင်းမြတ်"မှာ အိပ်ခန်းတံခါးကို ကျောပေးလို့ပင် ကွယ်ကာထားပြီး လုံးဝအဝင်မခံမယ့်ပုံ ရှိနေသော မတ်ဖြစ်သူ အောင်ဇေယျရဲ့ပုံစံကိုကြည့်ကာ သက်ပြင်းများပင် ကျိတ်ချလိုက်မိပါသည်။ သမီးငယ်ရဲ့အပြောအရတော့ အိပ်ခန်းကြမ်းပြင်တစ်ခုလုံးအပြည့် စပို့ရှပ်တွေ၊ ဘောင်းဘီအတိုအရှည်တွေ၊ ပုဆိုးကွင်းပုံတွေနဲ့ ပွရှုပ်ပြည့်လျှံလို့ကိုနေပြီတဲ့။

အငယ်မဟာ အပိုဆာဒါး စွက်တတ်ကာ အဖြစ်မှန်ကို နှစ်နဲ့မြှောက်တတ်လေ့ရှိသူလည်း ဖြစ်ပေမယ့် ဒီတစ်ခါကတော့ဖြင့် ဒီလောက် တထောင်းထောင်းထ မွှေးကြိုင်နေတဲ့ သင်း

ရန့်တွေနဲ့ဆိုရင် အငယ်မ စကား့ကားတာထက် ဟုတ်တိုင်းမှန်ရာ ပြောနေတာပဲ ဖြစ်ဖို့သေချာပြီ။ မတ်တော်မောင် အောင်အောင်ကတော့ ထူးကို ထူးခြားလာပြီ။

အကြီးကောင်ရဲ့အပြောကလည်း ရှိသေးတယ်လေ။ "လေးလေးက မမိုက်ပါဘူး၊ သားသူငယ်ချင်းရဲ့ ကောင်မလေးကိုမှ အတင်းလိုက်လုနေတာ ရှက်စရာကြီး"တဲ့။

အဲဒီအကြီးကောင်ကလည်းပဲ "အသက်ကြီးပြီ စ်တဲ့ ဦးလေးက အိမ်ကြီးပေါ်ပြန်တက်။ မိသားစုအိမ်ကြီးထဲမှာ တစ်ခန်း ယူနေ။ ခြံထဲက လွတ်လွတ်လပ်လပ် တစ်ထပ်တိုက်ကိုတော့ သူငယ်ချင်း အပေါင်းအသင်းတွေ တရုန်းရုန်း တဝုန်းဝုန်းနဲ့ လူပျိုကာလသားငယ်တို့ရဲ့ အခွင့်အရေး အပြည့်အဝ ရသင့်တဲ့ သူကသာ ဆက်ခံနေထိုင်သင့်တယ်"ဆိုတဲ့ အဆိုနဲ့ နေရာဖယ်မပေး၊ သူ့စိတ်ကြိုက်ကို မလိုက်လျောတဲ့ ဦးလေးလုပ်တဲ့သူကို နေရင်းထိုင်ရင်း အပြစ်ရှာ။ အမြဲမကျေမနပ် ဖြစ်နေတဲ့ ကောင်မျိုးဆိုတော့ သူ့စကားတွေကိုလည်း အမြဲအမှန်လို့ တစ်ထစ်ချသတ်မှတ်လို့ မရနိုင်သူပါ။

ဒါပေမဲ့ ခုပုံ မျက်မြင်ကိုယ်တွေ့အရတော့ အကြီးကောင်လည်း တမင်မကျေနပ်လို့၊ မလိုလို့ ပေါက်ကရပြောကုန်းချောတာမျိုး ဟုတ်မှဟုတ်ရဲ့လား။ တကယ်ပဲ အကြီးကောင်တို့အရွယ် သူနဲ့ ဆယ့် ်စ်နှစ်လောက်ကွာမယ့် မိန်းကလေးမျိုးကိုပဲ မတ်တော်မောင်က ရည်ရွယ်ချိန်တွယ်နေပြီလား။





အပေါ်က Lacoste တံဆိပ် စပို့ရှပ်ကလေးက ခြောင်စရမ်းနုရောင်၊ အောက်က Hazard စတိုင်ဘောင်းဘီကလည်းပဲ စရမ်းသီးမှည့်လိုလို၊ မရမ်းစေ့အရွှင့်လိုလို အရောင်နဲ့။ အကြီးကောင့်သာ တွေ့ရင်တော့ ...

"အဲဒီလိုမျိုး အရောင်နုနုတွေရွေးပြီး အပေါ်နဲ့အောက် လိုက်လိုက်ဖက်ဖက် မဖြစ်ဖြစ်အောင် ရွေးဝတ်တတ်တာကိုက ခပ်အောက်အောက် အဘိုးကြီးတွေ လုပ်လေ့ရှိတဲ့ အလုပ်ဗျ။ လူငယ်တွေက အရင့်ပဲဝတ်တယ်။ ပြီးတော့ အပေါ်နဲ့အောက် လိုက်ဖက်အရောင်ကိုက်နေအောင် ဘယ်တော့မှ မဝတ်တတ်ကြဘူး"

အဲဒီလို ဟားပြောကြီး ပြောကိုပြောတော့မှာပင်။ ဘာပဲဖြစ်ဖြစ် အောင်အောင်ဟာ သိပ်လှချင်၊ မွေးချင်နေတာတော့ သေချာပြီ။ မှခါဝင်းဝင်းမြတ်က ခင်မွန်းသည်ဖြစ်သူကိုပါ လိုရမည်ရ အသိပေး ပြောပြခဲ့ပြီး ..."ခဏကြာကျ တစ်ချက်တော့ လိုက်လာပြီး လာကြည့်လိုက်ဦး"ဟုပါ မှာထားခဲ့သည်မို့ ခဏကြာရင် အောင်အောင့်အစ်ကို ကိုကျော်သည်လည်း ထူးခြားတဲ့ အခြေအနေကို မြင်တွေ့ရတော့မည်ပင်။

"မမက ဒီကို ဘာလာလုပ်တာလဲ၊ ကိစ္စအထူး ရှိလို့လား"

"အဲ ... ဟိုသင်းပါ၊ မမကတော့ ကိစ္စမရှိဘူးပေါ့။ မင်းအစ်ကိုကတော့ ရှိတယ်ထင်တယ်။ အောင်အောင့်ကို စကားသွားပြောရဦးမယ်၊ ဘာညာ ပြောနေသံကြားတယ်။ အဲဒါ

ပါ၊ အဲဒါကြောင့် မင်းအစ်ကိုများ ရောက်နေပြီလားလို့ မမက ကြိုပြီးလာကြည့်တာ၊ ဟင်း ဟင်း ဟင်း … အဲဒါ အဲဒါ"

"ကိုကို …'! ကိုကိုက ကျွန်တော့်ကို ဘာပြောစရာရှိတာလဲ"

"ဒါတော့ မသိပါဘူးကွယ် … ဟင်း ဟင်း"

"အငယ်မက ကျွန်တော့်အိပ်ခန်း ပြတင်းပေါက်ကို ခြံထဲကနေ တွယ်တက်ပြီး လာချောင်းသွားတယ်လေ။ ပြီးတော့ မမကို ပေါက်ကရတွေချဲ့ကားပြီး လာပြောလို့ မမပါအပြေးရောက်လာတာ မဟုတ်ဘူးလား"

"အမယ်လေး … သူကတော့ ပြောရှာပဲ။ ဒီလိုပဲ အမြဲပြောနေကျဟာ။ ဒါပေမဲ့ သူပြောလို့ ပြေးလာကြည့်တာတော့ မဟုတ်ရပါဘူး အောင်အောင်ရယ်၊ ဘယ့်နှယ် … မဟုတ်တာ။ ဟော … ! တွေ့လား။ ဟိုမှာ မင်းအစ်ကိုတောင် လာနေပြီ၊ သူ လာမယ်ဆိုလို့ မမက လာတာပါဆို"

အောင်ဇေယျမှာ မျက်မှောင်ကြီးကုတ်ကာ အိမ်ရှေ့တံခါးမကြီးဆီသို့ လှမ်းသွားလိုက်ပါသည်။ ခပ်အေးအေးနေတတ်သော အစ်ကိုလုပ်သူပင်-တက်ညီလက်ညီ ပါဝင်ဆင်နွှဲလာပြီလား။ တစ်မိသားစုလုံး အသည်းအသန် ဖြစ်ရအောင် ကိုင်လှုပ်နိုင်တဲ့ ကိစ္စမျိုးကို ကိုယ်ကပဲ ကျူးလွန်နေမိသလိုလိုပါလား။





"ကိုကို ကျွန်တော့်ကို ပြောစရာရှိလို့ဆို၊ ဘာပြောမှာလဲ၊ ဘာလဲ"

အောင်ဇေယျက ဟိုသားအမိကို စကားဦးအသန်းမခံဘဲ အစ်ကိုဖြစ်သူတောင် အိမ်ပေါက်ဝမရောက်သေးခင် လှမ်းကြိုပြီး မေးထားလိုက်ပါသည်။ အောင်ဇေယျရဲ့မေးခွန်းကြောင့် "ဘာပါလိမ့်"ဟု အူကြောင်ကြောင် ဖြစ်သွားရတဲ့ ကျော်သီဟမှာ ဇနီးဖြစ်သူရဲ့ မျက်ရိပ်မျက်ခြည် မျက်စမျက်နတို့ကိုပါ ဆက်တွေ့လိုက်ရတဲ့သကာလ …

"သြော် … အေး … မင်းက ဖိုးသားသူငယ်ချင်းရဲ့ရည်းစား ကောင်မလေးကို အတင်းကြီး လိုက်ကြားဝင်နေတယ်ဆိုကွ။ အဲဒါ ဟုတ်ရဲ့လား။ သူများချစ်သူကို လိုက်လုနေတယ်ဆိုတာကတော့ မဟုတ်နိုင်ပါဘူး။ မင်းက ဒါမျိုးတော့ မဖြစ်နိုင်ပါဘူးလို့။ ဟုတ်တယ် မဟုတ်လားကွာ အောင်အောင်"

ကျော်သီဟတို့ကတော့ ခပ်ရိုးရိုး ခပ်ရှင်းရှင်းသမားပီပီ စကားပလ္လင်တွေ အဆင်တန်ဆာတွေလည်းမခံ။ တဲ့တိုးဘွင်းဘွင်းကြီးပင်။ အစ်ကိုဖြစ်သူရဲ့စကားကြောင့် မျက်နှာကြီး မည်းခနဲ ဖြစ်သွားရတဲ့ အောင်ဇေယျကလည်း ချက်ချင်းပင် …

"ဘာဖြစ်တယ် … ! ဟိုကောင့် သူငယ်ချင်းရဲ့ရည်းစား ဟုတ်လား ! နာမည်က ဘယ်သူတဲ့လဲ"

"ကောင်မလေးနာမည်တော့ ဖိုးသားက မပြောဘူး လေးလေးရဲ့"

"သူ့သူငယ်ချင်းဆိုတဲ့ အကောင်ရဲ့နာမည်ကိုပဲ ပြောတာပါ"

"အဲဒါကတော့ ဩဇာ ဆိုလား"

အောင်ဇေယျက ကိုယ့်ကို အားလုံးဝိုင်းစိုက်ကြည့်နေကြတဲ့ သုံးယောက်ကို ကျော်နိုင်းလိုက်ကာ အောင်သွယ်ကုမ္ပဏီကို ချက်ချင်း ဖုန်းကောက်လှည့်လိုက်သည်။

"ဇောကလျှာ တလား"

"အစ်မ မရှိပါဘူးရှင်"

"ဇောကလျှာ ရှိရှိ မရှိရှိ Matchmaker Company ကလားလို့ မေးနေတာ"

ကျော်သီဟနှင့် ဝင်းဝင်းမြတ်တို့ တစ်ယောက်ကို တစ်ယောက် ပြူးပြူးကြီးတွေ ကြည့်လိုက်မိကြသည်။ မကြားလိုက်တဲ့ အငယ်မက"ဘာလဲ ... ဘာလဲ"ဟု လိုက်မေးနေတဲ့အတွက် "ဟယ် ... တိတ်တိတ်နေစမ်း"ဟုပါ ဟောက်လိုက်ရသေးသည်။ အောင်သွယ်ကုမ္ပဏီတဲ့ ... ဘုရား ... ဘုရား။ ဘယ်လိုပေါက်ကရ အကြံအစည်ပါလိမ့်။

"အဲဒီမှာ Register လုပ်ထားတဲ့ အောင်ဇေယျပါ။ ဟုတ်ပြီသိတယ်နော်။ တစ်ခုလောက် သိချင်လို့၊ အဲဒီမှာ အလုပ်အပ်ထားတဲ့အဲထဲက 'ဩဇာ'ဆိုတဲ့တစ်ယောက်ဟာ ... ဘာ !





ဩဇာ ဆိုတာ စာရင်းထဲမှာ မရှိဘူး ဟုတ်လား။ ဘာလို့မရှိရမှာလဲ ရှိတယ်။ ဟိုတလောက လုပ်ပေးတဲ့ တွေ့ဆုံပွဲကိုတောင် လာတက်သေးတဲ့ဟာ။ ဟုတ်တယ်လေ (......)Restaurant မှာလုပ်တဲ့ပွဲလေ ...

- ဟုတ်ပြီ၊ အဲဒီမှာ ကျုပ်ရယ်၊ နောက်တစ်ယောက်က တရုတ်လူမျိုးလေ။ ဩော် ... ကိုမြင့်ဦးမောင် ဟုတ်လား။ ဟုတ်ပြီ အဲဒါဆိုရင် နောက်တစ်ယောက်ပဲ။ ဘယ်လို ! ကိုတင်လှ။ ဩဇာ မဟုတ်ဘူးလား။ သူကတော့ သူ့ကိုယ်သူ ဩဇာလို့ပဲ ပြောနေတာပဲ။ ဟုတ်ပါပြီ၊ ဟုတ်ပါပြီ။ အမေမိဘပေးခဲ့တဲ့ နာမည်ရင်းကို ရိုးတယ် တုံးတယ်ထင်လို့ လှမယ်ထင်တဲ့ နာမည်မျိုးကို ကိုယ့်ဘာသာပြောင်းပစ်တတ်တဲ့ လူမျိုးပေါ့။ မှတ်ပုံတင်ထဲက နာမည်နဲ့ အပြင်ကနာမည်ကတစ်လွဲ။ ဟုတ်ပါပြီ။ ဒါ သိပ်စိတ်မပြည့်တဲ့ Childish ဖြစ်(ကလေးကလားနိုင်)တဲ့ လုပ်ရပ်တွေပါ ...

အင်း ... အဲဒီလူပဲလေ။ အဲဒီလူက အခု အဲဒီပွဲကို လာတဲ့ ရွှေနှောင်း ဆိုတဲ့ မိန်းကလေးနဲ့ အဆင်ပြေသွားပါပြီ။ အတွဲအဖက် ချစ်သူရည်းစားတွေ ဖြစ်သွားကြပါပြီလို့ ကုမ္ပဏီကို အကြောင်းကြားပြီးပြီလား။ ဘာ ... ဘယ်လို ! ဟုတ်ပြီ၊ ပြန်ပြောပါ၊ ကျယ်ကျယ်ပြောပေးပါ၊ မကြားရလို့"

အောင်ဇေယျက တယ်လီဖုန်းမှာပါသော အခန်းတွင်းကလူအများအားလုံးပါ တစ်ပြိုင်နက် ကြားသာနိုင်တဲ့ စပီကာဖုန်းခလုတ်ကို နှိပ်ချလိုက်ပါသည်။

"မရွှေနှောင်းနဲ့ အဲဒီတစ်ယောက်နဲ့က ဘယ်လိုမှမပတ်သက်ကြပါဘူးရှင်၊ ဖြစ်လည်း မဖြစ်နိုင်ပါဘူး။ မရွှေနှောင်းက သူ့ကို စိတ်မဝင်စားဘူးလို့ ငြင်းပယ်လိုက်ပြီးသားဖြစ်တဲ့အတွက် ကုမ္ပဏီက ဘယ်လိုမှ ကြားဝင်ဆက်ညှိပေးလို့မရပါဘူး"

အောင်ဇေယျက ဖုန်းကို ဆတ်ခနဲ ချပစ်လိုက်ကာ_

"ကဲ ... ကြားကြပြီလား။ အောင်ဇေယျက ဘယ်သူ့ကောင်မလေးကိုမှ အချောင်ဝင်မနှိုက်ဘူး။ အဲဒီကောင်ကသာ ကိုယ့်ကို ငြင်းထားတဲ့ မိန်းကလေးကို ကိုယ်ချစ်သူ ရည်းစားပါလို့ အရှက်မရှိ လိုက်လိမ်လည် နာမည်ဖျက်နေတာ လူညစ်သက်သက်ပဲ"

ကျော်သီဟနှင့် ဝင်းဝင်းမြတ်တို့မှာ တစ်မျိုးတော့ စိတ်အေးရပေမယ့် နောက်တစ်မျိုးကတော့ ဘယ်လိုမှ စိတ်မချမ်းသာနိုင်၊ မျက်နှာပူ အရှက်ရ စိတ်ညစ်စရာကြီးလို ခံစားနေရတာမို့ နှစ်ယောက်သား ရှုံ့ရှုံ့တွတွနှင့်ပင်။

"ဒီ ... ဒီလိုဆိုရင်တော့လည်း အောင်အောင်ရယ်၊ အဲဒီမိန်းကလေးက သူများကောင်မလေး မဟုတ်ဘူးဆိုလည်း ငယ်ငယ်လေးကတော့ ငယ်ငယ်ကလေးပဲပေါ့နော်"





"ဘွဲ့ရပြီးပြီဗျာ၊ ကုမ္ပဏီတစ်ခုမှာ မန်နေဂျာ"

"ဒါ ... ဒါပေမဲ့ မီးငယ်တို့လောက်များလား"

"ဟာ ... သူ့ထက်တော့ ကြီးမှာပေါ့။ ဒါပေမဲ့ ဘာဖြစ်လဲဗျာ၊ ဘာတွေ ဒီလောက် ဖြစ်နေကြတာလဲ။ သူ့ဘာသာသူ ငယ်ငယ်ကြီးကြီး ဘာဖြစ်ရမှာလဲ"

"အောင်အောင်က သူ့ကို သဘောကျနေပြီလား"

"လက်ထပ်မှာဗျ မမ၊ ဆုံးဖြတ်ပြီးပြီ"

"ဒီလောက် ငယ်ငယ်လေးကို ! "

"အဲဒါက ပြဿနာမဟုတ်ပါဘူးဆို"

"အဲဒါက ပြဿနာမဟုတ်ဘူးဆိုလည်း အောင်သွယ်လုပ်ငန်းတစ်ခုမှာ စာရင်းပေးထားပြီး လူရှာရွေးတယ်ဆိုတာကတော့ ပြဿနာပေါ့ အောင်အောင်ရဲ့၊ ဘုရား ... ဘုရား။ အသိုင်းအဝိုင်းထဲကများ သိကုန်ရင် ရှက်စရာကြီး။ အဲဒီလိုဘာဖြစ်လို့ လုပ်လိုက်ရတာလဲ အောင်အောင့်ရယ်။ မမတို့ကိုများ မလုပ်ခင် တိုင်ပင်အသိပေးပါဦးတော့လား။ ခုတော့ အများတကာကမေးရင် ဘယ်လိုဖြေရပါ"

"ဒါ ဘာဖြစ်လို့ ရှက်စရာ ကောင်းရမလဲ"

"မင်းကို မစွံနိုင်တော့လို့ အကြိုကုန် ဂျွန်ဆားချက်လုပ်ချလိုက်တယ်လို့ပဲ ပြောကြမှာပေါ့။ မမက ကောင်းပြီကောင်းရဲ့စီစဉ်ပေးတော့ဖြင့် အောင်အောင်က အကုန်ငြင်းထုတ်ပစ်တာချည်းပဲ။ ခုကျတော့ ကုမ္ပဏီအပ်သတဲ့။ အဲဒီကုမ္ပဏီ

မှာ ခုနက ဖုန်းပြန်ဖြေတဲ့ ကောင်မလေးမျိုးက မင်းကို ကွယ်ရာကျ ကျိတ်ဟားမနေကြဘူးလား"

"သူတို့အလုပ်ကို သူတို့ဘာသာ ပြန်ဟားတိုက်နေကြရင် ထမင်းငတ်မှာပေါ့"

အောင်ဇေယျက မျက်နှာကြီးနီကာ ခေါင်းတခါခါ ရှိနေသော အစ်ကိုဖြစ်သူနဲ့ ခေါင်းတင်မကဲ လက်ဖျားပါ တခါခါ ရှိနေသော မရီးဖြစ်သူတို့ကိုပါ ငြူစူသလိုကြီး ကြည့်လိုက်ရင်းက ...

"ခေတ်နဲ့တစ်ပြေးညီ မရှိနိုင်ကြတာပဲ။ သိပ်ဒိတ်အောက်နေပြီ။ ဒါမျိုးကို တစ်ကမ္ဘာလုံးမှာ ဘယ်နေရာမှာမှ ရှက်စရာအဖြစ် မသတ်မှတ်ကြတော့ဘူး။ အားလုံး လိုက်လျောညီထွေဖြစ်ပြီး ဝင်ဆန့်နေကြပြီ။ ခေတ်နောက်ပြန်ဆွဲတဲ့ အတွေးအခေါ်တွေနဲ့ ကမ္ဘာကြီးနဲ့ အဆက်ပြတ်ပြီး မကျန်ရစ်ကြပါနဲ့။ တကယ်တမ်းဆိုရင် ကျွန်တော့်လုပ်ရပ်ကို ရှက်လှပါချေရဲ့လို့ ဖြစ်နေကြမယ့်အစား ကိုယ့်မလည်းသားနဲ့သမီးနဲ့။ ခေတ်နဲ့အညီ စဉ်းစားကြပါလား။ သူတို့ကိုပါ ကုမ္ပဏီကို အပ်ထားလိုက်။ ကျွန်တော် လိုက်လုပ်ပေးဆိုလည်း လုပ်ပေးမယ်၊ ရတယ်"

"ဟော့ကောင် ... တော်စမ်းပါကွာ"

ကျော်သီဟက ညီဖြစ်သူကို စိတ်ကုန်သလို ခပ်ဆတ်ဆတ် လှမ်းအော်လိုက်ပါသည်။ ထိုအခိုက်မှာပင် သူ့မိသားစု





တစ်စုလုံး ဒီဘက်အိမ် ရောက်နေကြသဖြင့် သူပါလိုက်ချလာသော အကြီးကောင် ဖိုးသားက အောင်ဇေယျရဲ့တိုက်ကလေးထဲသို့ ဝင်လာပါသည်။ ပုံမှန်အားဖြင့်ဆိုရင် ဦးလေးလုပ်တဲ့လူကို စိုလ်ကျ အနိုင်ယူလို့မရ၊ သူ့အလိုကျ မဖြစ်နိုင်တဲ့အတွက် အမြဲစိတ်ကောက်နေတတ်တဲ့ ဖိုးသားဟာ ဒီအိမ်သို့လည်း ကူးလာလေ့မရှိ။ ဦးလေးနဲ့လည်း တတ်နိုင်သရွေ့ မျက်နှာချင်းမဆိုင်တတ်သူပါ။

ခုတော့ အိမ်ထဲသို့ လှမ်းဝင်လိုက်ကတည်းက အောင်ဇေယျရဲ့ဝတ်ပုံစားပုံကို မျက်စိထဲ တန်းဝင်လာကာ "ဟင်း"ခနဲ ရှုတ်ချလိုက်ပြီးမှ ...

"အားလုံး ဒီရောက်နေကြတော့ ဒီကိစ္စပဲ ဖြစ်မှာပဲဆိုပြီး လိုက်လာတာ၊ လေးလေး ... လေးလေး အခုလုပ်နေတဲ့ ကိစ္စကို ကျွန်တော် ကန့်ကွက်တယ်နော်၊ ဒါပဲပြောမယ်၊ လုံးဝကန့်ကွက်တယ်။ အဲဒါကို ဂရုမစိုက်ဘူး ဆိုရင်တော့ လုပ်ချင်ရာလုပ်"

"မင်းလုပ်နေတာတွေကိုတော့ ငါက ဘာမှကန့်ကွက်ဖို့ မရှိပေါင်ကွာ၊ အဲဒီတော့ကာ အပြန်အလှန်အားဖြင့် မင်းကလည်း ငါ့ကို ကန့်ကွက်သလေး တားမြစ်သလေး လာလုပ်နေဖို့ မရှိဘူး ဖိုးသားရ"

"ကျွန်တော်က ဘာမှမှ မဟုတ်တာ မလုပ်တာ"

"ငါကကော ဘာမဟုတ်တာများ လုပ်မိလို့လဲ"

"ကျွန်တော့်ဘော်ဒါရဲ့ ကောင်မလေးကိစ္စလေ"

"ဒါကတော့ ခုလေးတင်ပဲ မင်းအဖေအမေနဲ့ မင်းညီမကို ငါက နားနဲ့ဆတ်ဆတ်ကြားအောင် သက်သေပြလိုက်ပြီး ပြီကွ။ တကယ်တမ်းကျတော့ မင်းသူငယ်ချင်းဆိုတဲ့ကောင်က မရှိးသားဘူး၊ လိမ်တတ်တယ်။ ဒါ သူတို့အားလုံးသိတယ်၊ လက်လည်း လက်ခံသွားကြပြီ။ မင်းသိချင်ရင်မေးကြည့် ... မေးကြည့်"

အမှန်ကတော့ ဖိုးသားရဲ့သူငယ်ချင်း အရင်းအချာတော့ မဟုတ်တဲ့၊ ခင်မင်သိကျွမ်းရုံလောက်ဖြစ်တဲ့ ဩဇာက ဖိုးသားကို "သူ့ချစ်သူရည်းစား မိန်းကလေး"လို့ ပြောခဲ့တာမဟုတ်ပါ။ "အပြိုင်လိုက်နေကြတာ"ဟုသာ ပြောခဲ့ရုံ။ သို့သော် နဂိုအစ်မှာကိုက ဦးလေးဖြစ်သူကိုအမြင်မကြည်လင်တဲ့ ဖိုးသားက ကိုယ်နဲ့ရွယ်တူ မိတ်ဆွေတစ်ယောက်နဲ့မှ "လူပျိုသိုးကြီး"အမည်ပေါက် ကိုယ့်ဦးလေးကြီးနဲ့က ပြိုင်ဘက်ဆိုတာကိုပဲ အထိအနာကြီးနာ၊ အရှက်ကြီး ရှက်ရကာ "ချစ်သူရည်းစားပါ"ဆိုတာသည် ဩဇာထံမှလာတာမဟုတ်။ ဖိုးသားရဲ့"ထည့်လုံး"သက်သက်ရယ်ပါ။

"ဒါပေမဲ့ အဲဒီကုမ္ပဏီက လေးလေးအတွက် အန်တီကြီးတစ်ယောက်ကိုပဲ စီစဉ်ပေးတာပါ။ ဒါကော ငြင်းမလား"

"ဟဲ့ ... ဖိုးသား၊ ကုမ္ပဏီအကြောင်းပါ သားကသိတယ်"

"သိတာပေါ့။ Matchmaker ပါ ဆိုနေမှ Match မဖြစ်နိုင်တဲ့ အရာမျိုးကို စီစဉ်ပါ့မလား။ (၃၅)ဆိုရင် (၃၅)နဲ့ပဲ သူတို့က စီစဉ်ပေးကြတယ်။ (၂၀)ကျော်နဲ့ ဘယ်သူမှစီစဉ်





မပေးဘူး။ ကျွန်တော်ပြောတဲ့ ကျွန်တော့်သူငယ်ချင်းရဲ့ ကောင်မလေးဆိုတာ အဲဒါကိုပြောတာ။ ချစ်သူရည်းစားဖြစ်ထားကြပြီးသားလို့ မဆိုလိုဘူး။ သူ လိမ်တာလည်း မဟုတ်ဘူး။ အဲဒီ(၂၀)ကျော်ကောင်မလေးနဲ့ သူငယ်ချင်း (၂၀)ကျော်ကို ကုမ္ပဏီက Match ဖြစ်တယ်လို့ ထင်ပြီး စီစဉ်တွဲစပ်ပေးတယ် ... ဒါပဲ"

"အောင်အောင်နဲ့က"

"သူနဲ့ရွယ်တူ အန်တီကြီးတစ်ယောက်နဲ့ ပြပေးတာ၊ အမှန်က အဲဒီကောင်မလေး ဆိုတာကလည်း လေးလေးကို ငြင်းပြီး သားတဲ့။ အဲဒါကိုပဲ မျက်နှာပြောင်တိုက်ပြီး သွားလာဝင်ထွက်၊ ဖုန်းဆက်လို့မဆုံး ဖြစ်နေတာ ဘယ်လောက်ရှက်စရာကောင်းသလဲ။ တကယ်ဆို ဟိုအန်တီကြီးကိုသာ"

"အဲဒါက ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဒါဖြင့် တော်ရာသင့်ရာ စီစဉ်ပေးတယ်ဆိုရက်နဲ့ ဘာကြောင့် လူလွဲသွားရတာလဲ၊ ဘယ်လိုဖြစ်ကုန်တာလဲ"

သားဖြစ်သူက လက်တစ်လုံးခြား မလိမ့်တပတ်နှင့် သုည်ထွက်လိုက်လျှင် အသက်ကြီးကြီးတွေကိုပဲ စိတ်ဝင်တစားရှာဖွေနေတတ်တဲ့ မရီးဖြစ်သူဟာလည်း "အန်တီကြီး"ဆိုတာနဲ့ ဲ သားလုပ်တဲ့သူရဲ့ ဆွဲဆောင်မှုနောက် ကောက်ခနဲပါတော့သည် ်င်။ အောင်ဇေယျက အားလုံးကို လက်ခါပြလိုက်ကာ လက်နှစ် ာက်ကို တစ်ဆက်တည်း ဇော့ယမ်းတွန်းထိုးရင်း ...

"ကဲ ... ကဲ ... သွားကြပါတော့၊ ပြန်ကြပါတော့။ ရှက်နေတဲ့လူတွေလည်း ဆက်ရှက်စရာ မလိုတော့ဘူး။ ကန့်ကွက်တဲ့သူလည်း ကန့်ကွက်ပိုင်ခွင့် မရှိဘူး။ အငယ်မနင်ကရော ဘာဖြစ်ချင်သေးလဲ"

"ဟီ ဟိ ... မီးငယ်က စပ်စုဖို့ပဲရှိတာ၊ တခြားဟာတွေမရှိဘူး"

"ပြီးရော ... အဲဒါကတော့ တားမရမယ့်တူတူ ကြိုက်သလိုသာ လုပ်ပေတော့၊ ကဲ ... ပြန်နိုင်ကြပါပြီ။ ဒီလိုအဝတ်အစားတွေ လဲလှယ်ထားကတည်းက အပြင်သွားဖို့ ရှိနေတယ် ဆိုတာလေးကိုလည်း နားလည်သိတတ်ပေးကြဖို့ ကောင်းပါပြီ"

အတိအလင်း နှင်ထုတ်ခံနေရမှတော့ ဆက်ပြီးကုပ်ကပ်နေနေလို့ကလည်း မကောင်းတတ်ပြီဖြစ်ရာ တစ်မိသားစုလုံး မကျေမလည်နှင့်ပင် ထွက်ခွာလာကြရပါသည်။ ဒေါ်ဝင်းဝင်းမြတ်မှာတော့ ပြီးပြီးရော သဘောမထားလိုက်နိုင်သေး။ ဖိုးသားနဲ့မှ ရွယ်တူဆိုတဲ့ ကောင်မလေးထက် သင့်ရာတော်ရာဆိုတဲ့ အန်တီကြီးဆိုတာကိုပဲ စိတ်ဝင်တစားနှင့် ဖိုးသားကို တောက်လျှောက်တစ်မေးတည်းမေးကာ စုံစမ်းမေးမြန်းသွားပါလေတော့သည်။

အောင်ဇေယျမှာ လက်ပိုက်၊ နှုတ်ခမ်းစူ၊ မျက်နှာမဲ့၊ မျက်ခုံးပင့်တင်ရင်း ဧည့်ခန်းအလယ်မှာ တစ်ဦးတည်းကျန်ရစ်ပါသည်။ "အချစ်စစ် အချစ်မှန်တို့မည်သည် ဘယ်တော့မှ မဖြောင့်ဖြူး။ မာရ်နတ်တွေ များတတ်တယ်"ဆိုတာ တယ်မှန်ပါလား။





ခုမှစတင်ဖို့ ခြေလှမ်းစပြင်ရုံရှိသေး၊ မာရ်နတ်မင်းများက "ဝုန်း" ခနဲ လေးပါးပုံးတွဲကြီးများတောင်ဆိုတော့။ ကောင်းပါတယ်။ ဒါ "အချစ်စစ် အချစ်မှန်"ပဲဆိုတာ ပိုသေချာသွားတာပေါ့လေ။

♥ ✧ ♥

"မခင်မြတ်ကြွယ်ပါလားခင်ဗျ"

"ဟုတ်ပါတယ်ရှင်၊ ဘယ်သူများပါလိမ့်"

"ကျွန်တော် အောင်ဇေယျပါ။ မှတ်မိမလားတော့ မသိဘူး၊ စောကလျာကုမ္ပဏီက စီစဉ်ပေးတဲ့ ညစာစားပွဲမှာ မခင်မြတ်ကြွယ်ရဲ့ရှေ့တည့်တည့်မှာ ထိုင်တဲ့ ..."

"သြော် ... သိပါပြီ၊ သိပါပြီ၊ အဲဒီဦးအောင်ဇေယျပေါ့နော်"

"ဟုတ်ပါတယ်ခင်ဗျာ"

"အံ့သြစရာပဲ၊ ဘာကိစ္စများပါလိမ့်"

"ကျွန်တော်က မခင်မြတ်ကြွယ်နဲ့ စကားစမြည်ပြော၊ အသိမိတ်ဆွေဖွဲ့ချင်တဲ့ ဆန္ဒရှိတဲ့အတွက် ကုမ္ပဏီကတစ်ဆင့် လုပ်မနေတော့ဘဲ ဖုန်းနံပါတ်ပဲ စုံစမ်းပြီး တိုက်ရိုက်ဆက်ကြည့်လိုက်တာပါ။ အကြောင်းကြောင်းကြောင့်ပေါ့လေ၊ ကံပါလို့ မြင်ဖူး သိဖူး ကြုံဆုံဖူးလိုက်ကြသူ အချင်းချင်း မိတ်ဆွေအပေါင်းအသင်း ဖြစ်ခွင့်များ ရှိမလားလို့။ စကားလက်ဆုံကျကြည့်ကြရင်းနဲ့ ရင်းနှီးမှုတွေများ တည်ဆောက်လို့ ရနိုင်မလားလို့ခင်ဗျာ"

မခင်မြတ်ကြွယ် ဘက်မှ စကားသံ ခပ်ကြာကြာလေး တိတ်သွားပါသည်။ အတော်လေးကြာမှ သက်ပြင်းသံသဲ့သဲ့တစ်ခု နှင့်အတူ စိတ်မသက်မသာ ဖြစ်နေရသော လေသံမျိုးနဲ့ ...

"ကျွန်မကလည်း ပွင့်ပွင့်လင်းလင်းနဲ့ ရင်ထဲရှိ ရှိတဲ့အတိုင်း ပြောတတ် ဆိုတတ်နေတော့ အခက်သားလားရှင်။ ဟို ညီမလေးတစ်ယောက်နဲ့ ညှိလို့ ဆွေးနွေးလို့ ရှေ့ဆက်စကား ပြောကြည့်လို့ အဆင်မပြေကြဘူးနဲ့ တူပါရဲ့နော်။ ရှေးနှောင်း ဆိုတဲ့ မိန်းကလေးက ရှင့်ကို ငြင်းပယ်လိုက်ပြီလား ကိုအောင်ဇေယျ"

"ခင်ဗျာ"

"ဒီလိုပါ ... တစ်ယောက်နဲ့ အရင်ညှိကြည့်လို့ အဆင်မပြေ နိုင်တော့မှ ကျန်သေးတဲ့ နောက်တစ်ယောက်ဆီ အမြန်ကူး ပြောင်းလာချင်တာမျိုးပဲ ဖြစ်မယ်လို့ ကျွန်မကတော့ ထင် တာပဲ။ ကျွန်မနဲ့ပါ အဆင်မပြေဘူး ဆိုရင်တော့ မရီရီ ထွေးဆီပါ ရှင် ထပ်ဆက်သွယ်လေဦးမလား မပြောတတ် ဘူး။ ဒါမှမဟုတ် မရီရီထွေးကိုပါ ဒုတိယဦးစားပေး ဆွေး နွေးပြီးမှ ကျွန်မဆီ နောက်ဆုံးအနေနဲ့ ခြေလှမ်းပြင်ချင် လာတာများလား။ မရီရီထွေးအနေနဲ့ကတော့ ရှင့်ကိုဘယ် လိုနည်းနဲ့မဆို လက်ခံစိတ်ဝင်စားဖို့ ရှိမှာမဟုတ်ဘူးလေ ကိုအောင်ဇေယျ"





"ဟာ ... ဒီလိုပါခင်ဗျာ၊ ဒါကတော့ ဒီလိုရှိပါတယ်။ ကျွန်တော်က အဲဒီ ရှေးနှောင်းဆိုတဲ့ မိန်းကလေးကို အရင် စတင်မိသလိုရှိတာက ဒီလိုပါ။ စိတ်ဝင်စားလို့ရယ်လည်း မဟုတ်။ ဟို ... အဲဒီကောင်ကလေးတစ်ယောက်ကိုကြည့် မရလို့ အမြင်ကတ်လို့ တမင်သက်သက် ကြားဝင်လိုက် တဲ့ သဘောလည်းပါ၊ အဲ ... အဲဒါလေးပါ။ သူ့ကိုရည် ရွယ်တယ်လည်း မဟုတ်တဲ့အတွက် အဲဒီက ငြင်းပယ်လို့ ဒီဘက်မှာ မိတ်ဆွေဖြစ်ချင်လာတာမျိုးလို့တော့ ပြောလို့ မရ ...။ အဲ ... အဲဒီလိုပါ။ အဲဒီလိုပါပဲ"

"ဟင်း ဟင်း ဟင်း ဟင်း"

မခင်မြတ်ကြွယ်ရဲ့ ခပ်တိုးတိုး ရယ်သံလေးမှာ ခနဲ့ သံ လှောင်ချင်သံ စွက်နေသော်လည်းပဲ တကယ်သဘောတကျ ရယ်နေသံမျိုးဟုလည်း ဆိုလို့ရနိုင်ကောင်းပါသည်။

"စိတ်မပူပါနဲ့ရှင်၊ ကိုအောင်ဇေယျကို ကျွန်မက အပြစ်တင် ချင်နေတာလည်း မဟုတ်ရပါဘူး။ သာမန်စဉ်းစားရင်တော့ စိတ်အနှောင့်အယှက်အတော်ဖြစ်ချင်စရာကြီးပေါ့ရှင်၊ ဒါပေမဲ့ ကျွန်မက ပွင့်ပွင့်လင်းလင်း ပြောတတ်သလို လူတကာတိုင်း နဲ့လည်း တွေးပုံခေါ်ပုံ အယူအဆ မတူတတ်ပါဘူး။ ဒါ ကြောင့်လည်း ကျွန်မရဲ့အသက်အရွယ်၊ အလုပ်အကိုင်၊ အဆင့်အတန်းနဲ့ ဒါမျိုးကုမ္ပဏီကို ရဲရဲတင်းတင်း လူသိ

လူမြင်ခံပြီး ဆက်သွယ်ဝံ့တာပေါ့ရှင်။ ကျွန်မက စီးပွားရေးသမားတစ်ယောက်ဆိုတော့ ကျွန်မရဲ့ဘဝတို့ လူမှုရေးကိစ္စတို့ကိုလည်း စီးပွားရေးတွက် တွက်တတ်တဲ့အမြင်နဲ့ ခပ်ရှင်းရှင်းပဲ တွေးခေါ်ဆုံးဖြတ်လေ့လည်း ရှိပါတယ် ...

ကောင်းပါပြီ။ ရှင့်ရဲ့တောင်းဆိုမှုကို ကျွန်မလက်ခံပါတယ် ကိုအောင်ဇေယျ။ စိတ်အနှောင့်အယှက် နည်းနည်းတော့ ရှိပေမယ့် စကားပြောဆို မိတ်ဆွေလုပ်ကြည့်ရုံနဲ့ ကျွန်မအတွက် ဘာအရှုံးမှ မရှိနိုင်တဲ့ ကိစ္စမျိုးကို ကျွန်မက ငြင်းပယ်ဖို့ မရှိပါဘူး"

"အာ ... ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ ဝမ်းသာပါတယ်ခင်ဗျာ၊ နေ့ရက်၊ အချိန်နဲ့ နေရာလေး မခင်မြတ်ကြွယ်ပဲ ရွေးပေးပါလား"

"ဒီစနေညနေပိုင်း ငါးနာရီနောက်ပိုင်း ကျွန်မအားပါတယ်၊ နေရာကတော့ အမျိုးသမီးတွေပါ ထိုင်လို့ကောင်းမယ့် နည်းနည်း decent ဖြစ်မယ့် (ကောင်းမွန်တင့်တယ်သော) နေရာပေါ့၊ တစ်ဆိုင်ဆိုင် ရှင်ပဲ ရွေးပေးပါ ကိုအောင်ဇေယျ"

"ဗိုလ်ချုပ်လမ်း ဆရာစံလမ်းက (.........)မှာ ဆိုရင်ကောင်းမလား ခင်ဗျာ"

"ရပါတယ်၊ အဆင်ပြေပါတယ်"

"ဒါဖြင့် ဒီစနေညနေ ငါးနာရီ(.........)မှာပေါ့နော်"





"ဟုတ်ကဲ့"

"ကျေးဇူးတင်တယ်ခင်ဗျာ"

"ကိစ္စမရှိပါဘူးရှင်၊ ဆုံကြတာပေါ့"

ဩဇာက လက်သီးဆုပ်ကို ကိုယ့်မျက်စိရှေ့တည့်တည့် လေထဲသို့ အားကုန်ထိုးထည့်လိုက်ရင်း နှုတ်မှလည်း "Yes"ဟု အကျယ်ကြီး ဟစ်ကြွေးအော်ဟစ်လိုက်ပါသည်။

"ဘာတဲ့လဲ"

"လက်ခံလိုက်တယ် ကိုဖိုးသားရဲ့။ အစပိုင်းမှာ နည်းနည်းအောင့်သက်သက် လေသံနဲ့ Second Choice ဆိုတာကြီးကို အခံရခက်နေပုံတော့ ရှိတာပေါ့။ ဒါပေမဲ့ အဲဒီအစ်မကြီးကလည်း ဆရာမကြီးပါ။ ပွင့်ပွင့်လင်းလင်း ခပ်ရှင်းရှင်းပဲဆိုတဲ့ စတိုင်မျိုးကို ပြန်ချိုးပြီးမှ လက်ခံလိုက်တယ်"

"ခင်ဗျားပုံစံကလည်း အိမ်ကဦးလေးတော်ကြီးရဲ့ လေယူလေသိမ်း အသံထွက်နဲ့ တူလိုက်တာဗျာ တော်ပါပေတယ်"

"သင်ပေးတဲ့ဆရာက တော်လို့ဖြစ်ပါလိမ့်မယ်၊ ဟား ဟား ဟား"

"ကဲ ... မီးငယ်၊ ဒါဖြင့် အခု နင့်အလှည့်"

ဖိုးသားက တယ်လီဖုန်းကို မေးငေါ့ပြလိုက်လျှင် ဩဇာကို ခိုးကြောင်ခိုးဝှက် လှမ်းငေးနေသော မီးငယ်မှာ ဆတ်ခနဲ တွန့်သွားရရှင်း ...

"အလိမ်ပေါ်သွားရင် ကြောက်စရာကြီး။ လေးလေးက သတ်မှာ။ မီးငယ်မှန်း မသိဘဲ ဝမ်းပန်းတသာကြီး ပြန်လက်ခံ ပြောနေရင်လည်း မီးငယ်က ရယ်ချင်ရင် ရယ်ချင်လာမှာ။ လေးလေးကို အားလည်းနာပြီး သနားလည်းသနား ..."

"ဟဲ့ ... ကောင်မလေး၊ ငါတို့အားလုံး သဘောတူလက်ခံထားကြပြီးသား၊ နင်လည်း ကောင်းပြီးကောင်းရဲ့နဲ့ ခုမှ ထမဖောက်ချင်နဲ့တော့။ ရှေ့မှာ သူများလုပ်သွားတာ နင်မမြင်ဘူးလား၊ ဘာအလိမ်ပေါ်စရာရှိလဲ၊ ခပ်တည်တည်နဲ့သာပြော"

"သြော် ... သူကတော့ အဲဒီအစ်မကြီးနဲ့ ဘာမှမ မတော်တာ ဘာရိပ်မိစရာ၊ လန့်စရာရှိလဲ။ မီးငယ်ကတော့ လေးလေးနဲ့က ဦးလေးရင်း တူမရင်းကြီးဟာ မီးငယ်အသံတို လေးလေးက မွေးကတည်းက သိလာတာ"

"အဲဒါကြောင့် နင့်ရဲ့ဟီဟိတို့ အဟင့်တို့ ပျစ်ချွဲချွဲတို့ကို ဖျောက်ထုတ်ထားပြီး ခပ်တည်တည်မာမာနဲ့ ခပ်ပြတ်ပြတ်ပဲ ပြောလို့ ပြောတာပေါ့"

"သူတို့ချင်းက အဆက်အသွယ် ရှိချင်လည်း ရှိနေကြမှာ၊ အဲဒီကိစ္စတွေ လာမေးနေရင်ကော ဘယ့်နှယ်လုပ်ရမလဲ"

"ဒီလိုပဲ အလိုက်အထိုက် ကြည့်ကျက်ဖြေရှင်းပေါ့၊ ဒီအရွယ်ကြီး ရှိနေပြီဟာ၊ ဒီလောက်တော့လည်း မညံ့နဲ့တော့ပေါ့"





မီးငယ်မှာ ဒီကိစ္စကို စပြောကြကာစကတော့ မျော်စရာကောင်းမယ်ထင်တာရော၊ စကားပြောကောင်းတဲ့ ကိုလူချောကို ငေးနေရတာကပဲ ဟုတ်လှပြီလိုလိုရောနဲ့ ဘာမှရှည်ရှည်ဝေးဝေး မျက်စိတစ်ဆုံးမစဉ်းစားမိဘဲ ဝမ်းသာအားရ ပါဝင်ခဲ့မိခြင်းပါ။ ခုတော့ တကယ်တမ်း နဖူးတွေ့ ဒူးတွေ့ ကြုံရတော့မည်ဆိုမှ ကြောက်ကလည်း တကွယ်ကြောက်၊ လေးလေးအတွက်လည်း စိတ်မကောင်း။

လေးလေးဟာ အဲဒီ ရှေးနှောင်းဆိုတဲ့ တစ်ယောက်ကို တကယ်ပဲ ချစ်ခင်မြတ်နိုးနေတာမျိုးဆိုရင် မီးငယ်တို့က တူ၊ တူမအရင်းတွေဖြစ်ရက် မကွဲ့ကွဲ့အောင် ကြားဝင်ဖျက်လို့ ကောင်းပါ့မလား။ သူစိမ်းက ဘာအရေးလဲ။ ပါသင့်ပါ ကိုယ့်ဦးလေးဘက်ကသာ ပါရမှာ။ ပြီးကျတော့ ဒီကိစ္စမျိုးဟာ ဝင့်လည်တတ်တယ်လေ။ ကိုယ့်အလှည့်ကျမှ ကိုယ့်ချစ်ခြင်းကို သူများတကာက လှိမ့်တပတ်နဲ့ လာဖျက်ဆီးရင်ကော ကိုယ်ကျေနပ်နိုင်ပါ့မလား။

သို့သော် နီးရာဓားကို ကြောက်ရမည့်ကိစ္စကလည်း ရှိပါသေးသည်။ တကယ်တော့ ဦးလေးလုပ်တဲ့လူက သိပ်ကြောက်စရာမှ မကောင်းတာ။ အစ်ကိုဖြစ်သူကသာ အမြဲဗိုလ်ကျ အနိုင်ယူ၊ အထုအထောင်းနဲ့ နားရင်းအုပ်ကလည်း သိပ်သန်ပြီး လက်သွက်တတ်သူကြီးလေ။ မီးငယ်က ကိုဖိုးသားကို ကြောက်ရပါသည်။ ကိစ္စမှာ ကိုဖိုးသားဟာ ဦးလေးလုပ်သူကို ဒုက္ခပေးရ ဆန့်ကျင်ရင်ပြီးရော တအားကို တက်ကြွနေတာ။

နောက်ဆုံးကျတော့ မီးငယ်ခေါ့ ဆက်ငြင်းဆန် တွန့်ရတော့မနေသာတော့ဘဲ ဦးလေးဖြစ်သူထံ ဖုန်းလှည့်ရပါလေတော့သည်။

"ဦးလေးခင်မောင်ဝေ ... ရှေးပါ"

"ခင်ဗျာ"

"ရှေးပါရှင် ... ရှေးနှောင်း"

ကြောက်ရွံ့တုန်လှုပ်မှုတွေနဲ့ အီလည်အလည်နိုင်ရေ တဲ့အသံကို လေးလေးတော့ ချက်ချင်းရိပ်မိသွားပါပြီဟု ထင်လိုက်မိပေမယ့် "ရှေးနှောင်း"ဆိုတဲ့ ဝမ်းသာအားရအသံကျယ်ကြီးကိုသာ ကြားလိုက်ရပါသည်။

"ရှေး ... ရှေးနှောင်းလား"

"ဟုတ်ကဲ့ရှင့်"

"ဟာ ... ပြောပါ ခင်ဗျာ ... ပြောပါ။ ဝမ်းသာလိုက်တာ ညီမ၊ ကိုယ့်ကို ဘာကိစ္စနဲ့ ဆက်သလဲ။ ဟို ... ကိစ္စမရှိရင် မဆက်ရဘူးလို့ ဆိုလိုတာမဟုတ်ဘူးနော်။ တစ်ခုခုများ အကူအညီ လိုအပ်တာမျိုးများ အထူးရှိနေမလားလို့ပါ။ ပြောပါ ညီမ ... ပြော"

"ဟုတ်ကဲ့ ... တိုင်ပင်ချင်စရာလေးတွေတော့ ရှိ ..."

"ဟာ ... ဟုတ်ကဲ့ ... ဟုတ်ကဲ့။ တိုင်ပင်ချင်စရာကိစ္စ တစ်ခုမှာ ကိုယ့်ကိုလှမ်းသတိရလိုက်တာကို ကျေးဇူးတင်



ပါတယ်။ ကိုယ် မနေ့က နေ့လယ်ကတောင် ညီမဆီလှမ်း ဆက်ကြည့်တာသေးတယ်။ ဟဲန်းဖုန်းကလည်း မကိုင်၊ ရုံးဖုန်းကလည်း ညီမ မရှိဘူး ဆိုလို့ပါ။ အဲဒီအတွက် ပြန် ဆက်ပေးတာများလားလို့။ အဲဒီလိုဆိုရင်တောင် ကျေးဇူးတင် ဝမ်းသာလှပါပြီ။ ခုကတော့ ဒီထက်ပိုပါတယ်။ တိုင်ပင်ဖို့ ပါ ရပါတယ်။ ဘာများတိုင်ပင်ချင်သလဲ"

မီးငယ်မှာ "နွ"တွေ "နဲ"တွေ ဖြစ်လာရဲ့နေရ သနားပြီး ဝမ်းတောင်နည်းချင်လာသည်။ လေးလေးဟာ နဂိုတည်း ကိုက သဘောကောင်းတဲ့ လူကြီးမျိုးပါ။ အထူးသဖြင့် မိန်းမ သားတွေအတွက်ဆို ကြီးကြီးငယ်ငယ် မြူမြူမည်းမည်း အလေး လေး ဆက်ဆံကူညီတတ်သူမို့ "လူပျိုကြီးက 'မ'ဆိုရင် ကြင်ကို ကြင်နာတတ်တာ၊ တိရစ္ဆာန်ဆိုရင်တောင် 'ခွေးမ'မှ 'ကြောင်မ'မှ ပိုချစ်တတ်တာ" ဆိုတဲ့ နာမည်ပျက် နာမည်ဆိုးကြီးတောင် ရထား ရှာတာ။

မီးငယ်ကတော့ ကိုယ့်ဦးလေးဆိုတော့ သူတို့ပြော သလို "ကြောင်"တာထက် သဘောကောင်းတာနေမှာပဲဟု တွေးလိုက်ချင်ပြီ။ ခုဆို ပိုဆိုးသည်။ သနားစရာကြီး။ ဟိုအကြံ ဆိုးကြီးနဲ့ နှစ်ပေါက်သော ဒီမှာရှာသလဲစကားတွေကို ကြားနေရရင် ဟားတိုက်ပြီးတော့ကို ရယ်ကြလိမ့်မည်ထင်သည်။ တကယ့်ကိုမှာ နေဟန်ရှိတဲ့ လေးလေးဟာ ငယ်ကတည်းက ရိုးသိမ်းခဲ့ရတဲ့

ကိုယ့်တူမအသံတောင်မှ ကိုယ်မမှတ်မိနိုင်။ "ရှေးနှောင်း"ဆိုတဲ့ နာမည်တစ်လုံးကို ကြားလိုက်ရုံနဲ့ ဘာမှ တခြားခေါင်းထဲရှိတော့ ဟန်မရှိဘဲ ခြေမကိုင်မိ လက်မကိုင်မိနဲ့ ဆင်ခြင်နိုင်စွမ်းတွေပါ ကင်းမဲ့သွားပုံနဲ့ ဖြစ်နေပြီ။

စိတ်မကောင်းလို့ ခဏငြိမ်သွားရတဲ့ မီးငယ်ကို နံဘေးမှ ကိုဖိုးသားက ဇက်ခွက်ထဲ လက်ညှိုးလက်မတို့နှင့် ခပ်တင်းတင်း တစ်ချက် လာညှစ်ကာ သတိပေးလိုက်ပါသည်။ ရုတ်တရက် နာသွားရတဲ့ မီးငယ်က အီခနဲ အသံထွက်သွားမိတာမို့ ...

"ဟာ ... ! ညီမ၊ ငိုများငိုနေတာများလား"

"အာ ... မ ... မဟုတ်"

"ဒါပေမဲ့ ပုံမှန်သံတော့ မဟုတ်ဘူး၊ တစ်ခုခုတော့ ဖြစ်နေတယ် မဟုတ်လား၊ ဒီလိုလုပ်ပါလား၊ ခု ညီမအားတယ်ဆိုရင် ကိုယ်လာတွေ့လိုက်ရမလား။ တစ်နေရာမှာ တစ်ခုခုစားရင်း တိုင်ပင်စရာရှိတာကို တိုင်ပင်လိုက်ရင် ညီမအတွက် အဆင်ပြေမလား"

"အဲ ... ခုတော့ မအားလို့ပါရှင့်"

တကယ်ဆို မီးငယ်ကသာ စချိန်းရမှာ။ ခုတော့ ကိုယ်တောင် အကွက်မဆင်လိုက်ရ။ ကိုယ်ပြောချင်တဲ့အကွက်ထဲ လေးလေးက တန်းဝင်လာခဲ့ပါပြီ။





"ဦးအောင်ဖေယျများ အဆင်ပြေမယ်ဆိုရင် လာမယ့် စနေနေ့ ညနေငါးနာရီနောက်ပိုင်းလောက် ဗွတ္ထလစ် ဆရာစံလမ်းမှာ(.........)စားသောက်ဆိုင်ကိုများ ..."

"ဟာ ... ဖြစ်တယ်လေ၊ အဆင်ပြေတယ် ညီမ၊ ကိုယ်လာခဲ့လိုက်မယ်"

"ဟုတ်ကဲ့"

မီးငယ်မှာ ဖုန်းကို အမြန်ဆုံး ဆောင့်၍ပင် ချလိုက်မိပြီးမှ နံဘေးက လူရှုပ်သက်သက် နှစ်ယောက်ကိုလည်း အငြိုးဘကြီးနှင့် မျက်စောင်းကြီး ချိုထိုးလိုက်မိပါသည်။

"ဘာတဲ့လဲ"

"လာလိမ့်မယ်"

"ဟာ ... အတိအကျတွေ့ လုပ်စမ်းပါ၊ နင့်ဟာက ဟုတ်ကောဟုတ်ရဲ့လား။ စကားပြောနေတုန်း ဓာန်းလန်းကြီး ဖုန်းကိုလည်း ဆောင့်ချပစ်သေးတယ်၊ သိသွားလို့လား"

"မသိပါဘူး၊ လာမှာပါဆို"

"သေချာပြောစမ်းလို့ ငါပြောနေတယ်လေ။ ငါတို့က တိတိကျကျ ချိတ်ဆက်ထားတာ၊ လွဲကုန်လို့ မဖြစ်ဘူး"

မပြောရေးချ မပြောဘူး။ လေးလေးရဲ့လေသံရင်းအတိုင်းသာ ပြန်ဖောက်သည်ချပြလိုက်ရင် ဒီနှစ်ယောက် အူတက်ပြီးတော့တောင် ဒလိမ့်ခေါက်ကွေး၊ အသက်ထွက်ကုန်ကြလိမ့်မည်။

ကိုရိုးသားက ကုပ်တီးကပ်ခွဲနှင့် ပေကပ်ကပ်ပုံ လုပ်ထားသော ညီမဖြစ်သူကို "ဟေ့ ... ဒီကောင်မလေး"ဟု အောင်လိုက်ချိန်၌ ဩစာက လက်ကာပြ တားလိုက်က ...

"မီးငယ်က လာမှာပါဆိုရင် ဟုတ်မှာပါ မငြင်းနိုင်ပါဘူး။ ခင်ဗျားဦးလေးကြီးက အဲဒီမှာမည်တစ်လုံးသာ ကြားလိုက်ရဆိုရ ပြေးလာမယ့်ပုံပါ ကိုရိုးသားရဲ့၊ ဟုတ်မှာပါ"

"မီးငယ် နင် အသွားနေနော်။ အားလုံး အဆင်ပြေနေပြီးမှ နင်ပေါ်ရင်တော့ နင်သေပြီ။ ငါ့အကြောင်း နင်သိတယ် မဟုတ်လား။ နဂိုကလည်း အားလုံးအဆင်ပြေအောင် လုပ်တာပဲ။ ငါနဲ့ရွယ်တူ အဒေါ်မျိုးကို ငါလည်းမကြိုက်ဘူး။ မေမေကလည်း ကြိုက်နိုင်တာ မဟုတ်ဘူး။ ဟိုအနံတိနဲ့ ဆိုရင်မှ လူကြားလို့လည်း တင့်တယ်တယ်၊ နင်နဲ့ငါနဲ့ လည်း တစ်သက်လုံး သူများတဂေဇ အတောင်းတုပ်ကြတဲ့ ကြားမှာ မျက်နှာပူနေရစရာ အကြောင်းမရှိတော့ဘူး"

အမယ်လေး ... အဲဒီလောက်များ အများအတွက်ပါ စဉ်းစားပြီး လုပ်ရိုးမှန်ရင် ဘုရားတွေ ဘာတွေတောင် ပွင့်ကုန်ပါဦး မယ်။ တကယ်တော့ အစ်ကိုဖြစ်သူဟာ အဲဒီလောက်ရှည်ရှည်ဝေးဝေး အမြော်အမြင်ထားတတ်သူလည်း မဟုတ်။ သူစိမ်းကိုခင်လွန်း လို့ သူစိမ်းဘက် ပါတာမျိုးလည်း မဟုတ်ပါ။ ဦးလေးကို တစ်ချက် တစ်ကွက်လောက် ခုကူပေးလိုက်ရရင်ကို ကျေနပ်နေသူတည်း။





မီးငယ် မျက်နှာက ပုပ်သိုးသိုးနှင့် တည်တံ့နေလျှင် သူစိမ်းဖြစ်တဲ့ ဩစာကတော့ ကောင်းပန်သလိုလို အားနာသလိုလို ရယ်ကျဲကျဲ လုပ်နေပေမယ့် အစ်ကိုဖြစ်သူ ကိုရိုးသားက မီးငယ်နဲ့ အပြိုင် ပြန်တည်တင်းထားပြီး သတိပေးသလိုလို စိုက်ကြည့်နေလေ တော့သည်။

♥ ♦ ♥

## အခန်း(၃)

ကိုယ့်ရှေ့က ကုလားထိုင်ကို ဆွဲထုတ်ပြီး ခပ်ပြုံးပြုံးဝင်ထိုင်လိုက်သည့် အမျိုးသမီးကိုကြည့်ရင်း အောင်ဇေယျတစ်ယောက် "ခွကျတာပဲ"ဟု စိတ်ထဲမှပင် ရေရွတ်လိုက်မိပါသည်။ အပြင်ဘက်မှာတော့ လူမှုရေးအရ "ဪ ... မခင်မြတ်ကြွယ် ... ဟုတ်ကဲ့၊ ဟဲ ဟဲ့ ဟဲ"ဟု နှုတ်ဆက်သယောင် ပြုလိုက်ရသည်။

ဘာလဲဟ။ ခရီးကြုံ၊ လမ်းကြုံ၊ မြင်လို့ တွေ့လို့ နှုတ်ဆက်ချင်တာဆိုလည်း သူများစားပွဲမှာ ခုံဆွဲပြီး လာဝင်ထိုင်စရာ မလိုဘူးလေ။ ဧကန္တ ... သူကလည်း အပေါင်းအဖော်မိတ်ဆွေမပါ တစ်ယောက်တည်း လာစားတာမျိုးဖြစ်ပြီး အောင်ဇေယျကိုလည်း စားပွဲတစ်လုံးမှာ တစ်ယောက်တည်း ထိုင်နေတာတွေ့လို့ "တွေ့ဖူး မြင်ဖူးသူ အချင်းချင်းပဲ အဖော်ရပြီ"ဟုများ သဘောထားလိုက်လေသလား။





ကျွတ် ...။ စိတ်ကုန်ပါရဲ့ ...။ ဝိရိယတွေ စွတ်ကြီးပြီး စောစောကြီး လာထိုင်စောင့်နေမိတာတော့ မှားပြီထင်ပါရဲ့။ ငါးနာရီကျော်လို့ ရှေးနှောင်းများ ရောက်ချလာခဲ့ရင် ဒီအမျိုးသမီးနဲ့ တစ်စားပွဲတည်း တူတူကြီး ဖြစ်နေတာကိုပါ မြင်လိုက်ရရင် ဘယ့်နှယ်လုပ်မလဲ။ ဘယ်လိုများ မြန်မြန်မောင်းထုတ်ပစ်ရပါ့မလဲ။ အကြံကောင်း ရစမ်း။ ရစမ်း။

ဖိုက်နာလိုက်ရင်များ ကောင်းမလား။ မကောင်းဘူး။ သူနဲ့အတူတွဲကြီး ဖြစ်မနေအောင် အိမ်သာဘက် ထရှောင်နေရလျှင် အဲဒီအချိန်မှာမှ တိုက်တိုက်ဆိုင်ဆိုင် ရောက်ချလာနိုင်တဲ့ ရှေးနှောင်းနဲ့လည်း လွဲသွားရင် ဘယ်လိုလုပ်မလဲ။ တိုင်ပင်စရာရှိတဲ့ ရှေးနှောင်းကတော့ စားပွဲတစ်လုံးလုံးမှာ ခဏတော့ ထိုင်စောင့်ချင် စောင့်မှာပေါ့။

ဒါပေမဲ့ စားသောက်ဆိုင်နောက်ထဲဘက်က ပြန်ထွက်လာတဲ့ အောင်ဇေယျဟာ ရှေးနှောင်းရဲ့စားပွဲဆီသို့ပဲ လျှောက်သွားပြီး ဝင်ထိုင်နေလိုက်လျှင် ဒီအမျိုးသမီးက တစ်ခုခုမလုပ်၊ မပြောဘူးလို့ ဆိုနိုင်မလား။ "ခုနက ကျွန်မနဲ့ထိုင်နေကြတာလေ"ဟု လာပြောလျှင်ကော။ ဒါမှမဟုတ် ခုလိုပဲ အဲဒီစားပွဲမှာပဲ သူပါ ခပ်ပြုံးပြုံးနဲ့ ခုံဆွဲပြီး လိုက်ပြောင်းထိုင်ပြန်ရင်ကော။

ဟာ ... စိတ်ညစ်လိုက်တာ။ ခင်ဗျားကြီးနဲ့ ကျုပ်နဲ့လည်း တစ်ခါလောက် ဆုံဖူးတာကလွဲလို့ သိလည်းမသိကျွမ်းကြဘဲနဲ့များ။ ဘယ်လိုလဲ အမျိုးသမီးရဲ့။ ခဏလောက် နှုတ်ဆက်ပြီးရင် ကိုယ့်ဘာသာပဲ ကင်းကင်းနေတော့လေ။ "ကျွန်တော့်မှာ

ချိန်းထားတဲ့သူရှိတယ်၊ သူ့ကို ထိုင်စောင့်နေတာပါ၊ သူက စော စေ့ ရောက်လာတော့မှာပါ"လို့ အမှန်အတိုင်း ပြောပြလိုက်တယ် ဝိုကောင်းမည်ထင်သည်။ ဒါတောင် "ဪ ... ဟုတ်ကဲ့၊ အဲဒီ တစ်ယောက် ရောက်လာမှပဲ စားပွဲပြောင်းထိုင်တော့မယ်နော်"ဟု များ ပြန်လုပ်နေဦးမလား။

ခက်တာပဲ။ ဘာလုပ်ရမလဲ။

"ဦးအောင်စေယျက တော်တော်စောရောက်နေတာပဲ။ ကျွန်မ က ကိုယ့်ကိုယ်ကိုယ်တောင် နည်းနည်းစောနေတယ်ထင် တာ"

"ဪ ... ဟုတ်ကဲ့ ... ဟဲ ဟဲ ... ကျွန်တော်က ညစာ တော့ နည်းနည်းစောစောစားတတ်တဲ့ သဘောပေါ့"

"ဟာ ... ဟုတ်လား၊ ဒါဆို မှာလေ၊ မှာပါ။ ရတယ် ... ကျွန်မကတော့ ဘယ်လိုမှ၊ ညာလို့မှ မရှိပါဘူး။ စောတဲ့ သူနဲ့တွေ့ရင် စောစောပဲ လိုက်စားဖြစ်လိုက်တာပဲ။ နောက် ကျကျစားတတ်တဲ့သူနဲ့ ဆုံဖြစ်ရင်တော့ ရှစ်နာရီ ကိုးနာရီ မှ စားဖြစ်လည်း ကျွန်မကတော့ ရတယ်။ ဘယ်လိုမဆို အဆင်ပြေတာပဲ"

အေး ... ငါကတော့ မပြေဘူးကွ။ ဘယ့်နှယ်ဗျာ၊ ဘယ်လိုနှင်ထုတ် လမ်းခွဲပစ်ရမလဲ စိတ်ကူးမရသေးတဲ့ အားနာနေ မိလို့ ပါးစပ်ထဲထွက်ရာ ပြောမိပြောရာတွေ ပြောနေရတဲ့သူကိုပဲ ဒီအားမနာ ပါးမနာကြီးက ညစာတောင် အတူစားကြဦးမတဲ့၊ မှာပါ ... မှာပါတဲ့။ ကျွတ်။





"ဒါနဲ့ ဦးအောင်စေယျနဲ့ ကျွန်မနဲ့က ဟိုတစ်နေ့ညကတစ်ခါ ဆုံဖူးလိုက်ကြပြီဆိုတော့ ထူးပြီးတော့ အသိမိတ်ဆွေထပ် ဖွဲ့နေကြဖို့ မလိုတော့ဘူးနဲ့ တူပါရဲ့"

"ဪ ... ဒီလိုလား၊ ဟုတ်ကဲ့ ... ဟုတ်တာပေါ့၊ ဟုတ်ကဲ့"

"မှာလိုက်လေ၊ ဒီဆိုင်က နည်းနည်းကြာတတ်တယ်၊ ဆာ တတ်တယ်ဆိုရင် စောမှာထားမှ။ စကားပြေည့် ပြောချင် တာက မှာထားတာတွေကို ထိုင်စောင့်နေရင်း၊ ပြောရင်လည်း ရတယ်။ စားရင်းသောက်ရင်းလည်း ပြောလို့ဖြစ်ပါတယ်။ ကျွန်မက နောက်ပိုင်း ဘာအလုပ်မှ မရှိတော့ဘူး။ အချိန် ရပါတယ်၊ အေးအေးဆေးဆေးပေါ့"

ဗုဒ္ဓေါပါလား။ ခွတ်ကြီးပဲ။ ဒီပုံအတိုင်းဆိုလို့ကတော့ ခပ်မြန်မြန် ခပ်ပြတ်ပြတ်မှ ပြောမထားရင် ခွာထုတ်ဖို့ကခက်ပြီ။ ညလုံးပေါက်တောင် အေးအေးဆေးဆေး ထိုင်နေချင်တော့တဲ့ သဘောပဲ။ "စကားပြေည့် ပြောချင်ရင် အစားအသောက်တွေမှာ ပြီးမှပြော"ဆိုတော့ ငါကပဲ စုဆိုစု အတင်းကြီးခွတ်ကြီးပြောချင် နေတော့တဲ့ ပုံမျိုးပါလား ခေါင်းမြတ်ကြွယ်ကြီးရဲ့။

"ဒါနဲ့ ဦးအောင်စေယျမှာ ကျွန်မကို အထူးတလည် ပြော ဆိုစရာ အကြောင်းတော့ ရှိမနေပါဘူးနော်၊ ဒီလိုပဲ အသိ မိတ်ဆွေချင်း ထမင်းလက်ဆုံစား၊ စကားလက်ဆုံကျတဲ့ သဘောမျိုးလောက်ပဲ"

"မဟုတ်ဘူးဗျ၊ အထူးတလည် ပြောပြစရာစကား ရှိတယ်၊ ရှိတယ်၊ ရှိပါတယ်၊ ဟုတ်ကဲ့ ... ရှိပါတယ်"

မခင်မြတ်ကြွယ်မှာ "ရှင်"ဟု ဆိုလိုက်ကာ အနည်းငယ်တုန်လှုပ်သွားပုံနှင့် ရှိပါသည်။ အောင်ဇေယျမှာလည်း အားနာသမှုနဲ့ "ဟုတ်ကဲ့"တွေ "ဟင်း ဟင်း"တွေ အလိုက်အထိုက် လုပ်မနေနိုင်တော့ပါ။ သူက ဇွတ်ကြီးဆိုလျှင် ကိုယ်ကလည်းဇွတ်ကြီးပင်။ "သူ စားပွဲပြောင်းချင်ပြောင်း၊ မပြောင်းရင် ကိုယ်ပဲပြောင်းတော့မယ်"ဆိုတာမျိုးကို ပြောရပါတော့မည်။

ထိုအခိုက်မှာပင် စားသောက်ဆိုင်ရဲ့ဝင်ပေါက်တံခါးမကြီးမှာ ချိတ်ဆွဲထားတဲ့ Wind Chyme ချူကလေး ခေါင်းလောင်းကလေးများရဲ့ တချွင်ချွင်အသံများက မြည်သွားတာနဲ့အတူ တံခါးမကြီးက ပွင့်ဟသွားခဲ့ပါသည်။ ပွင့်ပွင့်လင်းလင်းပဲ ထုတ်ပြောဖြစ်လိုက်ဖို့ အားယူလိုက်တဲ့ အောင်ဇေယျဟာ အသံများထွက်ပေါ်လာရာ တံခါးမကြီးဆီ လှည့်ကြည့်လိုက်မိသည်ဆိုလျှင် ...

ရွေးနှောင်း ...။

ဒုက္ခပဲ။ လုပ်သင့်လုပ်ထိုက်တာကို အချိန်မီ မြန်မြန်ပြတ်ပြတ် လုပ်မထားမိဘဲ အချိန်ဆွဲ အားနာနေမိတော့ ရွေးနှောင်းက ရောက်ချလာခဲ့ပြီ။

စားသောက်ဆိုင်ထဲသို့ (တိုက်တိုက်ဆိုင်ဆိုင်ဆိုသလို) ခပ်သွက်သွက် ခြေလှမ်းများနဲ့ ဝင်ချလာခဲ့တဲ့ ရွေးနှောင်းဟာ Reception ကောင်တာဆီသို့ စိုက်စိုက် စိုက်စိုက်နဲ့ သွားနေရာက





စားပွဲများဘက်သို့ ဘာရယ်မဟုတ် အကြည့်ရောက်လိုက်မိလျှင် ပါးစပ်ကြီးအဟောင်းသားနဲ့ မတ်တတ်ကြီးထရပ်ပြီး ကိုယ့်ကိုလှမ်းကြည့်နေသော ဦးအောင်ဇေယျကြီးကို မြင်လိုက်ရပါသည်။

"ကျွတ် ... လာဆုံ[illegible]ပြန်ပြီ"ဟု စိတ်ပျက်လက်ပျက်ဖြစ်သွားမိရပေမယ့် အဲဒီစားပွဲမှာပဲ ကိုယ်တစ်ခြမ်းလိမ်ပြီး နောက်ပြန် ပြန်လှည့်ကြည့်နေသော နောက်တစ်ယောက်ကိုပါ ဘပ်မြင်လိုက်ရရင်တော့ စိတ်ပျက်စိတ်နေရာမှာ အံ့သြစိတ်တို့ကပဲ အစားထိုးသွားရကာ ဝမ်းသာအားရနဲ့ ...

"ဦးအောင်ဇေယျ ... မခင်မြတ်ကြွယ် ... လာစားကြတာလား ... ဟင်း ဟင်း"

မခင်မြတ်ကြွယ်က ခပ်ဖြုံးဖြုံး ခေါင်းပြန်ညိတ်ပေမယ့် ဦးအောင်ဇေယျကတော့ မျက်နှာတွေ အကြီးအကျယ် ပျက်ထွက်သွားကာ ...

"အင်း ... အဲ ... မဟုတ် ... မဟုတ်ဘူးလေ"

ရွေးနှောင်းက Reception ကောင်တာမှ ထီးအဖြူလေးတစ်လက်ကို အကျိုးအကြောင်းပြော တောင်းယူလိုက်ရင်း ...

"မနေ့က ဒီကိုလာစားရင်း ထီးမေ့ကျန်ခဲ့လို့ လာပြန်တောင်းယူတာလေ၊ စားကြပါ၊ စား ... စား။ ဒီလိုတွေ့ရတာ ဝမ်းသာပါတယ်ရှင်။ မနှောင့်ယှက်တော့ဘူး၊ ပြန်လိုက်တော့မယ်နော်။ ဘိုင့်ဘိုင်"

"အဲ ... ခဏ ... ခဏလေး၊ ဟိုခင်း ကိစ္စက ... တိုင်ပင်ဖို့"

အောင်ဇေယျရဲ့အထိတ်တလန့် ထစ်ငေါ့ငေါ့စကားတွေကို ရှေးနှောင်းက အရေးစိုက်ပုံ မရှိတော့ပါ။ လက်ထဲကထီးကလေးကိုသာ မြှောက်ပြနှုတ်ဆက်သွားရင်း တချွင်ချွင်အသံများနဲ့ စားသောက်ဆိုင်ထဲမှ ပြန်ထွက်သွားခဲ့ပါပြီ။

တကယ် စိတ်ကြီးတတ်ပါလား။ ခဏလောက်အကျိုးအကြောင်းပြော ရှင်းပြခွင့်ကိုတောင် မပေးဘူးပေါ့။ သူက "တိုင်ပင်စရာရှိပါတယ်"လို့ တစ်ရေးတစ်ရာထား ခေါ်ယူခဲ့တာကို အောင်ဇေယျက တခြားတစ်ယောက်နဲ့အတူ တွဲထိုင်နေလိုက်သေးတယ်ဆိုတော့ ရှင်းပြခွင့်ပင် မပေးနိုင်လောက်တဲ့ ပြစ်မှုကြီးအဖြစ် စိတ်ကြီးပစ်လိုက်ပြီပေါ့ ... ဟုတ်လား။

အောင်ဇေယျမှာ ဒီလောက်ထိ ဖြစ်ပြီးသွားမှတော့ "ဘယ်လိုလဲရှင့် ... ရှင့်ပုံက ဘယ်လိုများ ဖြစ်နေရတာလဲ"ဆိုတဲ့ ရုပ်နဲ့ မော့ကြည့်နေတဲ့ ခေါ်ခင်မြတ်ကြွယ်ကြီးကိုလည်း အားနာဂရုစိုက်မနေနိုင်တော့ပါ။ လှစ်ခနဲ ပေါ်လာပြီး လှစ်ခနဲပင် ပြန်ပျောက်သွားပြီဖြစ်တဲ့ ရှေးနှောင်းရဲ့နောက်သို့ အပြေးအလွှားပင် လိုက်ပါလာမိပါတော့သည်။

"ညီမ ... ညီမ ... ဒီမှာညီမ ... ကိုယ်ပြောစရာရှိတာလည်း နားထောင်ဦး"

ရှေ့ကနေ ခပ်သွက်သွက် သွားနေတဲ့ ရှေးနှောင်းက အံ့ဩတကြီး မကျေမနပ်ပုံစံနှင့် လှည့်ကြည့်လို့လာသည်။

"ကိုယ်နဲ့သူနဲ့ ချိန်းမထားဘူး၊ မတော်တဆလာဆုံရင်း သူက ကိုယ့်စားပွဲကို အတင်းလာထိုင်တာ"





"ဪ ... အဲဒီလိုဆိုလည်း ပြီးရောပေါ့၊ နောက်ကပြေးလိုက် ရှင်းပြနေစရာတော့ မလိုပါဘူးရှင့်။ ဟိုမှာ တစ်ယောက်တည်း ကျန်ခဲ့ပြီ၊ အားနာစရာ"

"သူက ရုတ်တရက် ရောက်လာပြီး ခုံဆွဲဝင်ထိုင်လိုက်တော့ ကိုယ်က ညီမကို လာထိုင်စောင့်နေတာပါ ဆိုတာကို ချက်ချင်း ဘယ်လိုရှင်းပြလိုက်ရမလဲ မသိဘဲ အားနာအခက်တွေ့။ ဟို ... ညီမသိကွာကို ငဲ့ရတာလည်း ပါတယ်လေ"

"ရှင် ! ဦးအောင်ဇေယျက ရှေးကို လာထိုင်စောင့်နေတာ ! ဪ ! ဒီကို ထီးပြန်လာယူနိုင်တယ် ဆိုတာကို ရှင်က တစ်နည်းနည်းနဲ့ သိထား ..."

"မဟုတ်ဘူးလေ၊ ကိုယ်တို့ တိုင်ပင်စရာရှိတယ် ဆိုတာလေ"

"ဘယ်မှာရှိလို့လဲ"

"ညီမပဲ ကိုယ့်ကိုပြော ..."

"မပြောပါဘူး"

"ညီမ ကိုယ့်ဆီ ဖုန်းလှမ်းဆက်ပြီးတော့လေ"

"ဘယ်တုန်းကမှ တစ်ခါမှ လှမ်းမဆက်ဖူးပါဘူး"

"မနေ့ကလေ"

"ဟင့်အင်း ... ဦးအောင်ဇေယျ ရှင် မှားနေပြီ။ ရှင်လုပ်ကြံပြောနေတာ မဟုတ်ဘဲ တကယ်ပဲ ဖုန်းတစ်ခု လက်ခံရခဲ့တယ် ဆိုရင်တောင် အဲဒါ ရှေး မဟုတ်ဘူး၊ သူများပဲ"

"ညီမ ကိုယ်တို့ ဖုန်းပြောပြီးကြတော့တောင် ညီမဘက်ကစ ဆက်လာတာဖို့ အမှတ်တရအဖြစ် Record လုပ်(အသံဖမ်း) ထားသေးတယ်၊ ကိုယ်လုပ်ကြံပြောနေတာ မဟုတ်ဘူး"

"ကောင်းတာပေါ့၊ ပြန်ဖွင့်ကြည့်လိုက်လေ၊ ကျွန်မအသံတော့ မဖြစ်နိုင်ဘူး"

အောင်ဇေယျက ကိုယ့်လက်ကိုင်ဖုန်းထဲမှာ အသံဖမ်းထားသည့် ဖုန်းသံများကို ပြန်ဖွင့်လိုက်ပါသည်။

"အဲဒါ ကျွန်မအသံမှ မဟုတ်တာပဲ၊ တစ်ယောက်ယောက်ကတော့ ဦးအောင်ဇေယျကို နောက်ပြီ"

ပြောနေရင်းက ရှေးနှောင်းမှာ "ဆတ်"ခနဲ တစ်ချက်ဖြစ်သွားကာ ...

"ကုမ္ပဏီကများ လုပ်ကြသလား ... ! "

အောင်ဇေယျက Matchmaker ကုမ္ပဏီသို့ ချက်ချင်း ဖုန်းလှည့်လိုက်ပါသည်။

"ခုစကားပြောနေတာ အောင်ဇေယျပဲ၊ ခင်ဗျားတို့ကုမ္ပဏီမှာ ဒီထက်ယဉ်ကျေး အထက်တန်းကျတဲ့ အောင်သွယ်မှု ပုံစံမျိုး စဉ်းစားလို့ မရကြတော့ဘူးလား။ ခင်ဗျားတို့ဆက်ဆံနေတာ လူကြီးလူကောင်းတွေပါ။ ခင်ဗျားတို့လူလည်ကျချင်တိုင်း ကျလို့ရမယ့် ကလေကချေတွေ မဟုတ်ဘူး"

ရှေးနှောင်းက "ကျွန်မကိုလည်း ခဏ"ဟု ဦးအောင်ဇေယျထံမှဖုန်းကို ဆွဲယူလိုက်သည်။





"ဒီမှာ အဲဒီဘက်ကဘယ်သူလဲ၊ မောင်နေလင်းလား။ အေး ... မင်းအစ်မကို ပြောလိုက်စမ်း။ ငါကလည်း ပြင်းပြင်းထန်ထန် ခါးခါးသီးသီးကို ရှုတ်ချတယ်လို့။ ပြောဖြစ်အောင်ပြောပေး။ ကြားလား။ ငါလား ... ! ငါက ရှေးနှောင်းလေ။ ငါ့အသံကိုကျတော့ အတုလုပ်တယ်။ အစစ်ကိုကျတော့ မမှတ်မိဘူး၊ မင်းတို့ဟာက ဘာကောင်းသလဲ"

ရှေးနှောင်းနှင့် ကုမ္ပဏီတို့ အပြန်အလှန် ခွန်းတုံ့ခွန်းလှယ် စကားဆက်ပြောနေကြသည်ကို အောင်ဇေယျက အငေးသာပင် ကြည့်နေမိပါသည်။ ဒီပုံအတိုင်းဆိုတော့ မြင်းမိုရ်တောင်လောက် နိုင်မာမြင့်မားသွားခဲ့တဲ့ အောင်ဇေယျရဲ့မျှော်လင့်ချက်ဘို့ဟာ လေထဲက ဆပ်ပြာပူဖောင်းငယ်တစ်လုံးလိုသာပေါ့။ ဖျတ်ခနဲ ကွဲကြေသွားလျှင် ရေစက်ရေမှုန် အစအနကိုမျှပင် လိုက်ဖမ်းယူလို့မရ။ မကျန်ရစ်ခဲ့နိုင်တော့ဘူးပေါ့။

ကိုယ့်ဘာသာ ရှေးနှောင်းတို့ ရုံးရှိရာလမ်းထဲ မသိမသာ သွားလမ်းသလားနေဖို့လောက်ကိုပင် အိပ်ခန်းတစ်ကြမ်းပြင်လုံး မွမွကြေ ကျန်ရစ်အောင် အချိန်ယူပြင်ဆင်တတ်လေ့ရှိတဲ့ အောင်ဇေယျအဖို့ ဒီကနေ့ညနေအတွက်ဆို ဘယ်လောက်သဲကြီးမဲကြီး အလေးထား ကြိုးစားပမ်းစား နိုင်ခဲ့မလဲဆိုတာ ပြောပြဖို့ပင် မလိုပါ။ ကိုယ့်အခန်းတွင်း အခြေအနေကို ခါတိုင်းလို အငယ်မများ လာချောင်းမြောင်းကြည့်မိခဲ့လျှင် အဲဒီမှာရဲ့နတ်မင်းလေးပါးဟာ ဟိုတစ်နေ့ကထက်တောင် ပိုဆိုးဆိုးရွားရွား စိတ်ဖောက်ပြားကုန်ကြလိမ့်မည်ထင်သည်။

အငယ်မ … ! ။ အငယ်မ … ! ။ ဟာ …။

"အာ … အာ … ရှေးနောင်း … ညီမ နေဦး။ ကုမ္ပဏီကို အရမ်းသွားပြောမနေနဲ့ဦး"

အောင်ဇေယျက ရှေးနောင်းကို အလျှင်မြန်ဆုံးတားမြစ်လိုက်ချိန်၌ ရှေးနောင်းကလည်း ဖုန်းကိုပိတ်လိုက်ကာ ဦးအောင်ဇေယျထံ ပြန်ကမ်းပေးရင်း …

"ကုမ္ပဏီကတော့ သူတို့မဟုတ်ဘူးလို့ လုံးဝခိုင်ခိုင်မာမာကို ငြင်းတာပဲ"

"ဖြစ်နိုင်တယ်၊ ဟုတ်ချင်မှ ဟုတ်မှာ"

"ဒါဖြင့် ဘယ်သူလဲ"

အောင်ဇေယျမှာ "အဲဒီအသံက ကိုယ့်တူမ ထင်တယ်"ဟု မပြောလိုက်ရဲပါ။

"ဟင် … ! ဒါဖြင့် ဦးအောင်ဇေယျ။ အထဲမှာ ဟိုအစ်မကြီး ရောက်နေတာကကော တိုက်ဆိုင်တာမှ ဟုတ်ရဲ့လား"

"ကိုယ်နဲ့တော့ လုံးဝမပတ်သက်ဘူး၊ ဒါအမှန်ပဲ"

"ဟုတ်ပါပြီ၊ ဦးအောင်ဇေယျဆီကိုတောင် ကျွန်မပါဆိုပြီး ဖုန်းဆက်ခေါ်ခဲ့ရင် မခင်မြတ်ကြွယ်ဆီကိုကျတော့ ဦးအောင်ဇေယျပါ ဆိုပြီးတော့ ဖုန်းဆက်ခေါ်ခဲ့တာမျိုးကော မဖြစ်နိုင်ဘူးလား။ ကျွန်မ ဒီကိုရောက်လာတာကတော့ ဒီထီးကိစ္စနဲ့ တိုက်ဆိုင်မှု သက်သက်ပဲလေ။ အဓိက,က ကျွန်မကို လုပ်ချင်တာ မဟုတ်ဘူး၊ ဦးအောင်ဇေယျနဲ့ မခင်မြတ်ကြွယ်တို့ကိုပဲ ဆုံဖြစ်စေချင်တာ"





ရှေးနောင်းရဲ့မျက်နှာလေးမှာ ခပ်နီနီပင်ဖြစ်လာရင်း …

"အဲဒီလို ရည်ရွယ်ချက်ရှိသူဟာ ကုမ္ပဏီမဟုတ်ရင်တော့ ဟိုလူ 'ဩဇာ'ပဲ"

အောင်ဇေယျမှာ တူနှင့် တူမဖြစ်သူကို ကျိတ်ကျိန်ဆဲနေမိရာက ရှေးနောင်းရဲ့မှတ်ချက်ကြောင့် ထွက်ပေါက်တွေ့သွားသလို ဝမ်းသာအားရ ဖြစ်သွားရရင်း …

"ဖြစ်နိုင်တယ်၊ အဲဒီသတ္တဝါလေးပဲ"

"ဒါဖြင့် မခင်မြတ်ကြွယ်ကို အရမ်းအားနာစရာ ကောင်းနေပြီ၊ သွား … သွား … အထဲပြန်ဝင်လိုက်ပါ"

"ဘယ်ဖြစ်မလဲ၊ သူများအကွက်ထဲ ကိုယ်က အဝင်ခံရာကျမယ်။ ဟာ ! ဒါပေမဲ့ ကိုယ့်ပိုက်ဆံအိတ်က အထဲမှာ ကျန်ရစ်တယ်"

"ပိုက်ဆံအိတ်ကြောင့် ပြန်ဝင်ရမှာ မဟုတ်ဘူး ဦးအောင်ဇေယျ။ မိန်းမသားတစ်ယောက်ရဲ့သိက္ခာကို ငဲ့ပေးပြီး ပြန်ဝင်ရမှာ"

"ဒါပေမဲ့ ကိုယ်က ခေါ်မချိန်းခဲ့ဘူး ဆိုတာတော့ သူသိမှဖြစ်မယ်လေ၊ ခု ညီမရဲ့အဖြစ်မှန်ကို ကိုယ် သေချာနားလည်သွားရသလိုပေါ့။ နို့မို့ လူဆိုတာက မျှော်လင့်ချက်ကြီးတွေနဲ့ဥစ္စာ၊ ကိုယ် အသိဆုံးပဲ"

ရှေးနောင်းက ဦးအောင်ဇေယျကို မျက်စောင်းရွယ်သိုက်ရင်း …"ပြောဖို့ မပြောဖို့ဆိုတာကတော့ ဦးအောင်ဇေယျရဲ့ ဆုံးဖြတ်ချက်ပဲ"ဟု ဆိုလိုက်ပါသည်။

"ပြောမှာ ... ပြောမှာ။ ပြောလိုက်မှ ဖြစ်မှာပေါ့"

သို့သော် မပြောလိုက်ရပါ။ ကိုယ့်ကိုလည်း ခေါ်ချိန်းထားသေး။ ကိုယ်နဲ့အတူ တွဲထိုင်နေကြပါရက် ရှေးနှောင်းကို မတော်တဆ လာဆုံလိုက်ကြရတာနဲ့ပဲ သုတ်ခနဲ နောက်ကကပ်ပါ၊ ဣန္ဒြေမရလည်း လိုက်ပါသွားသေးဖြစ်တဲ့ ဦးအောင်ဇေယျကို အကြာကြီး ထိုင်စောင့်မနေနိုင်တော့တဲ့ မခင်မြတ်ကြွယ်က စားသောက်ဆိုင်ထဲမှ ဒေါသတကြီးပုံစံနှင့်ပင် ထွက်လာခဲ့ပါပြီ။

ကွဲကျိုကွဲကျိုပုံစံမတွေနဲ့ ဖြစ်နေကြတဲ့ ရှေးနှောင်းနဲ့ အောင်ဇေယျတို့ကို မခင်မြတ်ကြွယ်က တစ်ချက်တော့ စူးစူးကြီး လှမ်းကြည့်လိုက်သေးသည်။ ပြီးလျှင်တော့ "ချာ"ခနဲ လှည့်ထွက်သွားပါချေပြီ။

"ဦးအောင်ဇေယျ လှည့်စားခံရတာပါ ဆိုတာကို ရှင်းပြမယ် ဆိုလည်း လိုက်ရှင်းပြချေလေ။ နို့မို့ မခင်မြတ်ကြွယ်က ကျွန်မကိုပါ မကောင်းမြင်သွားလိမ့်မယ်"

"သူ ... သူက သွားနေပြီဥစ္စာ"

"ကျွန်မတုန်းကလိုပဲ နောက်ကပြေးလိုက်ပြီး ပြောလေ၊ မီပါသေးတယ်"

"သူ့နောက်တော့ ပြေးမလိုက်ချင်ပါဘူး"

"ကျွတ် ... ဘယ်လိုဖြစ်နေတာလဲ။ ရှင့်ကိုသူက ချိန်းတုန်းကတော့ချိန်းပြီးလို့ တစ်သက်လုံး ထင်သွားတော့မှာနော်။ စကားတွေ လျှောက်ပြန့်မွကုန်ရင် ရှင့်နာမည်တော့ သွားပြီ။ ရှုပ်တတ်တဲ့ ယောကျ်ားလို့ ထင်ကုန်ကြမှာမျိုးနော်"





"တစ်ကမ္ဘာလုံး ဘယ်လိုထင်ထင် အဖြစ်မှန်ကို ညီမတစ်ယောက်တည်းပဲ နားလည်နေရင်လည်း ပြီးတာပဲ၊ ကိစ္စမရှိဘူး"

အောင်ဇေယျမှာ ကိုယ့်ကိုယ်ကိုယ် "အောင်ဇေယျ ဣ"ဟု စိတ်ထဲက ကြုံးဝါးချီးကျူးလိုက်ချိန်၌ ရှေးနှောင်းထံမှ ဘယ်နှကြိမ်မြောက်လောက်မှန်း မသိသော မျက်စောင်းတစ်ခုကို ရရှိလိုက်ပြန်ပါသည်။

"သွားမလား ... မသွားဘူးလား"

"အိုကေ ... အိုကေ ... ကိုယ် သူ့နောက်ကို မလိုက်ချင့်ပေမယ့် ပြေးလိုက်သွားပြီး ရေရေလည်လည်ရှင်းပြလိုက်ပါ့မယ်။ ဒါဖြင့် ညီမကတော့ ဆိုင်ထဲပြန်ဝင်ပြီး ခုနဟိုစားပွဲမှာ ကျန်ရစ်တဲ့ ကိုယ့်ပိုက်ဆံအိတ်ကို တစ်ချက်သွားကြည့်ပေးထားပါ၊ အဲဒီကပဲ စောင့်ပေါ့"

ရှေးနှောင်းမှာ "သူလည်း အ,သလိုလိုနဲ့ လူတစ်ကိုယ်လုံး အကွက်ချည်းပဲ"ဟု ညည်းတွားလိုက်မိကာ ဆိုင်တွင်းသို့ ပြန်ဝင်ခဲ့ရပါတော့သည်။ နောက်ဆုံးတော့လည်း "အချိန်မရှိဘူး၊ အလုပ်ရှိတယ်" ဘာဘာညာညာ အစွမ်းကုန်ငြင်းပယ် ဆန့်ကျင်ပါသော်လည်းပဲ ရှေးနှောင်းမှာ ဦးအောင်ဇေယျနှင့် စားသောက်ဆိုင်အတူထိုင်ပြီး အအေးတစ်ခွက်၊ မုန့်တစ်ခုလောက်တော့ စားသောက်ဖြစ်ခဲ့ရသည်သာ။

"ဦးလေးတော်ကြီးတော့ ဘယ်လောက် အီစလံစေ့ ကျနေပြီလဲ"ဟု မယောင်မလည် လာချောင်းသော ဖိုးသားတစ်ယောက်လည်း သကာရည်ချောင်းစီးနေတဲ့ မျက်နှာကြီးနဲ့ မျက်နှာချင်းဆိုင် တိုးလိုက်ရတဲ့အခါ ပါးစပ်အဟောင်းသား ဟာမိရုံအပြင် ဘာမှမတတ်နိုင်ပါလေတော့။

ဖိုးသားကို လှမ်းမြင်သွားတဲ့ ဦးလေးလုပ်တဲ့လူက ဖိုးသားကို "ငါသိတယ်"ဆိုတဲ့ ပုံစံနဲ့ လက်ညှိုးတစ်ချောင်းထောင်ကာ သတိပေး၊ လှမ်းကြိမ်းခဲ့ပေမယ့် မျက်နှာကြီးကတော့ ပြုံးပြုံးကြီးနှင့်ပင်။

♥ ✧ ♥

အကုသိုလ်များ ဝင်ချင်ရင် သီးသန့်တစ်ခုချင်းလေး သက်သက် ဘယ်တော့မှမလာ။ အမှုတွဲက ဆက်နေတယ်ဆိုသကဲ့သို့ပင်။ ဩဇာအဖို့ကတော့ အမှုတွဲက အတွဲလိုက်မှ တကယ့်ကို အတွဲလိုက်ပါပဲ။ ပထမဦးစွာ တမင်သက်သက် ဖန်တီးလုပ်ကြံခြင်းမျိုးမဟုတ်။ တကယ့်ကို တိုက်တိုက်ဆိုင်ဆိုင် ဆိုသလို ကိုယ့်ရဲ့နတ်သမီးကို မြို့ထဲတစ်နေရာမှာ ဘွားခနဲ တွေ့လိုက်ရတဲ့ သကာလ အပြေးအလွှားသွားကာ မျက်နှာလုပ် ရယ်ပြမိသနိုက် သူကလေးက ကိုယ့်ကို ကိုယ်လက်အင်္ဂါမကောင်းတဲ့ ကဋ္ဌနာရောဂါသည်တစ်ယောက် အနားရောက်လာသလိုကို စွံရှာဟန်နှင့် ပြန်ကြည့်ကာ ...





"ရှင် ကျွန်မကို အဲဒီလိုများ လာပြေးနှုတ်ဆက်ရဲသေးတယ်နော်"

"ခင်ဗျာ"

"ဒီမှာရှင့် ... ကိုတင်လှလား ဩဇာလား မသိတဲ့လူ။ ရှင်နဲ့ ကျွန်မ မပတ်သက်ချင်ဘူး။ ကျွန်မရဲ့ဘဝပတ်ဝန်းကျင် အသိုင်းအဝိုင်းထဲမှာ မဟုတ်တမ်းတရား လီဆည်ဉာဏ်ဆင်ပြီး သူများတကာကို ချောက်ချတတ်တဲ့သူမျိုး တစ်ယောက်မှ မရှိဘူး"

"နေပါဦး၊ ခင်ဗျား ဒီလောက်ခါးသီးနေရတဲ့ ကျွန်တော့်ရဲ့အပြစ်က ဘာပါလိမ့်"

ဩဇာမှာ ဟန်လုပ်ပြီးသာ ခပ်တင်းတင်း ပြန်ပြောလိုက်ရတယ် အဘိုးကြီးနဲ့ အန်တီကြီးကို လှည့်ကွက်ထွင်ပြီး အကွက်ဆင်ပေးလိုက်တာ ရေးနှောင်းများ ပြန်သိသွားလေပြီလား။ ဘယ်လိုမျိုး သိနိုင်သလဲဟု အပြေးအလွှားပဲ တွက်ချက်စဉ်းစားနေမိပါပြီ။ မျက်နှာကိုတော့ စိုးရိမ်မကင်းမှုတွေ၊ အပြစ်မကင်းမှုတွေ ပေါ်လွင်မလာစေရအောင် ဟန်မပျက်လေး လုပ်ထားသည်။

"ရှင် ဦးအောင်ဖေယျနဲ့ မခင်မြတ်ကြွယ်ကို ဘာလုပ်လိုက်သလဲ"

"ဗျာ ... ဘာလုပ်မိလို့လဲ။ ဦးအောင်ဖေယျကြီးက ကျွန်တော့်အကြောင်း ဘာများပြောလို့လဲ"

"ဘာမှမပြောဘူး၊ ဒါပေမဲ့ သူတို့နှစ်ယောက်နဲ့ ကျွန်မနဲ့ ပြီးခဲ့တဲ့အပတ်က ဝတ္တုလစ်က (.........)မှာ တွေ့ကြတယ်"

ဩဇာမှာ ကိုယ့်ရဲ့မျက်နှာရိပ် မျက်နှာကဲကို အဆက်မပြတ် အကဲခတ်နေသည့် ရှေးနှောင်းကြောင့် "ဟိုက်"ခနဲ ဖြစ်ချင်သွားတာကို မနည်းထိန်းပြီး မျိုချလိုက်ရပါသည်။ ဘယ်နတ်ဆိုးက ဝင်ကျိုစယ်လို့ ကိုယ့်နတ်သမီးကပါ အဲဒီဆိုင်ကိုမှ အဲဒီအချိန် ဒုတ်ဒုတ်ထိ ရောက်ရှိသွားပါသလဲ။

"ဦးအောင်ဇေယျကို ကျွန်မက ချိန်းတယ်ဆိုပြီး အဲဒီကို ခေါ်တယ်၊ မခင်မြတ်ကြွယ်ကိုကျတော့ ဦးအောင်ဇေယျက ချိန်းတယ်ဆိုပြီး ခေါ်လိုက်တယ်၊ ကျွန်မကတော့ ကိုယ့်အကြောင်းနဲ့ကိုယ် တိုက်ဆိုင်ပြီး ရောက်သွားတာ၊ သုံးဦးသုံးဖလှယ် ဆုံလိုက်ကြတော့ ဒါ လှည့်ကွက်ဆင်ခံရတာဆိုတာ ပေါ်သွားတာပဲလေ။ ဦးအောင်ဇေယျကတော့ အသာထားပါ။ မခင်မြတ်ကြွယ်က အမျိုးသမီးရှင့်။ ရှင် တဆိတ်တော့ မလွန်လွန်းဘူးလား"

ဟန်မပျက်စေနဲ့ ဩဇာရေ။

"ဗျာ ... အဲဒါဟာ လှည့်ကွက်ပဲ။ ကျွန်တော် လုပ်တာပဲလို့ ဦးအောင်ဇေယျက ပြောသလား။ ဒါဆိုရင်တော့ ရှေးနှောင်းရဲ့ဝန်းကျင်မှာ မရှိသင့်တဲ့ လှည့်ကွက်ထွင်ချောက်ချတတ်သူဟာ သူပဲ"

"မဖြစ်နိုင်ဘူး"





"ခင်ဗျားက သူ့ကျတော့ တစ်ဖက်သတ် အကောင်းမြင်နေပါလား။ ဘာလဲ ... ခင်ဗျားက ယုံစားနိုင်တဲ့သူ၊ မယုံစားရမယ့်သူ ဆိုတာမျိုးကို အသက်နဲ့တိုင်းပြီး ဆုံးဖြတ်တာလား ဟုတ်လား။ ဒါဆိုရင်တော့ ခင်ဗျား ခံလိုက်ရပြီ။ သူတို့ဘာသာ ချိန်းတွေ့နေကြပြီး ခင်ဗျားရောက်လာတော့မှ ခင်ဗျားက ခေါ်ချိန်းလို့ ရောက်လာရပါတယ်လို့ လျှပ်တစ်ပြက် ပြောချလိုက်တာ၊ ဒီလူကြီးက တခံနတွတ္တိဉာဏ် အတော်ပြေးသားပဲ။ အဲဒီလို မဖြစ်နိုင်ဘူးလား"

"မဖြစ်နိုင်ဘူး၊ သူ့ဆီမှာ သူ့ကို ကျွန်မလို့နာမည်သုံးပြီး ခေါ်ချိန်းတဲ့ဖုန်းကို အသံမဖျက်ပစ်ဘဲ အသံသွင်းထားတဲ့ Record တစ်ခုရှိတယ်"

ကျွတ် ...။ ဆရာကြီးကတော့ ဟစ်ကွက်စားသွားပြန်ပြီ။

"အဲဒါလည်း သူ့ဘာသာပဲ တစ်ယောက်ယောက်နဲ့ဇာတ်လမ်းဆင်ပြီး အသံသွင်းထားတာမျိုး ..."

"ကျွန်မပါ တိုက်တိုက်ဆိုင်ဆိုင်နဲ့ အဲဒီကို ရောက်လာမယ်မှန်း သူက ဘယ်လိုလုပ် ကြိုသိနေနိုင်မလဲ။ သူက ဗေဒင်ဆရာတွေလို အကြားအမြင် ကြိုရနေလို့ အဲဒီကိုရောက်လာမယ့် ကျွန်မကို ဖွင့်ပြရအောင် ဇာတ်လမ်းဆင်ပြီး အသံကြိုသွင်းထားတယ်လား၊ ဟုတ်လား"

"အဲဒီလိုဆိုရင်ကော သူ မဖြစ်နိုင်တာနဲ့ပဲ ကျွန်တော်ဖြစ်ရရောလား"

"ဒါကတော့ အဲဒါတစ်ခုကလွဲပြီး ဆက်တွေးစရာ ဘာမှ မရှိတော့ဘူးလေ၊ ကျွန်မတို့ကုမ္ပဏီကို ဖုန်းဆက်ပြီးတော့လည်း သေချာစုံစမ်းပြီးကြပြီ"

သြဇာမှာ ရွှေနှောင်းရဲ့အသံပျော့သွားမှုကို ရိပ်မိလိုက်ပါသည်။ လက်ဆုပ်လက်ကိုင် သက်သေပြနိုင်လောက်အောင် သိရှိသွားပုံမျိုးမဟုတ်။ ခန့်မှန်းချေမျှသာ ရှိသေးတာ။

"အဲဒီကုမ္ပဏီဆိုတာကလည်း လိမ်ချင်လိမ်မှာပေါ့"

ကိုယ့်ဘက်ကလည်း အတိအကျ အသေအချာကြီး ပြောဆိုနိုင်အောင် သိရှိထားတာမျိုး မဟုတ်သဖြင့် စွပ်စွဲနိုင်လောက်ရုံဖြစ်သော ရွှေနှောင်းက သြဇာကို မသက်သာလှသည့် အကဲခတ်မျက်ဝန်းရွဲကြီးများနှင့်သာ ကြည့်နေပါသည်။ ထိုအခိုက်မှာပင် ကိုယ့်ရဲ့အကုသိုလ် အမှုတွဲတစ်ခုကို တိုက်တိုက်ဆိုင်ဆိုင် လှမ်းမြင်လိုက်ရတာမို့ သြဇာမှာ ကြာကြာဆက်ချဲ့မနေနိုင်တော့ဘဲ အမြန်လစ်ပြေးတော့ဖို့ပဲ ကြံရကာ ...

"ဒါဖြင့် သွားတော့မယ်၊ ဒါပဲနော် ... ဆီးယူ၊ နောက်မှ တွေ့မယ်"

ရွှေနှောင်းက သြဇာကို မျက်မှောင်ကုတ်ကာ ကြည့်နေသည်။ အမြဲတမ်းလိုလို မနည်းခွာချရတတ်တဲ့ ကပ်မစွာတစ်ယောက်ကများ ရုတ်တရက် ဘာ့လို့ထွက်ပြေးချင်ရတာလဲဟု သက်သာမကင်းမှုမှာ သံသယတွေလည်း ထပ်ဆင့်သွားသည်။





"ကိုသြဇာ"

သြဇာအဖို့ ထွက်မပြေးလိုက်နိုင်တာက အကြီးမားဆုံး အကုသိုလ်ကံ ဖြစ်တော့သည်။ ကိုယ်က မပြေးသာပေမယ့် အနားကိုပြေးပြီးတော့ကို ရောက်လာတဲ့ သူငယ်မက တမူတနွဲ့ ဘချွဲတပျစ်ကြီးပင် ခြေမျှားပင် ဆောင့်လိုက်သေးကာ ...

"ကိုသြဇာ။ ကိစ္စပြီး၊ အမြစ်ပြတ် ဘယ်ပျောက်နေတာလဲလို့။ ကိုသြဇာ ပြဿနာရှာပေးလိုက်တာ ခု မီးငယ်တို့အိမ်ကနေ ခေါင်းနဲ့ဆင်းရမတတ် ဖြစ်နေပြီ။ ဖေဖေနဲ့မေမေကလည်းဆူ၊ လေးလေးကလည်း ..."

"ရှူး ... ..."

သြဇာက မီးငယ်ကို သိသိသာသာကြီးပင် အချက်ပြဟန့်တားလိုက်ကာ မျက်မှောင်ကုတ် ရပ်ကြည့်နေဆဲဖြစ်တဲ့ ရွှေနှောင်းဘက် မေးငေါ့ပြလိုက်ပါသည်။ မီးငယ်ကား ခေတ်ရဲ့သမီးပျိုပီပီ ရွှေနှောင်းကို တစ်ချက်ငဲ့ကြည့်လိုက်မိရုံနှင့် ဖြစ်နိုင်ချေတို့ကို တဒိုင်းဒိုင်း တွက်ချက်နိုင်လိုက်ပြီ ဖြစ်ပါသည်။ အဲဒီအခါမှာ မကျေမနပ်ကြီးနဲ့ ဒေါသကလည်း ထောင်းကနဲ ထရသည်။

ကိုယ်တွေရဲ့အပြစ်လည်း ကိုယ်စီရှိကြပေမယ့် ကိုယ်တို့မောင်နှမက အဆူခံ အပြောခံ ခေါင်းကျိန်း၊ လေးလေးခမျာလည်း သူ့မိန်းကလေးထံမှာ မရှုမလှနဲ့ အခြေအနေမကောင်းတော့ဘဲ ဖြစ်နေချိန်မှာ သူကကျတော့ အောင်ပွဲခံအကြည်ဆိုက်၊ လိုရာဆန္ဒတွေ ပြည့်နေလိုက်တာ ကြည့်စမ်း။ ရရိုးလားကွာ၊ ဒီလိုရရိုးလား။

အဝေါ်ကြီး မကျေမနပ်ဖြစ်သွားတဲ့ မီးငယ်တောင် ဘာမှအစမဖော်လိုက်ရပါ။ အင်မတန်မှ ဉာဏ်ပြေးသွက်လက်ကာ အကွက်မြင် အကဲဖမ်းနိုင်လှတဲ့ ရှေးနှောင်းဟာ စကားသံတစ်ခုကို ကြားဖူးထားလိုက်တာနဲ့ နောက်တစ်ခါ ပြန်ကြားရရင် "ဒီလူပဲ"ဟု ဒက်ခနဲ ပြန်ပြောနိုင်တဲ့နေရာမှာလည်း ထက်မြက်လှသူ ဖြစ်နေပေရာ ...

"ဟင် ... ရှင် ... ရှင် ... ဟိုတစ်ယောက်။ ဖုန်းထဲက ... ဖုန်းထဲက အသံပဲ"

"သွားပြီ"ဟု ဩဇာက စိတ်ထဲမှ ညည်းတွားလိုက်မိပါသည်။ ကိုယ့်နတ်သမီးက ကိုယ့်ကို ခါးထောက်ကာပင် ခပ်တင်းတင်း ကြည့်လာခဲ့လေပြီ။

"ကဲ ... ရှင် ဘာပြောဦးမလဲ"

"ဘာ ... ဘာပြောရမှာလဲ၊ အဲ ... ပြောစရာတော့ရှိတယ်။ အဲဒီတစ်ယောက်က ခင်ဗျား သိပ်အကောင်းထင်နေတဲ့ တစ်ယောက်ရဲ့တူမပဲ၊ အရင်း"

ရှေးနှောင်းမှာ ဇဝေဇဝါ ပြန်ဖြစ်သွားသည်။ ဦးလေးနဲ့တူမ။ တကယ်ပဲ အရင်းဆိုရင် ဩဇာ ပြောသလို ဇာတ်လမ်းဆင်၊ အသံကြိုသွင်းထားတာမျိုးက ဖြစ်နိုင်သလား။ ရှေးနှောင်းတွေဝေသွားတာကို ရိပ်မိလိုက်တဲ့ ဩဇာမှာ အဲဒီလောက်အနေအထားနဲ့ပဲ ဒီစခန်းကို ဒီတင်ရပ်။ လှည့်ပြေးတော့ဖို့ ဒုတိယမ္ဘိ ကြိုးစည်လိုက်ပြန်ပါသော်လည်း မကျေမနပ် ဖြစ်နေတဲ့ မီးငယ်ရဲ့





ဒေါသကို သူ့စကားက ဆွလိုက်သကဲ့သို့သာရှိကာ မီးငယ်ဟာ ဩဇာကို တဖိုးဖိုးတဖတ်ဖတ်နဲ့သာ ရိုက်ပုတ်နေတော့ရင်း ...

"သူများတကာက လေးလေးကို အကောင်းထင်နေတာကိုပဲ အပြစ်လိုလို ဘာလို့လုပ်ပစ်ချင်ရတာလဲ။ အကောင်းပဲဟာ အကောင်းထင်နေတော့ဘာဖြစ်သလဲ။ လေးလေးက ကောင်းတယ် အကောင်း။ ဒူသာလူဆိုး။ ပြီးကျ ရှုပ်ချင်တာကသူ။ ဒဏ်ခံရတော့ မီးငယ်တို့ ... ပွန်း"

ဩဇာမှာ "မီးငယ်"ဟု တစ်ခွန်းဟန့်လိုက်ပါသော်လည်း မီးငယ်က ...

"ဒီမှာ မမ"

"သိပြီ မီးငယ်၊ ဦးအောင်ဇေယျနဲ့ မခင်မြတ်ကြွယ်တို့ကို လုပ်ကြံတာ သူပဲ"

"အဲဒီအတိုင်းပဲ"

စိတ်ထားကလည်း မတည်ငြိမ်လှဘဲ ပါးစပ်ဖွာချင်သေးတဲ့ သူမျိုးကိုမှ ကိုယ့်ဘက်သားအဖြစ် အရေးအရာထားအကူအညီ သွားတောင်းမိတာ ဩဇာရဲ့အမှားပင်။ ဩဇာမှာ သွားဖြဲကလေးနဲ့ ရှေးနှောင်းကို လှမ်းကြည့်နေရုံမှတစ်ပါး ဘာမှဆပ်လုပ်လို့ မရနိုင်တော့ပါ။

ချာခနဲ လှည့်ထွက်သွားသော ရှေးနှောင်းကြောင့် မီးငယ်က ဩဇာဘက် မျက်စိလေးစွေကာ ကြည့်လာသည်။ ဘယ်လောက်ပဲ အသည်းယားယား ကိုယ်နဲ့လည်း သိပ်မရင်းနှီး

ယုံကြည်မိတာတွေ အလကားပဲ။ ဒီမှာတင် သဲထဲရေသွန် ဖြစ်သွားပြီ"

"ဗျာ ... ဘာတွေလဲ ဆရာသမား။ အသည်းနှလုံးကိစ္စတွေ ဘာတွေဆိုတော့ နှစ်ယောက်တည်းနဲ့တောင် အတော်ရှုပ်နေတဲ့ ပြိုင်ပွဲထဲ ကိုယ့်ဆရာကပါ အတင်းဝင်လာဦးမလို့လားဗျာ"

"ဘာတွေ ပြောနေတာလဲ။ ငါ အခုပဲ Matchmaker Company ကို ဖုန်းဆက်လိုက်ပြီ။ အဲဒီပွဲနေ့တုန်းက သူတို့စီစဉ်ဖိတ်ကြားပေးတဲ့ အမျိုးသမီးကို ငါ နှစ်သက်သဘောကျတယ်၊ ဘယ်လိုရှေ့ဆက်လုပ်ရမလဲလို့ မေးလိုက်ပြီ။ သူတို့ကလည်း ဝမ်းသာအားရပဲ ပြန်စီစဉ်ပေးမယ်တဲ့၊ ဒီတော့ မင်း လက်ရှောင်လိုက်တော့"

"ဗျာ ... ဆ ... ဆရာကလည်း ရှေးနှောင်းကို ..."

"ဟိတ် ... ! (—)တလွဲကောင်လေး။ ပေါက်ကရမပြောနဲ့။ မင်း ဟိုလူတစ်ယောက် လက်ထဲကို အတင်းသွားထိုးထည့်ချင်နေတဲ့ မခင်မြတ်ကြွယ်ဆိုတဲ့ အမျိုးသမီးကို ပြောနေတာကွ။ ငါ သူ့ကို အဲဒီနေ့ကတည်းက မြင်မြင်ချင်း သဘောကျတယ်။ သူ့အကြောင်းတွေကို ဒီအတောအတွင်းမှာ ဇစ်ဇစ်မြစ်မြစ် လိုက်စုံစမ်းကြည့်လိုက်တော့လည်း အားလုံး အဆင်ပြေတယ်။ ပိုတောင် နှစ်သက်လာသေးတယ်။ သူ့နောက်ကို ငါ မျက်ခြည်မပြတ် လိုက်နေတာနော်





ဘုတဲ့ သူများတကာသားသမီးကို "အစဖော်ဦးဟယ်၊ ထောင်ချင်ဦးဟယ်၊ နှုတ်ဖွာဦးဟယ်၊ ပူးပေါင်းလုပ်ဆောင်ကြပြီးမှ သစ္စာမရှိဦးဟယ်"လို့ တစ်ခုခု ကောက်ကက်လုပ်ထည့်လိုက်ချင်လို့ ရပါ့မလား။

သူကလည်း လာဖွာသေး၊ သူကပဲ မျက်စောင်းတခုနဲ့ လှည့်ထွက်ပြေးသွားပြန်တာကိုသာ ငြိမ်ခံနေလိုက်ရပြန်ပါသည်။

အကုသိုလ်က ဒီတင်ပဲလားဆိုတော့ မဟုတ်သေးပါ။ မကောင်းတာတစ်ခုလောက် လုပ်မိရင် သုံးဆလောက် Rebound Effect (တန်ပြန်အကျိုးတရားသက်ရောက်မှုရှိ)ကိုယ့်ရှူးကိုယ်ပတ်တတ်တယ်ဆိုတာ စောစောကများ ကြိုသိခဲ့ရင် ဩဇာတစ်ယောက် ဘိုးဘွားမိဘ အစဉ်အဆက် တစ်သင်တည်း သင်ကြားဆုံးမခဲ့ကြသော "ဝဋ်"ဆိုတာကြီးကို ဒီ့ထက် စောစောစီးစီး အယုံကြီးယုံကြည်မိခဲ့မှာပင်။

အပြင်ထွက်ရာမှ ရုံးပြန်ရောက်တော့ ကိုယ့်ဆရာ ကိုတင်လှက ကိုယ့်ကို လက်ပိုက်ပြီးတော့ကို ကြိုထိုင်စောင့်နေသည်နှင့် ကြုံသည်။

"ဟေ့ကောင် ... ဩဇာ၊ မင်းကို ငါတစ်ခွန်းတည်းနဲ့ နောက်ဆုံးသတိပေး မှာကြားခြင်းပဲ၊ အကြံဆိုးနဲ့ မင်းလုပ်ရပ်တွေကို ခုချိန်ကစပြီး ရပ်တန်းကရပ်ပါ။ မင်းမို့ ငါ့ကိုကျော်ပြီး ငါ့အသည်းနှလုံးကို ရက်ရက်စက်စက် ခြေနင်းမယ့်အလုပ်မျိုးကို လုပ်ရဲလုပ်ရက်တယ်ကွာ။ မင်းကို ငါ

ယောကျောင်။ မင်း ဘာအကွက်တွေ ဝင်ထွင်နေသလဲဆိုတာ ငါ မြင်နေရတယ်၊ တော်တော့။ မင်းနဲ့ငါ ပြဿနာလုံးဝ မဖြစ်ချင်ဘူး”

သေလိုက်ပါတော့ကွာ။ ကိုယ့်ဆရာ မအူမလည်ခွ ကျကျ ကိုးလိုးကန့်လန့်ကမှ “ဒီလို ... ဒီလိုပါ”လို့ ဆိုလာတော့လည်း ကိုယ့်မှာ “Yes, Sir”ပေါ့။ ဘာထပ်အတွန့်တက်လို့ ရနိုင်မှာလဲ။ ကိုယ့်ရဲ့လစာတိုးနိုင်ခြင်း၊ ရာထူးတိုးနိုင်ခြင်းတို့က သူ့ရဲ့ထောက်ခံချက်၊ မှတ်ချက်တို့နဲ့ သူ့လက်ထဲတင် ရှိနေတဲ့ဥစ္စာ။

ဦးတင်လှက မခင်မြတ်ကြွယ်ကို ရည်ရွယ်ပါတယ် ဆိုမှတော့ ကုမ္ပဏီကလည်း ဝမ်းပန်းတသာ စတင်လှုပ်ရှား အကြောင်းကြား စီစဉ်တာတွေ လုပ်တော့မှာပေါ့။ အဲဒီမှာတင် ဩဇာဟာ ကိုတင်လှ အတူဖြစ်ကြောင်း သိကြပြီ။ ကုမ္ပဏီက သိရင် ပိုင်ရှင်သိရင် သူ့သူငယ်ချင်းမကလေးလည်း သိမည်။ မောင်ဩဇာကလေး ခမျာမတော့ (ကိုယ့်အပြစ်လည်း ပါတော့ပါတာပေါ့)လူဆိုး၊ လူရှုပ်၊ လူလည်ဘဝက လွတ်ကိုလွတ်နိုင်ချေ မရှိတော့ပါကလား။

ဩဇာရဲ့ဝဋ်ကား မပြီးပြတ်နိုင်သေးပါ။ ကိုတင်လှနဲ့ မခင်မြတ်ကြွယ်တို့ မြန်မြန်ဆန်ဆန်တွေ့ဆုံ၊ မြန်မြန်ဆန်ဆန်ပဲ အဆင်ပြေ အဖွဲ့ကျသွားကြတဲ့အခိုက်။ သူ့အရက်ကို ရှာကြံခွဲခဲ့တဲ့ တရားခံကို သဲကြီးမဲကြီး စိတ်နာငြိုးတေးထားခဲ့တဲ့ မခင်မြတ်ကြွယ်က သူ့ခင်ပွန်းလောင်းကြီးကို အမိန့်တော်မြတ် ချမှတ်ပုံမှာ ...





“အဲဒီကောင်ကလေးက ရှုပ်ရှုပ်ယှက်ယှက် ကလိမ်ကကျစ်နဲ့ မဟုတ်တာတွေကို ဟန်ဆောင်လုပ်ကြံဖို့လည်း ဝန်မလေးတဲ့သူဆိုတော့ ရှင့်ရဲ့အနားမှာ လူယုံတပည့်အဖြစ်မထား,ထားသင့်ဘူး ကိုတင်လှ။ ကျွန်မ စိတ်မချဘူး။ တစ်ခုခုကြည့်သာ စီစဉ်လိုက်ပါ”

ဩဇာမှာ အလုပ်မှပြုတ်သည့်အထိတော့ မဟုတ်သော်လည်း ဘာမှအရေးမပါလှသည့် နေရာဌာနတစ်ခုသို့ ရောက်ရှိသွားပါလေတော့သည်။

♥ ✧ ♥

အောင်ဇေယျမှာ ကားမောင်းသွားနေရင်းက လမ်းဆားက မြင်ကွင်းတစ်ခုကြောင့် ကားကို ရုတ်တရက် ဘရိတ်အုပ်ချလိုက်မိပါသည်။ ချက်ချင်းပင် “ဘုန်း”ဟူသော အသံထွက်တစ်ခုနှင့် ခန္ဓာကိုယ်ကလည်း ရှေ့သို့ ငိုက်စိုက်စိုက် လှုပ်ခါသွားရသည်။ ကိုယ့်ကားရဲ့နောက်ဘက်ကို နောက်ကကားတစ်စီးစီးက ဝင်ဆောင့်တိုက်မိလိုက်လေပြီ။

“ဟေ့လူ ... ဘယ်လိုလုပ်ထည့်လိုက်တာလဲ၊ လမ်းမကြီးလယ်ကောင် ဘရိတ်အုပ်လိုက်ရသလား၊ ခင်ဗျား ကားမမောင်းတတ်ဘူးလား”

နောက်ကားက ဒရိုင်ဘာက သူ့အပြစ်မဖြစ်အောင် ကြိုအော်ပြီး ဆဲဆိုထားနှင့်သည်။ အောင်ဇေယျကလည်း သူ့ကို ပြဿနာရှာဖို့ အချိန်မပေးနိုင်ပါ။ ကိုယ့်ကားကိုယ် လမ်းဘေးသို့ အမြန်ဆုံး ဆွဲကပ်ထိုးရပ်။ ကားပေါ်ကဆင်းကာ ကိုယ့်ရဲ့ဦးတည်ရာသို့ ခပ်သုတ်သုတ်ပင် လျှောက်လှမ်းလာမိသည်။

ရွှေနှောင်းနှင့် လူတစ်ယောက်လေ။ တိတိကျကျ ပြောရရင် အင်မတန် သားနားသပ်ရပ်ကာ အဆင့်အတန်းမြင့် တင့်တယ်လှသော လူတစ်ယောက်နှင့် ရွှေနှောင်းတို့ကို Coffee Shop လေးတစ်ခုထဲမှာ ဖျတ်ခနဲ လှမ်းမြင်လိုက်ရခြင်းသည် ကားကို လမ်းမကြီးလယ်ကောင် ရုတ်တရက် ဘရိတ်အုပ်ချလိုက်ရခြင်း၏ အဓိကအကြောင်းရင်းတည်း။

ဩဇာရဲ့သတင်းကို တူမဖြစ်သူထံမှ ပြန်သိထားနှင့်ပြီးသား အောင်ဇေယျမှာ "တစ်တောတော့ ရှင်းသလောက်ဖြစ်သွားပြီလား"ဟု ကြာကြာမြင့်မြင့်လေးပင် သက်ပြင်းချ စိတ်အေးနိုင်မယ်မှ မကြံသေး။ ခုဟာက ဩဇာထက်ပင် ပိုဆိုးနေနိုင်သေးသည့် ပြိုင်ဘက်မျိုးကြီးပဲလား။ ဘယ်သူ့ကိုဖြစ်ဖြစ်"ဘူး"တစ်လုံးဆောင်၊ ငြင်းထုတ်ပစ်တတ်လေ့ရှိတဲ့ ရွှေနှောင်းတစ်ယောက် လူစည်ကားရာ လမ်းမတစ်ခုပေါ်က Coffee Shop တစ်ခုမှာ အတူတွဲထိုင်ဖို့ ခွင့်ပြုလိုက်လျောထားတဲ့သူမျိုး ဆိုတော့လေ။

"ဟော့လူ ... ဟော့ ... ဟော့ ... ဟော့လူ"





ကျွတ် ...။ ပြဿနာကောင် တစ်ကောင်ကလည်းပဲ၊ သူကလည်း နောက်ကနေ ဝင်တိုက်သေး။ ကိုယ်က အချိန်မပေးနိုင်လို့ ကိုယ့်ကားကို ဘာပဲဖြစ်နေနေ စစ်လိုက်မနေဘဲ ဒီတိုင်းပစ်ထားခဲ့တာတောင်မှ နောက်ကနေ အပြေးလိုက်လာပြီး အရစ်ရှည်ချင်နေသေးသည်။ လောကကြီးမှာ မနေနိုင် မထိုင်နိုင် လျှော်ကြေးလိုက်ပေးချင်နေသူမျိုးကော ရှိသေးသလား။

အဲ ... ဒီအတိုင်းကြီး ဆိုင်ထဲဝင်ချသွားလို့တော့ ကောင်းပါ့မလား။ အောင်ဇေယျရဲ့ မျက်နှာကြီးကို လှမ်းမြင်လိုက်လျှင် ရွှေနှောင်း တစ်ယောက် စိတ်အနှောင့်အယှက် ဖြစ်ရမဲ့ပုံဖြစ်သွားမှာကို မမြင်ဝံ့ပါ။ ကိုယ့်ကို မြင်လိုက်ရလို့ စိတ်အနှောင့်အယှက် ဖြစ်မဖြစ်က မကျိန်းသေပေမယ့် သူ့စိတ်အနှောင့်အယှက်ဖြစ်ခြင်းကို မျက်ဝါးထင်ထင် မကြုံလိုက်ချင်တဲ့ ကိုယ့်ရဲ့အဖြစ်သည်းမှုကိုတော့ ကိုယ့်ဘာသာ အသိဆုံး ကျိန်းသေမတ်ချပဲမို့ ကိုယ့်ကို သူ လှမ်းမမြင်တာ၊ မြင်ရင်တောင် ကိုယ်မှန်းမသိတာ၊ ရိပ်မိနိုင်တာသည်သာ အကောင်းဆုံး။

အောင်ဇေယျက လမ်းဘေးပလက်ဖောင်းပေါ်က ချက်မှန်သည်တစ်ယောက်ဆီမှ မျက်မှန်နက်တစ်လက်ကို လက်ညှိုးထိုးလှမ်းဝယ်လိုက်သည်။

"(၁၅၀၀)ပါ။ နောက်ဆုံးပေါ်ပဲ အရမ်းမိုက်တယ်။ ဦးလေးရဲ့သားဖို့လား"

စကားရည်သည့် ဈေးသည်မှာ အောင်ဇေယျရဲ့မျက်ဆောင့်နီနှင့် ကြုံလိုက်ရပြီးတဲ့သကာလ ပိုက်ဆံ(၁၅၀၀)ကျပ်ကို လှမ်းယူရင်း ...

"အရွယ်စုံ ဆိုက်စုံ ဘယ်သူနဲ့မဆို သင့်တော်တဲ့ နေကာတွေ ဝါဝါတွေ"

ပါးစပ်ကသာ အော်နေသည်။ လူကတော့ မျက်မှန်နက်ကိုဝယ်ပြီးပြီးချင်း ကောက်တပ်လိုက်သည့် အောင်ဇေယျကို ကြည့်ကာ ရယ်ကျဲကျဲ။ သူ့မျက်မှန်နက်ကတော့ (၁၅၀၀)ကျပ်ဆိုတဲ့အတိုင်း၊ "ဦးလေးရဲ့သားဖို့လား"ဆိုတဲ့အတိုင်း အောင်ဇေယျရဲ့မျက်နှာပေါ်မှာ အင့်တွတွ၊ အချိုးမကျ။ သေးကွေး၊ ပုံပျက်လျက် ရှိလေသည်။

"ဟော့ကောင် ... မင်းမျက်မှန်က ငါနဲ့သေးပြီး 'ကျပ်နေတယ်"

"ဖရီးဆိုက်ပဲလေ ဦးလေး၊ အဆင်ပြေပါတယ် မသေးပါဘူး"

မျက်မှန်သည်ကား သူ့အိတ်ထဲဝင်သွားပြီဖြစ်တဲ့ (၁၅၀၀)အတွက် ဤမျှထက်ပို၍ အချိန်မပေး၊ မလေးစားနိုင်တော့ပေ။ ဝင်ပြီးသားပိုက်ဆံကလည်း ပြန်ထွက်လာဖွယ်မရှိတော့။

အောင်ဇေယျမှာ သက်ပြင်းတစ်ချက်နှင့် နံဘေးက ဦးထုပ်သည်တစ်ယောက်ကို လက်ညှိုးထပ်ထိုးလိုက်ရပြန်သည်။ ကိုယ့်ရုပ်ကို မမှတ်မိစေဖို့ မျက်မှန်ဝယ်။ အဲဒီမျက်မှန်ကြောင့် ပုံပျက်နေမှာ သေချာတဲ့ အဲဒီရုပ်ကိုပဲ ထပ်မံဖုံးကွယ်ဖို့ ဦးထုပ်ဝယ်။





"(၁၅၀၀)ပါ (၁၅၀၀) ... လှတယ် နိုင်တယ် ဘယ်လိုလူမျိုးနဲ့မဆို သင့်တော်တယ်"

လာပြန်ပြီ (၁၅၀၀)နဲ့ ဖရီးဆိုက်။ ဒီတစ်ခါလည်း အမှတ်မရှိ ဝယ်ဖြစ်ပြန်သော အောင်ဇေယျဟာ ရယ်ကျဲကျဲမျက်နှာမျိုးနှင့်တော့ ရင်မဆိုင်ချင်တော့တာမို့ ချက်ချင်းကောက်မဆောင်းလိုက်ရဲသေးဘဲ ဆိုင်ရှေ့ကနေ လေးငါးလှမ်းမျှ လှမ်းထွက်လာပြီးမှ ဆောင်းကြည့်လိုက်တဲ့ သကာလ။

ဒီတစ်ခါကတော့ "ဦးလေးရဲ့အဖေဖို့လား"လို့ ဈေးသည်က ဘာ့ကြောင့် မမေးလိုက်ပါလိမ့်။ ဦးထုပ်က အောင်ဇေယျရဲ့နားရွက်နားဖက်စလုံးကိုပင် တစ်ဝက်ကျော်ကျော်မျှ ဖုံးအုပ်ပစ်လိုက်ကာ ပွပွချောင်ချောင်နှင့် တလည်လည်ဖြစ်လျက် ရှိလေသည်။

အောင်ဇေယျမှာ ဒုတိယမ္ပိ သက်ပြင်းနှင့် Coffee Shop လေးထဲသို့ လှမ်းအဝင် ...

"ဟော့လူ ... ဟော့လူ ... ဒီလိုရုပ်ဖျက်လိုက်ပြီး ထွက်ပြေးလို့ကော လွတ်ရိုးလားဗျ"

နောက်ကပါလာသည့်"လျော်ချင်ဟန်တူသူ"က အောင်ဇေယျရဲ့လက်ကို ဖမ်းဆွဲပြီး ကိုင်ထားလိုက်သည်။

"ခင်ဗျားက ဘာဖြစ်နေတာလဲ၊ ခင်ဗျားကလည်း နောက်ကနေ ခင်တိုက်သေးဆိုတော့ မနေနိုင် မထိုင်နိုင် လျော်ချင်နေတာများလား"

“ဒါပေမဲ့ ခင်ဗျားကားက ဘာမှမဖြစ်ဘူးလေ”

“ပြီးရောပေါ့၊ အဲဒါကို လိုက်ရှင်းပြနေစရာ မလိုပါဘူး”

“ဘယ်ပြီးမလဲ၊ ကျုပ်ကားက ဘန်ပါဆောင့်သွားတယ်ဗျ”

“ဒါက ခင်ဗျားကိစ္စပဲ၊ ဝင်တိုက်တာက ခင်ဗျားလေ”

“ဒါပေမဲ့ ခင်ဗျားကသာ ရုတ်တရက် ဘရိတ်အုပ်ချတာပဲ”

“ဒါပေမဲ့ ရှေ့ကားရဲ့အပြောင်းအလဲကို မချိန်ဆနိုင်လောက်အောင် ကပ်ပါလာတဲ့ နောက်ကားကသာ အပြစ်ရှိတာပဲ။ ဥပဒေမှာ ဒီလိုပဲရှိတယ်”

“အစီပွာယ်မရှိ အလကားနေရင်း ဘရိတ်အုတ်ချတဲ့ သူမှာလည်း အပြစ်ရှိတာပဲ၊ ကျုပ်က ဒီလောက်ကြီး အနီးကပ်ကပ်ပါလာတာမှ မဟုတ်တာ”

“ဘရိတ်မီးကို မြင်နိုင်လောက်အောင်တော့ ဝေးကွာသင့်တာပေါ့”

“ခင်ဗျားကားက ဘရိတ်မီးလင်းရဲ့လားမှ မသိတာ၊ ဟုတ်တယ် အဲဒါ ပြန်စစ်ကြရမယ်။ လာပြ ... လာပြ။ ခင်ဗျားကားမှာ ဘရိတ်မီးလင်းမလင်း ကျုပ်ကို သက်သေလာပြ။ မလင်းရင် ကျုပ်ကားဘန်ပါ ဆောင့်သွားတာ ခင်ဗျားတာဝန် ဖြစ်သွားပြီ၊ အဲဒါကို ပြန်ကြည့်လုပ်ပေးရုံပဲ၊ ဒါဝ်လာ ... ပြန်လိုက်ခဲ့”

လက်စသတ်တော့ “လျော်ချင်သူ”မှမဟုတ်ဘဲ။ “အလျော်တောင်းချင်သူ” ဖြစ်နေတာ။





“ဟာ ... ရှုပ်ရှုပ်ယှက်ယှက် ဘာလဲဗျ၊ မလိုက်နိုင်ပါဘူး”

“ဒါဆို ခင်ဗျားမှာ အပြစ်ရှိနိုင်တာ ပေါ်လွင်တာပဲ။ ကျုပ်နောက်ကပါလာမှန်းသိလို့ ဒီဦးထုပ်တွေ မျက်မှန်တွေကိုတောင် ပြေးရင်းလွှားရင်း ဝယ်ပြီး ရုပ်ဖျက်လိုက်သေးတယ်။ ကိုယ့်မှာ အပြစ်မရှိတာ သေချာရင် ဒါမျိုးတွေ ဘယ်သူက လုပ်မှာလဲ၊ ခင်ဗျားနဲ့ လုလည်းမလုဘူး။ ဒါ့ကြောင့် ဒါတာမင်ရုပ်ဖျက်တာပဲ သေချာတယ်”

“ဘယ်ကလာ ခင်ဗျားလိုက်လာလို့ ထွက်ပြေးရမှာလဲ၊ ကျုပ်ဘာသာ ကော်ဖီသောက်မလို့”

“ကော်ဖီဆိုင်ထဲဝင်မယ့်သူက မျက်မှန်ဝယ်တာပ်၊ ဦးထုပ်ဝယ်ဆောင်းစရာ ဘာလိုသလဲ”

ခက်တော့နေပြီ။ အောင်ဖေယျနှင့် ထိုလူမှာ ဆိုင်တံခါးဝကြီးတင် ပြဿနာတက်နေကြခြင်းဖြစ်ရာ ဆိုင်ထဲမှ စားပွဲထိုးကောင်လေးတစ်ယောက်ကလည်း မှန်တံခါးကြီးကို ဖွင့်ကိုင်ပေးထားကာ အောင်ဖေယျတို့ကို အကဲခတ်လျက်ရှိနေပြီ။ ဆိုင်ကလေးအတွင်းမှ မများလှသည့် စားပွဲဝိုင်းအနည်းငယ်တို့မှ လူတို့ကလည်း လှမ်းကြည့်နေကြပြီ။ တော်သေးတာက တစ်ချက်လောက်သာ မျက်လွှာလှန် လှမ်းကြည့်ပြီး မျက်လွှာပြန်ချငြိမ်သက်သွားခဲ့သော ရှေးနောင်းလေးဟာ ပုံပျက်နေတဲ့ အောင်ဖေယျကို ရိပ်မိသွားပုံ မရှိခြင်းပင်။

“ကဲ ... ဆိုင်ထဲဝင်လိုက်တော့မယ်”

"ကျုပ် ကော်ဖီမသောက်ချင်ဘူးဗျ၊ သွားစရာလည်း ရှိသေးတယ်"

"ခင်ဗျားကိုရော ဘယ်သူက ကော်ဖီဝယ်တိုက်ပါရစေလို့ တောင်းဆိုနေလို့လဲ၊ ခင်ဗျား ဆက်ပြောနေချင်သေးရင် ဆိုင်ထဲဝင်လိုက်ပေါ့၊ ခုဟာကတော့ တံခါးဝကြီးမှာ"

"ကလေးကျောင်းကြိုရဦးမယ်"

"ဒါလည်း ခင်ဗျားကိစ္စပဲ၊ ကျုပ်ကိစ္စကတော့ ကော်ဖီဆိုင်ထဲဝင်မယ်၊ ကော်ဖီသောက်မယ်".

ထိုအခိုက်မှာပင် ရှေးနောင်းနှင့် သူ့နံဘေးက သန့်ပြန့်ခန့်ညား ချောမောနေသူတို့မှာ ထိုင်နေရာကနေ အသီးသီး ထရပ်လိုက်ကြပါသည်။ စောစောစီးစီးကတည်းကပင် ပိုက်ဆံလည်း ရှင်းပြီးနေကြပုံနှင့် ချက်ချင်းပင် ဆိုင်ပေါက်ဝဘက်သို့ လှမ်းထွက်လာကြသောအခါ စားပွဲတစ်လုံးထက်မှာ ဖွတ်ဝင်ထိုင်လိုက်သည့် အောင်ဇေယျ တစ်ယောက် 'ဆက်ထိုင်ရမလို၊ ပြန်ထရမလို အိုးတိုးအမ်းတိုး ကွတတ ဒုက္ခတွေ ရောက်သွားရပါသည်။ ရှေးနောင်းနှင့် သူ့နံဘေးမှလူတို့ကတော့ ဆိုင်ကစားပွဲထိုးလေး ဆက်ဖွင့်ကိုင်ပေးထားတဲ့ မှန်တံခါးကနေ အပြင်ဘက်သို့ လှမ်းထွက်သွားကြပါပြီ။

ကဲ ... မတတ်နိုင်ဘူး။ ကိုယ့်ရဲ့ရည်ရွယ်ရင်းက ကော်ဖီသောက်ချင်တာမှ မဟုတ်တာ။

"ဟောလူ ... ဟေ့လူ ... ခင်ဗျား လစ်ပြေးပြန်ပြီ"





ဟိုပြဿနာလူကလည်း အောင်ဇေယျရဲ့နောက်က ပြန်ကပ်ပါလာပြန်သည်။

"ခင်ဗျားကို ကျုပ် မသင်္ကာဖြစ်လာပြီ။ ခင်ဗျား ကျုပ်ကို မလျော်ချင်လို့ ထွက်ပြေးနေတာမှ ဟုတ်ရဲ့လား။ ခင်ဗျား စကားပြောနေတာကလည်း အသံကို တမင့်အစ်ထားပြီး တိုးတိုး တိုးတိုးနဲ့၊ ဟေ့လူ ... ခင်ဗျားက ဘာလဲ"

"အစောကတည်းက ခင်ဗျားလိုက်လာလို့ ထွက်ပြေးတာ မဟုတ်ပါဘူးလို့ ပြောပြီးပြီပဲ"

"ဒါဖြင့် ရှပ်ဖျက်တာ။ ကော်ဖီဆိုင်ထဲ ခဏဝင်ထိုင်ပြီးမှ မသောက်ဘဲ ပြန်ထွက်လာတာတွေက ဘာ့ကြောင့်လဲ"

"ခင်ဗျားကလေးကို အေးအေးဆေးဆေး ကျောင်းမကြိုချင်ဘူးလား"

အောင်ဇေယျက အသံကို တမင်ခပ်မာမာလုပ်ကာ ထိုလူ့နားရွက်နားကပ်ပြီး ပြောလိုက်သည်။ အဲဒီလူ လန့်သွားပုံရတော့ ရှေ့ဆက်ပြီး ...

"ခင်ဗျားကလေးလေး တစ်ယောက်တည်း ကျောင်းရှေ့မှာ အစောင့်ကြီး စောင့်နေရပြီး လာကြိုမယ့်သူ မရှိတော့ဘူးဆိုရင် ဘယ်လိုလုပ်မလဲ"

"ဟေ့လူ ..."

"ကဲ ... ပြန်ပါတော့ဗျာ"

"ခင်ဗျားက ဖခင်တစ်ယောက်ကို အဲဒီလို ကိုယ်ချင်းစာစိတ်မရှိဘဲ သူ့ကလေးနဲ့ ကိုင်ပေါက်ပြီး ခြိမ်းခြောက်နေရအောင် ခင်ဗျားမှာကော ကလေးမရှိဘူးလား"

"ကျုပ်က လူပျိုကြီးဗျ"

ပြောလိုက်ရင်းက ရယ်လည်းရယ်ချင်၊ စိတ်လည်းကုန် ဖြစ်သွားရတာမို့ မရှိသွားဖြိုကြီး ဖြစ်သွားရတဲ့ အောင်ဇေယျရဲ့ရုပ်ကို အဲဒီလူ အရမ်းလန့်သွားဟန်ရှိသည်။ နောက်ကြည့်နောက်ကြည့်နှင့် တစ်ချိုးတည်း လစ်ပြေးသွားပါလေတော့သည်။ အင်း ... ခုနေ မျက်မှန်ကျပ်ကျပ်သေးသေး၊ ဦးထုပ်ချောင်ချောင်ကြီးကြီးနှင့် ကိုယ့်ရုပ်ကိုယ် မှန်ထဲပြန်မြင်နိုင်ရင် အဲဒီလူထက်တောင် လန့်များလန့်နေဦးတော့မလား မသိပေ။

အလျော့်လိုချင်တဲ့သူနဲ့ ပြဿနာတက်နေရတာနဲ့ပဲ ရှေးနှောင်းတို့ နှစ်ယောက်ကိုတောင် ခဏလောက် မျက်ခြည်ပြတ်လိုက်မိသလို ဖြစ်သွားသည်။ မနည်းကြီး ပြန်လိုက်ရှာတော့မှ Coffee Shop ရှိရာ လမ်းမကြီးရဲ့နံဘေး၊ ကားရပ်လို့ရတဲ့ လမ်းကွေ့ချိုးလေးထဲမှာ ရပ်ထားတဲ့ ကားတစ်စီးရဲ့နံဘေးမှာရပ်ပြီး ကားထဲက လူသားနားကို နှုတ်ဆက်လက်ပြနေတဲ့ ရှေးနှောင်းလေးကို ပြန်မြင်လိုက်ရပါသည်။ ကားထွက်သွားပြီးတဲ့အထိ နေရာတင်အကြာကြီးရပ်ကျန်နေတဲ့ ရှေးနှောင်းမှာ ခါတိုင်းလို သူကလေးကိုယ်တိုင်မောင်းတဲ့ကားလေး ပါမလာလို့များလား။ ဒါဖြင့် ဟိုလူက ဘာ့ကြောင့် တစ်ခါတည်း ခေါ်တင်မသွားတာပါလိမ့်။





ရှေးနှောင်းတစ်ယောက် နေရာတင် မလှုပ်မယှက်အကြာကြီး ဆက်ရပ်နေလိုက်တာ စိတ်ပူဖို့တောင် ကောင်းလာသည်။ ဘေးဘီဝဲယာလည်း လှမ်းမျှော်မကြည့်။ နောက်လည်းပြန်လှည့်မကြည့်။ ရှေ့တူရူသို့ပဲ ငေးငေးငေးကြီး စိုက်ကြည့်ကာတောင့်တောင့်ကြီး ရပ်နေသည့် ရှေးနှောင်းကို လမ်းသွားလမ်းလာတွေကပါ ရိပ်မိသိရှိပြီး လှည့်ကြည့် အကဲခတ်သူလည်း ခတ်သွားကြပါပြီ။

နောက်ဘက် မလှမ်းမကမ်း နေရာလောက်ကနေဆက်ကြည့် အကဲခတ်နေဆဲဖြစ်တဲ့ အောင်ဇေယျဟာ ကိုယ်တိုင်လည်း ကျောက်ရုပ်တစ်ရုပ်လို လှုပ်ရှားဖို့ပင် မေ့နေရပြီမို့ မနီးမဝေးက ကျောက်ရုပ်မကလေးနဲ့ သူ့နောက်ဘက်က ရုပ်ပျက်ပျက်အူကြောင်ကြောင်ပုံနဲ့ ကျောက်ရုပ်တို့ရဲ့အဖြစ်ကို စဉ်းစားမိပြီးရင်ထဲအောင့်ကျိန်းကျိန်းပင် ဖြစ်ချင်လာသည်။

အခြေကျတဲ့ ဘဝတစ်ခုကိုရဖို့ လူပျိုကြီးဘဝကအမြန်ကျွတ်လွတ်ချင်တာ၊ အိမ်ထောင်ပြု မိန်းမယူချင်ခဲ့တာတော့ဟုတ်ပါရဲ့။ သူကလေးကိုတော့ မြတ်မြတ်နိုးနိုး မက်မက်စက်စက်နဲ့ကို ဘယ်လိုမှန်း မသိနိုင်တဲ့ ခံစားချက်အသစ်အဆန်းတစ်ခုနဲ့စွဲလမ်းချစ်ခင်သွားမိတာပါ။

သူနဲ့မှလွဲရရင်တော့ တစ်လောကလုံးက ဝိုင်းသတ်မှတ်ထားကြတဲ့ "လူပျိုသိုးကြီး"ဆိုတဲ့ ဘွဲ့ထူးကြီးကိုပဲ ပိုက်ပြီးအရိုးထုတ်ဖြစ်တော့မယ် ထင်ပါရဲ့။ မဟုတ်သေးဘူး ... ထင်ပါရဲ့မဟုတ်ဘူး။ သေချာသည်။ တစ်ထိုင်တည်းနှင့်ကို သေချာသည်။

ယောကျ်ားသား ရင့်မကြီးတွေလည်း ခံစားရလွန်းရင် မျက်ရည်ကျချင်လာရတယ်ဆိုတာ နားလည်ပေးနိုင်ကြပါသလား။ ဝမ်းနည်းမိသလိုလို ဖြစ်လာတဲ့ကြားက အောင်ဇေယျက ကိုယ့်အဖြစ်ကိုယ် ရှက်ရယ်လည်း ရယ်ချင်သည်။ အင့်တွတွမျက်မှန်ကလေးတစ်လက်၊ ပွရောင်ရောင် တလည်လည်ဦးထုပ်တစ်လုံးတို့နဲ့ ကျောက်ရုပ်လုပ်နေရတဲ့ အဖြစ်လေ။

မသက်မသာနှင့် ခပ်တိုးတိုးတစ်ချက် ရယ်လိုက်မိပြီး ရှေးနှောင်းလေးရှိနေရာကို နောက်တစ်ကြိမ် ထပ်မျှော်ကြည့်လိုက်တော့ မိန်းကလေးက ဘယ်အချိန်လောက်က ထွက်ခွာသွားမှန်းပင် မသိလိုက်ပါ။ ကျောက်ရုပ်မကလေးဟာ သူ့နေရာမှာ ရှိမနေတော့ပါ။

♥ ✧ ♥

"ဗရုတ်ကလေးပေါ့ဟာ၊ နင်က ကိုတင်လှ ဆိုတဲ့လူက ငယ်ငယ်လေးပါလို့ တစ်ပြောတည်း ပြောနေတော့ ငါကလည်း ဘယ်လိုပါလိမ့်ပေါ့။ ခုမှ အဲလိုဖြစ်နေတာဟ။ ဗရုတ်မှ တကယ့်ဗရုတ်သုတ်ခ ကောင်လေးမျိုးပေါ့။ အဲဒါကြောင့် ခုတော့ ဒုက္ခရောက်နေပြီတဲ့"

စောကလျာက ခပ်တိုးတိုး တစ်မှိုစ်မှိုရယ်ရင်း မိရှေးကို စိုက်ကြည့်နေပါသည်။ မျက်နှာမှာ သွေးရောင်လေးတွေ





လျှမ်းလာလိုက်၊ မျက်နှာကြောတင်းသွားလိုက်၊ ခပ်ငိုင်ငိုင်ဖြစ်သွားလိုက် ဖြစ်နေတဲ့ မိရှေးမှာ ဩဇာ တစ်ယောက် အလုပ်ထဲမှာတောင် ထိခိုက်သွားပါတယ် ဆိုတော့လည်း စိတ်မကာမကောင်းနိုင်ပါ။ "အမြင်ကတ်တယ်၊ အော့နှလုံးနာတယ်"နဲ့ "No"ချည်း အခွန်းထပ် ငြင်းလွှတ်နေခဲ့တဲ့ သူတစ်ယောက်ကို ခုလိုကြားသိလိုက်ရတော့မှပဲ "ဝမ်းသာတယ်"ဟု မပြောနိုင်ဘဲ သနားပဲသနားနေမိတာ။ အဲဒါ အချိန်ကာလက စကားပြောတဲ့ သံယောဇဉ်နဲ့ ခင်မင်မှုများပဲလား။

ဘာထူးလို့လဲ။ မျက်မှန်နက်သေးသေးလေး တစ်လက်၊ ဦးထုပ်အကြီးကြီးတစ်လုံးနဲ့ လူရယ်ချင်စရာဖြစ်နေတဲ့ ဦးအောင်ဇေယျကြီးကို သတိထားလိုက်မိတုန်းကလည်း မိရှေးခုလိုပဲ အတော်ကြီး စိတ်မကောင်း ဖြစ်သွားရသေးတာမပါဲ။ အဲဒီတုန်းကလည်း အဲဒီလောက် ပုံပျက်နေတဲ့ရုပ်ကို ရိပ်မိလိုက်တာမဟုတ်ရပါ။ တိုးတိုးအစ်အစ်ကလေး တမင်လုပ်ပြောနေတဲ့ စကားသံတတွတ်တွတ်တွေကို မတော်တဆ လှမ်းကြားလိုက်မိရင်း အသံကို မှတ်မိသွားတာပါ။

ဘာဖြစ်နိုင်မှာလဲ။ မိရှေးနဲ့ ကိုနိုင်မော်သန့်တို့ကို ကော်ဖီဆိုင်ထဲမှာ တွဲတွေ့လိုက်ရလို့ အဲဒီလိုဘဝမျိုးရောက်သွားတာ နေမှာပေါ့။ စိတ်မချလက်မချနဲ့ လိုက်ကလည်းချောင်းချင်၊ မိရှေး ဒေါသထွက်မှာကလည်း စိုးဆိုတော့ ဦးအောင်ဇေယျကြီးခမျာ ရုပ်ပျက်ဆင်းပျက်နဲ့ လူရယ်စရာပုံမျိုး ပေါက်နေလည်း

သူ့ကိုယ်သူ ဂရုမထား၊ မရှက်နိုင်တော့ဘူးပဲပေါ့။ အဲဒီတုန်းက လည်း ခုလိုပဲ သနားဝမ်းနည်းပြီး ငိုတောင်ငိုချင်သွားရသည်။ လူကြီးကြီးတန်မဲ့နဲ့လေ။ သူ့မှာ မိရှေး တစ်ယောက်အတွက် ဒုက္ခရောက်လိုက်ရတာ။

ခက်နေပြီ။ မိရှေးတော့ မြင်မြင်ချင်းကို အမြင်တွေ့ ကတ်ကြည့်မရခဲ့မိတဲ့ လူနှစ်ယောက်အတွက် လူမသိသူမသိ ခံစား၊ သနားနေမိတာ တစ်သက်လုံး ကိုယ့်ဘာသာတင်ထားခဲ့တဲ့ "စံ" တွေကိုလည်း ကိုယ့်ဘာသာပဲ ပြန်ရိုးဖောက်နေရာ ကျမိပြီနဲ့တူ ပါရဲ့။ နှစ်ယောက်စလုံးအပေါ် တစ်ပြိုင်နက် ခင်မင်မှုတွေထား၊ သံယောဇဉ်တွေကြီးနေမိလို့ ရပါသလား။

အနှစ်နှစ်ဆယ်နီးပါး ကိုယ်ရောစိတ်ပါ စိတ်ချလက်ချ ကြီး ပေါင်းသင်းရင်းနှီးခဲ့ရတဲ့ စောကလျာကိုတောင်မှ ကိုယ့်ရင် တွင်းက ခံစားချက်အသစ်တွေကို ထုတ်မပြ အသိမပေးလိုက်လို သေးပါ။

ဘယ်သူမှ ပိုတယ် သာတယ်မရှိ၊ တန်းတူပဲဆိုတဲ့ ခံစားချက်မျိုးဟာ "ခင်မင်မှု"လို့ခေါင်းစဉ်တပ်လိုက်ရင်တော့ သူစိမ်း ယောက်ျားသားနှစ်ယောက်လုံးအပေါ်မှာ တစ်ပြိုင်နက် ထား,ထား လို့ ရနိုင်တဲ့ ခံစားချက်ပဲ ထင်ပါရဲ့။

"ငါတို့ကုမ္ပဏီမှာ အခု လက်ထောက် tour operator ရာထူးတွေ ခေါ်နေတာရှိတယ်၊ အမှန်ကတော့ ငါတို့လို ရာထူးတွေက package tour group တွေနဲ့ ပြည်တွင်းမဟုတ်





တဲ့ ပြင်ပခရီးစဉ်ရှိ ရင် သူတို့က အကူပေါ့။ အဲဒါမျိုးလူတွေ ခေါ်နေတာရှိတယ်။ သူ့ကို အကြောင်းကြားပေးလိုက်ရင် ကောင်းမလား"

"ဟင် ... ဘာလဲ ! နင် ဘယ်သူ့ကို ပြောနေတာလဲ မိရှေး"

"ဟိုတစ်ယောက်က သူ့လုပ်ရပ်ကြောင့် ဟိုအစ်မကြီး စိတ်ခုတာကို ခံရပြီး အလုပ်ထဲမှာ ချောင်ထိုးခံလိုက်ရတယ် ဆို။ နင်ပဲ ပြောတာလေ မိစော"

"ဟင် ... ! ဒါပေမဲ့ အဲဒါက နင်နဲ့ဘာဆိုင်လို့လဲ မိရှေး ရဲ့"

စောကလျာမှာ ပြူးစိစိပုံစံပျောက်ကာ မိရှေးရဲ့နံဘေး သို့ အမြန်ဆုံး ပြေးလာပြီး ပူးကပ်ထိုင်ချလိုက်ပါသည်။

"နင့်ရဲ့လက်ထောက်ဆိုရင် ... နင်နဲ့အတူ အမြဲတစ်လှေ တည်းစီး၊ တစ်ခရီးတည်းသွား။ နင်က အဲဒါမျိုးကိုသိသိ ကြီးနဲ့ ခေါ်လိုက်မယ်၊ တကယ်"

"ငါ့ရဲ့လက်ထောက် မဟုတ်ပါဘူး၊ ငါတို့ကုမ္ပဏီမှာ tour leader ရာထူးတွေက ငါတစ်ယောက်တည်းမှ မဟုတ်တဲ့၊ ဘယ်သူနဲ့မဆို သူတွဲပြီး ကျနေနိုင်တယ်"

"နင်နဲ့လည်းတွဲပြီး ကျနိုင်တယ်။ အဲဒါ နင်သိပါတယ်"

စောကလျာက မိရှေးကို မျက်စုံးလေးပင့်တင်ကာ ကြည့်လာသည်။

"အဆိုးဆုံးက သူ့ကို နင် လှမ်းအကြောင်းကြားပြီး အသိပေးလိုက်တာနဲ့ သူက သူ့ရည်မှန်းချက် ရည်ရွယ်ချက်တွေ ရာနှုန်းပြည့် သေချာသွားပြီလို့ သတ်မှတ်ပစ်လိုက်တော့မယ်"

"ဟင့်အင်း ...။ ငါက သူ အလုပ်မှာ ထိခိုက်သွားတယ်ဆိုတာကိုပဲ ..."

"အဲဒီလို သနားရာက စတတ်ကြတာပဲတဲ့။ ငါ ကြားဖူးတာပဲ"

"မဖြစ်နိုင်ဘူး၊ အဲဒီလို ပြောကြကြေးဆို ဟိုးတစ်နေ့က ငါ့ကို လိုက်ချောင်းရအောင် ရုပ်ရှင်တွေထဲကလို ရုပ်ဖျက်ရင်း ကလောင်းနံ(ဆပ်ကပ်လူရွှင်တော်)ရုပ်တောင် ပေါက်နေတဲ့ ဦးအောင်ဇေယျကြီးကို တွေ့လိုက်တော့လည်း ငါ သနားလိုက်တာလေ၊ တကယ်ပဲ။ နင့်ကို ပြောမပြဘဲ လျှို့ထားဦးမလို့ပဲ မိစောရယ်၊ ဒါပေမဲ့ ပြောလိုက်မိပြီ"

"ဒုက္ခပဲ၊ တစ်ပြိုင်နက် တူတူကြီးကတော့ မဖြစ်နိုင်ဘူးဟာ၊ နင်က ဘယ်သူ့ကိုပိုမှာလဲ။ ဟဲ့ မိရှေး ... ငါက အဲဒီအုပ်စုမှာ နစ်တွဲတောင် အောင်မြင်ပြီးပြီ။ မရီရီထွေးတို့ဆီကကော ကိုတင်လှတို့ဆီကပါ အောင်သွယ်ခတွေ စားပြီးပြီဟာ။ စီစဉ်သူအဖြစ်လည်း အပ်ကိုအပ်ကြဦးမှာတဲ့။ တော်လောက်ပြီ ..."





နင်တို့အလှည့်ကျရင်တော့ ညဇာက ငါ့ကုမ္ပဏီကို အပ်ထားတာ မဟုတ်ပေမယ့် သူလာဝင်ထိုင်ပြီး မလိုမှ တပတ်လှည့်သွားတာ သူ့မှာတာဝန်ရှိတယ်။ ဒါပေမဲ့ သူဖြစ်ဖြစ်၊ ဦးအောင်ဇေယျပဲဖြစ်ဖြစ် ဘယ်သူပဲဖြစ်ဖြစ် ငါ အောင်သွယ်ခ မယူတော့ဘူး။ အသည်းမာလှတဲ့ ငါ့သူငယ်ချင်းလေးကို ကိုင်လှုပ်နိုင်တဲ့သူ ငါကလေးစားဂုဏ်ပြုရမယ်။ အစီအစဉ် ဆက်လုပ်ပေးရတောင် ဖရီးပဲ သဘောထားပေးလိုက်မယ်၊ ကဲ ... အဓိက,က နင်တစ်ယောက်တည်းကိုပဲ ရွေးလို့ရမှာ။ ရွေး"

"ဟင့်အင်း ...။ ငါက ကိုနိုင်မော်သန့်ကိုပဲ မဖြစ်မနေလက်ခံရတော့မှာ မိစောရယ်။ မေမေ့အကြောင်းလည်း နင်သိပါတယ်။ သူက လူတစ်ယောက်ကို သဘောကျမိပြီ၊ နှစ်ခြိုက်မိပြီဆို မရတော့ဘူး။ သူမှသူ တန်းတန်းစွဲဖြစ်နေတတ်ရော။ အခု သူ့ငယ်သူငယ်ချင်းကတစ်ဆင့် စပ်လာတဲ့ ကိုနိုင်မော်သန့်ကို မေမေက သဲကြီးမဲကြီးနဲ့ သူမှသူ တကယ့်ကို သဘောအကျကြီး ကျနေပြီ"

"အေးလေ ... ရုပ်ကလည်း စားတာကိုး။ အမေ့လွှဲလွှဲချပြီး သမီးကလည်း ကျနေပြီ ဖြစ်ချင်ဖြစ်မှာပေါ့"

"မကျဘူး၊ လူတစ်ယောက်ကို မြင်မြင်ချင်း ငါဘယ်တုန်းကများ တန်းသဘောကျတတ်လို့လဲ။ သူ့လည်း "ဟင့်အင်း" လို့ပဲ ငြင်းလိုက်ချင်တယ်။ ဒါပေမဲ့ လက်ခံစကားပြောနေရပြီ။ အိုး ... ဘဝ ... ဘဝ ..."

"အဘက်ဘက်က ပြည့်စုံပြီး အပြစ်ပြောစရာ ရှိပုံမရတဲ့ လူတစ်ယောက်ကို ငြင်းပစ်ချင်ရက်သားနဲ့ လက်ခံနေရတဲ့ အချိန်မှာ တစ်ယောက် တစ်ယောက်ကို ပြစ်ချက်နှစ်မျိုး သုံးမျိုးစီနဲ့ ကိုယ်တိုင်က အမြင်ကတ်ဖူးတဲ့ တခြားလူနှစ် ယောက်ကို တစ်ပြိုင်နက်တည်း သနားတွယ်တာ ကရုဏာ နဲ့ သံယောဇဉ်တွေ တင်းနေမိတာကို သိလိုက်ရတယ်။ အိုး … ဘဝ … ဘဝ … ဘဝ"

"နင်နော် … သနားတာနဲ့ ခင်မင်တာပဲပါတယ်၊ တွယ်တာ တာတွေ ဘာတွေ ငါမပြောမိဘူး၊ မပိုနဲ့"

"ဒါဖြင့် နင် အဲဒီလောက် သေအောင်ပြည့်စုံနေတဲ့ ရွှေကြာ ပင်ကြီးကို နင့်အမေ ဘယ်လောက်ပြောပြော၊ ဘာပြောပြော စောစောစီးစီးကြီး ပြန်လက်မခံပစ်လိုက်နဲ့ဦး။ ပြီးမှ စိတ် ဒုက္ခရောက်နေရမယ်။ ငါ အကောင်းပြောတာ"

"မိဘစကား နားထောင်၊ အိုတောင်မဆင်းရဲဘူး မဟုတ် လား"

"အဲဒီ 'မဆင်းရဲဘူး' ဆိုတာ စိတ်ကိုပြောတာမဟုတ်ဘဲ လူကိုပြောတာ၊ ရုပ်ဝတ္ထုတွေကို ပြောတာလည်း ဖြစ်နေဦး မယ်"

မိရွှေးက မျက်ခုံးလေးပင့်ကာ ပန်းလေးပဲ အသာ တွန့်လိုက်မိသည်။ သံယောဇဉ်တွေနဲ့ ခင်မင်သွားမိတဲ့သူ နှစ် ယောက်အပေါ်မှာလည်း ဘာမှမတတ်နိုင်။ အတော်ကြီး သနားနေမိ





တဲ့ ခံစားချက်တွေထဲမှာ နည်းနည်းလောက် ထပ်ပိုသနားဖြစ်လိုက် ရုံနဲ့ပဲ ဒီဇာတ်လမ်းနှစ်ခုက ဒီလိုပဲ အဆုံးသတ်သွားရတော့မယ်ပဲ တူပါရဲ့။

"နင်ပဲ ဒီလောက် သိမ်မွေ့နက်နဲတဲ့ ကိစ္စတစ်ခုကို အလုပ် သဘောကြီးတွေနဲ့ ပူးယှက်မထားသင့်ဘူးဆို။ အချစ်တစ်ခု ရင်ထဲမှာ ဖျတ်ခနဲ ဖြစ်ပေါ်မလာမချင်း ကိုယ့်ရဲ့ဘဝအဖော် ဖြစ်လာဖို့ ဘယ်သူ့ကိုမှ အယုံအကြည် မရှိနိုင်ဘူးဆို"

"ခုဟာက အလုပ်သဘောမှ မဟုတ်တာ။ သားသမီးတို့ရဲ့ ဝတ္တရား။ ပြီးကျတော့ အဲဒီလူကို ယုံကြည်မှာမှ မဟုတ် တာ။ မေမေ့ကိုသာ ယုံကြည်တာ"

"မျက်စိစုံမှိတ်ပြီးတော့ … !."

"ဒါပေါ့"

စောကလျာမှာ သူ့အချစ်ဆုံးသူငယ်ချင်းမကလေး မိရွှေးကို မျက်လုံးများကတစ်ဆင့် ဟိုးအတွင်း စိတ်ထဲအထိ မရ ရအောင် အကဲခတ်ကြည့်ဖို့ လိုက်ကြိုးစားနေမိလေသည်။

♥ ✧ ♥

ထိုအချိန်မှာ ဘယ်တော့မှ မျက်နှာချင်းမဆိုင် လူ ချင်းမဆုံချင်ကြသည့် သူနှစ်ဦးမှာ တက်ညီလက်ညီ စိတ်ပါလက်ပါ ချိန်းဆိုတွေ့ဆုံကြလျက်။

"နိုင်မော်သန့်တဲ့"

"အမေကြီးက သဘောကျနေတာ"

"မိရှေးကတော့ သူ့ထုံးစံအတိုင်း ငြင်းမှာပဲလေ။ ဒါပေမဲ့ နောက်ဆုံးကျရင်တော့ သူ့အမေရဲ့အလိုကျ ခေါင်းညိတ် လက်ခံလိုက်ရမယ့်ပုံပဲ"

"ငါ့အတွက်ကတော့ ဝင်မပြိုင်ဘဲ ပန်းတိုင်ကအလံကို တက်ဖြုတ်သွားမယ့် အချောင်သမားဆိုတော့ မင်းထက် တောင် ဆိုးသေးတဲ့ ကောင်စားမျိုးပေါ့"

"ရှေးကမှ ခေါင်းညိတ်လိုက်ပြီ ဆိုရင်တော့ ဘာမှဆက်လုပ် လို့ မရနိုင်ဘူး"

"အဲဒီလို ခေါင်းမညိတ်လိုက်ဖြစ်အောင်ပဲ ကြိုးစားရမှာပေါ့ ကွ၊ စစ်မရောက်ခင် မြားကုန်စရာလား။ မင်းယောကျ်ား မဟုတ်ဘူးလား"

"မရှိတဲ့အပြစ်ဆိုရင်ရော ကြံဖန်ရှာချင်လို့ ရပါ့မလားဗျ"

"အေးပေါ့၊ မင်းကတော့ တစ်ခါခံဖူးထားတော့ တုံ့ဆိုင်း ဆိုင်း ဖြစ်ချင်လည်း ဖြစ်နေမှာပေါ့"

"ငယ်ကျိုး ငယ်နာတွေဖော်ပြီး စကားနာပဲ ထိုးနေကြေး ဆိုရင်တော့ ကျွန်တော်တို့တွေ ဖြစ်ကြဖို့တောင် မလိုဘူး ဗျာ"

"ဒါဖြင့် လိုရင်းကိုပဲပြောမယ်။ မင်း ငါ့တုန်းကလို ကလိမ် ကျကျစ်ဉာဏ်နဲ့ လှည့်ဖြား ဓာတ်ကွက်ဆင်တာမျိုးတော့





မလုပ်နဲ့၊ အဲဒါမျိုးက ကိုယ်အမှတ်မရတဲ့အပြင် တစ်ဖက် လူမှာပဲ တစ်မှတ်လောက် တက်သွားသေးတယ်"

"ပြီးခဲ့တာတွေ ပြန်မပြောကြေးလို့ ပြောနေတယ်။ ပြီးကျ တော့ ခင်ဗျားကြီးလည်း အဲဒီတုန်းက တစ်မှတ်တက်မ သွားခဲ့ပါဘူးဗျ။ အပိုဆာဒါးတွေလည်း မစွက်ကြေး။ အလုပ်ကိစ္စကို မပြောဘဲ ကိုယ့်ဂုဏ်ပဲ ကိုယ်ဖော်နေတာမျိုး လည်း မလုပ်ကြေး"

"ဒါဖြင့် မင်းလည်း မင်းဘက်မှာ မင်းနည်းမင်းဟန်နဲ့ စုံစမ်း၊ ငါလည်း ငါ့လမ်းကြောင်းနဲ့ ငါအပြည့်အဝလှုပ်ရှား မယ်။ တစ်ခုခုတော့ သိကိုသိလာရမှာလဲ၊ လူဆိုတာဘယ်သူ မှ Perfect ဖြစ်ပြီး ပြည့်စုံတယ်ရယ်လို့ မရှိနိုင်ဘူး"

"အဓိက,ကတော့ အစ်ကိုကြီးက သူ့,ကျတော့ ကြောက် တယ်ဗျာ၊ ရှိန်တယ်ဗျာ။ ကိုယ့်ထက်သာနေပြီလို့ ထင်တယ် ဗျာ။ အဲဒီတော့ တစ်သက်လုံး သောက်မြင်ကတ်နေခဲ့တဲ့ ကျွန်တော့်ကို အကူခေါ်တယ်ဗျာ။ အပြစ်ရှိချင်မှ ရှိမယ့်သူ မျိုးကို အပြစ်ရှာခိုင်းတယ်ဗျာ၊ ဒါပဲမဟုတ်လား"

အောင်ဇေယျနှင့် ဩဇာတို့ တစ်ယောက်နဲ့ တစ် ယောက် မဲ့မဲ့ရွဲ့ရွဲ့နဲ့ အမြင်ကတ်စွာ စိုက်ကြည့်နေကြပါသည်။ အမှန်ပြောရရင် ကိုယ်ချည်း အလဲထိုးခံရမယ့်၊ ပြိုင်ဘက်မဟုတ် နိုင်တဲ့ တန်းကျော်ကြီးနဲ့တော့ နှစ်ယောက်စလုံး ဘယ်ပြိုင်ဝံ့ပါ့ လေ။ ဒီလူနဲ့ ဒီလူဆိုရင်တော့ သူ့လောက်တော့ ကိုယ်ကပဲ

အသာကလေး လှဲသိပ်ချန်ထားနိုင်မယ်ပဲ ကိုယ့်ဘက်ကိုယ် ယက်ထွေးပြီး ထင်နေမိသေးတာကိုး။

နှစ်ယောက်စလုံး လက်ဖဝါးကိုယ်စီ "ဖြောင်း" ခနဲ ရိုက်လိုက်ကြပါသည်။

♥ ✧ ♥





## အခန်း(၄)

(၁) နယ်ဘက်တွင် တရားဝင်ဇနီးမယားသဘော မဟုတ်သော်လည်း အတူနေ အတူစား living together သဘော မျိုး အမျိုးသမီးတစ်ယောက်ရှိ။

(၂) လက်ဆုပ်လက်ကိုင်၊ မယ်မယ်ရရ၊ ဟန်ကျ ပန်ကျ မြတ်စွန်းနေသော တရားဝင်လုပ်ငန်းကိုင်ငန်းမျိုး တစ်ခုမှ ပိုင်ဆိုင်ထားခြင်းမရှိသေး။ ယခုလက်ရှိ အများသိ ဖော်ပြထားသော လုပ်ငန်းမှာ အမြတ်အစွန်း မရရှိသည့်အပြင် သောက်သောက် လဲ ရှုံးနေပြီး အဝင်သာရှိ၍ အထွက်ပြန်မရှိသော လုပ်ငန်းဖြစ်။

(၃) ထို့ကြောင့် အလျှံပယ်စွာ သုံးစွဲနေထိုင်နေသော အခြေအနေများမှာ တရားမဝင်၊ တိတ်တိတ်ပုန်း၊ ဥပဒေနှင့်မကင်း လွတ်သောစီးပွားရေးမျိုးမှ ဖြစ်လျှင်ဖြစ်။ သို့မဟုတ်ပါက ချေးငှား သုံးစွဲပြီး ဟန်ပြနေထိုင်နေခြင်းမျိုးသာဖြစ်နိုင်။

(၄) မိခင်ဆုံးပါးသွားခဲ့ပြီဆိုသည်မှာ မဟုတ်ပါ။ နှစ်ကြီးအမှုဖြင့် ထောင်နေကျခြင်းသာဖြစ်။

(၅) ဖခင်နှင့်အတူတကွ နေထိုင်ကာ ပြုစုစောင့်ရှောက်ပေးနေသည်ဆိုသော ဘူမဖြစ်သူမှာ ဖခင်၏တရားမဝင်ဇနီးငယ်တစ်ယောက်သာဖြစ်။

(၆) အစ်ကိုလုပ်သူတွင်လည်း လက်ရှိတရားဝင်ပေါင်းသင်းလျက်ရှိသော ဇနီးမယားများအဖြစ် အပြိုင်(၂)ယောက်တစ်ပြိုင်နက်ရှိ။

(၇) ငယ်စဉ်က ရိုက်နှက်မှုများနှင့် ထောင်ကျခြင်းမရှိဖူးသော်လည်း ရက်အနည်းငယ် အချုပ်ကျပြီးမှ ခံဝန်နှင့်ပြန်ထုတ်လာရသည်များ အကြိမ်ကြိမ်ရှိ။

(၈) ၎င်း၏အတွင်းရေးမှူးမကလေးမှာ သားဖွားမီးယပ်ဆရာဝန် (ဝG)နှင့် အမြဲတစေ ပြသနေရပြီး အချို့သောအကြိမ်များတွင် ၎င်းကိုယ်တိုင် လိုက်ပါပို့ဆောင် စောင့်ရှောက်ပေးလျက်ရှိ။

(၉) ... ... ... ... ...။

(၁၀) ... ... ... ... ...။

(၁၁) ... ... ... ... ...။

"အမယ်လေး ... အမယ်လေး ... မကြားဝံ့မနာသာတွေချည်းပါပဲလား။ ဖတ်ကြည့်နေရတာတောင် မျက်လုံးအာရုံကြောတွေ ထိခိုက်လာပြီလားလို့ ထင်ရပါတယ်။ ဒါဘာသဘောတွေများလဲ သမီးရယ် ... ဟင် ! မိရှေး ..."





"ပစ်စာလေ"

"အေးလေ ... သိတာပေါ့။ မေမေလည်း ရတာပဲလေ"

"ဟင် ! မေမေ့ဆီလည်း ပို့တယ်။ အိမ်ကိုပို့တာလား။ ဒါက မိရှေး အလုပ်လိပ်စာနဲ့ မိရှေးဆီကိုပဲ တိုက်ရိုက်ပို့တာ။ မေမေလည်း ရတယ်ဆိုတော့ ဒါတွေ မေမေဖတ်ကြည့်ပြီးသားလား။ စုံစမ်းထားပြီးသားလား"

"ဟင့်အင်း ... ခုမှ မိရှေးက ပြီးအောင်ဖတ်ပါဆိုလို့ ဂယနဏာ ဖတ်ကြည့်မိတာပါ။ မေမေ့နာမည်နဲ့ အိမ်ကိုစာတိုက်က ရောက်လာတုန်းကတော့ ဖွင့်ကြည့်ပြီး ပထမတစ်ကြောင်းကို ဖတ်ပြီးတာနဲ့ မေမေက ဆွဲဆုပ်ပြီး အမှိုက်တောင်းထဲပဲ ပစ်လိုက်တာပဲ၊ အပြီးကို ဆက်ဖတ်မနေတော့ဘူးလေ ...

မေမေတို့ ငယ်ငယ်ကတည်းက အဲဒီလိုစာတွေဟာ အပြီးသတ်ကျတော့ အစောင်(၅၀)ဖြန့်ဝေပါ။ အစောင်(၁၀၀)ဖြန့်ဝေပါနဲ့၊ ဝေရင် ဘာဖြစ်မယ်ဆိုတာကနည်းနည်း။ မဝေရင် ကားတိုက်မယ်၊ မြွေကိုက်မယ်၊ မီးလောင်မယ် အမျိုးစုံ ခြိမ်းခြောက်ထားလိုက်ကြတာ။ ဖတ်မိတဲ့သူမှာ ဝေရကောင်းနိုး မဝေရကောင်းနိုး။ စိတ်ထဲ ကသိကအောက်နဲ့ စိတ်အနှောင့်အယှက် သိပ်ဖြစ်ရတယ်။ အဲဒါကြောင့် မေမေက ပြီးအောင်မဖတ်ဘဲ ဆွဲဆုတ်ပြီးတော့ဘဲ လွှင့်ပစ်လိုက်တာလေ"

"ဒါက အဲဒီလို အစောင်(၁၀၀)ထပ်ဝေပါဆိုတဲ့ စာမျိုး မဟုတ်ဘူးလေ"

"အေးလေ ... စာအဆုံးမှာ ဘာမှမှမပါဘဲ။ ဒါဖြင့်ဘာလဲ၊ အရင်းမရှိ အဖျားမရှိ။ အစမရှိ အဆုံးမရှိနဲ့ သူများ မကောင်းကြောင်းတွေချည်း မကြားဝံ့မနာသာ လျှောက်ရေး ထားလိုက်တာ ဘာသဘောလဲ သမီးရယ်။ မေမေ့ကိုလည်း ပို့တယ်။ မေမေက ဂရုမစိုက်ဘဲ လွှင့်ပစ်တော့ သမီးကို လည်း ထပ်ပို့ပြန်တယ်ဆိုတော့ မေမေတို့မိသားစုကိုပဲ ပစ်မှတ်ထားပြီး စိတ်အနှောင့်အယှက်ပေး၊ ဒုက္ခပေးချင်နေ ကြတာ။ ဘယ်လိုမသမာသူမျိုးတွေများပါလိမ့်။ မေမေတို့ မှာ တစ်သက်လုံး. ကောင်းကောင်းမွန်မွန် အေးအေးဆေး ဆေးပဲ နေလာကြတာ၊ ဘယ်လိုရန်သူ မုန်းသူမျိုးမှလဲ မရှိဘဲနဲ့။ ရေးဘဝက အကုသိုလ်တွေများပဲလား"

"ရန်သူ မုန်းသူ မဟုတ်ဘူး မေမေ၊ ချစ်သူခင်သူတွေပဲ ဖြစ်မှာပါ"

"ဘယ်လို ! "

"မေမေ့ကိုပို့ပြီးမှ မေမေက ဂရုမစိုက်ဘဲထားလို့ မိရှေး ကို ထပ်ပို့တာမျိုးလည်း မဖြစ်နိုင်ဘူး မေမေ။ မိရှေးလည်း ဒီစာကိုရထားတာ နှစ်ပတ်လောက်တော့ ရှိပါပြီ"

"အေး ... အေး ... အဲဒီလောက်ပဲ ထင်ပါရဲ့"





"မေမေက လွှင့်ပစ်လိုက်ပေမယ့် မိရှေးက လိုက်စုံစမ်းနေ ခဲ့တာ"

"ဟဲ့ ... ဘာလုပ်ဖို့လဲ။ ဒါမျိုးပို့တယ် ဆိုကတည်းက စိတ်ရင်းမကောင်းတာနဲ့၊ ဦးနှောက်မကောင်းတာ တစ်ခုခု ပဲ။ ဘယ်သူပို့တယ်ဆိုတာ သိချင်မနေပါနဲ့တော့ သမီး ရယ်။ မသိရလည်း အရေးမကြီးပါဘူး။ ခေါင်းထဲကကို ထုတ်ပစ်ပြီး မေ့ထားလိုက်ပါ။ လိုက်စုံစမ်းတယ်ဆိုတာတော့ အန္တရာယ်ကြီးပါတယ်"

"ပို့တဲ့လူကို မစုံစမ်းပါဘူး။ ဘယ်သူဖြစ်နိုင်တယ်ဆိုတာ မှန်းမိပြီးသားပါ။ မိရှေးက စာထဲကလူရဲ့ အဖြစ်အပျက် တွေ အကြောင်းကိုသာ လိုက်စုံစမ်းတာ"

"စာထဲကလူ ... ! အဲဒီလောက် ဆိုးရွားမှုတွေ ပေါင်းစု နေတဲ့လူ အပြင်မှာ တကယ်ပဲ ရှိသလား"

"ရှိတယ် မေမေ။ မိရှေး ရှိရှိသမျှ အချက်အားလုံးကိုတော့ လိုက်မစုံစမ်းနိုင်သေးပါဘူး။ ဒါပေမဲ့ ဆယ့်လေးငါးချက် ရေးပြထားတာမှာ လေးငါးချက်မှန်နေရင်ကို လုံလောက် ပါပြီ။ ကျန်တဲ့ မစုံစမ်းနိုင်တဲ့ အချက်တွေက အားလုံးအပို တွေ၊ မဟုတ်မမှန်တာတွေပဲ ဖြစ်နေပစေဦး။ လေးငါးချက် လောက် မှန်နေတာကပဲ ဒီစာထဲကလူရဲ့ အကျင့်စာရိတ္တ နဲ့ စိတ်မျိုးရိုးတွေကို ဖော်ပြနေနိုင်ပြီ မဟုတ်လား"

"အင်း ... အင်း ... ဟုတ်တာပေါ့"

"အဲဒီလိုလူမျိုးဟာ မပေါင်းထိုက်တဲ့၊ ကိုယ့်နံဘေးပတ်ဝန်းကျင်မှာတောင် မရှိထိုက်တဲ့။ စကားထဲတောင် ထည့်မပြောရမယ့်လူမျိုး မဟုတ်လား မေမေ"

"အေး ... အေး ... တကယ်ပဲ ဆိုရင်တော့ ဟုတ်တာပေါ့ကွယ်။ ဒါနဲ့ အဲဒါက ဘယ်သူမို့လဲ"

"နိုင်မော်သန့်"

"အဲ ... ဟိုဒင်း ... စာပို့လိုက်တဲ့လူဟာလား"

"ဟုတ်အင်း မေမေ၊ စာထဲကလူဟာ"

"ဘုရား ... ဘုရား။ တကယ်ပဲလား သမီးရယ်။ သူ ... သူလို့တော့ လုံးဝမပြောထားဘူးနော်။ ဘယ်သူရယ်လို့ အတိအကျဖော်ပြမထားတဲ့ အရင်းမရှိ အဖျားမရှိစာမျိုးနော်"

"ဒါပေမဲ့ ဒီစာကို ဖတ်လိုက်ရပြီးတာနဲ့ သမီးက သူ့အကြောင်းတွေကို ရေးပို့လာတာပဲဖြစ်မယ်လို့ ဘယ်သူမှ ပြောပြနေစရာမလိုဘဲ စိတ်ထဲကနေ အလိုလိုနေရင်းနဲ့ကို တန်းထင်လိုက်တယ်။ အဲဒါနဲ့ နှစ်ပတ်အတွင်း လိုက်စုံစမ်းကြည့်လိုက်တော့ အဲဒါ သူပဲ။ စုံစမ်းမိသလောက်ကတော့ အတိအကျပဲ"

ရေးနှောင်းရဲ့ မေမေမျာ ရင်ဘတ်ကလေးကို အသာအယာဖိပြီး နှစ်ယောက်ထိုင်ဆိုဖာဆက်တီကြီးတစ်လုံးပေါ်သို့ ပစ်လှဲချလိုက်မိသည်မှာ တော်ရုံနဲ့ကို ပြန်ထမလာနိုင်ပါတော့။ ဆယ်မိနစ်လောက်နေမှ "ကံသီပေလို့"ဟူသော စကားတစ်ခွန်းကို အနိုင်နိုင် ပြောနိုင်လာပါသည်။





"ကံဆိုတာထက် 'လူ'ပါပဲ မေမေရယ်။ တကယ်လို့သာ သမီးတို့က ဒါမျိုးတွေကို တိတိကျကျ လိုက်မစုံစမ်းမိဘဲ လက်ရှိမြင်သာနေတဲ့ ရုပ်ကလေး၊ အခြေအနေလေး၊ အပြောအဆို အနေအထိုင်လေးလောက်ကိုပဲကြည့်ပြီး ဆုံးဖြတ်မိလိုက်ကြမယ်ဆိုရင် ကံဆိုးလို့ဆိုတာထက် သမီးတို့ကိုက ညံ့လို့၊ မစေ့စပ် မသေချာလို့၊ အလေးအနက်ထားရမယ့်ကိစ္စမျိုးကို အပေါ်ယံလောက်နဲ့ ဆုံးဖြတ်မိလို့ပေါ့ ...

ခု ထစုံစမ်းမိတယ် ဆိုတာကလည်း ကံကောင်းလို့၊ ကံမ,လို့ဆိုတာထက် ပြောပြတဲ့သူ၊ သတင်းပေးတဲ့သူ ရှိလာလို့။ ကံမ,တာထက် လူကကူညီတာ။ ကိုယ်တိုင်ကလည်း မဖြစ်နိုင်ပါဘူးလို့ ဇွတ်မပစ်ပယ်လိုက်ဘဲ သံသယစိတ်ထားပြီး လိုက်စုံစမ်းကြည့်လိုက်လို့။ လူကလုပ်တာချည်းပဲ မေမေရဲ့"

"အေးပါအေ၊ တိတိကျကျ မျက်နှာချင်းဆိုင် ရှင်းရှင်းလင်းလင်းတော့ လာမပြောပြပေမယ့် ဒီလိုမျိုး ပစ်စာသဘောနဲ့ အသိပေးတာကပဲ ကျေးဇူးကြီးလှပါပြီ။ စာတွေပို့ပေးတဲ့သူကို အင်မတန် ကျေးဇူးတင်ပါတယ်။ ကျေးဇူးရှင်စာရင်းဝင်ပါပဲ။ ဘယ်သူဖြစ်နိုင်တယ် ဆိုတာကိုလည်း မိရေးက မှန်းမိတယ်ဆိုတော့ နဂိုတည်းက အသိတွေလား။ မိစောကလေးများလား"

"မေမေကလည်း မိစောဆိုရင် ဒီလို စာတစ်တန် ပေတစ်တန်လုပ်နေပါ့မလား။ မျက်လုံးဖြူ မျက်ဆန်ပြူးနဲ့ အိမ်ပေါ်ကို အော်ကြီးဟစ်ကျယ်နဲ့ တန်းပြီးပြေးတက်လာမှာပေါ့"

မိရှေးလည်း မေမေ့လိုပဲ နောက်ထပ် ဆက်တီကြီးတစ်ခုထက်မှာ ပစ်လှဲချလိုက်ပါသည်။ ကဲ ... ဘယ်သူ့လက်ချက်လဲရှင်။ ဦးအောင်ဇေယျလား။ ညဗာပဲလား။ မိရှေးမှာ ပြိုင်ဘက်မရှိ။ တစ်ယောက်တည်း လောင်းကြေးတွေထပ်ကာ အဖြေရှာနေမိပါသော်လည်း "ဒီတစ်ယောက်ပဲ ဖြစ်ကိုဖြစ်ရမယ်"ဆိုတဲ့ တိကျစွာ ရွေးချယ်နိုင်တဲ့ အဖြေမျိုး ထွက်မလာပါ။

ဘယ်သူမဆို ဖြစ်နိုင်တာပဲ။ မိရှေး တစ်ယောက် မိဘသဘောတူသူနဲ့ လက်ထပ်တော့မယ်ဆိုတဲ့ သတင်းမျိုးကိုရလိုက်ကြရင် ဘယ်သူမဆို ဒီလိုပဲ ပိုက်စိတ်တိုက် လိုက်စုံစမ်းကာ မကောင်းသတင်းကို တစ်ချက်လော့က်များ ရလိုက်လို့ကတော့ ဝမ်းသာအားရ သတင်းပေးပို့ကြမှာပဲ။ ဒါပေမဲ့ ခုဟာက တစ်ချက်မက ဆယ့်လေးငါးချက်တောင်ဆိုတော့ တတ်လည်း တတ်နိုင်ကြတဲ့လူတွေဟုသာ ပြောရမည်ပင်။ အဲဒါကြောင့်မို့ပဲ မိရှေးက "ပူးပေါင်းကြံစည်မှုများလား"ဟုပင် ထင်နေမိသေးသည်။

ဘယ်သူပဲဖြစ်ဖြစ်ပါ။ မိရှေးရဲ့ခင်မင်မှုနဲ့ သံယောဇဉ်အနှောင်အဖွဲ့တို့ကတော့ ဒီတစ်ချက်နဲ့တင် ဆထက်တိုးရစ်ပတ်ကာ အများကြီး များသွားခဲ့ရသည်ပင်။ သူတို့ဟာ မိရှေးအတွက်





ဆို ငြိမ်နေမယ့်သူတွေ မဟုတ်ဘူး။ မိရှေးကို ထိလာရင် ခံနေကြမှာ မဟုတ်ဘူး။ သူတို့ဟာ မိရှေးရဲ့ဒေါသ၊ မိရှေးရဲ့ပြိုင်ငြင်မှုတို့ကိုကြောက်လို့သာ အမည်မဖော်ဝံ့ဘဲ ရှိကြမယ်။ မိရှေးရဲ့သစ္စာရှိရဲဘော်ရဲဘက်ကောင်း စစ်စစ်တွေပင်။

မိရှေးက ခုံမှာမှီထိုင်နေရာက ခပ်မတ်မတ် ပြင်ထိုင်လိုက်ကာ ဖုန်းနံပါတ်နှစ်ခုဆီသို့ Message (သတင်းစာတို)လေး နှစ်လုံးစီ ပို့လိုက်သည်။

"Thank you"

စာပို့ပေးလာတဲ့သူ ဆိုရင်တော့ သူတို့ရဲ့စာလိုပဲ အရင်းမရှိ အဖျားမရှိ၊ အကြောင်းဖော်မပြဘဲ ပြန်ပို့တဲ့ မိရှေးရဲ့ ကျေးဇူးတင်စကားကို နားလည်ချေလော့။ "မိရှေး ဘာကိုကျေးဇူးတင်တာလဲ"လို့ ဖုန်းဆက်လာသူကတော့ ကျေးဇူးတင်စရာကောင်းတဲ့ စာကြီးကို ပေးပို့လာတဲ့သူ မဟုတ်လို့ပေါ့။ မိရှေးကလက်ထဲက လက်ကိုင်ဖုန်းကလေးကို စားပွဲပေါ် အသာတင်လိုက်ကာ ငြိမ်ငြိမ်ကြီး ထိုင်စိုက်ကြည့်နေရင်း သူတို့ထံမှ သတင်းစကားကို ပြန်စောင့်ပါသည်။ သိပ်တောင်မကြာလိုက်ဘူးထင်သည်။ Vibration (တုန်ခါမှု)ထည့်ထားသော မိရှေးရဲ့ဖုန်းကလေးဟာ "ဂီး"ဆိုတဲ့ အသံတစ်ခုနဲ့ တုန်ခါလှုပ်ရှားလာခဲ့ပြီးမှ Massage ရရှိကြောင်း အသိပေးတဲ့ "တွင် ... တွင်"၊ "တွင် ... တွင်"ဆိုတဲ့ အသံကလေးတွေ ဆက်တိုက်ပင် မြည်လာခဲ့ပါသည်။ လှမ်းယူကြည့်လိုက်တော့ ဖုန်းလေးရဲ့မျက်နှာပြင်ပေါ်မှ ပေါ်နေတဲ့စာက ...

"You have (2) Messages"

ပြန်ကြားချက်သတင်းစကား စာနှစ်စောင်လုံး ဖြိုင်တူလိုလိုပင် ပြန်ရောက်လာခဲ့ပါပြီ။ ကံစမ်းမဲလိပ်ကို ဖြေနေရတဲ့ ရင်ခုန်မှုမျိုးနဲ့ တူမည်ထင်ပါရဲ့။ သူတို့နှစ်ယောက်လုံးဆီက သတင်းစာတိုများကို ဖွင့်ဖတ်နေသည့် မိရှေးမှာ ရင်လေးတခုန်ခုန်နှင့် "ဘယ်သူလဲ"ဆိုတာကို သိချင်လှပါပြီ။

တစ်စောင်ကို ဖွင့်ဖတ်လိုက်တော့ ...

"Welcome. If you are thankful, please accept my invitation for dinner."

(ကျေးဇူးတင်တယ်ဆိုရင် ညစာအတွက် ဖိတ်ကြားချက်ကို လက်ခံပေးပါ။)

နောက်တစ်စောင်ကျတော့ တစ်မျိုး။ လူကြီးဆိုတော့ နည်းနည်းပေရှည်ရှည်ကလေးနဲ့ ...

"You're welcome. I would like to invite you to dinner and I would not want you to think that this is too much of taking advantage over you."

(မင်းစိတ်ကြိုက်ပါပဲ။ အခွင့်အရေးယူတယ်လို့တော့ မထင်စေချင်ဘူး။ မင်းကို ငါ ညစာအတွက် ဖိတ်ကြားချင်ပါတယ်။)

မိရှေးမှာ ဝမ်းသာအားရနှင့် ခပ်ကျယ်ကျယ် အသံထွက်ပြီးတော့ပဲ အော်ရယ်လိုက်မိပါသည်။ အထိတ်တလန့်ပြေသွား၍ မီးထိုင်နေရာမှ ခုနလေးကပဲ ထထွက်သွားသော မမေ





ပင် မိရှေးရဲ့ရယ်သံကျယ်ကြီးကြောင့် "ငါ့သမီးတော့ ဘာဖြစ်ပါလိမ့်"ဆိုတဲ့ သဘောနဲ့ အခန်းပေါက်ဝမှာ ပြန်ပေါ်လာပြီး ဟာအကဲခတ်ပါသည်။

ထင်တဲ့အတိုင်းပဲလေ။ နှစ်ယောက်စလုံးပဲ။ ပူပေါင်းကြံစည်မှုပဲ။ တစ်ယောက်တည်းဆီက သီးသန့်ကျေးဇူးရှိတာမျိုး မဟုတ်ဘဲ နှစ်ယောက်ပူးကြီး ဖြစ်နေပြန်တာကို စိတ်ရှုပ်သွားရမယ့်အစား ပျော်တောင်သွားမိသလိုရှိတဲ့ ကိုယ့်ကိုယ်ကိုယ်လည်း မိရှေးက နားမလည်နိုင်ပါ။

လူတစ်ကိုယ်လုံး "အကွက်"တွေချည်း ပြည့်နေတတ်ကြပြီး အမြဲတစေ အကွက်ကောင်းပဲ ချောင်းနေကြတဲ့ သူနှစ်ဦးဟာ သူတို့ရဲ့"ကျေးဇူးတရားကြီး"အတွက် အကွက်ကောင်းကို ချက်ချင်းပြန်တောင်းလိုက်ဖို့လည်း နှစ်ယောက်စလုံးပဲ မမေ့မလျော့ကြချေ။

ရယ်ဖို့ပိုကောင်းတာက "Thank you"ဆိုတဲ့ မိရှေးရဲ့ ကျေးဇူးတင်ခြင်း စကားအတိမ်အနက်ကို ကောင်းကောင်းသဘောပေါက်နိုင်ကြတဲ့ နှစ်ယောက်ဟာ "ကျေးဇူးတင်ထိုက်သူစာရင်းမှာ နောက်တစ်ယောက်လည်း ပါနေပါသေးတယ်"ဆိုတာကိုကျတော့ နှစ်ယောက်လုံးပင် ရိုးရိုးသားသား ပွင့်ပွင့်လင်းလင်း ဝန်မခံခဲ့ကြ။ ဒိုင်လျှိုလေးကိုယ်စီနှင့် ကိုယ်ချည်းပဲ ကျေးဇူးကြီးသလိုလို ဘာလိုလိုနဲ့ တစ်ဖက်သားတစ်ယောက်ရဲ့ အကြောင်းအရာကိုကျတော့ မြှုပ်ထားဖုံးထားကြသည်။

မိရှေးက တယ်လီဖုန်းလေးကို ပြန်ကောက်ကိုင်ကာ ချက်ချင်းပင် စာနှစ်စောင် ဆင့်တူပြန်ရိုက်လိုက်ပါသည်။

"I accept your invitation. However I will bring a anogher person that I owe for dinner."

မင်းရဲ့ဖိတ်ကြားချက်ကို ငါ လက်ခံပါတယ်။ ဒါပေမဲ့ အဲဒီညစာအတွက် ငါ့မှာ ဝတ္တရားရှိနေတဲ့ သက်ဆိုင်သူ နောက် တစ်ယောက်ကိုတော့ ငါခေါ်လာရလိမ့်မယ်။)

မိရှေးရဲ့ SMS (သတင်းစာတို)ကို ပြန်ဖတ်ပြီးကြ ရင်တော့ သူတို့ရဲ့မျက်နှာကြီးတွေ အီးပိတ်သလို ရှုံ့တွတွန့်လိမ် သွားကြမှာ အမှန်ပါပဲ။

မိရှေးဆီက ရယ်သံကျယ်တွေ ထွက်ပေါ်လာပြီး တော့ မေမေက စိုးရိမ်မကင်းသလို "မိရှေး"ဟု သတိပေးသံမျိုး နှင့် လှမ်းဟန့်ပြန်လေသည်။

♥ ✧ ♥

"ဘာ ... ဘာတွေ ... ဘာတွေများ ပြောဆိုပြီးသွားကြ ပြီလဲ"

မိရှေးမှာ ပါးစပ်ကလေးကို တင်းတင်းစေ့ပိတ်ထား ပေမယ့် "တကိကိ"ရယ်သံကတော့ တားမရဘဲ ထွက်လာပါသည်။ ချိန်းဆိုထားရာ ညစာစားပွဲသို့ အနည်းငယ်ကလေးလောက် နောက်





ကျပြီးမှ ရောက်ရှိလာတဲ့ ဦးအောင်ဇေယျဟာ သူ့ရဲ့နောက်ကျမှု အတွက် တောင်းပန်စကားဆိုမယ်တော့ စိတ်မကူး။ အရင်ဦးအောင် စိုးရိမ်တကြီး မေးလိုက်ပုံက မိရှေးနဲ့ ဩဇာတို့ နှစ်ယောက်တည်း သူ မရှိနိုင်တုန်းမှာ "ဘာတွေများ ပြောဆိုပြီးသွားကြပြီလဲ"တဲ့။

မိရှေးနှင့် ဩဇာမှာ စားပွဲတစ်လုံး၌ မျက်နှာချင်း ဆိုင် ထိုင်ဖြစ်နေကြသည်ဖြစ်ရာ နောက်မှ ရောက်လာသည့် ဦးအောင်ဇေယျက မိရှေးရဲ့ညာဘက်က စားပွဲတစ်ဖက်မှာ ဝင်ထိုင် လိုက်သဖြင့် အလျားမရှည်တရှည် စားပွဲမျိုးမှာ မျက်နှာချင်းဆိုင် ထိုင်နေတဲ့ ဩဇာနဲ့စာရင် မိရှေးနဲ့ ပိုနီးကပ်သလို ဖြစ်သွားပါသည်။ အရေးထဲ သူက မိရှေးနဲ့ ပိုမနီးနီးအောင် အဲဒီစားပွဲတစ်ဖက်ရဲ့ အလယ်လောက်မှာရှိနေတဲ့ခုံကို မိရှေးနဲ့ နီးရာဘက်သို့ နည်းနည်း ဆွဲယူလိုက်ပြီးမှ ဝင်ထိုင်လိုက်ခြင်းဖြစ်သည်။

ဩဇာကလည်း မခေပါ။ အခွင့်ကောင်းနည်းနည်း ပို့ယူလိုက်တဲ့ ဦးအောင်ဇေယျကို မျက်ထောင့်နီနှင့် လှမ်းကြည့်လိုက် ပြီးမှ သူ့ခုံကိုလည်း မိရှေးနဲ့ မျက်နှာချင်းဆိုင် အဖြစ်ကနေ မိရှေးရဲ့ ဘယ်ဘက်က ဘေးတိုက်ခပ်နီးနီး နေရာဆီသို့ ဖျတ်ခနဲ သပြောင်းရွှေ့ပစ်လိုက်သည်။

ဦးအောင်ဇေယျရဲ့ ရှုလည်ကျမှုကို မကျေမနပ်ကြီး နှင့် ဆောင့်ကြီးအောင့်ကြီး လုပ်သလိုလိုနဲ့ပင် ဩဇာရဲ့ခုံက ဦးအောင်ဇေယျရဲ့ခုံထက် မိရှေးနှင့် ပိုနီးသွားပါသည်။ ထိုအခါ ငြိမ်ခံနေလိုက်ဖို့ စိတ်ကူးမရှိတဲ့ ဦးအောင်ဇေယျကလည်း သူ့ခုံ

ကနေ ပြန်ထ၊ ပိုနီးအောင် ထပ်တိုးလိုက်ပြီးမှ ပြန်ထိုင်။ ဩဇာကလည်း ထရပ်၊ ပိုတိုး၊ ပြန်ထိုင်။ ဦးအောင်ဇေယျက ...။

"ကဲ ... တော်ကြပါတော့။ တော်နေကြာ စားပွဲတစ်ဖက်စွန်းမှာ မိရှေး ကျပ်ညပ်ပိတ်မိနေပြီး ထမင်းစားဖို့တောင် လက်လှုပ်လို့မရဘဲ ဖြစ်နေတော့မယ်။ လူမြင်လို့လည်း မကောင်းတော့ပါဘူး၊ ရယ်ရလွန်းလို့လည်း သေတော့မယ်"

လူကြီးဖြစ်တဲ့ ဦးအောင်ဇေယျက မိရှေးရဲ့စကားကြောင့် သူ့ခုံကို နှစ်လက်မလောက် အရင်ပြန်ထရွှေ့လိုက်ပြီးမှ ဩဇာကိုပါ မေးဆတ်ပြလိုက်ပါသည်။ ပြီးတာနဲ့ မိရှေးဘက် ပြန်လှည့်ကာ ...

"ခုနက ဘာတွေပြောနေကြတာလဲ"

"သြော် ... ရှေးကို စုံစမ်းပေးတဲ့ အချက်တွေအကြောင်းပါ ဦးအောင်ဇေယျ။ ဩဇာက (၁)ရယ်၊ (၄)ရယ်၊ (၇)ရယ်၊ (၈)ရယ်က သူတဲ့၊ ပြီးကျတော့ (၁၁)ရယ် ..."

"ဟော့ ... ဟော့ ... ဟော့ကောင် (၇)က ငါမဟုတ်လား ငါက (၂)ရယ်၊ (၃)ရယ်၊ (၅) (၆) (၇) ... ပြီးတော့ ..."

"(၇)က ခင်ဗျားကြီးမှ မဟုတ်တာ၊ ကျုပ်ပါဗျ"

"ငါ မင်းကို ပြောပြတာလေ"

"ကျုပ်သိလာပြီး လာပြောပြတော့မှ ခင်ဗျားလည်း သိပြီးပြီဆိုတဲ့သဘောမျိုး ရောချလိုက်တာပါ။ ပြီးတော့ (၃)ကလည်း ခင်ဗျားစုံစမ်းတာလို့ တစ်ချက်တိုးအောင် ... စာရင်း





ထည့်ပြောလို့မရပါဘူး။ (၃)က အကြောင်းအရာမှမဟုတ်တာ မှတ်ချက်၊ ထင်မြင်ချက်ပဲ"

"အေးလေ ... ဘာပဲဖြစ်ဖြစ် မှတ်ချက်ဆိုလည်း ငါ့မှတ်ချက်လေ၊ ငါတွေးခေါ်မြော်မြင်ထားတဲ့ ငါ့ကောက်ချက်လေ"

"ကောက်ချက်၊ ထင်မြင်ချက်ဆိုမှတော့ နှစ်ယောက်အတူတိုင်ပြောနေကြတာ နှစ်ယောက်အတူချဖြစ်တဲ့ ကောက်ချက်ပေါ့ဗျ။ ခင်ဗျားထဲပဲ ထည့်ထားလို့ ရမလား"

"မင်းက ဘယ်တုန်းကများ အဲဒီလောက် မြော်မြော်မြင်မြင် စဉ်းစားတတ်၊ တွေးခေါ်တတ်တာမို့လဲ။ (၃)ကလည်း ကောက်ချက်၊ (၁၂)ကလည်း ကောက်ချက်။ နှစ်ခုလုံး ငါချည်း ဦးနှောက်နဲ့ အလုပ်လုပ်ပြီး ဦးဆောင်စဉ်းစားပေးရတာ။ မင်းက နောက်ကနေ "ဖြစ်နိုင်တယ် ... ဖြစ်နိုင်တယ်"လောက် လိုက်အော်ခဲ့ပြီးတော့များ"

"ဒါကတော့ ခင်ဗျားက အားတက်သရော အပင်ပန်းခံပြီး နယ်တွေအထိသွား၊ ရပ်ကွက်တကာပေါင်းစုံထဲ လျှောက်မွှေ၊ ခြေတိုမတတ် လူပင်ပန်း စိတ်ပင်ပန်းခံ စုံစမ်းပေးတာမျိုးမှ မဟုတ်ဘဲကိုး။ အဲကွန်းခန်းထဲက စားပွဲတစ်လုံးမှာ မိန့်မိန့်ကြီးထိုင်ပြီး ဖုန်းတစ်လုံး၊ ဖက်စ်တစ်ခုနဲ့ ခြေမြမကျ အပင်ပန်းမခံခဲ့တဲ့သူဆိုတော့ ဦးနှောက်ကိုပဲ အလေးပေး ရှေ့တန်းတင်ပြီးပြောရ၊ ဂုဏ်ယူရတော့မှာပေါ့"

"ဪ ... ဒီမှာ။ ဘယ်လိုနည်းနဲ့ စုံစမ်း စုံစမ်း အဓိက, က ရှေးဟာလေး ဒုက္ခရောက်သွားနိုင်တဲ့ အချက်တွေကို သိလာဖို့ပဲ"

"အဲဒီလိုသာဆိုလို့ကတော့ ကျွန်တော် စုံစမ်းလာနိုင်တဲ့ အချက်တွေကမှ ရှေးကိုပိုထိခိုက်နိုင်တာ၊ ပိုအဖိုးတန်တာ ပေါ့"

"ထပ်တရီ ... ကိုယ့်ဘာသာ . မိန်းမသနားအကြောင်း၊ ရန်ပွဲတွေအကြောင်း စိတ်ဝင်စားတတ်တဲ့သူမို့ ကိုယ်သန့်ရာ သန့်ရာ အချက်တွေ ရလာနိုင်တာကို။ ပိုအဖိုးတန်တယ် လုပ်မနေပါနဲ့ကွာ။ ကိုယ့်လိုင်းနဲ့ ကိုယ်ပါပဲ"

"ခင်ဗျားကြီး"

"ကဲ ... တော်ကြပါတော့။ ဘယ်သူက ဘယ်အချက်ပဲ ရလာလာ၊ ရှေးဒုက္ခမရောက်အောင် သတိပေးနိုင်ဖို့က လိုရင်းပဲဟာ။ ဘယ်သူ့ဟာကမှ ပိုအဖိုးတန်တယ်။ ပိုမြင့်မြတ်တယ်ရယ် မရှိပါဘူး။ ရှေးအပေါ်ထားခဲ့ကြတဲ့ စေတနာ မေတ္တာတွေကသာ အဓိကပါ"

"စေတနာ၊မေတ္တာတွေကတော့ ခွေးလိုက်ဆွဲခံရလို့ အသားတစ် ပါမသွားရုံတစ်မယ်က တစ်မျိုး"

"ကိုယ့်ဘာသာ ခွေးကတောင် သောက်မြင်ကတ်ခံရတဲ့ရုပ်မျိုး ထွက်နေလို့ပါကွာ။ ဒါ စေတနာမေတ္တာနဲ့ မဆိုင်ပါဘူး"





"နယ်ဆင်းသွားတုန်းကလည်း အဲဒီမိန်းကလေးရဲ့အစ်ကိုတွေ မောင်တွေက ဘာကောင်လဲဆိုပြီး တည်းခိုခန်းအောက် ထပ်ကနေ လာဝိုင်းထားကြလို့ နောက်ဘက်အရေးပေါ်ထွက်ပေါက် လှေကားကနေ တွယ်ဆင်းခဲ့ရတာ"

"ကြုံတုန်းကြုံခိုက်ဆိုပြီး သူတို့ညီမကို ဘာများသွားလုပ်ခဲ့ သလဲမှ မသိတာ"

"ရဲစခန်းတကာလည်ပြီး လူဆိုးထိန်းတွေ၊ ဆွဲချတွေပေါင်းစုံနဲ့ ပေါင်းသင်းစုံစမ်းရတာကော လွယ်မယ်ထင်လို့လား"

"ငါ့အတွက်ဆိုရင်တော့ ဘယ်လွယ်မလဲ၊ လုံးဝမလွယ်နိုင်ဘူး။ မင်းကတော့ ကြုံနေကျပဲလေ၊ ရောရှုပြောင်ဖြူးနေမှာပါ"

"ဟော့လို့ ... ခင်ဗျားကြီးက သူများတကာရဲ့ စေတနာမေတ္တာတွေကို လိုက်ပြီး သေးသိမ်အောင် လုပ်ပစ်နေတာ၊ ခင်ဗျားမှာကျတော့ အဲဒီလို မယ်မယ်ရရ ပြောစရာမရှိလို့ မဟုတ်လား။ ဗျူရိုကရက်ကြီးစတိုင်နဲ့ စားပွဲတစ်လုံး ဖုန်းတစ်လုံး လုပ်နေမှတော့ ဒီလိုအတွေ့အကြုံမျိုးတွေ ခင်ဗျားကြီးမှာမှ မရှိဘဲ၊ ဘယ်ပြန်ပြောပြနိုင်ပါ့မလဲ။ အဲဒါကြောင့် မနာလိုနေတာ ခင်ဗျား"

"တော်ကြပါတော့ဆို။ ဒါချည်းပဲ ပြောပြောနေရတာ သုံးလေးခါရှိပြီ။ ကိုယ့်ကိုယ်ကိုယ် အငြိမ့်ပွဲထဲက အငြိမ့်မင်းသမီးနဲ့ တူနေပြီလို့တောင် ထင်လာပြီ"

ဒါပေမဲ့ မိရှေးက ပျော်နေပါသည်။ မြင်လိုက်တာ၊ ဆုံလိုက်တာနဲ့ ရန်ထသတ်နေကြသူနှစ်ဦးကြားမှာ နေရတာ အတွေ့အကြုံအသစ်အဆန်း တစ်ခုလို စိတ်ရှုပ်စရာလည်း ကောင်းပေမယ့် ရယ်စရာလည်း ကောင်းသည်လေ။ မိရှေးမှာ အရွယ်မတူသည့် ရဲဘော်ရဲဘက် ယောက်ျားလေး သူငယ်ချင်းနှစ်ယောက် ရလိုက်သလို ခံစားရသည်။ ဦးအောင်ဇေယျက မိရှေးထက် (၁၀)နှစ်ကြီးပြီး ညဇာက မိရှေးထက်တောင် တစ်နှစ်ခွဲလောက် ငယ်သေးပေမယ့် သုံးယောက်သားဟာ ရွယ်တူ သူငယ်ချင်းကြီးတွေလို ခံစားလို့ရသည်။

ထမင်းစားကြတော့လည်း မိရှေးရဲ့ပန်းကန်ဟာ သူတို့အပြိုင်ဝိုင်းထည့်ကြတဲ့ ဟင်းတွေနဲ့ချည်း ပြည့်မောက်လျှံကာ အမှိုက်ပုံကြီးလိုတောင် ဖြစ်နေတာ။ "တော်တော့"လို့ ဘယ်လိုမှ တားယူမရတဲ့အဆုံး ပန်းကန်ကို မြှောက်ကိုင်ပြီး လက်ပါမြှောက်ထားရတဲ့အဖြစ်ကို ရောက်သည်။ ရေကအစ၊ တစ်ရှူးကအစ အနားမှာ တာဝန်ကျ အသင့်လာရပ်စောင့်နေရတဲ့ စားပွဲထိုးဗိတ်တာကောင်လေးမှာ ဘာအလုပ်မှမရှိ။ သူကလည်း အရွယ်မတူ အမျိုးမတူ သုံးယောက်တို့ရဲ့ ရှုပ်ယှက်ခတ် ဖြစ်ပျက်နေပုံကို စိတ်ဝင်တစားနှင့်ရယ်လို့ချည်း နေတော့သည်။

"ဒီမှာ ... ဒါက နောက်နေတာ၊ အနိုင်ယူပြောနေတာ၊ ပြိုင်နေတာ မဟုတ်ဘူး၊ အတိအကျ လူကြီးစကားအနေနဲ့ အတည်ပြောမှာ။ ညဇာ ... မောင်ရင်ကော ကိုယ်ပါ





ဘယ်သူမှ လျှော့မယ့်သူမျိုး မဟုတ်ဘူး။ မိရှေးက တစ်ယောက်ယောက်ကို သေချာငြင်းမထုတ်လိုက်မချင်း၊ ဒါမှမဟုတ် သေချာမရွေးချယ်လိုက်မချင်း၊ ဒါမှမဟုတ် အချောင်သမားတစ်ကောင်ကောင်က အလစ်မှာ ဝင်နှိုက်မသွားမချင်း ကိုယ်တို့ ဒီလိုပဲ ရှိနေကြရမှာပဲ"

"ဟုတ်တယ်၊ ဒါတော့ ခင်ဗျားပြောတာ မှန်တယ်"

"တစ်ကောင်ကောင် ထပ်ပေါ်လာရင်လည်း အခုတစ်ယောက်လိုပဲ ကိုယ့်တို့လက်တွဲပြီး တိုက်ထုတ်ကြရုံပဲ"

"မှန်တယ်၊ အဲဒီအတိုင်းပဲလုပ်မှာ"

"အမယ် ... သူများနားရောက်လာတဲ့ သူတိုင်းမှာ ဒီလိုပဲအပြစ်အနာအဆာတွေ တစ်ပုံတစ်ပင်နဲ့ အမြဲရှိနေမှာကျနေတာပဲ"

"တစ်ပုံတစ်ပင်ပဲဖြစ်ဖြစ်၊ တစ်ခုပဲရှိရှိလေ ညီမရယ်။ ဘယ်သူကမှ ပြီးပြည့်စုံနေမှာမှ မဟုတ်တာ၊ ရှာတာကတော့ အပ်ဖျားထောက်ရှာမှာပဲ"

"ဟွန်း ... သူတို့ကျတော့ရော perfect ဖြစ်ပါပြီလို့ ပြောလို့ရမလား"

"မရဘူးလေ၊ ဒါတော့ ပူစရာမလိုဘူး ညီမ။ ကိုယ့်အကြောင်းကို သူ မပြတ်စုံစမ်းနေလိမ့်မယ်။ သူ့အပြစ်တွေလည်း ကိုယ်က အပ်ဖျားထောက် ထိုင်စောင့်ရှာနေမှာပဲ။ ဒါကတော့ မှာဖို့မလို၊ ပြောဖို့မလိုတဲ့ နှစ်ယောက်လုံး ညီနေပြီးသား စိတ်အသိတွေပဲ။ ညီမ မပူနဲ့"

"မပူနဲ့ မိရေး၊ အလုပ်တာဝန်မှာ ထိခိုက်ရင် ထိခိုက်ပါစေ အဲဒီတာဝန်ကတော့ နေ့တိုင်းမပျက်မကွက် ဝတ္တရားကျေနေတယ်"

"ဒါပေမဲ့ ဘယ်လိုမှ ရှာမရဘူး။ ခုထိ ဘာမှမတွေ့ဘူး မဟုတ်လား"

"ခင်ဗျားကြီးရော ကျုပ်ဆီမှာ မကောင်းတာ ဘာတစ်ချက်တွေ့သလဲ"

"အသေးအဖွားလောက် ကျတော့လည်း ကုန်းချောတယ် ထင်မှာ စိတ်ညစ်လာမှာစိုးလို့ မပြောတော့ဘူးကွာ။ မတွေ့တာတော့ မဟုတ်ဘူး"

"အောင်မာ ... တူတူပေါ့ဗျ၊ အဲဒီအတိုင်းပဲပေါ့"

"မင်းက ငါပြောသမျှ နောက်ကလိုက်လိုက်ပြီး နောက်လိုက်ကြီး လုပ်ရတာ တော်တော်ဝါသနာပါပုံရတယ်"

"ကဲပါ၊ ခုနပြောနေတဲ့ စကားက ဘယ်ကိုဦးတည်နေတာလဲ။ ကိုယ့်လိုရင်းကိုသာ ဆက်ပြောပါဦး ဦးအောင်ဇေယျရယ်"

"အဲဒီတော့ ဘယ်သူကမှလဲ မလျှော့နိုင်ဘူး၊ ညီမရဲ့သဘောထားကလည်း ခုနေတုန်းတော့ နှစ်ယောက်စလုံးအပေါ်မှာ တူတူပဲ၊ ညီညီမျှမျှပဲဆိုတော့ ဒီနှစ်ယောက်ကြားမှာ ဘယ်သူ့ ဘယ်သူကမှ တစ်လုံးပိုမရှုကြေး ဟုတ်ပြီလား။ သုံးယောက်လုံးကြားမှာ သစ္စာရှိကြေး၊ ကတိတည်ကြေး"





"သစ္စာတွေ ကတိတွေက ဘာ့အတွက် ရှိရမှာလဲ"

"ရှိရမှာပေါ့ကွ၊ ခုလို အပြင်မှာတွေ့ကြမယ်၊ စားသောက်ကြမယ်ဆိုရင် သုံးယောက်လုံးပါမှ တွေ့ကွာ။ စားကွာ။ နားကျိန်းပူ အသေတိုက်နေတဲ့ တစ်ယောက်ကို စိတ်ကပိုတယ် မဟုတ်ပေမယ့် နားပူမခံနိုင်တော့လို့ အခွင့်အရေးပိုပေးလိုက်တယ် ဆိုတာမျိုးလည်း ညီမက မဖြစ်စေနဲ့ပေါ့"

"တွေ့တာကတော့ ဟုတ်ပါပြီ၊ ဖုန်းဆက်တာ၊ စကားပြောတာမျိုးကြတော့ နင်တစ်ကြိမ်ဆို ငါတစ်ကြိမ်လို့ လုပ်ထားလို့ရမလားဗျ။ အကြောင်းအရာက ပေါ်ရင်ပေါ်လာသလို သေရေးရှင်ရေး ဆိုတာမျိုးနဲ့ နောက်တစ်ကြိမ် ထပ်ဆက်သွယ်ဖို့ လိုလာတာမျိုးလည်း ရှိနိုင်တာပဲ။ အဲဒါနဲ့ပဲ သစ္စာမရှိ ကတိမတည်သူ ဖြစ်ရတော့မလား"

"အဲသလို စာဒကတက်ပုံထောက်တော့ မင်းတို့အိမ်မှာ ရေမလာရင်လည်း မင်းအတွက် သေရေးရှင်ရေး၊ မင်းကြီးတော်ကြီး ဝမ်းချုပ်လည်း မင်းကတော့ သေရေးရှင်ရေး၊ မင်းတို့ရုံးက စာရေးမကလေးမွေးလည်း မင်းမှာ သေရေးရှင်ရေး။ ဘယ်အကြောင်းကိစ္စမဆို သေရေးရှင်ရေးစာရင်းထဲချည်း သွင်း,သွင်းပြီး မင်းက လစ်ရင်လစ်သလို တစ်နေ့ တစ်နေ့ကို ဖုန်းချည်းပဲ အခါနှစ်ဆယ်၊ သုံးဆယ်လောက် ဆက်နေမယ့်ပုံမျိုးပဲ"

"ခင်ဗျားကြီးကတော့ တစ်နေ့တစ်ကြိမ်ထက် ပိုမဆက်ပါဘူးလို့ ကတိပေးနိုင်တယ်ပေါ့"

“ဘာလို့ ပေးရမှာလဲ”

“ဟောကြည့် … ကိုယ့်ကိုယ်တိုင်မှ မလုပ်နိုင်တဲ့ဟာကို သူများဆီက ကတိကျတော့ ဘာဖြစ်လို့ တောင်းယူနေရတာလဲ”

“ကဲ … ကဲ … တစ်ကြိမ်က နှစ်ကြိမ် ပိုလာရင် ရှေးကကော အချိန်ပေးနေပါမယ်လို့ ဘယ်သူက ပြောလို့လဲ။ ခင်မင်တဲ့မိတ်ဆွေတွေအဖြစ် သတ်မှတ်လိုက်နိုင်ပြီ ဆိုပေမယ့် အလကားနေ အလကား အရေးမရ အဖတ်မရ ဖုန်းစကား ထိုင်ပြောနေကြတာမျိုးကို ဆောကလျာလောက်ခင်တဲ့ သူငယ်ချင်းမျိုးနဲ့တောင် လုပ်ဖို့ဝါသနာမပါဘူး။ ဘာအရေးကိစ္စမှ မရှိဘဲ ရှေးကဖုန်းမပြောဘူးနော် … ဒါပဲ။ အရေးကိစ္စ ရှိလားမရှိလား ဆိုတာလည်း ရှေးကသိတယ်၊ လူလည်လာကျချင်လို့ ဘယ်သူမှ မရဘူး”

“အဲဒါကို သဘောတူပြီဆိုရင် ခင်မင်တဲ့ မိတ်ဆွေချင်းကြားမှာ အခေါ်အဝေါ်ကိစ္စကလည်း အရေးကြီးသေးတယ်”

မိရှေးက ရယ်ချင်လွန်းလို့ နှုတ်ခမ်းကြီးကိုက်ထားရသည်။ စတွေ့ကာစကတော့ “ညီမ … ညီမ”နဲ့ ခေါ်တတ်တဲ့ လူပျိုကြီးရဲ့နာမ်စားကို အသည်းအရမ်းယားကာ စိတ်ထဲမတွေ့ခဲ့ပေမယ့် ခုနေခါမှာတော့ ရိုးသလိုလို တုံးသလိုလိုနဲ့ နားစည်ထဲပြန်ဆန်းသစ်သလိုပင် ရှိနေတဲ့ အဲဒီ“ညီမ”ဆိုတာလေးကို မိရှေးက နားဝင်ပြန်ချိုနေပြီ။





တူတူပဲလေ။ ခင်မင်စိတ်မဝင်မိခင်က လူခင်ချင်းလည်း မဟုတ်ဘဲ အတင်ကြီး “ရှေး”ချင်းထပ်နေတဲ့ သကောင့်သားလေးကို စိတ်ကုန်ရပေမယ့် ခုနေခါမှာတော့ “ရှေး”တစ်ချို “မိရှေး”တစ်လှည့်နဲ့ သူကဖြင့် ပိုငယ်နေသေးတာကို ဖုံးကွယ်ထားချင်ပုံကို မိရှေးက ကလေးတစ်ယောက်ကို ချစ်စနိုးရှိမိပုံမျိုးနဲ့ သဘောတကျ ရှိရပါသည်။

“ရှေးကတော့ အဆင်ပြေပါတယ်။ ရှေး၊ ဦးအောင်ဖေယျ၊ ဩဇာ … အိုကေပဲ”

“ဒါပေမဲ့ တစ်ယောက်ကိုကျတော့ လေးစားသမှုထားခေါ်ဝေါ်နေပြီး ကျွန်တော့်ကျတော့ သက်သက်နာမ်နှိမ်ခေါ်ချင်တာမျိုးနဲ့ သွားတူနေတယ်”

“ကိုယ်ကကျတော့ ရွယ်တူချင်းရဲ့ အခေါ်အဝေါ်က ပိုရင်းနှီးကြောင်း ဖော်ပြနေသလိုလိုနဲ့ ကိုယ်ကျတော့ တသီးတသန့်နဲ့ အိုပယ်စာရင်း ထုတ်ထားသလို ခံစားနေရတယ်”

“ဟား ဟား ဟား ဟား … နှစ်ယောက်စလုံးပဲ၊ အဲဒါမျိုးတွေရှုပေါ့၊ အရမ်းရယ်ရတယ်ဆိုတာ”

ရှေးမှာ သူ့အသက်ကြီးနေတာကို ဖုံးကွယ်ထားပြီး လူငယ်တစ်ယောက်နဲ့အပြိုင် မနာလို၊ စိတ်ကောက်၊ ဂုဏ်ပြိုင်၊ အချစ်ပြိုင်ချင်တတ်တဲ့ သူငယ်ချင်း လူပျိုကြီးတစ်ယောက်ရှိသည်။ ရှေးမှာ သူ့ အသက်ငယ်နေတာကို ဖုံးကွယ်ထားပြီး လူကြီးတစ်ယောက်နဲ့အပြိုင် ဘုပြော၊ စိတ်တို၊ အရည်အချင်းပြိုင်၊ နေရာလု၊

အချစ်ချင်း ယှဉ်ချင်တတ်တဲ့ သူငယ်ချင်း လူပျိုကလေးတစ်ယောက် ရှိသည်။

ရှေးက နှစ်ယောက်စလုံးကို ကြိုးရှည်ရှည်တစ်ချောင်းစီနဲ့ လှန်ထားတာဟု ကိုယ့်ကိုယ်ကိုယ် ဘယ်တုန်းကမှ လုံးဝမယူဆပါ။

တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ဒီနှစ်ယောက်တည်းက တစ်ယောက်ယောက်ကို ရွေးချယ်လက်တွဲမယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ ကတိမျိုးလည်း ရှေးမှာ ခုထက်ထိမရှိနိုင်သေးပါ။

နှစ်ယောက်စလုံးကို လုံးဝမရွေးချယ်ဖြစ်တော့ဘဲ ဘဝတစ်လျှောက်လုံး သံယောဇဉ်ကြီး၊ ခင်မင်တဲ့ သူငယ်ချင်းကြီးတွေအဖြစ်ပဲ ဆက်ရှိသွားမှာမျိုးလည်း ဖြစ်နိုင်သလို တစ်ချိန်ချိန်မှာ ရှေးရဲ့နှလုံးသားကို "ဖျတ်"ခနဲ လာပုတ်နှိုးလိုက်တဲ့ သူတို့နှစ်ယောက်လုံးလည်း ဘယ်သူမှ မဟုတ်တဲ့ နောက်ထပ်သူစိမ်းတစ်ယောက်လည်း ထပ်ပေါ်လာနိုင်သေးတာပဲ မဟုတ်လား။

ဘယ်သူထပ်ပေါ်လာပေါ်လာ အပြစ်ရှာမည်ဆိုတဲ့ နှစ်ယောက်စလုံးကို အဲဒါလေးတစ်ချက်တော့ သေချာခေါင်းထဲ ထည့်လက်ခံ သဘောပေါက်ပေးထားကြစေချင်သည်။ ရှေးကိုလည်း နားလည်ကြစေချင်သည်။





"ဒီမှာ ညည်း သေချာမှတ်၊ တို့ကောင်က ငါမရှိဘူးဆိုရင် ဝမ်းသာအားရနဲ့ အခွင့်အရေးတွေ အပြည့်ယူနေတော့မှာ သေချာတယ်။ ဒီတော့ ညည်းက နေ့တိုင်း သူတို့ရုံးက ထမင်းစားချိန်မှာ နေ့လယ်တစ်ခေါက် မရောက်ရောက်ဖြစ်အောင် မျက်နှာသွားပြ။ ညကျတော့ ရှစ်နာရီလောက်မှပေါ့။ တီဗီမှာ သတင်းလာချိန်ကျမှ ဖုန်းဆက် ...

မှတ်မိရဲ့လား ငါမှာတာတွေ၊ ကိုရီးယားကားလာနေတဲ့အချိန်လည်း သွားဆက်မိမနေစေနဲ့ဦးနော်၊ ငါ့ကို ဒီအတောအတွင်းမှာ မေ့မနေအောင် ညည်းနဲ့ပဲ တပ်လှန့်၊ လှုံ့ဆော်နှိုးဆွပေးထားခဲ့ရမှာ။ ရလဒ်ကောင်းဖြစ်ဖို့လုပ်တာ။ အဆိုးတွေ ဖြစ်မနေစေနဲ့ ...

ငါကိုယ်တိုင် ဆိုရင်တောင် နေ့လယ်တိုင်း သူ့ရုံးကို သွားနေလို့ မရဘူး။ ညတိုင်း သူ့ဆီဖုန်းဆက်စကားပြောနေလို့ မရဘူး။ ခုတော့ ငါ ခရီးသွားနေတုန်းမှာ ဒီအခွင့်ကောင်းကို ဒီလိုပဲ ရှာကြံယူရမယ်။ ညည်းနဲ့က မိန်းမချင်းဆိုတော့ ရုံးသွားရင် မရှိဘူး ပြောလွှတ်တာ နှင်လွှတ်တာမျိုး၊ နေ့တိုင်း ဖုန်းဆက်ရင် မကိုင်တော့တာမျိုး ရှိမှာမဟုတ်ဘူး။ သေချာအာရုံစိုက်ပြီးတော့လုပ်နော်။ သူနဲ့တွေ့

ရင် မျက်နှာလေးကို ပေါသလိုလေး ရှုံ့ချိုပြီး ပြုံးထား။ ဖုန်းစကားပြောရင်လည်း ဟန်လုပ်ပြီးတော့တောင် မငြိုရှ ပြုံမိစေနဲ့"

"အဟမ်း ... အဟမ်း ... အဟမ်း ..."

အောင်ဇေယျက အိပ်ခန်းထဲကနေ အပြင်ဘက် ဧည့်ခန်းထဲကို ခေါင်းပြူထွက်ပြီး ... "မရီး ... လည်ချောင်းကပ် နေလို့လား။ ထမင်းစားခန်းထဲက ရေခဲသေတ္တာပေါ်မှာ နွယ်ချိုပုလင်းရှိတယ်"ဟု လှမ်းအော်လိုက်ပါသည်။

"မောင်အောင်ရေ ... မမရဲ့လည်ချောင်းက နွယ်ချိုမလိုဘူးဟေ့၊ မင်း အဖြစ်သည်းလွန်းလှတာတွေ နည်းနည်းလောက် လျှော့လိုက်ဖို့ပဲလိုတယ်"

အောင်ဇေယျရဲ့မရီး ဒေါ်ဝင်းဝင်းမြတ်ကလည်း မခေပါ။ တမင်လှမ်းရွဲ့လိုက်တဲ့ အောင်ဇေယျကို ချက်ချင်းပင် အထေ့အငေါ့လေးများနှင့် တုံ့ပြန်လိုက်သည်။ နောက်အပတ်ထဲကျ အောင်ဇေယျတို့ အလုပ်ထဲကကိစ္စနှင့် အောင်ဇေယျတစ်ယောက် ဗန်ကောက်သို့ တစ်ပတ်လောက် သွားရမည်။ အဲဒီအတွက် အောင်ဇေယျက တူမဖြစ်သူ မီးငယ်ကို မှာစရာရှိတာတွေ မှာကြားပစ်ခဲ့ဖို့ လှမ်းခေါ်ထားတာကို သမီးကလည်း တစ်ယောက်တည်း မလာ။

အမေကလည်း သိချင်စိတ်နဲ့ အတင်းကပ်လိုက်လာပြီးမှ အပြင်ကနေ "တဟမ်းဟမ်း" လာလုပ်နေသည်။





"မမတို့က အဖြစ်သည်းတာကျတော့ ပြောတယ်။ တကယ်ဆို ဒီလိုအချိန်မျိုးမှာ ရေဝေးမြေခြား သွားရမယ့်ကိစ္စ။ ခင်ဗျားယောက်ျားကို သွားခိုင်းပါလား မမရဲ့။ သူ့ယောက်ျားကျတော့ သက်သာစေ။ ခုလိုအချိန်မှာ ရန်ကုန်မြေက တစ်ဖဝါးမှ မခွာချင်တဲ့ ဒီကောင်ကျတော့ ပင်ပန်းပစေ၊ နောက်ဆံတင်းပစေ၊ ဖြစ်ချင်ရာ ဖြစ်ပစေ ဒီလိုလား"

"မင်းဟာလေ အသက်ကြီးလာလေ မိန်းမကြီးနဲ့ တူလာလေပဲ။ တဖျစ်တောက်တောက်နဲ့။ မင်းအစ်ကိုက ခုလေးတင်ကမှ နေမကောင်း ဖြစ်ထားတာ ဆေးလည်းပြန်စစ်ရဦးမယ်။ အဲဒါကြောင့် မင်း သွားရတာလေ ဘာဖြစ်သလဲ"

"ဆေးများ ဗန်ကောက်မှာပဲ တစ်ကိုယ်လုံး စစ်ချလိုက်ရင် ပိုတောင်တိကျမြန်ဆန် မှန်ကန်ဦးမယ်"

"ဒီမှာလည်း အဲဒီလောက်တော့ တိကျမှန်ကန်တာပါပဲ"

"ဒါပေမဲ့ ဟိုမှာလုပ်လိုက်လည်း ရတာပဲ"

"ကိုယ့်နိုင်ငံထဲလည်း လုပ်နိုင်နေမှတော့ နေမကောင်းပြီးစကြီးမှာ အပင်ပန်းခံပြီး တစ်နိုင်ငံရပ်ခြားကို သွားစစ်နေရဦးမလား။ အလုပ်ကိစ္စက ညီဖြစ်ဖြစ်၊ အစ်ကိုဖြစ်ဖြစ်၊ ဘယ်သူဖြစ်ဖြစ် သွားလို့ရတယ်ဆိုရင် နေမကောင်းတဲ့လူကို နေကောင်းနေတဲ့လူက ဦးစားပေးရမှာပေါ့ဟဲ့။ ဒီလိုအချိန်မျိုးတို့ ခုလိုအချိန်ကြီးတို့ဆိုတာ မမနဲ့ မင်းအစ်ကို

ကပဲ ပြောရမယ့် စကားမျိုးပါ။ အောင်အောင့်အတွက်က ဒီလိုအချိန်ဆိုတာက ဘာလဲ။ ခုလို အချိန်ဆိုတာကကော ဘာဖြစ်သလဲ"

ခုမှ မိရှေးနဲ့ စပြေလည်ကာစရှိသေး ဘယ်သူကဲ့ဟို အခွင့်အရေးသမားကို ချန်ထားပြီး ခုနစ်ရက်တစ်ပတ်လောက် မျက်ခြည်ပြတ် အဝေးလွှင့်ချင်မှာတဲ့တုန်း။ လူတွေဟာလေ ပြောလိုက်ရင်တော့ "လူပျိုကြီးတွေ၊ တစ်ကိုယ်တည်းသမားတွေဆိုတာ ကိုယ်ချင်းစာနာစိတ်ကို မရှိဘူး"ဆိုတဲ့ စကားမျိုးကို သူတို့ချည်း လှိုင်လှိုင်ပြောတတ်ကြပြီး တကယ့်တကယ်တမ်း မစာနာတတ်ကြတာက အဲဒီလို ခုနစ်အို ရှစ်အို၊ နှစ်ကြီးသမား၊ ဝါရင့်အိမ်ထောင်သည် အဆွေးကြီးတွေကမှ ပိုဆိုးတာ။

"ပြောလေ ... ဒီလိုအချိန်ဆိုတာက ဘာအချိန်လဲ"

ဒေါ်ဝင်းဝင်းမြတ်က တစ်ခွန်းထပ်ပစ်လိုက်ပြန်ပါသည်။ ကောင်မလေးဘက်က အဖြေပြန်ပေးလိုက်ပြီမို့ ပူပူနွေးနွေး သမီးရည်းစားဘဝနဲ့ ကြားလေသွေးမခံနိုင်တဲ့ အချိန်မျိုးဆိုလည်း ပြောမနေတော့ပါဘူးတော်။ နေမကောင်းတဲ့ယောကျ်ားကို ဒိုးချဲ (Wheel Chair)နဲ့ တွန်းထုတ်ပြီး ကိုယ်တိုင်ပဲ လိုက်ပါသွားရသွားရ။ ခုဟာကကျတော့ ဘာအချိန်မှလဲ မဟုတ်ဘဲနဲ့။ ခါတိုင်းထက် ဘာများထပ်ထူးလာလို့လဲဆိုတော့ ဘာမှဖြင့် သိသိသာသာ မထူးဘဲနဲ့။





"ညည်းအစ်ကိုက ငါ ဗန်ကောက်သွားရမှာကို သူ့ဆရာဆိဝမ်းသာအားရ သံတော်ဦးတင်ပြီးပြီ မဟုတ်လား။ အဲဒီအသားထဲက လောက်ထွက်နေတဲ့ကောင်ကလည်း ဒီအရွယ်ကြီးရောက်နေတာတောင် အလုပ်ထဲ အစားထိုးပြီး ဖြစ်ဖြစ်မြောက်မြောက် နိုင်းလို့ စေလို့ရမယ်လည်းမရှိ။ အဖြစ်မရှိရင်လည်း မရှိတဲ့အလျှောက် ပါးစပ်ပိတ်ပြီး ငြိမ်ငြိမ်ထိုင်နေပါလားဆိုတော့လည်း မဟုတ်ဘူး။ ရန်သူ့သင်းပေးကမှန်မှန်ကလေး လုပ်နေတယ်။ ဒီလောက် ချစ်ခင်နေရင်လည်း သူ့နမပဲပေးလိုက်ပြီး ယောက်ဖပဲ တော်ထားလိုက်ပါတော့လား"

ဒေါ်ဝင်းဝင်းမြတ်မှာ သမီးဖြစ်သူကိုရော သားဖြစ်သူကိုပါ နှစ်နှစ်နာနာ ထိထိခိုက်ခိုက်တွေ ထည့်ပြောနေပေမယ့် ဒီတစ်ခါမှာတော့ ပြန်မစွာချင်တော့ဘဲ ရယ်ပဲရယ်ချင်နေပါသည်။ ပြောလို့ပြောတာမဟုတ်။ လူတွေက အပျိုကြီးတွေကိုသာ ပစိပစပ်များတယ် ထင်နေကြတာ။ လူပျိုကြီးတွေသည်လည်း အသက်ကြီးလာလေ အပျိုကြီးတွေနဲ့ တူ့တူလာလေ ဆိုတာကိုတော့ လူပျိုကြီးရှင်တွေပဲ အသိဆုံး ဖြစ်ပါသည်။

ယောကျ်ားလုပ်တဲ့သူ ကိုကျော်က တကယ်ပဲ မသွားနိုင်လို့သာ သူ့ကိုဖိပြီးပြောနေရတာ။ အမှန်တော့ မရိုးဖြစ်သူ ဒေါ်ဝင်းဝင်းမြတ်မှာ မတော်တော်မောင် အောင်အောင့်ကို သနားတော့လည်း သနားနေမိပါသည်။ သူ့တစ်သက်နဲ့တစ်ကိုယ် ဒီတစ်ချို

သာ အရှုးကြီး ရူးသလိုလို ဖြစ်နေရတာပါ။ ခါတိုင်းတော့ လူမိုက်ကြီးဗိုဗို "ငယ်ငယ်ချောချောမှ"ဆိုတာမျိုး ရှိတတ်ပေမယ့် ဒီလောက်ကြီး အသည်းအမည်း အရူးအမူး မရမနေနိုင်ကြီးမှ မဟုတ်ရှာတာ။

"အဲဒီတစ်ပတ်အတွင်းမှာ ညည်းနဲ့ မိရှေးနဲ့ တကယ့်ညီရင်းအစ်မတွေလို တစ်သားတည်းကျ ချစ်ခင်ရင်းနှီးလုံးထွေးပြီး ညည်းဘာပြောပြော ဟိုကလိုက်လျောချင်စိတ်ပေါက်နေအောင် ညည်းစကားချည်း အောင်နေနိုင်ရင် ငါ့ဆီ ဖုန်းသာအမြန်လှမ်းဆက်လိုက်။ ဇန်ကောက်က ညည်းလိုချင်တာ ဘာမှာမှာ။ ဘယ်လောက်တန်တန်။ ကြားတယ်နော် အငယ်မ"

"ဩော် ... စိတ်ချပါ လေးလေးရယ်၊ မီးငယ်ပဲဟာ"

"စိတ်ကတော့ လုံးဝမချဘူးဟေ့။ တခြားလူ မရှိတော့လို့သာ ညည်းကို သုံးရမှာ။ ညည်းကလည်း ညည်းအစ်ကိုကမျက်လုံးတစ်ချက်လောက် ပြူးကြည့်လိုက်ရင် ... ဘက်ပြောင်းချင် ပြောင်းသွားဦးမယ့်သူဆိုတော့ ဘယ်နည်းနဲ့မှကို စိတ်မချနိုင်ဘူး"

"ကဲ့ပါ အောင်အောင်ရယ်၊ ဒီလောက်တောင်ဖြစ်နေတာ၊ ဖိုးသားကိုလည်း မမပဲ ကြည့်ရှုထိန်းထားပါ့မယ်။ မီးငယ်ကသို့ပ်အသုံးမကျလှဘူးထင်ရင် မမကော ဝင်ပါပေးရဦးမလား"





ဒေါ်ဝင်းဝင်းမြတ်မှာ တမင်သက်သက် ရွဲ့ပြီးပြောလိုက်တာဖြစ်ပါသော်လည်း ...

"ဒီအကြံမျိုးကို ခုမှစရှ့ရသလား မရီးရဲ့၊ တကယ်ဆိုလွန်ခဲ့တဲ့ လတွေထဲက မိန်းကလေးရဲ့မိဘတွေက ဘယ်သူများလဲ ဘာညာ လိုက်စုံစမ်းထားပြီး ရွယ်တူချင်း တန်းတူချင်း ရင်းနှီးခင်မင်မှု မရှိ့ရှိအောင် လုပ်ယူထားရင်ကော မရဘူးလား"

"ဟဲ့ ... တကယ် အတည်ပြောနေတာလား"

"ပေါက်ကရတွေ ဇလွတ်ရွတ်တ လျှောက်ပြောနေတာများကဲ ..."

ဒေါ်ဝင်းဝင်းမြတ် ခမျာ နေရင်းထိုင်ရင်း အပြစ်တွေကြီးနေရတဲ့ဘဝကို ရှုံ့ရှုံ့မဲ့မဲ့ကလေးသာ ရင်ဆိုင်နေရပါတော့သည်။

♥ ◇ ♥

"ဒါဒါ ... ဒါဒါဒါ ... ဒီဒီဒီ ... ဒီဒီ ..."

ဩဇာ တစ်ယောက် အူမြူးပျော်ရွှင်နေရသဖြင့် အလိုလိုနေရင်း ခုန်ပေါက်ပေါက် မြောက်ကြွကြွ ဖြစ်နေရပါသည်။ ကံကြမ္မာနတ်မင်းဟာ အဘိုးကြီးကို အမြင့်တွေကတ်ပြီး ဩဇာအပေါ်ကျတော့ မျက်နှာသာပေး အရေးတယူ ရှိဂျင်နေပုံရသည်။ ဟိုလူကြီး ဇန်ကောက်သို့ အလုပ်ကိစ္စနဲ့ ခရီးထွက်ရမည်တဲ့လေ။

တစ်ပတ်ဆိုတာကလည်း တစ်ပတ်ပဲလေ။ ခုနစ်ရက်ကြီးများတောင် နည်းလား။ ကိုယ့်ရဲ့ကံဇာတာက ဒီထက်ကောင်းရင် ဒီ့ထက်ရက်ကြောရှည်ကြာမြင့်သွားတာမျိုးလည်း ဖြစ်နိုင်ချေရှိသေးသည်။ အလုပ်ကိစ္စက မပြီးပြတ်တာမျိုး၊ ရာသီဥတုကဆိုးဝါးဖောက်ပြန်လာလို့ လေယာဉ်အတက်အဆင်း မလုပ်နိုင်တာမျိုး။ ဟိုးတစ်လောတုန်းကလို ဗန်ကောက် သုဝဏ္ဏဘူမိလေဆိပ်ကြီးပိတ်နေတာမျိုး။ မျိုးစုံဖြစ်နိုင်သေးတာ။ ဖြစ်နိုင်တာပေါ့။

မဖြစ်လည်း တစ်ပတ်လေ။ သူတင်ကိုယ်တင် အပြိုင်ကြီနေရတဲ့ကာလမှာ ကိုယ့်ထက် မျက်စိကြီး နားကြီးပြီး အထောက်တော်၊ စုံစမ်းရေးမှူးတွေလည်း နေရာအနှံ့ ကြဲဖြန့်ထားနိုင်သေးတဲ့ အဘိုးကြီးရဲ့ပယောဂစနက်ကြောင့် ညဇာမှာ ကတိကဝတ်၊ သစ္စာဆိုတာတွေကို စောင့်ထိန်းနေဖို့ ဆန္ဒမရှိပေမယ့် ဖောက်ဖျက်လို့ကို မရနိုင်ခဲ့တာ။ နည်းနည်းလေးလောက် အပိုလှုပ်ရှားလိုက်တာနဲ့ သင်းကြီးက လှမ်းသိပြီ။

-ကိုယ်ကတော့ သူ့လောက်လည်း လူအား၊ ငွေအားက မတောင့်ဘူးလေ။ သူ့လို တစ်ချိန်လုံး မျက်စိဒေါက်ထောက်လိုက်ကြည့်နေနိုင်တာမှ မဟုတ်တာ။ သင်းကြီး သူ့ကတိသူမတည်ဘဲ သစ္စာဖောက်နေမယ်ဆိုရင်တောင် ချက်ချင်းကြီးတော့ပြန်သိနိုင်မှာ မဟုတ်။ ကိုယ့်မှာကျတော့ ရှေးရဲ့စိတ်ကလေးတစ်ခုကိုပဲ ယုံစားစိတ်ချထားရတာ။ "အဘိုးကြီးလူလည်ကျရင်တော့ ရှေးက လက်ခံမှာ မဟုတ်ပါဘူး"ဆိုတာကိုပဲ မျက်စိစုံမှိတ်ယုံကြည်ထားရတာ။





ခုလည်း သင်းကြီးက သူ ထွက်သွားပေမယ့် သူ့မျက်ကွယ်မှာ သူ့စုံထောက်ကျော်ကြီးတွေကို ဆက်တော့ချထားခဲ့မှာပါ။ ဒါပေမဲ့ သူ့ဆီရောက်အောင် ချက်ချင်း ဘယ်လိုသတိပေး တားမြစ်မလဲ။ ညဇာက ဒီတစ်ပတ်အတွင်း ရေကုန်ရေခန်းလှုပ်ရှားပစ်ဖို့၊ သစ္စာတို့ ကတိတို့ ဆိုတာတွေကို ခေါင်းထဲကိုမထည့်ဖို့ ဆုံးဖြတ်ထားပါသည်။

အခွင့်အရေးဆိုတာ နှစ်ခါ၊ သုံးခါ၊ ပေါ်ချင်မှပေါ်လာမှာပေါ့၊ ရတုန်းလေးမှ ဖမ်းမယူထားရင် ငနုံပေါ့။ ဒါပဲရှိတာပဲဟာ။ ဟား … ဟား။ အရင်အချိန်တွေတုန်းက အနားကပ်ဖို့ ကြိုးစားရင် ဖုန်းဆက်ဖို့ ကြိုးစားရင် ရှေးနောင်းတစ်ယောက်ခါးခါးသီး ငြင်းပယ်ထုတ်ခဲ့တာ၊ အတွေ့မခံခဲ့တာတွေသည်လည်း မခင်မင်စဉ်ကာလကလေ။ နှစ်ယောက်အတူကြီး တစ်ပြိုင်နက်ရှိနေပြန်တော့လည်း တစ်ယောက်ကို ပိုမိလိုက်ရင် နောက်တစ်ယောက်က ချက်ချင်း သတင်းပြန်သိနေတော့ အားနာရမည်လေ။

ခုလိုကျတော့ ခင်မင်မှုတွေကလည်းတိုး၊ အပြိုင်ကြီးတစ်ယောက်ကလည်း အနားမှာမရှိ။ အစွမ်းကုန် တောင်းပန်ခယချဉ်းကပ်လိုက်ရင် ရှေးဟာ အားနာသမှုနဲ့ ငြင်းပစ်ချင်မှ ငြင်းတော့မှာပေါ့။ အနည်းဆုံးကတော့ ကော်ဖီဆိုင်လေး အတူထိုင်ဖြစ်ဖို့၊ ဒင်နာလေး ထွက်စားဖြစ်ကြဖို့။ ဒီလောက်တော့ မရ့ရအောင်ချဉ်းကပ်တောင်းဆိုယူရပေမည်။

ဟိုလူကြီး ဓန်ကောက် တစ်ပတ်သွားရမယ်ဆိုတာ ရှေးနှောင်းကော သိပြီးနေလောက်ပြီလား။ အဲဒီလူကြီးဟာ ကိုယ့်အတွေးနဲ့ နှိုင်းတွက်ပြီး "ဒီလိုပဲ လုပ်မှာပါ"လို့ ပြောလို့ တွက်လို့မရတဲ့ လူကြီးလေ။ ကိုယ်သာဆိုရင် သတင်းထူးအနေနဲ့ ဖုန်းဆက်ပြောမည်။ ခွဲခွါနေရမယ့် တစ်ပတ်စာအတွက် လွမ်းကြောင်း၊ ဆွေးကြောင်း၊ သတိရကြောင်းတွေကို ပြောခွင့်ရတုန်း ပြောပစ်ခဲ့မည်။ ဟိုလူကြီးကတော့ အဲဒီလို လုပ်ချင်မှလုပ်မှာ။

သူ မရှိတာကို ရှေးနှောင်း သိသွားရင် အားနာနေစရာ မလိုတော့ဘူးလို့ သူလစ်တုန်း၊ သူ့အလစ်မှာ ဒီဘက်ကို အခွင့်အရေးတွေ ပိုပေးနေမှာစိုးလို့ သူ မရှိတာကို ရှေးနှောင်းကို ပြောချင်မှ ပြောပြခဲ့မယ့် လူစားမျိုး။

ဩဇာကတော့ ဒီလူကြီးပြောခဲ့ခဲ့၊ မပြောခဲ့ခဲ့ ကိုယ်က တရစပ် အပြေးချဉ်းကပ်ချိန်မှာ သူ မရှိတာကို ပြောဖြစ်အောင် ပြောပြရပေမည်။

ဩဇာတစ်ယောက် မထိန်းနိုင် မသိမ်းနိုင် အူမြူးပျော်ရွှင်စွာ တစ်ခန်းလုံးပြည့်အောင် သီချင်းတစ်ပုဒ်နှင့် လှည့်ပတ်ကခုန်နေချိန်မှာ ဖုန်းကလေး မြည်လာခဲ့ပါသည်။ ရွှင်ပျစိတ်နှင့် ပြေးကိုင်လိုက်သော် ရှေးနှောင်းထံမှဖုန်း။

"ဟာ ... ရှေး ... ရှေးဆက်တာ။ ရှေးက ကိုယ့်ကိုစဆက်တာ၊ ဘာဖြစ်လို့လဲ ရှေး။ ဘာအကြောင်းကိစ္စရှိလို့လဲ ဝမ်းသာလိုက်တာ"





"ဩော် ... ဩဇာရေ၊ ပြောစရာရှိလို့။ လာမယ့်ရှေ့အပတ်တနင်္လာမှာ ရှေး ခရီးထွက်ရမယ် သိလား။ တော်ကြာ ဩဇာက ဖုန်းဆက်လာရင် ရှေးမရှိဘူးလို့ ရုံးကပြောမယ်။ လက်ကိုင်ဖုန်းကလည်း ပိတ်ထားမယ်ဆိုရင် ရှေးက ဩဇာကို တမင်ရှောင်ပြန်ပြီထင်ပြီး ဘာများဖြစ်ပြန်ပြီလဲလို့ စိတ်ပူမှာစိုးလို့ ကြိုပြောထားတာ။ ရှေ့တစ်ပတ် ရှေးမရှိဘူး"

"တစ်ပတ်လုံး ... ! "

"ဟုတ်တယ် ... တစ်ပတ်ကြာမယ်"

အားခဲထားသမျှတွေ သဲထဲရေသွန်။ "ဟီး"ခနဲသာ ဟစ်လိုက်ချင်တော့သည်။ ကံကြမ္မာနတ်မင်းရာ ချစ်တယ်ဆိုလည်း အဲဒီလိုတော့ မကျီစားနဲ့လေ။

"မသွားလို့ မရဘူးလားကွာ"

"ဟယ် ... ဘယ်လိုလုပ်ရမလဲ။ အလုပ်ပဲဟာ။ ဟိုးအရင်ကလည်း ဒီလိုပဲလေ၊ ပြည်တွင်းခရီးစဉ်တွေသာ ရှေးက လိုက်ရလေ့မရှိတာ။ ပြည်ပထွက်တဲ့ **Promotion package tour** တွေ ကုမ္ပဏီပွဲတွေဆိုရင် ရှေးတို့ပါ အမြဲလိုက်သွားရတာပဲဟာ"

"ပြည်ပ ... ဟုတ်လား !၊ ဒါဖြင့် ခုထွက်ရမှာက ဘယ်နိုင်ငံလဲ"

လွဲပါစေ၊ ဖယ်ပါစေ။ ဥုံဖွ။ ဖွ ... ဖွဟဲ့ ... လွဲစေ ဖယ်စေ။

"ထိုင်းခရီးစဉ်လေ။ ဗန်ကောက်၊ ပတ္တရား၊ အယုဒ္ဓယ"

သေဟဲ့နန္ဒိယ။

"တနင်္လာနေ့ ထွက်မှာနော်၊ ဘာလေကြောင်းလိုင်းနဲ့လဲ"

"PG နဲ့။ ဘာလုပ်ဖို့ မေးတာလဲ၊ လိုက်ပို့တာတွေ ဘာတွေ လုပ်စရာမလိုဘူးနော်"

မပို့ပါဘူးဗျာ။ မပို့ပါဘူး။ ကိုယ့်နဖူး ကိုယ်ပဲ ပုဆိန်ကြီးကြီးနဲ့ ပေါက်ချပြီး နေရာတင်ပဲ လဲသေလိုက်ပါတော့မယ်။ PG နဲ့၊ တနင်္လာနေ့၊ ဗန်ကောက်ကို။ အင်း ...။ ဟိုဘူတားကြီးတော့ ပါးစပ်နဲ့ နားရွက်တက်ချိတ်နေတော့မှာပဲ။ ဘယ်လိုမှ ပြန်စေ့လို့ ပိတ်လို့ရတော့မယ် မဟုတ်ပါဘူး။

"ခရီးစဉ်ကတော့ ရှိနေတာ၊ ကြော်ငြာထားတာ၊ ငွေလက်ခံနေတာ ကြာပြီလေ။ လိုက်ရမယ့် tour leader စာရင်းက ဒီနေ့မှထွက်လို့"

ဟုတ်ကဲ့ပါ ခင်ဗျာ။ မောင်ဩဇာ တစ်ယောက် အပျော်လွန်၊ အကလွန်သွားလို့ နှတ်မျက်စိနောက်တာလည်း ဖြစ်ချင်ဖြစ်မှာပေါ့။ ကတီတွေ သစ္စာတွေဖျက်မယ်၊ အခွင့်အရေးကို ရတုန်းယူမယ်လို့ ကြွေးကြော်မိလို့ ဘုရားက ဒဏ်ခတ်တာလည်း ဖြစ်ချင်ဖြစ်မှပေါ့။ အမယ်လေး ... ဟိုဆရာသမားဟာ ရှိရှိသမျှ အလုပ်ကိစ္စဟူသမျှကို ရှုံးရှုံးမြတ်မြတ်၊ တစ်ရက်နဲ့ အပြတ်ဖြတ်ကာ





ကြိုးနဲ့ဆွဲထားတဲ့ ခွေးတစ်ကောင်လို ပတ္တရားတွေ၊ အယုဒ္ဓယတွေ တကောက်ကောက်ကို လိုက်တော့မှာပါ။

"ရှေး ... ဒီအကြောင်းကို ဦးအောင်ဇေယျကိုကော ပြောပြီးပြီလား"

မေးလိုက်ရင်း ခုချိန်လောက်ဆို သူ့အခန်းထဲမှာ လှည့်ပတ်ကနေလောက်ပြီလား မသိတဲ့ ဗိုက်ငေါငေါ၊ ထိပ်မဲ့ မော့ပုံစံကြီးကို မြင်ယောင်မိပြီး "ထွီ"ခနဲတောင် တံတွေးထွေး လိုက်ချင်စိတ် ပေါက်လာသည်။

"မပြောရသေးဘူး။ အမှန်ပြောရရင်တော့ သူ့ကိုလည်း ပြောပြဖို့လေ၊ သူ့ဆီကို အရင်ဖုန်းလှည့်မိတာပါ။ ဒါပေမဲ့ သူ့လက်ကိုင်ဖုန်းက မအားသေးလို့ ဩဇာဆီကိုပဲ အရင် ဆက်ပြောလိုက်တော့တာ"

"မပြောပါနဲ့။ ဒါဆိုရင် မပြောပါနဲ့တော့၊ ကျေးဇူးပြုပြီး မပြောပါနဲ့"

"ဟင် ! ဘာဖြစ်လို့လဲ။ မျှမျှတတလေ။ တစ်ယောက်ကို ပြောရင် နောက်တစ်ယောက်ကိုလည်း ပြောပြရမှာပေါ့"

ကျိုပြီး စိတ်ချမ်းသာမနေစေချင်လို့ပါ။ ခုကတည်းက မနားတမ်း ပြုံးနေတော့မယ့် "ပါးမညောင်း"ပုံစံကြီးကို မှန်းမမြင်ချင်လို့ပါ။ ပြောနိုင်တာ မဟုတ်။ ဩဇာဆီကိုတောင်မှ ဖုန်းတွေ ဘာတွေ လုံမ်းဆက်ကာ ဂုဏ်လုပ်အနိုင်ယူမနေပါဘူးလို့ ဘယ်သူက ပြောလဲ။

ဒီအတိုင်းဆို ဦးအောင်ဇေယျကြီးလည်း တနင်္လာနေ့ PG နဲ့ပဲ ဇန်ကောက်သွားရမှာကို ရှေးတစ်ယောက် မသိသေးဘူးပဲ ထင်ပါသည်။ ဦးအောင်ဇေယျကြီးဟာ ရှေးက ကြိုသိနေရင် ဒီနှစ်ယောက် အစီအစဉ်တွေ ကြိုချနေကြမှာစိုးလို့ နီးမှ ကပ်မှ အလွမ်းသယ် နှုတ်ဆက်မယ့်သဘော ထင်ပါရဲ့။

"ကျွန်တော်ပဲ ပြောပြလိုက်မယ်လေ"

"ဟင် ... နေပါစေ၊ မျှမျှတတ ညီညီမျှမျှပဲ ကောင်းပါတယ်၊ ရှေးပဲ ဆက်လိုက်ပါ့မယ်"

အမယ်မင်း ... ကောင်းကြသေးရဲ့လား အရပ်ကတို့။ ဝမ်းသာအားရ၊ အော်ကြီးဟစ်ကျယ်၊ အားပါးတရ၊ ကျယ်ကျယ်လောင်လောင်၊ ပျော်ရွှင်မြူးတူး၊ အူမြူးတက်ကြွ၊ ဝေဝေဆာဆာ၊ ညံ့ညံ့စီစီ။ ဘာစကားများ ကျန်ပါသေးသလဲ။ ရှေးနောင်းဆီက ဖုန်းရလိုက်တာနဲ့ ဒီလူကြီး ဖြစ်ပျက်နေတော့မယ့်ပုံစံတွေလေ။

တစ်ယောက်က သူ့ခရီးစဉ်ကို ပြောပြ။ တစ်ယောက်က "တိုက်ဆိုင်လိုက်တာ" ဆိုပြီး အော်ဟစ်။ ကိုယ့်မှာ ကံကလေးများ နည်းနည်းလောက် ပိစိလေး သေးသေးကွေးကွေးများ ကျန်နေသေးရင် ဒီလေယာဉ်တစ်စီးထဲမှာပဲ ခရီးသည်အချင်းချင်း မျက်နှာချင်းမဆိုင်၊ မျက်လုံးချင်း မဆုံမိကြဘဲ ကံဖန်လွဲနေကြလေဦးမလားဆိုတာလေးလောက်တောင် မျှော်လင့်လို့ မရနိုင်တော့ဘူးပေါ့။

"ဒါဆိုရင် ဒါ့ပဲနော် ဩဇာ၊ ရှေး ဦးအောင်ဇေယျဆီ ဖုန်းဆက်လိုက်ဦးမယ်"

"မိရှေး"





"အင်း ... ဘာလဲ ... ပြော"

"မိရှေးလည်း သစ္စာမဖောက်ကြေး၊ ဘယ်သူ့ကိုမှ အခွင့်အရေး ပိုမပေးကြေး၊ ကတိတည်ကြေးလို့ ကျွန်တော်တို့ပြောထားကြတယ်နော်"

"အင်းလေ ... အဲဒါကြောင့်ပဲ၊ ခု ဩဇာဆီကို ဆက်ပြောပြီးရင် ဦးအောင်ဇေယျဆီကိုလည်း ဆက်ရဦးမှာပေါ့"

"ခုကို ပြောတာမဟုတ်ပါဘူး။ ရှေ့မှာလည်း ဘာပဲဖြစ်ဖြစ်၊ ဘယ်လိုအခြေအနေမျိုးနဲ့ကြုံကြုံ၊ ဘယ်လောက်ပဲ ဘယ်သူကနှဲ့နှဲ့၊ ကံကပေးတဲ့ အခွင့်အရေးတွေ ဘယ်သူပဲပိုရရ။ မိရှေးကတော့ 'ကတိတည်မှာပါနော်"

"ဘယ်လိုဖြစ်နေတာလဲ ဩဇာရယ်၊ ရှေးကမျှတတာကိုပဲ ကြိုက်တတ်တာ။ ရှေးကို မယုံလို့လား"

"မိရှေးကို ယုံပါတယ်။ .. ဟိုလူကြီးကိုသာ မယုံတာ။ ပြီးတော့ ကံကြမ္မာကိုလည်း မယုံကြည်ရဲတော့ဘူးရှေး။ အပြောင်းအလဲက မြန်လွန်းတယ်"

မိရှေးမှာ ဘုမသိဘမသိနှင့် "ဘယ်လိုမှန်းမသိဘူး၊ သိပ်ကဗျာဆန်ချင်နေတယ်" ဟု မှတ်ချက်ချကာ ဖုန်းချသွားခဲ့ပါသည်။ ဩဇာကတော့ အခန်းနံရံကို ကျောမှီကာ လျှောထိုင်ချလိုက်ပြီး ဒူးနှစ်လုံးထောင်ရက်သားကြားမှာ မျက်နှာကို ကြမ်းပြင်နဲ့ထိလုမတတ် ငုံ့ဖွက်ထားလိုက်မိပါတော့သည်။

ဝမ်းနည်းနေတာတွေ လူမြင်မှာစိုးလို့ပါ။

♥ ✧ ♥

## အခန်း(၅)

"ဩဇာတစ်ယောက် ဆေးရုံတက်နေရတယ်"ဟု မီးငယ်ဆီမှ သတင်းရသဖြင့် အောင်ဇေယျမှာ ခုလေးတင် တစ်နိုင်ငံရပ်ခြားမှ ပြန်ရောက်ရုံရှိသေး။ ခရီးဆောင်အိတ်ကိုချ။ အဝတ်အစားလေး ဘာလေး လဲလှယ်ပြီးတာနဲ့ ကြာကြာမှ ထိုင်အနားမယူနိုင်တော့ဘဲ ဩဇာ တက်ရောက်နေခဲ့တဲ့ ပုဂ္ဂလိကဆေးရုံတစ်ခုသို့ ပြေးရပါသည်။ မရီးကတော့ ဟိုတလောလေးကတင် နေမကောင်းဖြစ်ထားသေးတဲ့ အစ်ကိုရင်းဖြစ်သူရဲ့ သတင်းကိုဖြင့် မေးဖို့အတွေးမပေါက်။ "ဩဇာ"ဆိုရုံနှင့် ထပြေးတော့သော မတ်တောင်မောင်ကို စိတ်ကုန်သလို ရှုံ့မဲ့ရင်း ကျန်ရစ်လေသည်။

ဟုတ်ပါရဲ့ … ငါ့နှယ်။ အလုပ်ကိစ္စနဲ့ တစ်နိုင်ငံရပ်ခြားက ပြန်ရောက်တယ်ဆိုရင် အရင်ဦးဆုံး လုပ်ဆောင်သင့်တာက အလုပ်ထဲက အရေးကြီးတဲ့ ဒါရိုက်တာဘုတ်အဖွဲ့ဝင်တွေ၊ ကိုယ်စားလှယ်ကြီးတွေနဲ့ပဲ အရင်တွေ့ဖို့ လုပ်ရမည်။ ဒါမှမဟုတ်





ပြန်ရောက်ရောက်ချင်းကြီးမို့ တစ်ရက်တလေဆိုလည်း အလုပ်ကိစ္စကိုတော် လျစ်လျူရှု ပစ်ထားနိုင်မှတော့ ကိုယ့်အိမ်မှာသာကိုယ်နေ၊ အနားယူ။ ရောက်ရောက်ချင်း အချိန်မဆိုင်း သတင်းပြေးမေးရမယ့်သူဟာ ကိုယ့်မိဘ၊ ဆွေမျိုး၊ အချစ်ဆုံးသားချင်းထဲက။ ပြီးကျတော့ အချိန်ဆွဲနေရင် အသက်မမီနိုင်တော့လောက်အောင် အရေးကြီးနေပြီဖြစ်တဲ့သူမျိုးဆိုလည်း တစ်မျိုးပေါ့။

ခုကျတော့ မျက်နှာမြင်၊ အသံကြားရတာနဲ့ အမြင်ကတ်၊ အော့နှလုံးနာ၊ အန်ထွက်ချင်ရတဲ့ အကောင်စားလေးကိုမှတဲ့။ မရီး မပြောနဲ့။ ကိုယ့်ကိုယ်ကိုယ်တောင် စိတ်ကုန်သည်။

ဒါပေမဲ့ မပြေးလို့လည်း မဖြစ်ဘူးလေ။ တစ်လေယာဉ်တည်းစီး၊ တစ်ခရီးတည်းသွားခဲ့ရတဲ့ ချစ်ရသူကောင်မလေးက ကိုယ့်ထက် နှစ်ရက်ကြီးများတောင်စောပြီး မြန်မာနိုင်ငံကို ပြန်သွားခဲ့တာ။

သူတို့ရဲ့ ခရီးစဉ်က တစ်ပတ်ဆို တစ်ပတ်တိတိအသေ Fixed လုပ်ထားပြီးသား။ ကိုယ့်ရဲ့အလုပ်ကကျတော့ တွေ့ဆုံဆွေးနွေးရမယ့် ကိုယ်စားလှယ်တစ်ယောက်က စက်ဘုက်နေ(?) တစ်ရက်နောက်ကျပြီးမှ ရောက်လာခဲ့တာကိုး။ နောက်ကလည်း ကျသေး၊ ဆွေးနွေးကြရာမှာလည်း ဇလိုက်ဇလျောမရှိတတ်သည့် လူကပ်မျိုးလည်း ဖြစ်ပေရာ ကိုယ့်မှာတော့ လေယာဉ်လက်မှတ်ကိုတောင် date သွားပြောင်းလိုက်ရပြီး မူလက မှန်းထားတဲ့ရက်ထက် နှစ်ရက်နောက်ကျပြီးမှ ပြန်ခဲ့နိုင်တာ။

နှစ်ရက်ဆိုလည်း နှစ်ရက်လေ။ ကိုယ့်နိုင်ငံရဲ့ပြင်ဝ ရေခြားမြေခြား တစ်နိုင်ငံမှာ သာသနာဖျက်ကောင်လေးလည်း မပါလာဘဲ နှစ်ယောက်တည်း အပျော်ခရီးပဲ ထွက်သလိုလို Honeymoon ပဲ ထွက်သလိုလို ရောက်ရှိနေရလို့ ကိုယ့်အတွက် အခွင့်အရေးတွေ ပိုထူးမလားလို့ ပုံသေတွက်ထားလိုက်တာက လည်း မှန်းသလို ဖြစ်မလာပါ။

ကိုယ့်အလုပ်ထဲမှာ ကိုယ်ကလည်း လွှပ်မရ။ ဗန်ကောက်မြို့ပေါ်ကနေ တစ်ဖဝါးမှ ခွာမရသလို၊ တစ်ရက် တစ်နေရာခရီးစဉ်ကြောင်း တောက်လျှောက် လှည့်ပတ်သွားနေရတဲ့ မိရှေးကလည်း သူ့ Customer တွေ၊ ခရီးသည်တွေ တစ်ပြုံကြီး ရဲ့ရှေ့မှာ သူ့ကိုကြိုက်လို့ လိုက်လာတဲ့ လူပိုကြီးတစ်ယောက်က တကောက်ကောက်ဆိုတဲ့အဖြစ်ကို ခွင့်ပြုခဲ့တာမှ မဟုတ်တာ။ နဂိုတည်းကိုက သူ့ဟာနဲ့သူ မူတွေ စည်းကမ်းတွေ ရှိတတ်တဲ့ မိန်းကလေးက သူ့အလုပ်ထဲမှာလည်း နာမည်ထိခိုက်သွားတာမျိုး၊ အတင်းတုပ်ခံရတာမျိုးကို လုံးဝမှ အဖြစ်မခံနိုင်တာ။ မနက်ပိုင်း တွေမှာ သူ့အလုပ်၊ ကိုယ့်အလုပ်နဲ့ မတွေ့နိုင်ကြလို့ ညစာစားပြီး ချိန်ကျမှ ကိုယ့်ဟိုတယ်ကနေ၊ သူ့ဟိုတယ်ကို လာတွေ့ပါရစေ ဆိုတာလည်း ခွင့်မပြု။

ကိုယ်နဲ့သာ အခွင့်အရေးမပေးနိုင်တယ်။ နှစ်ရက်စော ပြန်သွားခဲ့တာဆိုတော့ ဟိုသတ္တဝါကလေး ဆေးရုံတင်လိုက်ရတယ် ဆိုတာကိုကြားရင် အခွင့်အရေးပေးတယ် မဟုတ်တောင် လူမှုရေး





ဘတော့ သွားကျေနေရတော့မှာပဲပေါ့။ သေနိုင်ခဲ့တဲ့ ကျားကိုးစီး ဘားမကုန်ကောင်ကလည်းပဲ, ရလာတဲ့အခွင့်အရေး ဖမ်းယူပြီး သည်းပြ၊ ချွဲပြ၊ ကဲပြနေရင် ... ...။

မနာလို စိတ်မချကာ အပူလုံးဆို့ရခြင်းသည် ခရီးမှ ပြန်ရောက်ရောက်ချင်း အနားမယူနိုင်၊ အလုပ်မလုပ်နိုင်ဘဲ ဆေးရုံ သို့တန်းပြေးရခြင်းရဲ့ အဓိကအကြောင်းရင်းတည်း။

"ကိုညြဏာဆိုရင် ... အင်း ... လေးထပ် ... အခန်းနံပါတ် (၄၀၃)ပါ"

"ဟုတ်ကဲ့၊ ဘာရောဂါများလဲ သိခွင့်ရမလားခင်ဗျာ"

"လေးထပ်ကိုရောက်မှ အဲဒီက Ward Incharge ကို စုံစမ်းပါရှင်၊ ကျွန်မတို့ကတော့ သိလည်းမသိသလို ပြော ပြခွင့်လည်း မရှိပါဘူး"

မြေညီထပ်က Reception မှာ ဝင်မေးခဲ့တာကတော့ အကြောင်းမထူးခဲ့ပါ။

ဘာရောဂါလဲဆိုတာ ကြိုသိထားတော့ ရောဂါခပ် သေးသေးဖွဲ့ဖွဲ့လေးကိုဒီကောင် ဖြီးနေ၊ ပိုနေတာလား။ တမင် သက်သက် ဂရုစိုက်ခံချင်လို့ သည်းပြနေတာလား။ ဘာရောဂါမှကို လုံးဝမရှိဘဲနဲ့ အကောင်းသားကြီးငုတ်တုတ်ကနေ ရှေးနှောင်း ပြန်ရောက်လာတော့မည်ဆိုလို့ သူငယ်ချင်းဆရာဝန်တစ်ယောက် ယောက်နဲ့ ပေါင်းကြံပြီး "ခေါက်"ခနဲ ဆေးရုံကောက်တက်နေ လိုက်တာမျိုး မဟုတ်ဘူးလို့ကော ပြောနိုင်မလား။

ထိုင်းခရီးစဉ်မှာ ကိုယ် ဘာအခွင့်အရေးမှ မရနိုင်ခဲ့တာ၊ နတ်သုဒ္ဓါကြီးတစ်ခွက် ရှေ့ချပေးပြီးမှ ပါးစပ်ကိုပိတ်ချုပ်ခံထားရတဲ့လူလိုလို၊ ပြိတ္တာလိုလိုပဲ ရှိခဲ့ရတာ သင်းမှမသိဘဲ။ ဟိုလူကြီးတော့ အခွင့်အရေးတွေ စွတ်ရကုန်ပြီဆိုပြီး သူ့အတွက်လည်း မရ‌ရတဲ့နည်းနဲ့ ပြန်ယူ၊ ကလိမ်ကျ၊ အကောက်ကြံတာမျိုး အများကြီး ဖြစ်နိုင်ချေရှိတယ် မဟုတ်လား။

လေးထပ်ကို ရောက်တော့ တာဝန်ကျ Ward Incharge ကိုပင် မမေးလိုက်ရပါ။ White Board အဖြူရောင်ကြီးပေါ်မှာ ဇယားဆွဲပြီး အခန်းနံပါတ်၊ လူနာအမည်၊ ရောဂါအမည်၊ တာဝန်ယူကိုင်တွယ်နေသော ဆရာဝန်ကြီးအမည်တို့ကို ရေးသားထားသောနေရာ၌ ရောဂါအမည်ကို သွားဖတ်ကြည့်လိုက်တော့ "Severe Headache" တဲ့။

ကျွတ် ...။ ငါမပြောဘူးလား။ ခေါင်းကိုက်၊ မိုက်နာဆိုတာ အံစစ်လား၊ ဟန်ဆောင်ပန်ဆောင်လား ဘယ်လိုမှ လွယ်လွယ်ရှာမရနိုင်တဲ့ ရောဂါတွေဟာကို။ ကျောင်းမသွားချင်တဲ့ ငါးနှစ်သားကလေးတောင် မိုးလင်းရင် ခေါင်းကိုက်ချင်ကိုက်၊ မကိုက်ချင် မိုက်နာတာပဲဟာ။ ဒီကောင်ကတော့ "ငါးနှစ်သားထက်တော့ နည်းနည်းသာမှဖြစ်မယ်" လို့တွက်မိတော့ "Severe" တဲ့ တစ်လုံးပိုအောင် လုပ်ထားသည်။ "အပြင်းအထန် ခေါင်းကိုက်ခြင်း" ပေါ့။ "သေလိုက်ကွာ။





"ဝတ္ထုတွေ ရုပ်ရှင်တွေထဲမှာ ဆိုရင်တော့ ဘယ်သူ့ကိုရွေးရမယ်၊ ဘယ်သူ့ဘက်ကို တိမ်းလိုက်ရမယ်မှန်း မသိဘဲ အခက်တွေ့၊ အဖြေရှာမရ ဖြစ်နေတုန်း တစ်ယောက်ယောက်က Car Accident ဖြစ်တာတို့၊ ရောဂါကြီးတစ်ခုခု ကောက်ကာငင်ကာ ထဖြစ်တာတို့နဲ့ ကြုံလိုက်ရရင် မင်းသမီးက ,သူ ဘယ်သူ့ကို မသိစိတ်နဲ့ ပိုနေမိသလဲဆိုတာ တန်းအဖြေထွက်သွားကြတာချည်းပဲ မိရှေးရဲ့ ...

မိရှေးရော ... အဲဒီလို ဖြစ်မသွားဘူးလား။ ကျွန်တော် သတိလစ်သွားလို့ ဆေးရုံတင်လိုက်ရတယ်လို့ သတင်းကြားလိုက်ရတော့လေ။ ဒီကိုလာနေရင်းနဲ့ လမ်းမှာ ရုပ်ရှင်ထဲက မင်းသမီးတွေလို 'သူ မသေပါစေနဲ့ အရှင်ဘုရား။ တပည့်တော်မ ခုတော့ သိပါပြီ။ တကယ်အရေးကြုံလိုက်ရတော့မှ သူ့ကိုသာ ပိုနေမိတာ ရှင်းရှင်းလင်းလင်း သဘောပေါက်လိုက်မိပါပြီ။ တပည့်တော်မ ဆေးရုံရောက်လို့ သူ့ကိုမသေသေးဘဲ တွေ့လိုက်ရရင် တန်းပြီးအဖြေပေးလိုက်မယ်လို့ ကတိပြုပါတယ် အရှင်ဘုရား၊ သူ မသေပါစေနဲ့ဦး' အဲဒီလိုတွေ ဆုတောင်းရွတ်ဆိုလာမိသေးလား"

တောက် ...။ ကာလနာ၊ ကျားကိုက်၊ နှမပေး။

အခန်းနံပါတ်(၄၀၃)ရှေ့သို့ ရပ်ရပ်လိုက်ချင်း အခန်းထဲကနေ ထွက်ပေါ်လာတဲ့ ငှက်ဆိုးထိုးသံကြီးကို ကြားလိုက်ရသဖြင့် အောင်ဇေယျမှာ တစ်ကိုယ်လုံး သွေးများပင် ဆုပ္ပက်သွား

သလို နားထင်နားရင်းတွေပင် ပူသွားရပါသည်။ တောက် ... ကံကောင်းလို့။ ငါသာ ခရီးပန်းတယ်ဆိုပြီး ပျင်းကြောခွဲ အနားယူနေရင် သင်းရဲ့အကြံနဲ့ လှည့်ကွက်တွေကို ဘာမှသိလိုက်ရမှာတောင် မဟုတ်ဘူး။ အပန်းလည်းပြေရော "သူများနဲ့ညားတဲ့ငါ့ရည်းစား"ဆိုတဲ့သီချင်းကို ဖွင့်ပြီးနားထောင်နေလိုက်ရရုံသာ ရှိတော့မည်။

"ဟင် ... ! မိရှေး ..."

"အာ ... ဘာတွေပြောနေတာလဲ ဩဇာရာ၊ ရယ်စရာကြီးတွေ"

အောင်ဇေယျက အခန်းတံခါးကို ဆောင့်ကြီးအောင့်ကြီး ဝုန်းခနဲပင် ဖွင့်လိုက်ပါသည်။ ကြာနေလို့မဖြစ်ဘူး။ မိရှေးရဲ့အသံက "လူမမာ"ဆိုတဲ့တစ်ချက်ကိုငဲ့ပြီး ခါတိုင်းလောက် "တိတ်"တို့။ "ထပ်မပြောနဲ့"တို့ စတဲ့ မာပြတ်ပြတ် အသံထွက်အလုံးမျိုးတွေမှ မဟုတ်တော့တာ။

"လူနာအမဲခြောက်ဖုတ် တောင်းသလိုဆိုတာ မင်းလိုကောင်စားမျိုးတွေကိုကြည့်ပြီး ပေါ်ပေါက်လာတဲ့ စကားပုံပဲဖြစ်ရမယ်။ အရှက်မရှိ တကျိုကျို တကျာကျာနဲ့ကွာ၊ အော်ဂလီဆန်စရာ ကောင်းလိုက်တာ။ ဘာမှအပိုတွေလုပ်မနေနဲ့။ အဲဒီလောက်စကားကို တရစပ် အရှည်ကြီး ပြောနိုင်ပြီး အလိုရမ္မက်တွေ ကြီးနေနိုင်သေးရင် ဘယ်နည်းနဲ့မှ မသေနိုင်သေးဘူး ... မှန်း ..."





အောင်ဇေယျမှာ အခန်းတွင်းသို့ ခြေလှမ်းကျဲကြီးများနဲ့ ပြေးဝင်သွားရင်း ရှေးနောင်း ထိုင်နေသည့်ခုတင်ဘေးက ကုလားထိုင်ရှိရာဘက်ကို တမင်တိုးဝှေ့ဝင်သွားလိုက်ကာ နီးကပ်နေသည့် နှစ်ယောက်ကြား အတင်းတိုးဝှေ့ ရပ်လိုက်ပါသည်။ ပြီးရင်တော့ မျက်လုံးတွေကို ဖြဲရဲကြည့်ခြင်း၊ ပါးစပ်ထဲလက်ထိုးထည့် နှိုက်ကြည့်ခြင်း၊ ပခုံးနှစ်ဖက်ကနေ စုံကိုင်ကာ ခပ်ဆတ်ဆတ်လှုပ်ခါကြည့်ခြင်းတို့ကို အကြမ်းပတမ်း ခပ်ယမ်းယမ်းပင် ပြုမူနေလိုက်ပါသည်။

"အား ... အား ... အား ..."

"ဟေ့ကောင် ... အကောင်းကြီး ဘာမှမဖြစ်ဘူး၊ အော်မနေနဲ့"

"ခေါင်းကို မလှုပ်နဲ့ဗျ။ ကိုက်တာမှ နာကျင်အောင့်ကျိန်းပြီးတော့ကို ကျန်တာ။ ဆရာဝန်ကလည်း သိပ်အလှုပ်အရှားမရှိစေနဲ့လို့ မှာထားတယ်။ ခင်ဗျားကြီးက တအားယမ်းခါနေတော့ ခေါင်းပြန်ကိုက်လာတော့မယ် ထင်တယ်"

လူကသာ သေတော့မယ့် အသံကလေးနဲ့ ပြောနေတယ်။ မျက်လုံးတို့ကတော့ အောင်ဇေယျက အတင်းတိုးဝင် နေရာယူလိုက်၍ ထိမိပွတ်မိ တိုက်မိကုန်မှာစိုးလို့ နေရာရွှေ့ထိုင်လိုက်တဲ့ ရှေးနောင်းဆီမှာ။

"ခေါင်းပြန်ကိုက်လာမှာစိုးရင် မျက်လုံးကို မှိတ်ထားလေကွာ"

အောင်ဖေယျက သူ့မျက်လုံးရှေ့ လက်ဝါးကြီးနဲ့ ပိတ်အုပ်ကာ ကွယ်ထားလိုက်သည်။

"အာ ... မျက်လုံးကိုလည်း မထိနဲ့ဗျ၊ သတိလစ်ပြီး လဲသွားတဲ့နေ့က သတိပြန်ရလာတော့ အဲဒီမျက်လုံးတွေက ကောင်းကောင်းပြန်မမြင်ဘူး၊ ဝါးနေတာ။ ဆရာဝန်က ရောဂါစစ်ဆေးချက်ထဲမှာ Blurred Vision (အမြင်အာရုံ မကြည်လင်၊ မှုန်ဝါးခြင်း)လို့တောင် ရေးထားတာ။ ခုမှ အဲဒါမျိုး နောက်တစ်ခေါက် ပြန်မဖြစ်တော့မှ ဆေးရုံစာရွက်ထဲမှာ ထည့်မရေးထားတော့ဘဲ ပြန်ဖြုတ်လိုက်တာ"

"ဒါဆို အတော်ဆိုးတဲ့ ရောဂါပေါ့ကွ၊ ဟုတ်လား ... ဟော"

"ဦးအောင်ဖေယျရယ်။ မယုံကြည် မသင်္ကာတဲ့ ရှုထောင့်ကချည်းပဲ ကြည့်မနေပါနဲ့။ သေချာလေး မေးကြည့်ပြုကြည့်ကြရအောင်လေ။ ဘာမှမသေချာခင်တော့ ဆွဲလား တွန်းလားတွေလည်း မလုပ်နဲ့ဦးပေါ့။ တကယ် ဘာမှဖြစ်မနေဘူးဆိုတော့လည်း တစ်မျိုးပေါ့။ တော်နေကြာ တစ်ခုခုရှိနေရင် ကိုယ့်ကြောင့် ပိုဆိုးသွားမယ်ဆို ဘယ်ကောင်းမလဲ။ တရားခံ ဖြစ်နေမယ်။ ရှေးလည်း ဒီပြန်ရောက်နေတာ နှစ်ရက်လောက်ရှိပေမယ့် ခုမှ သတင်းကြားလို့ ခုမှရောက်လာရတာ ဘာမှသေချာမသိသေးဘူး"





ရှေးနှောင်းရဲ့စကားက အမြဲတမ်း အကွက်ထွင်နေတတ်တဲ့ ညဏလိုကောင်မျိုးကို ယုံရနိုး မယုံရနိုး ရာနှုန်း(၅၀/၅၀)ဖြစ်နေသော လေသံမျိုးမို့ အောင်ဖေယျတစ်ယောက် နည်းနည်းစိတ်တိုင်းကျသွားရပါသည်။ ပေါက်တတ်ကရ အချွဲအနွဲ့မှာ တစ်ခါတည်း ၁၀၀ % အပြည့် အရည်ပျော်ကျဆင်းမသွားရင် ပြီးတာပဲ။ ပိုပြီးဘဝင်ကျရတာက ရန်ကုန်ကို နှစ်ရက်စောပြီး ပြန်ရောက်သွားပေမယ့် ရှေးနှောင်းဟာ ခုမှပဲ ဒီကောင်နဲ့စတွေ့ဖြစ်တာပဲဟူသော အချက်ပင်။

ညဏကတော့ အောင်ဖေယျရဲ့ အကြမ်းပတမ်းနိုင်မှုတွေမှာ ခံစားသွားရပါတယ်ဆိုတဲ့ပုံစံနဲ့ "တကျွတ်ကျွတ် တကျက်ကျက်" စုတ်သပ်မြည်တမ်းကာ ခေါင်းအုံးနှစ်ဆင့်မှာ မှီလျောလျောပြန်အိပ်ချလိုက်ပါသည်။

"ဆေးရုံလူနာ သတင်းမေးဆိုတာ ကရုဏာနဲ့ အကြင်နာနဲ့ စိုးရိမ်ပူပန် ကိုယ်ချင်းစာမှုတွေနဲ့ ရောက်လာတတ်ကြတယ်ပဲ ကြားဖူးပါတယ်ဗျာ၊ ခင်ဗျားကြီးအလှည့်ကျမှပဲ အကြဲဆိုးကြီးတွေ၊ စိတ်ယုတ်မာတွေ အပြည့်နဲ့"

"လူနာသတင်းမေး လာတာမှ မဟုတ်ဘဲကွ၊ မင်းဘာတွေ အကွက်ထွင်၊ အစွင့်အရေးယူနေပြီလဲလို့ ပြေးလာကြည့်တာပဲဟာ။ ကဲ ဒါဖြင့် သတင်းမေးရမယ်ဆိုလည်း ပြောစမ်းပါဦး ဘယ်လိုဖြစ်တာလဲ။ အဲဒိုတွေပြောမယ်တော့ မကြဲနဲ့ကွာ၊ ငါက အဖေရော အမေရော မိဘနှစ်ပါးစလုံးကို တစ်ယောက် တစ်ယောက်ကို ခြောက်နှစ် ခုနစ်နှစ်စီ

လောက် ဆေးရုံတက်လိုက် ဆင်းလိုက် နှစ်ကြာရှည်ဖြစ်ခဲ့ဖူးတော့ ရောဂါအကြောင်းတို့ အခြေအနေတို့ အဆိုးအကောင်း အပြောင်းအလဲတို့ကို သာမန်ဆရာဝန်ပေါက်စတစ်ယောက်လောက်နီးနီးကို အတွေ့အကြုံ အကြားအမြင်ကြွယ်ဝပြီးသား"

"ခင်ဗျား ကျွမ်းကျင်ခဲ့တာတွေက လူကြီးရောဂါတို့၊ လေဖြတ်တာတို့ ဖြစ်မှာပေါ့။ ရောဂါတစ်ခုနဲ့ တစ်ခုက တူမလား။ လေဖြတ်နေတဲ့မိဘကို ခုနစ်နှစ် ပြုဖူးရုံနဲ့ ဆရာဝန်ဘွဲ့ရနိုင်မလား"

"ပြောမှာသာ ပြောစမ်းပါကွာ။ ခြောက်နှစ်နဲ့ ခုနစ်နှစ်ပေါင်းရင် ဆယ့်သုံးနှစ်ကွ။ ငါ့အသက်ရဲ့ ထက်ဝက်လောက်က ဆေးရုံအသွားအပြန်နဲ့တင် ကုန်ခဲ့တာ။ ရောဂါပေါင်းစုံကို တွေ့ဖူးတယ်၊ ကြားဖူးတယ်၊ မေးမြန်းမှတ်သားဖူးတယ်"

"ဆယ့်သုံးနှစ်လီဆိုရင် နှစ်ဆယ့်ခြောက်ပဲ ရှိသေးတယ်။ ခင်ဗျားကြီးအသက်က နှစ်ဆယ့်ခြောက်နှစ်မို့လို့ ခင်ဗျားအသက်ရဲ့ထက်ဝက်က ဆေးရုံပေါ်မှာပဲ ရှိရမှာလား"

"ဟေ့ကောင် ... မင်း ငါ့ကိုတော့ လှည့်ဖို့မလွယ်လို့ စကားတွေ လွှဲပွစ်နေတာ မဟုတ်လား"

ဩဇာက "တအစ်အစ်"နှင့် ရယ်ချင်ရိပ် သမ်းလာပြီဖြစ်သော ရှေးနှောင်းကို မွေစေခင်းစောင်းပုံစံနှင့် တစ်ချက်ကြည့်လိုက်ကာ "...





"စဖြစ်တဲ့နေ့က မနက်အိပ်ရာက နိုးနိုးချင်းပဲ ခေါင်းတွေကတအားစကိုက်လာတာ။ နိုးမှကိုက်တာထက် ခေါင်းကိုက်လွန်းလို့ကို နိုးလာတာထင်တယ်။ အဲဒါနဲ့ အကိုက်အခဲပျောက်ဆေး တစ်ခုခုသောက်ဖို့ဆိုရင် ဗိုက်ထဲမှာ အစာရှိမှဖြစ်မယ်။ အစာတစ်ခုခု ထစားပြီး ဆေးသောက်မယ်ဆိုပြီး ခုတင်ပေါ်က ဆင်းလိုက်တာ၊ အဲဒီမှာ တစ်ခါတည်းပုံကျသွားပြီး သတိလစ်သွားတာပဲ"

"အဲဒီတော့ ..."

"သတိလစ်သွားပါတယ်ဆိုမှ ဘာဆက်ဖြစ်နေသလဲ ဘယ်သိတော့မလဲဗျ"

"ဒါပေမဲ့ တစ်ခါတည်း အသက်ပါမသွားသေးလို့ မင်းအခု ငါနဲ့စကားပြောနေနိုင်တာ မဟုတ်လား။ သတိပြန်ရလာတဲ့နောက်ပိုင်းကို မေးတာပေါ့ကွ"

"ဒီလိုပဲ သွေးစစ်တာတွေ၊ ဆေးစစ်တာတွေ၊ တစ်ကိုယ်လုံး Check up လုပ်ပြီး ရောဂါရှာဖွေတာပေါ့ဗျ။ ခေါင်းထဲက ဦးနှောက်ကို အကွင်းအကွင်းဖြတ်ပြီး ဓာတ်မှန်ရိုက်ရောဂါရှာတဲ့ Brain Scan ဆိုတာတောင် လုပ်ရတယ်"

"ရောဂါရှာတာကတော့ ရောဂါနာမည်တစ်ခုခု တပ်လို့မရသရွေ့၊ ပိုက်ဆံရှိသေးသရွေ့ ဘာမဆို အစွမ်းကုန်လုပ်ကြည့်လို့ ရတာမျိုးပဲဟာ။ စစ်ဆေးချက် ကြီးကြီးကျယ်ကျယ်ကြီးတစ်ခုခု လုပ်ရတိုင်း ရောဂါကြီးပြီ၊ သည်းပြီလို့ မပြောနိုင်

ပါဘူး။ အဲဒီလို တစ်ကိုယ်လုံး စစ်ကြည့်လိုက်တော့ ဘာတွေ့တယ်တဲ့လဲ"

"ခုထိတော့ ဘာမှမတွေ့ဘူးတဲ့"

"ဘယ်တွေ့ပါ့မလဲကွ၊ ဘာမှမှ မဖြစ်တာ။ မင်းကွာ ... အပိုတွေ အကွက်တွေ လုပ်ချင်တာနဲ့ပဲ ကုန်လိုက်မယ့် ပိုက်ဆံတွေ။ ပိုက်ဆံက မင်းဘာသာမင်း ရှာနိုင်တယ်ပဲ ထားဦး မအေမိဘ စိတ်ပူပန်ရတာနဲ့တင် ဘယ်လောက်ရှေ ကြီးနေမလဲ။ မနက်အိပ်ရာက ထလာတော့ ခေါင်းတအား ကိုက်နေတယ်၊ **Black out** (ခေတ္တမေ့မျောသည်)ဖြစ်ပြီး သတိလစ်သလို ဖြစ်သွားတယ်။ ဒါများ ဘာမှမဟုတ်ဘူး ရှည်ရှည်ဝေးဝေးတွေးမနေနဲ့။ အဲဒီမတိုင်ခင်ညက မင်း တအားများသွားတာ။ ကိုယ့်ရေချိန် Limit ကိုယ်မသိဘဲ မိုက်လုံးတကြီး မျိုဆို့ခဲ့တာ။ ဒါပဲ ဘာမှမဟုတ်ဘူး"

"ဟော့လူကြီး ... ခင်ဗျားပါးစပ်ထဲရှိတာတွေ လျှောက်ပြော မနေနဲ့၊ ကျုပ်က မသောက်တတ်ဘူးဗျ"

"အမယ်လေး ... အသားယူနေပြန်ပြီ။ ဒီအရွယ်ရှိပြီ မသောက်တတ်ဘူးဆိုတော့ အခြောက်လား"

"**Allergic** (မာတ်မတည့်ခြင်း)ဖြစ်တတ်လို့ မသောက်တာဗျ"

"ထားလိုက်ပါတော့ကွာ၊ ဒါဖြင့် ခုကော ဘာဖြစ်နေလဲ၊ မှန်မှန်ပြောနော်၊ လိမ်မယ်မကြံနဲ့ ဘုရားမကြိုက်ဘူး"





"ဘာမှမဖြစ်ဘူး"

"ဒါပဲပေါ့ကွ။ ဘာမှမဖြစ်ဘူးဆိုတာ သတိပြန်လည်လာတယ်ဆိုတာ ပြီးကတည်းက မဟုတ်လား။ ဒါမှမဟုတ် ဆေးစစ်ချက်တွေ အားလုံး ရပြီးကတည်းက မဟုတ်လား"

ရှားလော့ဟုမ်းစတိုင်နဲ့ အောင်ဇေယျကို ဩဇာက ခပ်စွေစွေ အကြည့်နှင့် ...

"အင်း ..."

"ဒါဖြင့်လည်း ဆေးရုံကဆင်းတော့လေကွာ၊ ဘာရောဂါမှလဲ ရှာမတွေ့။ ဘာမှလဲ မဖြစ်တော့ဘဲနဲ့ ဆေးရုံမှာ ဆက်စိမ် ယူနေတာ ဘာသဘောလဲ။ ငါသာ မင်းရဲ့အလုပ်ရှင်ဆိုရင် ဒီလိုအချောင်သမားကို ဖြုတ်ပစ်ပြီ မောင်ရင်။ ဘာလဲ ... မင်းက ရှေးနှောင်း ဒီကို၊ ရန်ကုန်ကို၊ ဆေးရုံကို ရောက် မလာမချင်း ဆေးရုံအခန်းခတွေက နှစ်သောင်းခွဲလား။ သုံးသောင်းလား။ နိစ္စဓူဝ အကုန်အကျခံပြီး ငုတ်တုတ်ကို ထိုင်စောင့်နေမယ်ပေါ့ ဟုတ်လား ! ... ပေါသကွာ"

"ဘာမှမဆိုင်ဘူး၊ ဆရာဝန်ကြီးက တစ်ပတ်လောက်တော့ **Under observation** (အကဲခတ် စောင့်ကြည့်ခြင်း)နေရဦး မယ်ဆိုလို့။ ခင်ဗျားကြီးဗျာ စိတ်ကောင်းလေး မွေးစမ်းပါ။ စရောက်လာကတည်းက တစ်ချိန်လုံးအပြစ်ရှာနေပြီး စိတ် ကောင်းမရှိတာ၊ စိတ်ပုပ်တာ၊ မနာလိုတတ်တာ လူသိလိုက် တာဗျာ။ အေးအေးဆောင် ဝင်မထိုင်နိုင်ဘူး ကြည့်စမ်း။

ဖင်တကြွကြွနဲ့ အပြစ်ရှာချင်စောတွေက ကြီးနေလိုက်တာ။ တော်နေကြာ ကျုပ်က ဘာမှမဖြစ်ဘူး။ ခင်ဗျားပဲ သွေးတွေတိုးပြီး လဲကျသွားဦးမယ်။ အသက်ကလည်း ကြီးပြီဟာကို စိတ်လျှော့ထားမှပေါ့"

တစ်ချိန်လုံး အပေါ်စီးကချည်း ဖိထားသည့် အောင်ဖေယျမှာ ညြဗာ၏ ပွဲသိမ်းပင့်လက်သီးတစ်ချက်နှင့် နောက်ကောက်ကျရတော့မလိုလို ဖြစ်သွားရပါသည်။ ရှေးနောင်းထံ မြန်မြန်လှမ်းကြည့်လိုက်လျှင် မချောကလေးကလည်း ပြောလိုက်တဲ့လူ အားရအောင် မျက်နှာလေးလွှဲပြီး ကျိတ်ရယ်နေတာကို မြင်လိုက်ရလေသည်။ အောင်ဖေယျမှာ ခပ်ရှက်ရှက်နှင့် ကုလားထိုင်တစ်လုံးထက် ဝင်ထိုင်လိုက်ရရင်း ...

"ငါက မင်းကို ရောဂါမရှိစေချင်တာ မဟုတ်ပါဘူး။ ရှိစေချင်တာပေါ့ကွာ။ တစ်ခါတည်း သေသွားတော့လည်း အေးတာပဲ မဟုတ်လား"

"ခုလို စိတ်ရင်းကို အရင်းအတိုင်း ဖော်ထုတ်ဝံ့တာ လေးစားပါတယ် ခင်ဗျာ"

ရှေးနောင်းထံမှ "တအစ်အစ်" အသံကလေးများ ထွက်ပေါ်လာပြန်လေသည်။

♥ ◇ ♥





"အစပ်အဟပ် အလျော်"တို့မှာ ဝါသနာထုံလှတဲ့ ...ယ်သူငယ်ချင်းကောင်းမျိုးတွေ တစ်ပုံကြီး ရှိနေပုံရသော မမေ ...ာ မိရှေးအတွက် အမျိုးကောင်းသားတစ်ယောက်ကို စာရင်းတင်သွင်းလာခဲ့ပြန်လေပြီ။

"သမီးရဲ့သူငယ်ချင်းကောင်း ဆိုတာတွေကို အရင်ဆုံးလိုက်စုံစမ်းကြည့်ခိုင်းလိုက်ဦးပေါ့ မိရှေးရဲ့"

"အမယ်လေး ... အမဲဖျက်သမားတွေလက်ထဲကို ဝကွက်အပ်ခံလိုက်ရတဲ့ သားကောင်လို ဖြစ်သွားပါဦးမယ် မေမေရယ်"

"ဘာပဲဖြစ်ဖြစ် သူတို့က အဲဒီလို အရည်အချင်းမျိုး ရှိနေကြတယ်ဆိုရင် ကိုယ်ကောင်းဖို့ ကိုယ်လုပ်ရမှာ၊ သူတို့ကို အားကိုးကို ကိုးရမှာပဲပေါ့။ အကူအညီ မတောင်းချင်လို့ အဆိုးအကောင်းကို သိခွင့်ရဘူးဆိုရင် ကိုယ်ပဲ နစ်နာနိုင်တာပေါ့။ ဟော ... အကောင်းကြီးကို မသက်သလို့ ငြင်းပစ်ရရင်လည်း ကိုယ်ပဲရှုံး။ မကောင်းတာကြီးကို မရိပ်မိလို့ လက်ခံမိပြန်ရင်လည်း ကိုယ်ပဲရှုံး။ သူငယ်ချင်းတွေဆိုမှတော့ တိုင်ပင်အကူအညီတောင်းကြည့်ရတာ ဂုဏ်မငယ်ပါဘူး သမီးရယ်"

တကယ့်သူငယ်ချင်းအရင်းအစစ် စောကလျာလိုမျိုး သူငယ်ချင်းမျိုးမှ မဟုတ်တဲ့ဟာကို မေမေရယ်၊ ခက်ပါလား။ ဒါပေမဲ့လည်းပဲ ခုလေးတင် အသက်တစ်နှစ်ပိုကြီးသွားပြီး အစိတ် တင်းတင်းပြည့်လို့ နှစ်ဆယ့်ခြောက်နှစ်ထဲ ရောက်ရှိသွားပြီဖြစ်တဲ့ မိရှေးဟာ ခွေးနေ့ပြီးကတည်းက ဩဇာ တစ်ယောက်ပြောခဲ့ဖူးတဲ့ စကားတွေက နားထဲမှာ အမြဲလို ကြားယောင်ကာ အထပ်ထပ် ပဲ့တင်ရိုက်လျက်။

"မိန်းကလေးဆိုတာ ကိုယ့်ကို လူတစ်ယောက်က ရည်ရွယ်လာပြီ၊ ချဉ်းကပ်လာပြီဆိုရင် အဲဒီလူကဘာလဲ၊ ဘယ်သူလဲဆိုတာ တစ်ချက်လောက်တော့ ခေါင်းထဲထည့်စဉ်းစားကြည့်ရသေးတယ်ခင်ဗျ။ ပြောပြီးချက်ချင်း တစ်စက္ကန့်အတွင်း ပြန်ငြင်းထုတ်ပစ်လိုက်ရမှာမျိုး မဟုတ်ဘူး။ နို့မို့ ခင်ဗျား အပျိုကြီး ဖြစ်ချင်ချင် မဖြစ်ချင်ချင် အဲဒီလမ်းပဲ ရောက်သွားလိမ့်မယ်၊ နားမလည်ဘူးလား"

သူပြောတာလည်း ပြန်စဉ်းစားကြည့်တော့ ဟုတ်တုတ်တုတ်လိုလိုရယ်။ ချဉ်းကပ်လာတဲ့ လူတစ်ယောက်ရှိတာနဲ့ ချက်ချင်းရင်ခုန်ပြီလား ကိုယ့်ကိုယ်ကိုယ် ပြန်မေးကြည့်။ ဘာမှ မထူးခြားဘူးထင်ရင် ဖြတ်ခနဲ စက္ကန့်မဆိုင်း ရှင်းထုတ်ပစ်လိုက်။ ဒီနည်းကိုချည်း သုံးခဲ့ပြီး "ရင်ခုန်မှ၊ မြတ်နိုးတွယ်တာမှ၊ အချစ်ရှိမှ"လို့ ထာဝစဉ် ကြွေးကြော်ခဲ့သမျှတို့ဟာ ခုလို ကျောင်းသူဘဝမကတော့ဘဲ အလုပ်ထဲအကိုင်ထဲ ရောက်နေပြီဖြစ်တဲ့





"အရွယ်တော် အစိတ်ပိုင်း"ဘဝမှာကျတော့ အံကျအဆင်ပြေနိုင်ပါဦးမလား။

မိရှေးဟာ "အပျိုကြီးတစ်ယောက်ပဲ လုပ်မယ်"လို့ ဘယ်တုန်းကမှ မစဉ်းစားထားတဲ့အပြင် "အပျိုကြီးတော့ လုံးဝ မဖြစ်ချင်ပါဘူး"လို့ကို စိတ်ကူးထဲ အမြဲတွေးနေတဲ့သူပင်။ မိရှေးတင်မက မိရှေးရဲ့မိဘတွေကလည်း သားသမီးကို အပျိုကြီး၊ လူပျိုကြီး ဖြစ်စေရမှာကို မနှစ်သက်လှတဲ့သူတွေ။

အဲဒါကြောင့်လည်း လာသမျှလူကို "No" ချည်း လုပ်ပစ်နေတဲ့ သမီးအတွက် မေမေကလည်းပဲ အသိုင်းအဝိုင်းထဲ၊ အပေါင်းအသင်းတွေထဲ မျက်စိဖွင့် နားစွင့်ပြီး တစ်ယောက်ပြီး တစ်ယောက် ရှာဖွေတင်ပြလာဖို့ကိုပဲ စိုက်လိုက်မတ်တတ် ကြိုးစားနေတော့တာပေါ့။

ကျောင်းနေတုန်းကတောင်မှ ဒီလောက်ကြီး အစွံကြီး၊ ဝိုင်းဝိုင်းလည်ကြီး၊ ပေါပေါများများကြီး မရှိလှတဲ့ မိရှေးဟာ အလုပ်ထဲရောက်သွားပြီးချိန်မှာတော့ (ဖူးစာရေးနတ်က ကျိုစယ် ပြောင်နောက်ထားတဲ့ ဟိုနှစ်ယောက်ကလွဲရင်) မေမေကမှ တစ်ယောက်ပြီးတစ်ယောက် ရှာဖွေမလာပေးရင် ဘယ်သူနဲ့မှ သေချာဆုံဖြစ်ဖို့ မလွယ်တော့တာပင်။ မိရှေးမှ မဟုတ်ပါဘူး၊ အလုပ်ထဲ ရောက်သွားကြတဲ့ မိန်းကလေးတော်တော်များများဟာ ကိုယ့်အလုပ်ခွင်ထဲမှာ 'တွေ့ချင်တွေ့၊ နို့မို့ကတော့ မလွယ်တော့တဲ့ လိုင်းထဲ ချည်း ဝင်သွားကြတာပဲ မဟုတ်လား။

အဲဒီတော့ နှစ်ဆယ့်ခြောက်နှစ်ကလည်းရှိ၊ ပေါပေါများများ ထပ်တွေ့နိုင်ဖို့ကလည်း မလွယ်တော့၊ ရှိနေနှင့်တဲ့ နှစ်ယောက်ကိုလည်း စိတ်တိုင်းက တယ်မကျ၊ အပျိုကြီးကလည်း မဖြစ်ချင်ဆိုရင် မိရှေးဟာ မေမေရှာဖွေလာပေးတဲ့ သူတွေကိုပဲ ဩဇာ ပြောသလို "ဘာလဲ ... ဘယ်သူလဲ" ဆိုတာမျိုး ခေါင်းထဲထည့် စဉ်းကိုစဉ်းစားကြည့်ရတော့မှာပေါ့။

အဲဒီလို စဉ်းစားတော့မယ် ဆိုရင်လည်း ဒီလူတစ်ယောက်ရဲ့ အဆိုးအကောင်းကို အမြန်ဆုံးနဲ့ အမှန်ဆုံးသိနိုင်ဖို့ ကိုယ်ကိုယ်တိုင် လုံးပမ်းနေတာထက် မေမေပြောသလို ဟိုနှစ်ယောက်လက် ဝကွက်အပ်လိုက်တာကသာ အကောင်းဆုံးဆိုတာလည်း မိရှေးရဲ့အသိဉာဏ်နဲ့ ဆင်ခြင်တုံအရတော့ လက်ခံနိုင်သည်ပင်။

ဒါပေမဲ့ အသိဉာဏ်ကသာ လက်ခံနိုင်တာ၊ ဘာရယ်လို့ ခေါင်းစဉ်တပ် ပြောမရတဲ့ တစ်ထောင့်တစ်နေရာက "စိတ်" ကလေးတစ်ခုကတော့ အဲဒီလိုမျိုး ဝကွက်အပ်လိုက်ဖို့ကို အသည်းအသန် ငြင်းဆန်၊ စိတ်အနှောင့်အယှက်ဖြစ် ဘဝင်မကျ။ လုပ်ကိုမလုပ်ချင် ဖြစ်နေပါသည်။

ဘာဖြစ်လို့လဲ။ ရှင်းရှင်းကလေးပင်။ "အပ်ဖျားနဲ့ထောက်ပြီးတော့ကို ရှာမှာ"။ "အလုပ်ဝတ္တရားတာဝန်တွေ ထိခိုက်ရင် ထိခိုက်ပစေ အချိန်ပေးပြီးတော့ကို ရှာမှာ"ဆိုတဲ့ အပြစ်ရှာသမားနှစ်ယောက်ရဲ့လက်မှာ ဘယ်သူဖြစ်ဖြစ် "အပြစ်မရှိတဲ့စင်း





သုံးချောကြီး"တော့ ဖြစ်နိုင်ပါတော့မလား။ လူတိုင်းနီးပါး မကင်းသွတ်နိုင်ကြတဲ့ အသေးအဖွဲ အပြစ်အနာအဆာလေးတွေလောက်ဆိုရင်တော့ ကိစ္စမရှိဘူးလေ။ ဟိုလူယုတ်မာ နိုင်မော်သန့်တုန်းကလို စာတစ်တန် ပေတစ်ဖွဲ့ ရေးချပြရနိုင်တဲ့ အပြစ်မျိုးကြီးတွေရှိနေတော့ ဘယ့်နှယ်လုပ်မတုန်း။

အဲဒီတုန်းက မိရှေးဟာ အပြစ်ရှာ အသိပေးခဲ့ကြတဲ့ နှစ်ယောက်ကို ထိုင်ရှိခိုးချင်လောက်အောင် ကျေးဇူးတင်ခဲ့ဘာလည်း မှန်ပါရဲ့။ ဒါပေမဲ့ ကျေးဇူးတင် ခင်မင်ရတာက သပ်သပ်တစ်ကဏ္ဍ။ သွေးအေးလာချိန်ကျတော့ ကိုယ့်ရဲ့ Ego (အတ္တမာန)ကို အတော်ကြီး ထိခိုက်သွားပြီမှန်း သိရှိခံစားလိုက်ရကာ လူမသိ သူမသိ ရှက်စွံ့နာကျင်ခဲ့ရဖူးတာ။ ဘယ်သူမှ မသိလိုက်ပေမယ့် ကိုယ့်ဘာသာတော့သိသည်။ ကိုယ်သိသည်လေ။ ကိုယ်အရှက်ကွဲခဲ့ရတာ ကိုယ်ပဲသိသည်။

မိရှေးဟာ ကိုယ့်မျက်စိရှေ့မှောက်မှာရှိပြီး ကိုယ့်နားရောက်နေတဲ့နှစ်ယောက်ကို မရွေးချယ်ချင်ခဲ့ဘူး။ အဲဒီအချိန်မှာနောက်ထပ်အကောင်းစားတစ်ယောက် ရလာပြီလို့ ထင်ခဲ့တယ်။ မိဘစကားကို နားထောင်ချင်တာပဲဖြစ်ဖြစ်၊ သားသမီးဝတ္တရားကျေချင်တာပဲဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ် "အကောင်းစား"လို့ ကိုယ်ကိုယ်တိုင်ကလည်း ထင်ခဲ့လို့သာ ခေါင်းညိတ်လက်ခံလိုက်ဖို့ကိုယ်လည်းဆုံးဖြတ်ခဲ့တာပေါ့။ အဲဒီမှာတင် အဲဒီ "အကောင်းစား"ကြီးက "အဆိုးဝါးဆုံး၊ အစုတ်ပြတ်ဆုံး"ကြီး ဖြစ်နေရော။

"ဒီတစ်ခါလည်း အဲဒီလိုမျိုးကြီးပဲ ဖြစ်နေပြန်ရင်" ဆိုတာက မိရှေးကို လုံးဝစိတ်အနှောင့်အယှက် ပေးနေပါသည်။ "No"တစ်လုံးနဲ့လည်း မငြင်းပယ်လိုက်ချင် (အပျိုကြီးမလုပ်ချင်)။ ကိုယ်တိုင်စုံစမ်းပြန်ရင်လည်း သူတို့လောက် စေ့စပ်သေချာမှာ မဟုတ်။ သူတို့ကို ပေးစုံစမ်းနိုင်းပြန်ရင်လည်း အစုတ်အပြတ်ကြီးပဲ ဖြစ်နေပြန်ရင် သူတို့သိမှာစိုး။ ကဲ ...။ မိရှေးက ဘာလုပ်ရမှာတုန်း။

"မိစောရယ် ငါ ဘာလုပ်ရမလဲ"

စဉ်းစားမတော့တဲ့အဆုံး စောကလျာကို ဖွင့်တိုင်ပင်မိတော့ ...

"ဟဲ့ ... ဝိုင်းစုံစမ်းပေးပါ့မယ်လို့ ပြောထားတဲ့ဟာ။ သူတို့ကိုပဲ ဖွင့်ပြောအသိပေးပြီး အကူအညီ တောင်းရမှာပေါ့"

"ဟယ် ... ဒါပေမဲ့ မကောင်းတာကြီး ဖြစ်နေပြန်ရင် ရှက်စရာကြီး"

"ဟင် ! ဘာကိစ္စ ကိုယ်ကရှက်နေရမှာလဲ။ မကောင်းတာကြီး ဖြစ်နေရင် ဖြစ်နေတဲ့လူက ရှက်ရမှာပေါ့၊ ကိုယ်က အနေသာကြီး မရှက်ပါဘူး"

အဲဒီ စောကလျာဟာလည်း အနှစ် နှစ်ဆယ်သာ အတူပေါင်းလာတယ်။ မိရှေးရဲ့အတွင်းစိတ်ကို သူ နိုက်နိုက်ချွတ်ချွတ် နားမလည်နိုင်သေးပါဘူး။





"နင် ရှက်တယ်ဆိုရင် ငါ ပြောပေးလိုက်မယ်လေ၊ သူ့အမေကတော့ ရှာလာပြန်ပြီ၊ ကြည့်လုပ်ပေးလိုက်ကြဦးလို့၊ ကိုယ်က သူတို့ကို သူငယ်ချင်းကြီးတွေဆိုတဲ့ ပုံစံမျိုးနဲ့ ပေါင်းထားတာပဲဟာ။ ကိုယ့်လာကြိုက်ထားလို့ ကိုယ်က လက်ခံစဉ်းစားနေတဲ့သူမျိုးတွေ ဆိုရင်တော့ နောက်တစ်ယောက်အကြောင်း ပြောရမှာ တစ်မျိုးပေါ့။ ခုဟာကတော့ သူငယ်ချင်းတွေကို အကူအညီတောင်းတာဆိုတဲ့ ပုံစံလေ"

"ပြောရမှာ အကူအညီ တောင်းရမှာကို ရှက်တာမဟုတ်ဘူး။ အဲဒီလူသစ်က မကောင်းတာကြီး ဖြစ်နေမှာကိုသာ ရှက်တာ"

"အဲဒါက ကိုယ်ရှက်ရမှာ မဟုတ်ဘူးလို့ ငါ ပြောပြီးပြီလေ။ ပြီးတော့ နင်ပြောသလို မကောင်းတဲ့လူကြီးလည်း ဖြစ်ကို ဖြစ်နေမယ်လို့ ဘယ်သူကပြောလဲ။ အရမ်းကို ကောင်းတဲ့၊ သင့်တော်တဲ့ လူကြီးလည်း ဖြစ်ချင်ဖြစ်နေမှာပေါ့"

"မကောင်းတာကြီးလည်း ဖြစ်ချင်ဖြစ်နေမှာပေါ့"

"နင်က ဟိုအရင်တစ်ယောက်နဲ့ အဲဒါမျိုး ကြုံလိုက်ရကတည်းက အဲဒါကိုပဲ စိတ်စွဲနေပြီ"

စောကလျာကို ပြောလိုက်မိရင်ကော့ ဒီသတင်းဟာ မိရှေး ဘယ်လိုပိတ်ထားထား၊ တားထားထား ဦးအောင်မြေချနဲ့ ဩဇာတို့နှစ်ယောက်ဆီ ရောက်ကို ရောက်သွားတော့မယ်လို့

ထင်တော့ ထင်သားပါရဲ။ ထင်တဲ့အတိုင်းပင် အချိန်မဆိုင်းဘဲ ရောက်ကိုရောက်သွားတာပါပဲ။ နောက်တစ်နေ့မှာ သူတို့ဖုန်းကိုယ်စီဆက်လာကြတော့ နှစ်ယောက်စလုံးရဲ့လေသံဟာ အခံရခက်နေကြသလို ခနဲ့တဲ့တဲ့ ရီသွဲ့သွဲ့တွေ ဖြစ်နေကြကာ ...

"မေမေက ရှာလာခဲ့ပြန်ပြီပေါ့ ... ဟုတ်လား"

"ကိုညီညီ ... ဟုတ်လား ! အေးပေါ့ဗျာ၊ မိဘသဘောတူ သူကြီးဆိုတော့ အတွင်းကျကျကတော့ ဘယ်လိုရှိမယ်မှန်း မပြောတတ်သေးပေမယ့် အပြင်ပမ်းမှာတော့ ရယ်ဒီမိတ် အကောင်းစား သမီးရှင်များ သဘောကျလောက်စရာကြီးပဲ ဖြစ်နေမှာပါ"

"ညီမ ... ကိုယ်ကတော့ ပွင့်ပွင့်လင်းလင်း ပြောပြီးသားနော်။ စုံစမ်းပေးမယ်ဆိုတာထက် အပြစ်ရှာပေးမှာ ရှာမှာပဲ"

"စိတ်ချစမ်းပါဗျာ၊ ကလိမ်နှစ်ခြင်းဆင်ပြီး မဟုတ်တာကို လုပ်ကြံချောက်တွန်းထားရင်လည်း တစ်နေ့ကျ အမှန်ကို ခင်ဗျား သိလာမှာပဲဟာ၊ မဟုတ်တာ လီဆယ်ဖို့ စိတ်ကူးကိုမရှိဘူး။ ဟုတ်တာဆိုရင်တော့ တစ်ကွက်မှကို မလွတ်စေရဘူး"

ဒီတစ်ချီကတော့ အရင်အကြိမ်ကလို ကိုယ်နဲ့သူတို့တစ်တွေက သူစိမ်းသက်သက် မခင်မင် မပတ်သက်ကြသေးသူတွေ မဟုတ်ပေရာ စာတိုက်ကနေများ စာတိုစာရှည်တွေ ရောက်လာတော့မလားလို့ စောင့်မျှော်နေစရာ မလိုပေ။ မိရှေးကလည်း





အရင်တစ်ယောက်လို အပြင်ထွက် ထမင်းစားဖို့၊ ကော်ဖီသောက်ဖို့ တကွင်တွင် မချိန်းတတ်တဲ့ ကိုညီညီကြောင့် လမ်းပေါ်မှာ ပူးတွဲ ပူးတွဲ သဏ္ဌာန်မျိုးနှင့် ရှိမနေ။ ဒီတော့ သူတို့လည်း ဦးထုပ်ကြီးကြီးတို့ မျက်မှန်သေးသေးတို့နဲ့ လိုက်ချောင်းနေစရာ မလိုပါ။

အဲဒီ ကိုညီညီတို့မိသားစုနှင့် မိရှေးတို့ မိသားစုကို ကြားခံစပ်ဟပ် အောင်သွယ်ပေးသည့် အန်တီကြီးမိသားစုက ထမင်းစားဖိတ်ကာ တွေ့ဆုံစေသဖြင့် မိရှေးကတော့ ကိုညီညီနှင့် တစ်ခါဆုံဖြစ်သည်။ ဟိုနှစ်ယောက်တော့ တွေ့ဆုံဖြစ်သလား။ ဘယ်လိုနည်း ဘယ်လိုပုံတွေနဲ့ ဆုံဖို့ကြိုးစားနေကြမလဲ ဆိုတာတော့ မပြောနိုင်ချေ။

မိရှေးဟာ ဟိုနှစ်ယောက်ထံမှ အတင်းအဖျင်းနဲ့ အပြစ်အနာအဆာပေါင်းစုံကို မမျှော်ချင်သော်လည်း မျှော်စောင့်နေမိသလိုတောင် ဖြစ်နေပါသည်။ သူတို့ဟာက တစ်ပတ်လည်း ပေါ်မလာ။ နှစ်ပတ်လည်း သတင်းစကား မကြားရ။ ခါတိုင်းများ "နေ့တိုင်း ဖုန်းဆက်ဆက်မနေကြပါနဲ့ရှင့်။ ဒီလူနဲ့ ဒီလူတွေကြားမှာ နေ့တိုင်း အဆက်မပြတ် ဖုန်းဆက်ဆက်နေစရာအကြောင်းလည်း မရှိပါဘူး"ဟု ဘယ်လိုတားတား အကြောင်းပြချက်အမျိုးမျိုးနဲ့ တစ်နေ့ တစ်ကြိမ်လောက်တော့ ဖုန်းဆက်ဖြစ်အောင် ကြိုးစားတတ်ကြသူများထံမှ ဖုန်းသံကလည်း ထူးထူးဆန်းဆန်း တိတ်နေသည်။

မနေနိုင် မထိုင်နိုင်တဲ့ လူကပဲ "တွေ့ကြရအောင်ရှင်၊ ကော်ဖီလေး ထွက်သောက်ကြရအောင်ပါ"ဟု လှမ်းပြီး စတင်ဖိတ်ခေါ်ရတော့မလို ဖြစ်နေသည်။ ဘာတွေများ ဒီလောက် ကျားကုပ်ကျားခဲ ဖြစ်နေကြလို့ လူကိုယ်တိုင်ဝေးလို့ ဖုန်းသံတောင် မစေနိုင် ဖြစ်နေကြသလဲ မသိပေ။ မိရှေးရဲ့ကိစ္စကို စိတ်မဝင်စားဘဲ ပစ်ထားပြီး လုံးဝစုံစမ်းမပေး၊ ဆက်လည်း မဆက်သွယ်ချင်ကြတော့တာ မဟုတ်မှန်းတော့ မိရှေးက သေချာပါသည်။

ဒီလောက်တော်ရုံနဲ့ ပြန်မဆက်သွယ်နိုင်ကြတာ ဘာအပြစ်မှ ရှာမရနိုင်ကြလို့များလား။ ရင်တောင် ခုန်ချင်လာရသလိုလိုပင်။ နိုင်မော်သန့်တို့လို ချောမောတင့်တယ်နေတာ မဟုတ်ပေမယ့် လူရည်သန့်ပုံတော့ဖြင့် အလိုလိုနေရင်း ပေါက်နေတဲ့ ကိုညီညီဟာ ပြန်စဉ်းစားကြည့်တော့လည်း (ကိုယ်ကပဲ အမှတ်ပေးချင်လွန်းအား ကြီးနေတာလားတော့မသိ) ဘယ်ဘက်ကမှ အပြစ်ရှာမရမယ့် ပုံစံမျိုးနဲ့ပါပဲ။

အရင်တစ်ကြိမ်ကလို ကိုယ့်ဘက်ကဘာမှမသိလိုက်ရဘဲ သူတို့ဘာသာ ရှာဖွေစုံစမ်း စုဆောင်းနေရခြင်းမျိုးမဟုတ်ဘဲ တမင် အကူအညီတောင်းထားတဲ့ "အပ်ထည်"ပစ္စည်းလို ဖြစ်နေတာဆိုတော့ "အချက်များများ သိရမှ တစ်ခါတည်း အပြီးစုပြီး ပြောလိုက်မယ်"ဆိုတာမျိုးထက် တစ်ချက်လောက်သိရရင်ပဲ ချက်ချင်းနေ့မဆိုင်း လာကိုပြောကြမှာပါ။ ပြီးကျတော့ ဒီတစ်ခါက ပူးပေါင်းလုပ်ဆောင်နေဖို့ထက် ကိုယ်အရင်သိရရင် ကိုယ်ပဲချက်





ချင်း မျက်နှာလိုအားရ လာပြေးပြောဖို့ အခွင့်ကလည်း သာနေတဲ့ဟာ။ ကိုယ်တွေချင်းက လူခင်တွေ ဖြစ်နေကြပြီဆိုတော့လေ။

မမေကတောင် "သမီး သူငယ်ချင်းတွေဆီက ဘာသတင်းများ ကြားသေးလဲ။ ဒီဘက်မှာတော့ မောင်ညီညီတို့ မိဘများဘက်ကရော၊ ကြားထဲက ပြောပေးထားတဲ့ မော်လီကရော အတော့်ကို လောနေပြီ မိရှေးရဲ့။ သူတို့က အဖြေတစ်ခုကို ဂယနကာ ပြန်ပေးစေချင်လှပြီ"ဆိုတဲ့ စကားမျိုးကို သားအမိနှစ်ယောက် မျက်နှာချင်းဆိုင်လိုက်မိတာနဲ့ ပြောနေပြီလေ။

"မမေကလည်း ဒါမျိုးက အချိန်ယူ စုံစမ်းမှ အဆင်ပြေနိုင်မယ့်ဟာကို၊ ဟိုတစ်ခါလို ဖြစ်နေရင် ဘယ့်နှယ်လုပ်မလဲ။ အဲဒီအခါကျတော့ အခု တလောတည်း လောနေတဲ့ သူတွေက ဘာတာဝန်ယူမှာလဲ။ ပြီးကျ အဲဒီ ဒေါ်မော်လီနဲ့ မောင်ညီညီရဲ့ မိဘတွေကသာ လောနေတာ မမေ့မောင်ညီညီကရော လောလို့လား"

"ဟဲ့ ... သူ့မိဘတွေလောတာ သူ လောလို့ပေါ့"

"မဆိုင်ပါဘူး၊ အဲလို ပုံသေတွက်လို့ ရမလား။ မမေ့မောင်ညီညီကပါ လောမလောကို အဲဒီ ဒေါ်မော်လီကိုပဲ မေးမေ တိကျအောင် ပြန်မေးပေး"

"ကျွတ် ... မိရှေးဟာလေ၊ ငါ့ကို ပေါက်ကရတွေနဲ့ တကယ်ခေါင်းရှုပ်စေတာပဲ။ ငါကပဲ မော်လီကို "ဟော ...

မော်လီရေ၊ မောင်ညီညီကရော လောသလား”လို့ အတိအကျ by name နဲ့ မေးရဦးမယ်ရယ်လို့ပဲ တကတည်း”

“အဲသလို တွဲတိုးကြီးနဲ့ မဟုတ်ရင်လည်း ပညာသားပါပါကလေးပေါ့ မေမေရဲ့”

ဟိုတစ်ဘက်က သူ့ကို လောလိုက်တိုင်း အားတွေနာပြီး ကိုယ့်သမီးကိုယ် ပြန်လောနေတဲ့ မေမေ့ကို အလုပ်ပေးထားလိုက်ပြီးတဲ့ သကာလ မိရှေးမှာ ပျောက်ချက်သားကောင်းနေကြတဲ့ ဟိုနှစ်ယောက်ကိုလည်း စိတ်တို။ အတော်ငြိမ်ချက်သားကောင်းလှတဲ့ ကိုညီညီဆိုသူ လူရည်သန့်ကိုလည်း စိတ်တို။

အန်တီမော်လီကြီး အလောကြီး လောနေကတည်းကတော့ ပဏာမ တွေ့ဆုံဖြစ်ကြတဲ့ ထမင်းစားပွဲအပြီးမှာ အဲဒီကိုညီညီဟာ သူ့မိဘတွေ စီစဉ်ချင်တာကို ငြင်းစရာမရှိ၊ လောလောဆယ်ဆယ် အနေနဲ့ လက်ခံတယ် ဆိုတာတော့ ကျိန်းသေတာပေါ့။ နို့မို့ တွေ့ကြည့်ပြီးကတည်းက ယောကျ်ားလေးနဲ့ မိန်းကလေး ...၊ တစ်ဦးနဲ့ တစ်ဦး လက်ခံနိုင်ဖွယ် မရှိရင် ကိုယ့်အမေသူ့အမေ အသီးသီးကို “ဆက်မလုပ်နဲ့၊ သဘောမတူနိုင်ဘူး”လို့ ငြင်းပစ်လိုက်ကြမှာပေါ့။ သူ့မိဘတွေကပါ လာလောနေတယ်ဆိုကတည်းက သူ့သားက မငြင်းလို့ သို့မဟုတ် လက်ခံတယ်လို့ ပြောထားလို့။

အဲဒါကိုပဲ ကိုယ်လည်း လက်ခံနိုင်တဲ့၊ ရှေ့ဆက်ဖို့ ရှိတဲ့ မိန်းကလေးကို ဒီထက်ရင်းနှီးလာအောင်၊ နှစ်ဦးချင်းအကဲ





ခတ်လို့ရအောင် ယောကျ်ားလေးဖြစ်သူက (တလောတည်း လောကာ ခေါင်းကြီးပဲ အတင်းလိုက်ညိတ်မိုင်းနေမယ့်အစား) မိန်းကလေးကိုချိန်းဆိုပါလား။ ဖုန်းဆက်ပါလား။ တွေ့ခွင့်ရအောင် လုပ်ပါလား။ ဘယ်လိုအချိုးမပြေတွေနဲ့ လာတွေ့နေရသလဲ မပြောတတ်တော့ပေ။

နံဘေးက သူစိမ်းတစ်ယောက်ယောက်ကများ အကဲခတ် စောင့်ကြည့်နေခဲ့ရင် ဟိုနှစ်ယောက်ဆီက သတင်းစကားကိုလည်းမျှော်။ ကိုညီညီဆီက ဆက်သွယ်မှုကိုလည်းမျှော်။ တမျှော်တည်းမျှော်နေတဲ့ မိရှေးကို “တော်တော်ယောကျ်ားလိုချင်နေတဲ့မိန်းကလေးမျိုးပဲ”ဟုပင် မှတ်ချက်ချသွားကြနိုင်သည်။

“ငါ့များဝိုင်းပြီး ပညာပြနေကြသလား မသိဘူး”

နောက်ဆုံးမှာတော့ တော်တော်ကြီးကို သည်းမခံနိုင်တော့ပြီဖြစ်တဲ့ မိရှေးဟာ ဦးအောင်ဇေယျထံသို့ပဲ ဖုန်းကောက်လှည့်လိုက်ပြီး ...

“ဦးအောင်ဇေယျ ... ပျောက်ချက်သား ကောင်းလှချေလား”

“အင်း ... အဲ ... ကိုယ်တို့ ...”

“ကြည့်စမ်း ... ‘ကိုယ်တို့’ဆိုတော့ ရှင်တို့နှစ်ယောက်လုံး ပျောက်နေကြတာ တိုင်ပင်ပြီး လုပ်နေကြတာပေါ့။ ဩဇာပါ ပျောက်နေတာ ရှင်လည်း သိတယ်ပေါ့”

“ဒီလိုပါ ညီမရယ်၊ စောကလျှာက တစ်ဆင့်သိရတဲ့ ကိုညီညီ ဆိုတဲ့လူကို ကိုယ်တို့နှစ်ယောက် စုံစမ်းပေးနေကြ

တာလေ၊ ဒါပေမဲ့ ကိုယ်တို့ဘယ်လိုမှ အပြစ်ရှာမရဘူးဖြစ်နေတယ်"

မိရှေးမှာ ရင်ထဲ "ဒုတ်"ခနဲ တစ်ချက်ဖြစ်သွားရပြီးမှ "ဒိန်း ဒိန်း ဒိန်း"နှင့် ဆက်တိုက်ပင် ဖြစ်လာသည်။ အပြစ်ရှာမရဘူးတဲ့။ မိရှေး မဖြစ်စေချင်တဲ့၊ ရှက်တဲ့၊ "မကောင်းတာကြီး"မျိုး ဖြစ်မနေဘူးပေါ့။

"ကောင်းတာပေါ့။ အဲဒါနဲ့ပဲ ဦးအောင်ဇေယျတို့က ပုန်းနေကြတယ်ပေါ့လေ။ အပြစ်ရှာလို့ ရရင်တော့ ရှင်တို့က ဝမ်းသာအားရ သတင်းပေးကြမယ်"

"အဲဒီလိုလည်း မဟုတ်ပါဘူးလေ။ အပြစ်ရယ်လို့ သိပ်မရှိကြတဲ့သူချင်း တူတူမှာ သူ့ကျတော့ မိဘကသဘောတူသူဆိုတဲ့ တစ်ချက်နဲ့ ညီမက ပြန်လက်ခံစဉ်းစားပေးတော့မယ်ဆိုတော့ ဒီလိုမှန်း မသိလို့ ညီမရဲ့မိဘတွေဆီ အရင်မဝင်ခဲ့မိကြတဲ့ ကိုယ့်အနေအထားလေးကိုယ် စိတ်မကောင်း ဖြစ်နေမိကြတာလည်း ပါတာပေါ့။ စိတ်ပုပ်တယ်ပဲပြောပြော နောက်ဆုံးအချိန်အထိ ဘာအပြစ်များ ရှိနိုင်ဦးမလဲလို့ ကုပ်ကပ်ရှာနေဆဲမို့လို့ ပြန်မဆက်သွယ်မိသေးတာလည်း ပါတာပေါ့"

မိရှေးမှာ ဘာပြန်ပြောရမလဲတောင်မှ မသိပေ။

"ဒီလိုလုပ်လိုက်ပါ၊ ညီမတို့ချင်းကော တွေ့ပြီးကြပြီလား"

"မိဘတွေနဲ့တူတူ ထမင်းလက်ဆုံပွဲ တစ်ခုမှာပဲ"





"ဒါဖြင့် အခု ကြားခံအောင်သွယ်ကပဲ တစ်ဆင့်ဖြစ်ဖြစ် ညီမကပဲ စချိန်းလိုက်လေ။ သူငယ်ချင်းတွေလည်း ပါမယ့်လို့ ပြောထားပေါ့။ ကိုယ်တို့နှစ်ယောက်တည်းဆို ယောကျ်ားလေးတွေချည်း ဖြစ်နေမယ်။ ညီမလည်း တင့်တယ်အောင် စောကလျာကိုပါ ခေါ်ထားလိုက်ပေါ့။ ကိုယ်တို့နောက်ဆုံးတစ်ချီတော့ အနီးကပ် အကဲခတ် ကြည့်ကြတာပေါ့။ ဒါတောင်မှ ဘယ်လိုမှ အပြစ်မတွေ့ပါဘူး ဆိုရင်တော့ ကိုယ်တို့ဝင်ပါဖို့ မသင့်တော်တော့ပါဘူး။ ညီမရဲ့ရှေ့ရေးကို ညီမဘာသာပဲ ဆက်ဆုံးဖြတ်ရတော့မှာပါ"

"သူများကပဲ စချိန်းခေါ်ရဦးမယ်လို့"

"ညီမက သိချင်သူ မဟုတ်လား။ သူက ညီမဆီက ဘာမှထပ်မသိချင်တော့ဘူး၊ ဒီတိုင်းပဲ လက်ခံနိုင်နေပြီမို့ ထပ်မချိန်းတော့တာ။ ညီမဆီက အဖြေတစ်ခုကိုပဲ စောင့်နေတာဆိုရင် ဘယ့်နှယ်လုပ်မလဲ။ ညီမကတော့ ဘယ်လိုမဆို လူကြီးတွေမပါဘဲ လူငယ်တွေချင်းပဲ တွေ့ဆုံအကဲခတ်တာမျိုးလောက်ကတော့ လုပ်သင့်သေးတယ်။ အဲဒီပွဲမှာ ကိုယ်တို့လည်းပါမှ ဖြစ်မယ်၊ ပါပါရစေ"

ဦးအောင်ဇေယျနဲ့ ဩဇာတို့ဟာ မိရှေးကို ကြားခံထားပြီး သူတို့ချင်း မျက်နှာချင်းဆိုင်တာနဲ့ ထသတ်ရန်ဖြစ်နေကြတော့သလိုမျိုး ကိုညီညီနဲ့ တွေ့ဆုံပွဲမှာတော့ ထမလုပ်ကြလောက်ဘူးပဲ ထင်ပါရဲ့။ အဲဒီလောက် ရုပ်ပျက်ဆင်းပျက်နိုင်လောက်

အောင် ကဖျက်ယဖျက် လုပ်ကြရင်လည်း သူတို့ပဲ အပြိုင်ခံရမှာ။ အရေးမလှမှာ၊ အမှတ်လျော့မှာ ဆိုတာမျိုးကိုလည်း သိကြတန်ကောင်းပါရဲ့။

ညီမျှချင်တဲ့ မိရေးက "အားလုံး ဆုံဖြစ်ကြဖို့ ဩဇာကို ရေးပဲ ဖုန်းဆက်ပြီး ပြောလိုက်ပါ့မယ်" ဟု ပြောလိုက်ပါသည်။

♥ ✧ ♥

ဦးအောင်ဇေယျကြီး အရောင်နဲ့ ကြိုက်လှပြီလားမှတ်တယ်။ ကိုညီညီနဲ့ ကျမှပင် အရှုံးပေးလိုက်ရတော့တာ။ ကိုညီညီက တော့ဖြင့် အရောင်နုနု ရှပ်အင်္ကျီကိုပင် လိုင်းအစင်းလေးတွေပေါ် အောင် ချုပ်ဝတ်ထားကာ ရှပ်အင်္ကျီကော်လာနဲ့ အင်္ကျီအိတ်ကပ်တို့မှာပါနေတဲ့ အစင်းလေးတွေ၊ လိပ်ပြာလေးတွေ၊ ပန်းပွင့်လေးတွေက ပိတ်စရဲ့အဆင်မဟုတ်။ တမင်တကာကို ကွန်ပျူတာပန်းဖောက်ထိုးထားတာ။

"ကိုဩဇာက အခုအလုပ်ထဲမှာတော့ အငယ်တန်းမန်နေဂျာပေါ့။ ဩော် ... ဟုတ်ကဲ့၊ အဆင်ပြေလား မသိဘူး။ နယ်တွေဘာတွေရော သွားရသေးလားခင်ဗျာ၊ ဩော် ... ဘာပဲဖြစ်ဖြစ် နည်းနည်းတော့ ပင်ပန်းတာပေါ့နော်၊ ဟုတ်တာပေါ့၊ ဟုတ်ကဲ့။ အထည်ချုပ်လိုင်းဘက် စိတ်ဝင်စားရင်တော့ ကျွန်တော့်သာ ပြောပါ၊ လိပ်စာကတ်လေး ယူထား





ပေးပါလား။ အလုပ်ပြောင်းဖို့ စိတ်ကူးရှိမယ်ဆိုရင်တော့ အချိန်မရွေးပဲနော်။ ကူညီပါ့မယ်"

"နယ်တွေ ဘာတွေ မသွားရတဲ့ အားလပ်ရက်တွေမှာ ဘာလုပ်တတ်လဲ မသိဘူးဗျ။ ငါးမျှားတာလား။ ကျွန်တော်လည်း အဲဒါတော့ စိတ်ဝင်စားတယ်ဗျာ။ အင်းလျားဘက်ပဲ သွားတာလား။ ဒီတစ်ခါ သွားဖြစ်ရင် အသိပေးလက်တို့လိုက်ပါဦးဗျာ။ လိုက်ရတာပေါ့။ ဒီလိုမျိုး အဖော်မျိုးကို ရှာနေတာလေ၊ ညဘက်တွေကျတော့ ဘောလုံးပွဲကြည့်တာ ဝါသနာပါသလား။ Beer Pub တွေ လည်သွားနေမယ့် ရုပ်မျိုးတော့ မဟုတ်လောက်ပါဘူးနော် ... ဟင်း ဟင်း"

"ဟာ ... ကိုဩဇာက စက်မှုနဲ့ကျောင်းပြီးထားတာဆိုရင် ဘယ် Batch လောက်ကများ ဖြစ်မလဲမသိဘူး။ ကိုမြင့်တို့သိသလား။ အင်း ... ရင်ထွေးတို့ရော။ ဟုတ်တယ် ... ဟုတ်တယ် ... ဗလတို့အုပ်စုနဲ့ အတူပေါင်းတာပဲလေ။ အဲဒီ ရင်ထွေးပဲ ဟုတ်တယ်။ ဟာ ... အဲဒါ ကျွန်တော့် Best Friend ပဲဗျ၊ သိပ်ခင်တာ။ တွေ့ရင်မေးကြည့်ပါ"

"ဩော် ... ကိုဩဇာ မိဘတွေက နယ်ကလား၊ ဒီမှာ အဆောင်မှာနေတာဆိုရင် လိပ်စာပေးထားဦးလေ။ အဆောင်တွေ ဘာတွေ အဆင်မပြေရင်လည်းပြောနော်။ နေလို့ထိုင်လို့ ကောင်းပြီး အပေါင်းအသင်းကောင်းတွေနဲ့ အဆင်ပြေနိုင်မယ့် အဆောင်နေရာမျိုးတွေ ကျွန်တော် ညွှန်နိုင်

တယ်။ ကျွန်တော့်သူငယ်ချင်းတွေထဲမှာလည်း အဆောင်နေကြတဲ့သူတွေ အများကြီးပဲ"

"အင်္ကျီတွေ ဘောင်းဘီတွေဝယ်တော့ ဘယ်မှာဝယ်သလဲဗျ၊ ကျွန်တော်တော့ စူပါမားကက်တွေ ဘယ်လောက်ပေါ်ပေါ် စကော့ဈေးထဲက ပုံမှန်ဝယ်လေ့ရှိတဲ့ တစ်ဆိုင်မှာပဲ ပင်တိုင်ဝယ်တယ်လေ။ တစ်ခါလောက်တော့ ခေါ်သွားပြီး မိတ်ဆက်ပေးထားရဦးမယ်။ ချုပ်ဝတ်ချင်ရင်တော့ (......)က လွဲရင် ဘယ်သူမှ စိတ်မကူးနဲ့ခင်ဗျာ။ ဘယ်သူ့မှ မမီဘူး။ အပ်ကြည့်ပါ၊ ကျွန်တော်နဲ့ လိုက်ခဲ့ပေါ့။ တစ်ခါတလေကျတော့လည်း ဗန်ကောက် ထွက်ပြီးဝယ်ဖြစ်တယ်။ အဲဒီအခါကျလည်း အားလပ်ရင်၊ အဆင်ပြေရင် ခေါ်ပါတယ်ဗျာ။ ဒီလူ ဒီလူတွေ ခင်မင်သွားကြပြီပဲ"

"ရှေ့လာမယ့် တနင်္ဂနွေများ အားမလား မသိဘူး"

"**Big Bag Stage Show** ပွဲတော့ နောက်အပတ်ထဲရှိတယ်နော်။ ဘာ **Music** ပုံစံများ ကြိုက်တတ်သလဲ မသိဘူး"

"ကိုသြဇာနဲ့ ကျွန်တော်နဲ့က အသီးအနှံများများ စားတတ်တဲ့နေရာမှာတော့ သွားတူနေပြီ။ အပေါင်းအသင်းလုပ်လို့ ရတာပေါ့"

"ကိုသြဇာ ..."

"ကိုသြဇာ ..."

"ကိုသြဇာ ..."





ကြာကြာနေတော့ မိရှေးရဲ့မျက်နှာလေးက စူပုပ်လို့လာပါတော့သည်။

"ဟဲ့ ... မိရှေး၊ နင့်ကိုညီညီက နင့်ကို လေ့လာမှာလား၊ သြဇာကို လေ့လာမှာလား"

"မသိဘူး၊ ငါ့ဘာမှ လာပြောမနေနဲ့"

"နင့်ဘက်လည်း တစ်ချက်မှ လှည့်တောင်မကြည့်တော့ပါလား"

စောကလျှာက မိရှေးနားကပ်ကာ သိသိသာသာကြီးကို အတင်းတုပ်လျက်ရှိလေပြီ။ တုပ်လည်း တုပ်လောက်စရာပင်။ ဒီစားပွဲဝိုင်းမှာ စထိုင်ဖြစ်ကြကတည်းက သြဇာနဲ့ ဦးအောင်ဇေယျတို့ဟာ သူတို့ချင်းပဲ စည်းလုံးရတော့မည့် အချိန်မို့ မချစ်သော်လည်း အောင့်ကာနမ်း၊ စားပွဲတစ်ဖက်ခြမ်းမှာ နှစ်ယောက်အတူ။

မိရှေးနှင့် စောကလျှာက နောက်တစ်ဖက်ခြမ်းမှာဖြစ်လျက် ကိုညီညီက မိရှေးနဲ့ သြဇာတို့ကြားက စားပွဲထိပ်တစ်ဖက်မှာ ဖြစ်ပါရက် ကြာလေ သူ့ခုံက သြဇာနဲ့ပဲ ပိုနီးသွားလေ။ ကြာလေ မိရှေးနဲ့ ဝေးသွားလေ။ ဒီထက်များ ခပ်ကြာကြာဆက်ထိုင်နေဖြစ်ကြရင် သူ့ခုံပေါ်ကနေထပြီး သြဇာနဲ့ပဲ တစ်ခုံတည်း သွားပေါင်းထိုင်လိုက်တော့မလားတောင် ထင်နေရလောက်ပြီ။

"နင်ပြောတော့ စကားသိပ်မများတတ်ဘူးဆို၊ အေးအေးဆေးဆေးနဲ့ စကားခပ်နည်းနည်းသမားမျိုးထဲကဆို"

"ဘယ်သိပါ့မလဲ၊ ငါတို့တွေ့ကြတုန်းကတော့ လေးလုံးကွဲအောင်မှ မပြောတာ။ မေးနိုင်မှတစ်ခွန်း။ မိန်းကလေးဖြစ်တဲ့ ငါ့ထက်တောင်မှ ရှက်နေရသေးသလားလို့တောင် ထင်ခဲ့တာ။ ခုလို တရစပ် Non-stop စကားအိုးကြီးတော့ လုံးဝမဟုတ်ဘူး"

"နင်နဲ့မို့လို့ထင်တယ်၊ ယောကျာ်းလေး ရွယ်တူချင်းကျတော့ ခင်မင်ဖော်ရွေတတ်သူမျိုး နေမှာပေါ့"

"ဦးအောင်ဇေယျကြီးကျတော့ အဘက်တောင်မလုပ်ဘူး"

"လုပ်စရာလား၊ ဟိုကလည်း ဆရာကြီးသမားကြီးစတိုင်နဲ့ ဝါတော်ရှစ်ဆယ်ရကြီးလို လက်ကြီးပိုက်ပြီး မိန့်မိန့်ကြီး ပြုံးကြည့်နေတာကို"

"ဟုတ်ပါ့ဟယ်၊ သူကြီးကလည်း ဘယ်လိုရုပ်ကြီး လုပ်ထားမှန်းကို မသိဘူး"

ဦးအောင်ဇေယျကြီးကား တည်သလို၊ ရယ်သလိုနှင့် မချိုမချဉ်ကြီး။ သြဇာကတော့ မိရှေးကို ကူညီအကဲခတ်ပေးရမှာကို သူနဲ့ချည်း လုံးထွေးနေတော့သလို ဖြစ်နေ၍လားတော့မသိ။ စိတ်အိုက်၊ အကြံရကျပ်၊ ကျဉ်းကျပ်နေပုံနှင့် ဖြစ်နေလေသည်။ ဦးအောင်ဇေယျရဲ့ မချိုမချဉ်ရုပ်ကြီးကို တစ်ချက် တစ်ချက်မှာ လှည့်လှည့်ကြည့်ပြီး သူကျတော့ ကျဉ်းထဲကျပ်ထဲရောက်၊ ဟိုကတော့ လွတ်မြောက်နေ၍လားမသိ။ လက်ဆန့်သလိုလို အကြောဆန့်သလိုလိုနှင့် တံတောင်နှင့် လှမ်းတွက်လိုက်တာမျိုး၊ လက်ဖမိုး





နဲ့ရိုက်ပစ်လိုက်တာမျိုးတွေကိုလည်း မသိမသာ တစ်ချက် တစ်ချက်မှာ လုပ်,လုပ်နေသည်။

ဒီလောက် အပေါင်းအသင်း ခုံမင်တတ်သူမျိုးဆိုရင် ရေရှည်မှာ အဆင်ပြေပါ့မလား။ ဒါတောင် ဒီလူတွေဟာ သူ့အပေါင်းအသင်း အစစ်တွေ မဟုတ်သေး။ မိရှေးက မိတ်ဆက်ပေးမှ သိရသော မိရှေးရဲ့အပေါင်းအသင်းမျိုးကိုပင် တွေ့ရုံနဲ့ ဤမျှဖမ်းစင်နေလျှင် သူ့ဘော်ဒါအစစ်တွေနဲ့သာဆို ခက်ရချေရဲ့။ ဒါပေမဲ့ ဒီအချက်ကရော ကျန်တဲ့ပြစ်ချက်မျိုး ဘာတစ်ခုမှမရှိတဲ့ သူမျိုးဆိုရင် ငြင်းပယ်ပစ်လိုက်စရာ အချက်မျိုး ဟုတ်ရဲ့လား။

အလို ... ဒါ ... ဒါက ဘာလဲ။

သြဇာရဲ့ခုံနဲ့ သူ့ခုံ ဒီလောက်နီးကပ်နေပြီ ဖြစ်တာတောင်မှ အားရနိုင်သေးဟန်မတူတဲ့ ကိုညီညီဟာ တစ်ချက်မှာတော့ သြဇာရဲ့လက်ကိုပါ စကားပြောရင်းဆိုရင်း ဖမ်းဆွဲလိုက်ပြီး သူ့ရဲ့ လက်ဖဝါးနှစ်ခုထဲ ထည့်ဆုပ်လိုက်လေသည်။ တွန့်ကနဲဖြစ်သွားတဲ့ သြဇာက ခပ်ဆတ်ဆတ် ရုန်းထွက်ကာ ပြန်ဆွဲနုတ်ဖယ်လိုက်ပါသည်။ သို့သော် မသိဟန်ဆောင်ပြီး သူ့စကားအဖျှဉ်မပြတ်တွေကိုလည်း ဆက်တိုက်သာလွှတ်နေတဲ့ ကိုညီညီက နောက်တစ်ကြိမ်မှာတော့ မိမိရရကို လှမ်းဖမ်းလိုက်ပြန်ရင်း ခုနကလို ခပ်ဖွဖွအုပ်ရုံကိုင်ပြီးမှ ဆုပ်ထားတော့တာတောင်မဟုတ်။ ပြန်ရုန်းမဖယ်သာတော့အောင် လက်ကောက်ဝတ်နေရာကို သူ့လက်နှစ်ဖက်နှင့် ခပ်ကျပ်ကျပ်ပင် ညှစ်ကိုင်ထားသည်။

မိရှေးနှင့် စောကလျာတို့ တစ်ယောက်ကိုတစ်ယောက် ပြူးပြူးကြီးတွေပင် လှည့်ကြည့်လိုက်မိကြပါသည်။

ဒီတစ်ခါမှာတော့ ဩဇာက ပြန်ပြီး ဖွတ်ရန်းမနေတော့ဘဲ မသိလိုက် မသိဘာသာ အလိုက်သင့်လေး နေနေရင်း သူ့မျက်နှာကလည်း ကျဉ်းထဲကျပ်ထဲ ကျနေရာကနေ ဦးအောင်ဖေယျလိုပဲ မချိုမချဉ်နှင့် ဖြစ်လာသည်။

"ရှေ့လာမယ့်တနင်္ဂနွေ ခင်ဗျားနဲ့ ကျွန်တော်နဲ့ ချိန်းပြီနော် ကိုဩဇာ ဒါပဲ၊ မအားတာတွေ ဘာတွေ လုပ်မနေနဲ့တော့"

သူများတကာရဲ့လက်ကောက်ဝတ်ကို တွင်တွင်ညှစ်လိုက်၊ နောက်လက်တစ်ဖက်က ပခုံးကိုဖက်လိုက် ပုတ်လိုက်နဲ့ သူ့တစ်ယောက်တည်း အလုပ်ရှုပ်နေတဲ့ ကိုညီညီဟာ သူ့ဘောင်းဘီအိတ်ကပ်ထဲက ဖုန်းကလေး ထမြည်လာတော့မှပင် ဩဇာရဲ့လက်ကို ပြန်လွှတ်ပေးပါတော့သည်။

"ဟာ ... ရင်ထွေးလား၊ ခုပဲ မင်းအကြောင်း ကိုယ်တို့ ပြောနေကြတာကွာ၊ အေး လာခဲ့မယ်လေ၊ ဘယ်ကိုလဲ။ ဟာ ... လာရမှာပေါ့၊ အားပါတယ်၊ မင်းအတွက်ဆို ကိုယ်မအားတာ ဘယ်နှခါများ ရှိဖူးလို့လဲကွာ"

ဟင် ... ! ဘယ့်နှယ်အသံကြီးမျိုးပါလိမ့်။

မိရှေးတစ်ယောက် သေချာမဆန်းစစ်နိုင်သေးခင်မှာပင် ကိုညီညီက သူ့ဖုန်းကလေးကို ဖျတ်ခနဲပိတ်လိုက်ကာ ...





"သူငယ်ချင်းတစ်ယောက်နဲ့ အရေးတကြီးကိစ္စလေး ပေါ်လာလို့ ခင်ဗျာ၊ ကဲ ... အားလုံးပဲ ဦးအောင်ဖေယျ၊ မရှေးနှောင်း၊ မစောကလျာ ကျွန်တော့်ကိုတော့ ခွင့်ပြုကြပါဦး။ ကိုဩဇာ ... ရင်ထွေးတို့နဲ့ တွေ့ရအောင် တစ်ခါတည်း လိုက်ခဲ့မလား၊ အားတယ် မဟုတ်လား"

"အာ ... အဲ ... ကျွန်တော်က ဒီကပြီးရင်တော့ အလုပ်ထဲ ပြန်ဝင်ရမှာ"

"အိုကေလေ၊ ဒါဆို ဆန်းဒေးနော်။ ဖုန်းထပ်မဆက်တော့ဘူး၊ အဆောင်ရှေ့ကို ကိုးနာရီအရောက် လာခဲ့လိုက်မယ်၊ ဘိုင့်ဘိုင်"

ကိုညီညီရဲ့ခြေလှမ်းတို့က စားပွဲဝိုင်းအပြင်သို့ တစ်လှမ်းလောက် စထွက်သည်ဆိုလျှင် ဦးအောင်ဖေယျရဲ့ပါးကြီးက ဖောင်းတက်လာသည်။ လေးငါးလှမ်းလောက်ရှိလျှင် ဆက်အောင့်မထားနိုင်တော့ဟန်နှင့် "ခွိ ... ခွိး"တွေ ဘာတွေ ဖြစ်လာသည်။ ကိုညီညီရဲ့ကားကလေး မောင်းထွက်သွားပြီ ဆိုလျှင်တော့ ဦးအောင်ဖေယျဟာ ပတ်တုပ်လို့ကို မရတော့ဘဲ ဝါးလုံးကွဲကြီး အကျယ်ကြီးနဲ့ မရပ်စတမ်း။

"ဟား ဟား ဟား ... ဟား ဟား ဟား ... ဖြစ်မှဖြစ်ရလေ ဩဇာရယ်၊ ဟား ဟား ဟား ဟား ဟား ... အမယ်လေးဗျာ ... ဟား ဟား ဟား ဟား ... သူတော့်ချင်းသတင်းလွှဲ့လွှဲ့ပေါ့ဗျာ ... ဟား ဟား ဟား ဟား ...

အဟွတ် … အဟွတ် … အဟမ်း … အဟွတ် … အဟွတ် … အဟွတ် … ဟား ဟား … အဟွတ် … အဟွတ်"

ဘယ်လောက်အထိ ရပ်မရအောင် ရယ်သလဲဆိုရင် သူ့အရယ်နဲ့သူ ပြန်သီးပြီး ချောင်းတွေဆိုး၊ မျက်ရည်တွေကျ၊ မျက်လုံးကြီးပါပြူးကာ မျက်နှာကြီးနီပြီး အသက်ရှူမရတွေ ဖြစ်နေပုံပင်ရတော့သည်။

ညြဇာဟာလည်း ပထမတော့ သူ့ကိုလှောင်ပြောင်နေတဲ့ ဦးအောင်ဇေယျကို အံကြိတ်လိုက်၊ တောက်ခေါက်လိုက်၊ သူ့လက်ဖဝါးကို သူ့လက်သီးနဲ့သူ ပြန်ထိုးလိုက်၊ စားပွဲကိုလက်ဝါးနဲ့ တဖြန်းဖြန်းရိုက်လိုက် လုပ်နေရာက ကြာကြာနေတော့ သူပါဆက်ဟန်လုပ် တင်းထားနိုင်ဟန်မတူတော့ဘဲ ညြဇာသည်လည်း ချောင်းတွေဆိုး၊ မျက်ရည်တွေကျပြီး ရပ်တန့်မရနိုင်တဲ့ အရယ်အမော်များနှင့် ဖြစ်နေပါတော့သည်။

"ဘာ … ဘာတွေဖြစ်နေကြတာလဲဟင်၊ တစ်ခုခုတော့ တစ်ခုခုပဲ"

အဲဒီအဖြေကို မိရှေး ကိုယ်တိုင်လည်း အတိအကျ သိချင်နေပါရက် မိရှေးက စောကလျာလိုမျိုးတော့ ပွင့်ပွင့်လင်းလင်း ဖွင့်ဟမမေးလိုက်ပါ။ မမေးချင်။

ဦးအောင်ဇေယျနှင့် ညြဇာတို့နှစ်ယောက်ကို ရှုတည်တည်ရပ်နှင့်ပဲ အကဲခတ်နေကာ နှုတ်ခမ်းကို တင်းတင်းစေ့ပိတ်ထားသည်။





"ကိုကိုညြဇာ တနင်္ဂနွေနေ့ကျရင်တော့ ရှောင်မနေနဲ့နော်၊ ဒါပဲ … ဟွန်း"

ဒီလောက် သူ့အရယ်သူ ပြန်သီးပြီး အသက်ရှူမရဖြစ်နေတာတောင်မှ နည်းနည်းလောက် ပြန်ကောင်းလျှင် ကောင်းသွားချင်း ဦးအောင်ဇေယျထံမှ တဗြဲဗြဲနဲ့ တမင်လုပ်ပြောလိုက်သော အသံပြာပြာကြီး ထွက်လာပါသည်။ အဲဒီလုပ်သံကြီးကို ကြားလိုက်ရမှပင် မိရှေးရဲ့ခေါင်းထဲ ဒိန်းခနဲ သွေးတွေဆောင့်တိုးသွားရတာ ခုနက "ဘယ့်နှယ့်အသံကြီးမျိုးပါလိမ့်"ဟု ထင့်ခနဲ တစ်ချက်ဖြစ်သွားရသော ကိုညီညီရဲ့အသံကြီးကိုပါ ပြေးသတိရသည်။

"အို … လေးလေးကြီးကလည်း၊ သုံးယောက်ဆိုလည်းရပါတယ်၊ လိုက်ခဲ့ပါလားဆို"

မိရှေးရဲ့မျက်နှာထား အခြေအနေကို မရိပ်မိသေးတဲ့ ညြဇာက သူလည်းအားကျမခံ ကနွဲ့ကလျ ပြာတာတာကြီး ပြန်တုံ့ပြန်လိုက်ကာ ဦးအောင်ဇေယျရဲ့ပါးပြင်ကို လက်ညှိုးလေးနဲ့ပါ တစ်ချက်ထောက်ပြီး ထိုးကုတ်လိုက်သေးသည်။ ညြဇာရဲ့ပုံကြီးကိုကော သူ့ပါးက အထိအတွေ့ အသစ်အဆန်းကိုပါ အသည်းယားသွားဟန်ရှိတဲ့ ဦးအောင်ဇေယျက "မင်း အဘ"ဟု တစ်ချက်အော်လိုက်ပြီးမှ …

"ငါက ဘာဆိုင်လဲ၊ စတွေ့ကတည်းက ကိုညြဇာ၊ ကိုညြဇာနဲ့ တဇာတည်း ဇာနေပြီး လက်ကိုတောင် မလွှတ်တမ်း

ဆုပ်ကိုင်ထားတာ။ ဟောကောင် မညာနဲ့၊ ဘုရားသိတယ်နော်၊ မင်းလက်ကို သူ ကိုင်ထားပြီး ကျိတ်ကုတ်နေတယ် မဟုတ်လား။ အဲဒါကြောင့် မင်းပါ ခါတ်ကူးပြီး ခုန ငါ့ လာကုတ်တာ"

"ဓာတ်ကူးဖို့ နေနေသာသာ၊ တစ်ဆင့်ထက် တစ်ဆင့် တက်တက်လာလို့ကတော့ လူမှုရေးတွေ ဘာတွေ ဘယ်သူ့ မျက်နှာမှ ငဲ့မနေတော့ဘူး နားရင်းအုပ်အလွှတ်ပဲလို့ လက်ပြင်ထားတာ။ တော်သေးတယ် ဖုန်းမြည်လာတာ မြန်သွားလို့"

"ဒါ ... ဒါဖြင့် ... သူ ... သူ ... သူက အခြောက်ကြီးပေါ့ နော်။ မထင်ရဘူး၊ လုံးဝကို မထင်ရဘူး၊ နမြောလိုက်တာ"

စောကလျာကား ခုမှ အဖြေရှာတွေ့သွားတော့သလို တထစ်ထစ် တငေါ့ငေါ့ ရှိနေရာက ကမူးရှူးထိုးကြီး ပြောချလိုက်ပါသည်။ မိရှေးက စောကလျာနှင့် မျက်လုံးချင်း မဆုံမိအောင် ဖတ်ခနဲ မျက်နှာလွှဲပစ်လိုက်သည်။ စောကလျာရဲ့ ကမူးရှူးထိုး မေးသံနှင့် စကားလုံးတို့မှာ ဟိုနှစ်ယောက်ကို ကလိထပ်ထိုးလိုက်သကဲ့သို့ ရှိသွားကာ ဦးအောင်ဖေယျနှင့် ဩဇာတို့မှာ နောက်တစ်ချီ နောက်တစ်ကျော့ အတောမသတ်နိုင်အောင် ထပ်ရယ်နေကြပြန်ပါတော့သည်။

မိရှေးမှာ ဘယ်လိုမှခံနိုင်ရည်မရှိနိုင်တော့ပါ။ ဝုန်းခနဲ မတ်တတ်ထရပ်လိုက်ရင်း ...





"သူများတကာရဲ့အရှက်ကို မျက်နှာချင်းဆိုင်ပြီး ခေါ်ခွဲလိုက်ရတာ သိပ်အားရနေကြတယ်ပေါ့လေ"

ပတ်တုတ်လို့တောင် မရနိုင်လောက်တဲ့ ရယ်သံတွေ ချက်ချင်း တိခနဲရပ်တိတ်သွားသည်။

"မိရှေး"

"ညီမ"

"ဘာမှမပြောမနေကြနဲ့။ ဒါလား သူငယ်ချင်းမိတ်ဆွေကောင်းကြီးတွေဆိုတာ။ ဒါလား ရဲဘော်ရဲဘက်စိတ် အပြည့်ရှိတဲ့ ကတိသစ္စာရှင်ကြီးတွေဆိုတာ။ ဒါလား အားကိုးထိုက်တဲ့ ကျေးဇူးရှင်ကြီးတွေဆိုတာ။ အစောကတည်းက တစ်ယောက်နဲ့တစ်ယောက် ဒီလောက် မနာလို ချောက်ချနေကြကတည်းက ရှင်တို့ရဲ့စိတ်ဓာတ် စိတ်ရင်းတွေ လုံးဝမကောင်းဘူးဆိုတာ ကျွန်မ ရိပ်မိတယ် ...

ဒါပေမဲ့ သူတို့ချင်းသာ ဖြစ်နေကြတာ၊ ငါ့ကျရင်တော့ စစ်မှန်မယ်၊ စေတနာထားမယ်ပဲ အထင်မှားမိတာပေါ့။ ဒါမျိုး မျက်နှာချင်းဆိုင် ခေါ်ယူပြီး အရှက်ခွဲခံရလိမ့်မယ်လို့များ တစ်ခါမှ ယောင်လို့တောင် ထင်မထားခဲ့မိဘူး"

"မဟုတ်ဘူး ညီမ၊ မဟုတ်ဘူး"

"မှားနေပြီ မိရှေး၊ မင်းထင်တာတွေ မှားနေပြီ၊ အဲဒီလို မဟုတ်ဘူး"

"ဟုတ်တယ်။ လူကို အ,အ အ,နလို့ ထင်မနေကြနဲ့၊ လုပ်ပုံကိုင်ပုံတွေကို ပြန်တွက်ကြည့်လိုက်ရင် အားလုံး ထင်းခနဲ သိသာနိုင်တာပဲ"

"ဘာလုပ်ပုံကိုင်ပုံမှ မရှိဘူး။ ဒါ ရိုးရိုးကလေးပဲ ဘာအကွက်မှ မပါဘူး"

"သူ့ကို ဘာအပြစ်မှ ရှာမရနိုင်တဲ့ တကယ့်လူမှန်တစ်ယောက်လို့ပဲ ထင်ခဲ့ကြတယ်၊ သူ ဒီလိုဖြစ်နေတာ ကိုယ်တို့လည်း ခုမှပဲသိတယ်၊ ဒီရောက်မှပဲ ဆုံလိုက်ရမှပဲ သိတယ်"

"မဟုတ်ဘူး၊ အစောတည်းက ကြိုသိနှင့်ပြီးသားမို့ ရယ်ရတဲ့ပရိသတ် နည်းနေမှာစိုးလို့ကို မိစောကိုပါ အပိုခေါ်ထားခိုင်းကြတာ"

"အပြစ်ရှာနေကြပါတယ်လို့တောင်မှ ဝန်ခံပြီးကြပြီဟာ၊ အစောကတည်းကသိရင် အစောကတည်းက ဝမ်းသာအားရလာပြေးပြောပြကြရုံပဲ၊ ဒီလိုလုပ်ဖို့ ဘာအကြောင်းမှမရှိဘူး"

"ရှိတယ် ... တမင်ဟားချင်တာ"

"ဘာကိစ္စ တမင်ဟားချင်ရမလဲ၊ မိရှေးကို ဟားလို့ ကျွန်တော်တို့ ဘာများအကျိုးရှိသလဲ"

"တမင်ချိုးချင်တာလေ။ သက်သက်ချိုးတာ"

"ချိုးလို့ ဟားလို့ ဘာအကျိုးရှိမလဲလို့ မေးပြီးပြီလေ၊ တစင်သက်သက် ခေါ်ချိုးရင် ဟားရင် ဒီလိုမျိုး မကျေ





မလည် ရန်ပွဲနဲ့ပဲ အဆုံးသတ်ရလိမ့်မယ်ဆိုတာ ဦးနှောက်ရှိတဲ့လူတိုင်း သိတယ်။ ညီမနဲ့ ဘယ်သူမှ ရန်ပွဲမဖြစ်ချင်ဘူး။ ကိုယ်ရော ဩဇာပါ ဒီတစ်ချက်တော့ သေချာတယ်။ အချင်းချင်းသာ ဖြစ်နေကြမယ်၊ ညီမနဲ့ကတော့ ဘယ်သူမှ ပြဿနာမဖြစ်ချင်ဘူး"

"အဲဒီမိန်းမလျာ၊ အခြောက်၊ သဏ္ဍဝါကောင်မျိုးကို ဒီလူပုံမှန်မဟုတ်ဘူးလို့ တစ်ခွန်းတည်းပြောလည်း ရတယ်။ အဲဒါကို ဟားတိုက်ပြီးမှ ပြောကြတာ၊ အဲဒါ ဟားတာမဟုတ်လို့ ဘာလဲ"

"ဟားတိုက်တယ်ဆိုတာ ရုတ်တရက် သိလိုက်ရလို့ ရယ်ချင်တာပဲရှိတယ်။ ဒါ မိရှေးကို ဟားတာမှ မဟုတ်တာ။ ကိုယ့်ဘာသာကိုယ် ရယ်ချင်နေတာ၊ တစ်ယောက်နဲ့တစ်ယောက် ပြောဆိုနေကြတာတွေကတော့ ခါတိုင်းလည်း ကျွန်တော်တို့က ဒီလိုပဲ အနိုင်မခံ တင်တင်စီးစီးတွေ ပြောနေကျပဲ"

"ဩဇာတော့ ကျဉ်းထဲကျပ်ထဲ ကျနေပြီဆိုတာသိလို့ကို အူယားပြီး ရယ်ချင်တာ။ ဟားချင်းဟား ဩဇာကို ဟားမိတာမျိုးပဲ ဖြစ်ချင်ဖြစ်မယ်၊ ညီမနဲ့ အဲဒီလူက ဘာဆိုင်တာမှတ်လို့ ညီမကို ဟားတယ် ဖြစ်ရမှာလဲ"

"မကြားချင်ဘူး၊ ဘာမှမကြားချင်ဘူး၊ ကျေးဇူးပြု၍ ထပ်မပြောကြပါနဲ့တော့၊ လုံးဝမကြားချင်ဘူး"

မိရှေးက နားနှစ်ဖက်ကို တင်းတင်းပိတ်ကာ ထိုင်နေရာမှ ထရပ်ပြီး စပြေးလိုက်ပါသည်။ ဩဇာက နောက်ကနေ လိုက်ပြေးလာမည်အပြု ဦးအောင်ဖေချက ဩဇာကို လက်အသာ လှမ်းဆွဲထားကာ ခေါင်းခါပြလိုက်သည်ကိုပဲ မြင်လိုက်ရသည်။ မိရှေးရဲ့နောက်မှ စိတ်မကောင်းသည့် ပုံစံနဲ့ သက်ပြင်းတွေ တလှိုင်လှိုင်ချကာ စောကလျာက လိုက်ပါလာပါသည်။

ဘာကြောင့်လဲမသိ။ မိရှေးရဲ့ရင်တွေ ဗြန်းဗြန်းကွဲ နာကျင်နေသလို ခံစားနေရသည်။

♥ ◇ ♥





## အခန်း(၆)

"ငါလည်း ဝမ်းနည်းတာပဲလေ မိစော၊ နင်က ငါ့သူငယ်ချင်း ဖြစ်နေရက်နဲ့ ဒီအချိန်မှာ ငါ့များဝမ်းနည်းနေမလား လို့တော့ တစ်ချက်မှ မတွေးပါလား။ နင်နဲ့မဆိုင်တဲ့ ခုမှ သိရတဲ့ လူနှစ်ယောက် ဝမ်းနည်းစိတ်မကောင်း ဖြစ်နေကြ မှာကိုပဲ နင်က တအားတွေးပူနေတယ်"

"နင်က ဝမ်းနည်းစရာကို မရှိတာလေ။ နင်က ဘာကို ဝမ်းနည်းနေတာလဲ။ သူတို့ စိတ်မကောင်းဖြစ်ကြတယ်ဆို တာကတော့ ဖြစ်စရာကိုး၊ ငါက သူတို့အတွက် ပူပေးရတာ ပေါ့။ နင်က သူတို့ကို နင်ပဲငဆလည်း ပြောထားတယ်၊ သူတို့က ပြန်တောင်းပန်တာကိုလည်း ငြင်းလွှတ်ပြီး သေအောင် ထပ်ပြောထားသေးတယ်။ အဲဒီတော့ သူတို့ဝမ်းနည်းကြမှာပေါ့။ စိတ်မကောင်း ဖြစ်ကြမှာပေါ့။ နင်ကကျတော့ ဘာကိုဝမ်းနည်းနေတာလဲ"

မိရှေးက ဘာမှပြန်မဖြေဘဲ နှုတ်ခမ်းတင်းတင်းစေ့ကာ ပိတ်နေလျှင် စောကလျာက ...

"နင်က အဲဒီ ကိုညီညီကို ကြိုက်မိသွားပြီမို့လို့ ဝမ်းနည်းနေတာလား"

"မိစော ... ..."

"မဟုတ်မှန်းသိလို့ တမင်ပြောတာ။ အဲဒါမှ မဟုတ်ရင် နင်ရဲ့ဝမ်းနည်းမှုက ဘာအတွက်လဲ။ လူဆိုတာ ဆုံးရှုံးမှုတစ်ခုနဲ့ ကြုံရမှ ဝမ်းနည်းတတ်ကြတာမျိုးချည်းပဲ။ ခု နင် ဘာဆုံးရှုံးနေသလဲ၊ ဘာမှလဲ မဆုံးရှုံးဘူး"

"တစ်ယောက်လာလည်း လူယုတ်မာ၊ တစ်ယောက်လာလည်း ယောကျ်ားမဟုတ်။ အဲဒီအဖြစ်အပျက်က ဝမ်းနည်းစရာ မဟုတ်ဘူးလား။ လာလာသမျှ လူအားလုံး အကောင်းတစ်ယောက်မှ မပါဘဲ အဆိုးအဝါးကြီးပဲ ဖြစ်ဖြစ်နေတဲ့ မိန်းမတစ်ယောက်ရဲ့အဖြစ်က ဝမ်းနည်းစရာ မဟုတ်ဘူးလား"

"ဘာဆိုင်လဲဟ၊ နင့်ဆီကို ချဉ်းကပ်လာကြတဲ့ ယောကျ်ားမှန်သမျှ မကောင်းတာတွေချည်း ဖြစ်နေတယ်လို့ကော ဘယ်သူ ပြောသလဲ။ ကျောင်းတုန်းက နင့်ကိုလိုက်ဖူးတဲ့ သူတွေထဲမှာလည်း နင်က ပြန်မစုံစမ်းခဲ့လို့သာ ... ကောင်းတာတွေတော့ ပါမှာပဲ"

"မကောင်းတာတွေလည်း ဖြစ်နေနိုင်တာပဲ"





"အေး ... ထားလိုက်ဟယ်။ ဒါဖြင့်ရင် ဦးအောင်စေယျနဲ့ ညစ်ဇာတို့ နှစ်ယောက်ကျတော့ရော ဘာမကောင်းတာ ရှိသလဲ။ ဆိုးဆိုးဝါးဝါး တစ်ခုမှ မရှိကြတဲ့သူတွေကို။ အဲဒါကြောင့် နင့်ကို ငါ အစောကြီးကတည်းကလည်း ပြောခဲ့ပြီးပြီ။ ခုလည်း ထပ်ပြောဦးမယ်။ နင့်ဘဝရဲ့အဖော်တစ်ယောက်ကို အဲဒီနှစ်ယောက်ထဲက တစ်ယောက်ယောက်ကိုပဲ ရွေးလိုက်ပါတော့ မိရှေးရယ်။ ငါ အကောင်းအကြံပေးနေတာပါ"

"အဲဒီလိုကို မဖြစ်ချင်တာ။ လာလာသမျှကလည်း မကောင်း။ အပြီးသတ်ကျတော့ ဒါပဲ နံဘေးမှာရှိလို့ ဒီထဲကပဲ ရွေးလိုက်ရတယ် ဆိုတာမျိုးကို အဖြစ်မခံနိုင်တာ"

"နင့်ကို ဘယ်သူက အဲဒါမျိုး ပြောနေလို့လဲ"

"ပြောပြော မပြောပြောလေ၊ ဘယ်သူပြောပြော မပြောပြော ငါ့ဟာငါတော့ သိနေတာပဲလေ"

"နင့်အတွေးအခေါ်တွေက တစ်မျိုးပဲ၊ ပုံမှန်ကိုမဟုတ်ဘူး မိရှေး"

စောကလျာက မိရှေးကို ပြေရာပြေကြောင်းပဲ ပြောနေပေမယ့် မိရှေးကတော့ စဉ်းစားလေ စိတ်တိုလေ ဖြစ်ဖြစ်လာပုံပင်ရကာ ...

"အမိက,ကတော့ သူတို့လာကပ်နေလို့ ဘူပိတ်နေတာလည်း ပါတယ်"

"ဟဲ့ ... ဘာဆိုင်လဲ"

"သူတို့က စိတ်ကောင်းရှိကြတာ မဟုတ်ဘူး ပုပ်အဲ့နေတာ စိတ်ပုပ်တော့ လူပါပုပ်ပြီး အကုသိုလ်ပဲ ဖြစ်နေမှာပေါ့၊ အဲဒါတွေက ငါ့ကိုပါ ဂယက်ရိုက်ပြီး ငါ့ဆီလာသမျှ လူအကုန်လုံးလည်း တစ်ယောက်မကျန် အကောင်းကို မပါတာ"

"လုံးဝအဓိပ္ပာယ်မရှိဘူး"

"ရှိတယ်"

"မိရှေးရယ် ... သူငယ်ချင်း အချင်းချင်းမို့ ပြောတဲ့စကားပါ။ ငါ့ဆိုရင် ကျောင်းတုန်းတည်းက ခုထိ လာကြိုက်တဲ့သူလည်း တစ်ယောက်မှ မရှိဘူး၊ လူမျိုးတူထဲက မိဘချင်းလာစပ်တဲ့သူတောင် ခုထက်ထိ မရှိသေးဘူး။ နင့်လိုသာဆိုရင် ငါတော့ ရှက်ပြီး ဝမ်းနည်းပြီး စိတ်တိုပြီး သေရတော့မယ်"

"နင် ပြောပုံက ငါကပဲ ယောကျ်ားမရနိုင်လို့ စိတ်တိုနေတဲ့ပုံပေါ့။ နင့်ကို ငါ့ပြောပြီးပြီ၊ မကောင်းတာကြီးတွေပဲဖြစ်ဖြစ်နေတာကို ရှက်တာ ဝမ်းနည်းတာ။ အဲဒါကို ဟားရင်သာ စိတ်တိုတာ"

"လာသမျှလူက မသင့်မတော်ထဲကချည်း ဖြစ်နေတာ ရှက်စရာမှ မဟုတ်တာ။ ဒါကတော့ ကံလည်းပါသေးတာပဲ"





"အဲဒီကံ ... ကံ ... နဲ့ ပြောကြတာကို ငါက လက်မခံနိုင်တာ။ ကံဆိုတာ လူကလုပ်တာ။ ငါလည်း ဘာမှမှမလုပ်ဘဲနဲ့ အဲဒီလိုချည်းပဲ ဖြစ်ဖြစ်နေတာ တရားသလား။ ငါ့ကို ကံလို့ လာမပြောနဲ့"

"ကံဆိုတာ ခုဘဝမှာ ကိုယ်လုပ်လို့ ကိုယ်ဖြစ်တဲ့ကံဆိုတာရှိသလို ကိုယ်က ပြန်ပြုပြင်လို့ မရနိုင်တဲ့ အတိတ်ကံဆိုတာမျိုးကော မရှိရတော့ဘူးလား။ အေးပါ ... ငါ ဘယ်လောက်ပြောပြော နင်ကမှ ကံကိုမယုံတော့ ဘာဆက်ပြောရမလဲတောင် မသိတော့ဘူး"

"ဘာမှမပြောနဲ့၊ ငါလည်း ဘာမှသိပ်ပြောချင်တာ မဟုတ်ဘူး၊ နင့်ကိုတောင် ဝိုင်းရယ်တဲ့အထဲမှာ နင်မပါလိုက်လို့ ငါက ဆက်ခေါ်နေတာ။ ငါ့ကို ဟားတာ လုံးဝမကြိုက်ဘူးဟာ"

"နင့်ကို ဟားကြတာ မဟုတ်ပါဘူးလို့ဆို၊ ဆယ်ခါလောက်ရှိပြီ ပြောနေရတာ"

"အဲဒါကတော့ နင့်ဘက်ကကြည့်ရင်သာ လက်ဖဝါး၊ ငါ့ဘက်မှာတော့ လက်ဖမိုးပဲ။ နင်သာ အမှန်လို့ချည်း နင်ထင်မနေနဲ့"

"အဲလိုသာဆိုရင် နင်လည်း အမှန်ချည်းပဲ ဘယ်ဟုတ်မလဲ"

"မိစော ... နင်က ဘာလဲ၊ ဘာဖြစ်ချင်နေတာလဲ"

"ငါက နင့်ကို စိတ်ချမ်းချမ်းသာသာနဲ့ အနည်ထိုင်စေချင်နေတာ"

"ဪ ... နင်ပြောပုံက ငါက အနည်ထ လှုပ်ခတ်နေတယ်ပေါ့လေ"

"ဟုတ်တယ်၊ လှုပ်ခတ်နေတယ်၊ နင် ဘာလုပ်နေသလဲ၊ နင့်ပဲအသိဆုံး မိရှေး။ ငါ ထုတ်ဖော်ပြောနေစရာ မလိုဘူး"

မိရှေးက စောကလျာကို ဘာမှပြန်မပြောဘဲ အသံတိတ် အကဲခတ်လို့သာနေသည်။ ဒီမိန်းမ ဘယ်လိုများ သိသွားပါလိမ့်။ ဒီလောက်မြိုထား လျှို့ဝှက်ထားတဲ့ကြားက သိသွားသည်ဆိုလျှင် အတော်လျင်သည့်မိန်းမပေ။ ကြောက်စရာကောင်းရတော့မလိုလိုတောင်ရှိသည်။ ဒါမှမဟုတ် ဘာမှလဲ သိမထားဘဲနဲ့များ အရိပ်အကဲဖမ်းပြီး အစ်အောက်ထုတ်ချင်နေတာမျိုးလည်း ဖြစ်နိုင်တာပဲ။

မိရှေးတို့ ဗန်ကောက်ကို package tour group နှင့် ကုမ္ပဏီကနေ သွားကြရစဉ်အခါက ဟိုမှာ ဆုံခဲ့ သိခဲ့တဲ့ တစ်ယောက်က ခု မိရှေးကို လာပတ်သက်ဖို့ ကြိုးစားနေသည်။ ဒီက သွားတဲ့ ခရီးသည်အုပ်စုထဲမှတော့ မဟုတ်ပါ။ ခရီးသည်တွေထဲက တစ်ယောက်နဲ့ အသိမိတ်ဆွေဖြစ်တဲ့ အဲဒီလူက နဂိုကတည်းက ဗန်ကောက်မှာ အလုပ်လုပ်နေတဲ့သူတစ်ဦးဖြစ်ကာ အဲဒီခရီးစဉ်အတွင်းမှာတုန်းကတော့ သူ့မိတ်ဆွေကို နှုတ်ဆက်သလိုလိုနှင့် မိရှေးကိုပါ ရင်းနှီးဖို့ ကြိုးစားတာပေါ့။





အလုပ်နဲ့ပတ်သက်တဲ့ ခရီးစဉ်မျိုးအတွင်းမှာမို့ မိရှေးက လုံးဝအကာပ်မခံခဲ့သလို ရှေ့ဆက် ပေရှည်ဖို့ကိုလည်း ဘာမှအဆက်အသွယ် အမှျင်တန်းကိုမထားခဲ့တာပါ။ ကိုယ်က ခရီးစဉ်ပြီးရင် ကိုယ့်မြန်မာနိုင်ငံ ကိုယ်ပြန်လာ။ သူက သူ့အလုပ်နဲ့ဗန်ကောက်မှာပဲကျန်ခဲ့။ ဒါပဲပေါ့ ပြီးပြီပေါ့။

မပြီးတာက အဲဒီလူက အခု ခွင့်ကာလအနေနဲ့ဒီကို ပြန်ရောက်လာပြီး မိရှေးတို့ ကုမ္ပဏီလိပ်စာနဲ့ စုံစမ်းလိုက်လာကာ လာပတ်သက်ဖို့ ကြိုးစားနေတော့တာ။ မိစော သိလို့များလုံးဝမဖြစ်ပါ။ သူသိရင် ဟိုနှစ်ယောက်သိမည်။ အဲဒီအခါကျမိရှေးက သူတို့ကို စိတ်ဆိုးနေတာ၊ ခေါ်တာ မခေါ်တာတွေကိုလုံးဝဂရုစိုက်မှာ မဟုတ်တဲ့ အဲဒီ "ဖိုးပါကြီး"နှစ်ယောက်ဟာဝင်ကိုပါလာကြမှန်ဦးတော့မှာ။

ကံကိုမယုံချင်တဲ့ မိရှေးဟာ အယုံ့ကျတော့ တအားသည်းနေပြန်တော့ ခက်တာပေါ့။ တကယ်တော့ လူတစ်ယောက်ရဲ့ ကောင်းခြင်း ဆိုးခြင်းဟာ နဂိုတည်းက သူ့ဘာသာဖြစ်ပျက်နေခြင်းသာဖြစ်ပြီး ဟိုနှစ်ယောက် ထ,စုံစမ်းလိုက်ကြလို့ ထ,ထဆိုးသွားတာ မဟုတ်မှန်း သုံးတန်းကလေးလောက် ပညာတတ်လျှင်ပင်ဆင်ခြင်စဉ်းစားနိုင်ပါသည်။

ဒါပေမဲ့ မိရှေးကတော့ တစ်ယောက်ရောက်လာပြန်ပြီဆိုရင် သူတို့ဝင်ပါလာတာနဲ့ ဆိုးကိုဆိုးသွားတော့မယ်လို့ပဲ အယူအသည်းကြီး သည်းနေမိပြီ။ ကဲ ... ဘယ်လိုလုပ်မလဲ။

အခု မိရှေးဟာ "အနည်ထ လှုပ်ခတ်နေတယ်"လို့ စောကလျာက စွပ်စွဲပြောဆိုလိုက်တာ အဲဒီ ဗန်ကောက်က ပြန်လာတဲ့သူ ကိုတိုးမြင့်ကို ပြောနေတာပဲလား။ ခုတစ်ယောက်ကတော့ ခုလောလောဆယ်ဆယ်မှာ ဘာအလုပ် လုပ်နေမှန်းမသိပေမယ့် (၁၈)နှစ်သားလောက်ကတည်းက သဘောတက်သွားပြီး နိုင်ငံရပ်ခြားသို့ ရောက်သွားခဲ့တဲ့ လူမျိုးဆိုတော့ အတော်လေးခေတ်ဆန်သွက်လက် ပွင့်လင်းတတ်သူလို့ ပြောရမှာပေ။ နိုင်မော်သန့်တုန်းကလိုပဲ တစ်ချိန်လုံး "ဟိုသွားမယ်၊ ဒီထွက်မယ်"နှင့် date လုပ်(ချိန်းဆို)နေတတ်သူမို့ မိရှေးမှာ ကြိုသလို သင့်သလို လှည့်ပတ်ရှောင်ရှားနေရဆဲ။

မိစောက "လှုပ်ခတ်နေတယ်"ဟု ပြောလည်းပြောချင်စရာ။ ကိုညီညီကြောင့် အရှက်ရခဲ့သလိုရှိရတဲ့ ဒဏ်ရာတွေမှ အကင်းမသေခင် မိရှေးဟာ တစ်ချိန်းတည်း ချိန်းနေတဲ့ ကိုတိုးမြင့်ကို စုံစမ်းယူလို့ရလောက်တဲ့ အတိုင်းအတာမျိုးလောက်တော့ ပြန်ပြီး လက်ခံတွဲကြည့်လိုက်ရင်များ ကောင်းမလားလို့ စဉ်းစားနေမိပြီလေ။ စိတ်လေနေတယ်လို့ စွပ်စွဲချင်လည်း စွပ်စွဲကြပေါ့။

တကယ်တမ်းပြောရရင်တော့ မိရှေးဟာ ဦးအောင်ဇေယျနဲ့ ဩဇာကို ခင်ပါသည်။ သံယောဇဉ်ကြီးပါသည်။ သူတို့နဲ့အတူ စကားပြောရတာ သွားလာရတာ စားသောက်ရတာတွေကိုလည်း ပျော်ပါသည်။ သူတို့နဲ့မို့ ဆုံလိုက်ရင် စိတ်ရှုပ်စိတ်တိုလာရတာလေးတွေလည်း ရှိတတ်ပေမယ့် တစ်ချိန်လုံးရယ်လို့ချည်းနေရတဲ့အချိန်တွေက ပိုများတတ်တာကိုလည်း သဘောကျနှစ်ခြိုက်မိပါသည်။

ကိုညီညီနဲ့ကိစ္စတုန်းကလည်း အာပြဲကြီးတွေနဲ့ ဝိုင်းရယ်ကြတဲ့ လုပ်ရပ်ကို ရုတ်တရက်တော့ ရှက်ရှက်နဲ့ တအားဒေါသထွက်တာပေါ့၊ နာကျင်တာပေါ့။ ဒါပေမဲ့ မိရှေးလည်း အသိဉာဏ်နဲ့ပဲ ဦးနှောက်နဲ့ပဲ။ သေချာပြန်စဉ်းစားရင် သူတို့အပြစ်က ဘာမှသိပ်မရှိတာ သိတာပေါ့။ မသိတာမှ မဟုတ်ဘဲ။

ဒါပေမဲ့ တောင်းပန်တာကိုလည်း မကျေအေးပဲ ထားထားသည်။ ဆက်သွယ်လာရင် နင်ပဲငဆ ခပ်ပြတ်ပြတ်ပြောလွှတ်ပစ်သည်။ "ငါ့ကိုဟားရင် မကြိုက်ဘူး"တို့ "ရှက်တယ်"တို့ "ဝမ်းနည်းတယ်"တို့ လုပ်ထားသည်။ ဘာဖြစ်လို့လဲ။ ပြောပြီးပါပြီ။ မပါစေချင်တော့လို့ပါ၊ အယူသည်းနေပြီမို့လို့ပါ။ တစ်ခါကနှစ်ခါ ဖြစ်လာပြီးတဲ့အခါ သုံးလေးငါးခါ ဆိုရင်တော့ မိရှေးလည်း သွက်သွက်ခါပြီး အရူးတစ်ပိုင်းကို ဖြစ်သွားနိုင်ပြီမို့လို့ပါ။

အပျိုကြီးမဖြစ်ချင်တဲ့ မိရှေးဟာ စောကလျာ အကြံပေးသလို "သူတို့နှစ်ယောက်ထဲကပဲ ရွေးလိုက်ပါတော့"ဆိုတာကိုလည်း ဘယ်လိုမှ လက်သင့်မခံနိုင်၊ စဉ်းစားမရကို ဖြစ်နေလို့ပါ။ သူတို့ကို ရွေးချင်ခဲ့မှတော့ အချိန်တွေက ခုလောက်ထိ ကြာလာပါ့မလား။ မကောင်းတာကြီးတွေချည်း ရောက်ရောက်လာတဲ့ အဖြစ်ဆိုးမျိုးတွေကိုရော အခါခါ ကြုံနေရပါတော့မလား။

ဒါပေမဲ့ သူတို့နဲ့ ဝေးဝေးကင်းကင်း နေနေရတဲ့အတွက် သတိမရဘူးလို့များ ထင်နေလား။ ယောင်ယောင်မှားမှားနဲ့ ဖုန်းမျှော်နေမိတာမျိုးကော မရှိဘူးလို့ ပြောမိလို့လား။ မိရှေးကြီး ငုတ်တုတ်ရှိရှိရက်နဲ့ ကုမ္ပဏီက ဖုန်းကိုင်တဲ့ စာရေးမလေးက "မမရှေး မရှိပါဘူးရှင်၊ အပြင်ထွက်သွားပါတယ်"လို့ ငြင်းလိုက်သံကိုများ ကြားလိုက်ရရင် "ဗန်ကောက်က နောက်တစ်ယောက်"လို့ ဘယ်တော့မှ မထင်မိဘဲ "ဦးအောင်ဇေယျလား၊ ဩဇာလား"လို့ပဲ ဖျတ်ခနဲ လှမ်းတွေးလိုက်မိတာချည်းပဲဆိုတာကိုကော ဘယ်သူမှ မကြားသာအောင် ညောင်ပင်ခေါင်းထဲပဲ ရင်ဖွင့်သွားအော်ထည့်ထားရမလား။

"အမှန်တကယ်တော့ ငါ သိပြီဟ မိရှေးရ။ နင်မကြိုက်တဲ့ကံ၊ ကံဆိုတဲ့ စကားလုံးကိုပဲ သုံးရမှာပဲ။ နဂိုတည်းက ကံကကျိုစယ်တာ၊ တစ်ယောက်တည်းပဲ ပေါ်လာခဲ့ရင်ပြီးရော"

"ဘာဖြစ်တယ် ! "

"နင့်ဘဝထဲကို တစ်ချိန်တည်း၊ တစ်နေရာတည်းမှာ ပူးတွဲကြီး တစ်ပြိုင်နက် ဖြုန်းခနဲရောက်လာခဲ့ကြလို့ နင်စိတ်ရှုပ်ထွေပြားသွားတာ။ တစ်ယောက်တည်းပဲ သတ်သတ်မှတ်မှတ် ပြိုင်ဘက်မရှိ ရောက်လာခဲ့တယ်ဆိုရင် နင်တို့အဆင်ပြေကြတာ ကြာပြီ ..."





ခုတော့ကွာ တစ်ပြိုင်နက်မှ လုံးဝတစ်ပြိုင်နက်ကွာ။ ဘယ်သူကမှ တစ်စက္ကန့်လောက်တောင် ပိုမသာခဲ့ဘူး။ အချိန်မသာလို့ ဘာသာလဲ ဆိုတော့လည်း နင့်အပေါ်ထားတဲ့ မေတ္တာစေတနာ၊ အချစ်၊ အဖြစ်သည်းမှု၊ တန်ဖိုးထားကြတာတွေ၊ အပြိုင်စိတ်ဓာတ်တွေ၊ သင့်တော်တဲ့လူကောင်းဖြစ်နေတာတွေ၊ ဘာတစ်ခုမှာမှ တစ်ယောက်က တစ်ယောက်ကို အပြတ်ဖြတ်နိုင်တယ်။ သာတယ်၊ ကျော့တယ် မရှိဘူး။ အဲဒီတော့ နင်ခက်တာပေါ့။ ကံက နင့်ကိုကျိုပဲ ကျိုစယ်တာလား။ ဆုချတာပဲ လွန်သွားတာလား။ အပြီးသတ်ကျတော့ ငါ့အပြစ်တွေချည်းပဲ။ ငါ ... ငါ ... ငါ ... စတဲ့ဇာတ်"

စောကလျှာမှာ သူ့နဖူးသူ ထုထုပြီး ပြောနေရာက အလစ်အငိုက် ဖမ်းလိုက်သလို ဖျတ်ခနဲ လေသံပြောင်းပြီး ...

"နင် သူတို့ကို တကယ်စိတ်နာမနေဘူး မှတ်လား။ ပြောတုန်းကတော့ ပါးစပ်ထဲ စိတ်ထဲရှိသမျှ အကုန်အော်ဟစ်ပြောပစ်ခဲ့ပြီး ခုကျတော့ နင့်စကားတွေ နင်မယုံတော့ဘူး မဟုတ်လား။ ဒေါသလည်း ပြေနေပါပြီ၊ ဟုတ်တယ်မှတ်လား"

"သွားစမ်းပါဟာ၊ သွား ... သွား ... နားငြီးလိုက်တာ"

"လှုပ်စတ် အနည်ထနေတဲ့ကိစ္စကိုလည်း ရှေ့မဆက်ဘူး မဟုတ်လား"

မိရှေးက စောကလျာကို မျက်စောင်းတွေသာဆောင် ဆောင့်ထိုးလိုက်လျှင် စောကလျာက ...

"ညှင်း ညှင်း ညှင်း ညှင်း"

"နင် အဲဒီလို မရယ်စမ်းပါနဲ့ဟာ ငါးဖောင်ရိုးမ"

"ငါပဲ အနစ်နာခံပြီး တစ်ယောက်ယောက်ကို ကြဲလိုက်ရ မလိုဖြစ်နေပြီ ညှင်း ညှင်း ညှင်း"

"နင့်ကို ငါ အစောကတည်းက လူမပြည့်ရင် နင်ပဲ သွားထိုင်လိုက်ပါလားလို့ ပြောခဲ့သားပဲ"

"ဒါမှမဟုတ်ရင် အခု ငါ့ကုမ္ပဏီက နာမည်ရအောင်မြင်လာပြီဆိုတော့ မိန်းကလေးတွေနော် ရှယ်စုံဆိုက်စုံ တန်းစီပြီး အလုပ်အပ်လာကြတာ အများကြီးပဲ။ အဲဒါတွေနဲ့ပဲ တစ်ဝိုင်းပြန်ဖွဲ့ပေးလိုက်ရရင်များ ကောင်းမလား"

မိရှေးက ကိုယ့်ကို အကဲလာစမ်းနေသည့် စောကလျာကို ရယ်ချင်လာရရင်း ...

"မိစော ... နင်ကသာ ငါ့အကြောင်းကို မသိတာ။ ငါက နင့်အကြောင်းကို အူမချေးခါးအဆုံး အကုန်သိတယ်။ အဲဒါ နင် ငါ့ကို နှံ့နေ စမ်းနေ အစ်နှိုက်နေတာ ငါလုံးဝသိတယ်၊ ရိပ်မိတယ်၊ ဘာမှထူးလာမှာ မဟုတ်ဘူး၊ ကြိုးစားမနေနဲ့"

"ငါလည်း နင့်အကြောင်းကို သိတယ်၊ ငါ အတန်တန်တားတွဲ သတိပေးတဲ့ကြားက မဟုတ်တဲ့အလုပ်ကို နင်





ဖွတ်လုပ်ကို လုပ်မှာပဲ။ အခုသာ ငါရယ်နေပေမယ့် အဲဒီအခါကျ နင်နဲ့ငါ ရန်တအားဖြစ်ရလိမ့်မယ်၊ ကဲ ... နင်ငြင်းမလား"

မိရှေးက စောကလျာရဲ့စကားကို မကြားချင်ယောင်ဆောင်နေသည်။

♥ ◇ ♥

မျက်မှန်အနက်တစ်လက်၊ ကက်ပ်ဦးထုပ်တစ်လုံးတို့နှင့် ကိုယ့်ရုပ်ကိုယ် မှန်ထဲပြန်ကြည့်မိရင်း မိရှေးက ဦးအောင်ဇေယျကို ပြေးသတိရလိုက်ပါသည်။ တကယ့်သူလျှိုတွေ၊ စပိုင်တွေကတော့ မည်သို့မည်ပုံ စီမံကြမယ် မသိပေမယ့် သာမန်လူပြိန်းတွေလောက်ကတော့ ရုပ်ဖျက်ချင်ရင် မျက်မှန်နဲ့ ဦးထုပ်ပဲ သုံးတတ်ကြတာ ထင်ပါရဲ့။ မိရှေးလည်း ဒါပဲ စဉ်းစားလို့ရသည်။ ဦးအောင်ဇေယျ အလှည့်တုန်းကလည်း ဒါပဲလေ။

ဒါပေမဲ့ တစ်ခုရှိတာက မိရှေးရဲ့မျက်မှန်နဲ့ ဦးထုပ်ကတော့ ဟိုးအစောတည်းက ကိုယ်ကိုယ်တိုင် စိတ်တိုင်းကျရွေးဝယ်ထားပြီး ကိုယ့်အိမ်မှာ အဆင်သင့်ရှိနေခဲ့တာတွေမို့ ခုမှလမ်းနံဘေးပလက်ဖောင်းပေါ်ကနေ ရုတ်တရက် ကောက်ကက်ဝယ်လိုက်ပြီး သေးနေကြီးနေတဲ့ ဦးအောင်ဇေယျရဲ့မျက်မှန်နဲ့ ဦးထုပ်လိုတော့ လူကို ရုပ်ပျက်မနေစေ။

ရုပ်ဖျက်တယ်ဆိုတာ ရုပ်ပျက်ဖို့တော့ မဟုတ်ဘူးနော်။ ကိုယ့်ကို မတွေ့စေချင်တဲ့သူတွေ မမြင်စေဖို့၊ မသိစေချင်တဲ့သူတွေ မမှတ်မိစေဖို့။ ဒါပဲ မဟုတ်လား။ ဦးအောင်ဇေယျတုန်းကဖြင့် ရုပ်ပျက်ဆင်းပျက်ကို ဖြစ်နေတာ။ မိရှေးကတော့ ရုပ်ပျက်မနေတာမို့ မှတ်မိတတ်တဲ့လူတွေအဖို့ မြင်လိုက်တာနဲ့ တန်းသိသွားကြမလား။ မိရှေးတောင် ဦးအောင်ဇေယျကို ဒီလောက်ရုပ်ပျက်နေတဲ့ကြားက မှတ်မိသွားသေးတာပဲလေ။

ဒါဆိုရင် ဦးထုပ်နဲ့ မျက်မှန်အပြင် ဘာများထပ်လုပ်ရပါ့။

ဒီနေ့မနက်စောစောတင်ပဲ မိစောနဲ့ မိရှေးက ထုံးစံမပျက် ရန်ဖြစ်ပြီးသွားကြပြီ။ ကိုတိုးမြင့်ရဲ့ date လုပ်(ချိန်းဆို)မှုကို မိရှေးက လက်ခံလိုက်ပြီး ဒီနေ့ နေ့လယ် အပြင်ထွက်ထမင်းစားဖြစ်ဖို့ ခေါင်းညိတ်လိုက်ပြီလေ။ ဒါတောင်သူ တကျိုက်ကိုတကျာကျာ လုပ်နေသလို ညဘက် dinner မဟုတ်။ နေ့လယ်ဘက် lunch ။ ပြီးကျတော့ လူမြင်သူမြင် လူစည်ကား၊ လူများတဲ့ မြေပဒေသာကျွန်းထဲက Western Park မှာ။

ဒါကိုတောင်မှ မိစောဟာ မိရှေးကို "လိမ္မာတယ်၊ ဉာဏ်ရှိတယ်၊ ဦးနှောက်နဲ့ စဉ်းစားတတ်ပြီး တစ်ဖက်လူကိုလည်း စကားအောင်အောင် ပြောနိုင်တယ်"ဘာဘာညာညာ တစ်ခွန်းမှ မချီးကျူးဘဲ ...

"အေး ... ငါကတော့ ဦးအောင်ဇေယျနဲ့ ဩစာကိုပြောမှာပဲ"





တကယ်လျှင်တဲ့ လည်မွတ်တဲ့ မိန်းမ။ လုံးဝဖုံးဖိထားတာတောင် ဘယ်လိုလုပ်ရအောင် စုံစမ်းယူနိုင်သည် မသိဘဲနေရာတို့ အချိန်တို့ကိုပါ အတိအကျမဟုတ်တောင် ခန့်မှန်းခြေလောက် သိနေလိုက်သေးသည်။

"မပြောနဲ့ မိစော၊ ကိုညီညီနဲ့တုန်းကလည်း နင့်ကိုမပြောစေချင်ပေမယ့် ရမယ်မထင်လို့ ငါနှုတ်ကထုတ်ပြောပြီး ဖိတ်ပင်တာမျိုး မလုပ်ခဲ့ဘူး။ ခုကျတော့ ပါးစပ်ကထုတ်ပြောပြီးတော့ကို တားတာဟာ မပြောနဲ့"

"ပြောမယ်၊ လိုက်စုံစမ်းကြပစေ"

"အဲဒါ ငါ့မိဘတွေ မဟုတ်ဘူး။ ငါ့ကို ဝိုင်းအုပ်ထိန်းနေကြစရာလည်း မလိုဘူး။ လိုက်နှောင့်ယှက်ကြမှာကိုလည်း မခံနိုင်ဘူး။ အဆိုးတွေ စုံစမ်းလာကြမှာကိုလည်း မခံနိုင်ဘူး"

"ဘာပဲဖြစ်ဖြစ် နင်တောင် ငါ့စကား နားမထောင်တာ။ ငါလည်း နင့်စကား နားမထောင်ဘူး သွားပြောမယ်"

ဖုန်းကို "ခွမ်း"ခနဲမြည်အောင် ပစ်ပေါက်ချ ဖြတ်တောက်ပစ်လိုက်ပြီးချိန်မှာတော့ မိရှေးဟာ ရုပ်ဖျက်ဖို့ အစီအစဉ်ကို စတင်ရတော့တာပါ။ မိစောရဲ့လက်ချက်နဲ့ ကိုယ့်အနီးအနားပရဝုဏ်တစ်ဝိုက်ကို ရောက်ရှိလာနိုင်တဲ့ ဟိုနှစ်ယောက် ကိုယ့်ကို မမှတ်မိဖို့၊ မတွေ့သွားဖို့ အရေးကြီးသည်။ မျက်မှန်နဲ့ ဦးထုပ်က သိပ်မလုံခြုံလှသေးဘူးလို့ ထင်တော့ မိရှေးက မေမေ့ရဲ့ရင်ဖုံးအင်္ကျီ

လက်စကတစ်ထည်ကိုပါ အသာကလေး နှိုက်ယူပြီး အားပေးလာခဲ့သေးသည်။

ချိန်းဆိုထားရာအရပ်သို့ရောက်တော့ ကားပေါ်က ဆင်းလာတဲ့ မိရှေးကိုမြင်ပြီး ဟိုတစ်ယောက်က ဟန်မဆောင်နိုင်အောင် ရှုံ့မဲ့သွားကာ ...

"ဘယ်လိုဖြစ်လာတာလဲ"

"ဘယ်လိုဖြစ်လို့လဲ"

"မျက်မှန်နဲ့ ဦးထုပ်က Match မဖြစ်ဘူး။ အကျီကလည်း အဘွားကြီးပုံ ဆန်လိုက်တာ။ အဆင်ရော အရောင်ရော"

"အဲဒီတော့ ..."

"ကိုယ်တော့ မကြိုက်ဘူး"

"ရှင့်အကြိုက်တွေချည်း လုပ်လာပါ့မယ်လို့ မနေ့က ချိန်းတုန်းကများ ပြောမိလို့လား။ ရှင် မကြိုက်ပေမယ့် ကျွန်မ ကြိုက်ချင်ကြိုက်မှာပေါ့"

"ဟ ... ! ဘယ်လိုလဲ။ နေရင်း ထိုင်ရင်း ရန်စကားတွေ ပြောနေပါလား"

"ရှင်က စတာလေ၊ မြင်တာနဲ့ ဆီးဟောက်တာက ဘာသဘောလဲ၊ ကျွန်မက ကိုယ့်လာဟောက်နေရင်တော့ ငြိမ်ခံမနေတတ်ဘူးရှင့်"

ဧတည်းက_ယဥ်သကို ဆိုသလို မိရှေးနဲ့ အဲဒီတစ်ယောက်နဲ့ဟာ အပြန်အလှန်တွေ အော်ဟစ်ကြပြီးတဲ့ သကာလ





စားသောက်ဆိုင်ထဲကိုရောက်တော့ သူက မှန်ချပ်တွေကတစ်ဆင့် အပြင်ကို မျက်နှာမူထားလျှင် မိရှေးကလည်း သူနဲ့ဆန့်ကျင်ဘက် တစ်ဖက်သို့ မျက်နှာလွှဲဖြစ်အောင် လွှဲထားလိုက်သည်။

ဒါပေမဲ့ သူကသာ ကျောက်ရုပ်လို၊ အသေလိုနေနေနိုင်တာ။ မိရှေးကတော့ သူ့လောက် တည်တည်ကြီး တောင့်တင်း မနေနိုင်။ ဂနာမငြိမ်လှုဘူးပဲထင်ထင်၊ လူစုစုတက်လာတာနဲ့ မျက်နှာကို မီနူးကတ်နဲ့ အမြန်ကွယ်လိုကွယ်။ အရိပ်လို အယောင်လို တွေ့တာနဲ့ ကက်ပ်ဦးထုပ်က ကက်ပ်ကို အငိုက်ဆုံး မဖြစ်ဖြစ်အောင် ဆွဲချလိုဆွဲချ။ ဖျတ်ခနဲ တစ်ခုခု လှုပ်ရှားမှုရှိတာနဲ့ ကိုယ်ကလည်း တစ်ခုခု ပြုတ်ကျလို့ ကောက်သလိုလိုနဲ့ စားပွဲအောက်ကို ငုံ့ကိုင်းလိုကိုင်း။ ပုချလိုပုချ။

"ဘယ်လိုဖြစ်နေတာလဲ"

"ရှင်ကရော ကျွန်မကို အဲဒီမေးခွန်းမျိုးချည်းပဲ ဘာလို့လိုက်မေးနေတာလဲ"

"ခင်ဗျားပုံစံက အရူးနဲ့တူနေတယ်"

"ဒါဆိုရင်တော့ ရှင့်ပုံစံက ဘီလူးနဲ့ တူနေတာ ဖြစ်လိမ့်မယ်"

"ကြိုက်သွားပြီကွာ၊ မင်းကိုတော့"

ဒီလောက် စကားပြော အဆင်မပြေတာတောင်မှ "ကြိုက်သွားပြီ"ဆိုတော့ ရှဲ့တာပဲ နေမှာပါ။

"တစ်ယောက်ယောက်ကိုများ ရှာနေတာလား"

"ဘာဖြစ်လို့ ရှာရမှာလဲ"

အမှန်ကတော့ အပြင်းအထန်ကို ရှာနေတာပါ။ ဘယ်အချိန်မှာ ဘယ်သူများ ဘွားခနဲ ပေါ်လာပြီး နှောင့်နှောင့် ယှက်ယှက်တွေ လုပ်တော့မလဲလို့ စိတ်ကတော့ အပြင်းအထန်၊ လူကတော့ မသိမသာလေး ရှာတာပေါ့။ အဲဒီမသိမသာလေးကပဲ သူ့အတွက်တော့ သိသိသာသာကြီး ဖြစ်နေပုံရသည်။

"မရှာရင် ဘာလို့ ခေါင်းတလည်လည် ကိုယ်တလည်လည်၊ မျက်စိတလည်လည် ဖြစ်နေတာလဲ။ ငြိမ်ငြိမ်နေလို့ မရဘူးလား။ ကိုယ်ဆိုလိုချင်တာက နဂိုက မင်းပုံစံမျိုးပဲ မင်းနေလေ"

"ကျွန်မပုံစံက ဒါပဲ"

"မဟုတ်ဘူး၊ မင်းက တည်ငြိမ်တယ်။ စမတ်ကျတယ်။ အခုလို ကျီးကန်းပုံ ပေါက်နေတာ မင်းမှမဟုတ်ဘဲ"

"ရှင် ကျွန်မကို အဘွားကြီးပြောလိုက်၊ အရူးပြောလိုက်၊ ကျီးကန်းပြောလိုက်နဲ့ နည်းနည်းတော့ များနေပြီ"

မိရှေးတို့ဟာက အိမ်ထောင်ဖက်တွေအဖြစ် အဆင်များ ပြေနိုင်မလားလို့ တစ်ယောက်နဲ့တစ်ယောက် ခုမှအကဲစခတ်ကြတဲ့ သူစိမ်းလူပျိုအပျို အမျိုးသား အမျိုးသမီးတို့နဲ့ တူမှတူရဲ့လား။ မတူဘူးထင်သည်။ အိမ်ထောင်သက် အနည်းဆုံး ငါးနှစ်ဆယ်နှစ်လောက်ရှိမယ့် တစ်ယောက်နဲ့တစ်ယောက် စိတ်ကုန်နေကြတဲ့ လင်မယားနှစ်ယောက် ရန်ဖြစ်နေကြတာနဲ့ပဲ တူနေမည်ထင်သည်။





သူ့ဟာသူ ဘာပဲပြောပြော။ အရူးပြောပြော ကျီးကန်းပြောပြော မိရှေးက သိပ်ဂရုမစိုက်ပါ။ ခု မိရှေးက ဂရုစိုက်နေမိတာက ဟိုနှစ်ယောက် ဘာဖြစ်လို့ ရောက်မလာကြသေးတာလဲ။ မိစောကတော့ "ပြောမယ်"ဆိုရင် မပြောဘဲ ငြိမ်နေပေးလိုက်မယ့် သူမျိုးမှ မဟုတ်တာ။ မိရှေးကို ရိပ်မိ မရိပ်မိ၊ တွေ့ မတွေ့က ဒါက နောက်ထား။ အရင်ဦးဆုံးတော့ သူတို့ကို မိရှေးက အရိပ်အယောင်ပဲဖြစ်ဖြစ် လှမ်းမြင်ရတော့မယ်လေ။ မိစောဟာ လူလည်မ ဖြစ်သလို သူတို့နှစ်ယောက်ဟာလည်း ဒီလိုကိစ္စမှာတော့ ဂျင်တွေ ဖျံတွေလေ။ လိပ်စာအတိအကျ မပြောခဲ့ပေမယ့် အချိန်ကာလ အနည်းနဲ့အများသာ ကွာမည်။ သူတို့ ရောက်လာကြတာကိုတော့ မိရှေးက လှမ်းကိုမြင်ရမည်ပဲ မဟုတ်လား။

"ရှေးနှောင်းနော် ... ရှေးနှောင်းလား"

ရုတ်တရက် လန့်တောင်သွားသည်။ ရှပ်ဖျက်လာတာက အလုပ်မဖြစ်လှပါလား။ ပခုံးလေးကိုပါ လာတို့တာမို့ လှည့်ကြည့်လိုက်တော့ ...

"ဟင် ... မခင်မြတ်ကြွယ်"

မခင်မြတ်ကြွယ်ကိုမြင်တော့ ညြဇာကို ပြေးသတိရသည်။ ညြဇာ တစ်ယောက် လူလည်ကျပြီး သူကိုယ်တိုင်မပေါ်မလာဘဲ မခင်မြတ်ကြွယ်ကို အရင်လွှတ်လိုက်တာများလား။ ဟင် ... ဘာဆိုင်လဲ။ မခင်မြတ်ကြွယ်ဟာ ညြဇာရဲ့ဆရာကတော်။ ပြီးကျ သူနဲ့လည်း သိပ်တည့်တာ မဟုတ်။ မျက်နှာသာတောင်မှ မရတာ။ ဒီလိုမိုင်းလို့ ဘယ်ရမလဲ။ မိရှေးဟာလေ ဘာဖြစ်လို့များ သူတို့

ရောက်ကို ရောက်လာရမယ်ဆိုတဲ့ဘက်ကိုချည်း ဓောင်းပေးပြီး တွက်နေမိတော့တာလဲ။

"အမယ်လေး ... မနည်း ရုပ်ဖမ်းယူရတယ် ရှေးနောင်းရယ်။ ဘယ်လို ဖြစ်နေတာလဲ"

"ဟဲ ဟဲ ... ဒီလိုပဲ၊ မခင်မြတ်ကြွယ်ကော ဘယ်လာတာလဲ"

"တို့ Wedding dinner အတွက် ဟင်းစာရင်းကို အပြီးသတ် အတည်လာပြုပေးတာလေ"

"ဟင် ... ဒါ ... ဒါဖြင့် Planner ရော ပါလာသလား၊ ဘယ်သူလဲ"

"ပါတယ်၊ စောကလျာတော့ မဟုတ်ဘူး၊ သူ့လက်ထောက်မောင်နေလင်းတဲ့"

ဗျူး ... တော်ပါသေးရဲ့။

"အတော်ပဲ ကြုံတုန်း ဖိတ်စာကမ်းလိုက်မယ်နော်၊ ဒေါ်ရှေးနောင်းနဲ့ ဦးဘယ်သူလို့ ရေးမရလဲ ... ဟဲ ဟဲ။ ဟင် ! ဦးအောင်ဇေယျလည်း မဟုတ်ပါလား"

မခင်မြတ်ကြွယ်တို့ကတော့ မခင်မြတ်ကြွယ်တို့ရဲ့ မူအတိုင်းပင်။ ရုပ်ဖျက်ထားတဲ့ မိရှေးကိုကျတော့ သိဖြစ်အောင် သိပြီး မိရှေးရဲ့ရှေ့မှာထိုင်နေတဲ့ လူတစ်ယောက်ကိုကျတော့ ခုမှမြင်သည်။ ပြီးကျတော့ "ဦးအောင်ဇေယျလည်း မဟုတ်ပါလား" တဲ့။ လွန်ရော။ ကိုတိုးမြင့်က မျက်နှာခပ်ပျက်ပျက် ဖြစ်သွားတာကို အမြန်ပြန်ပြင်ပြီး မသိချင်ယောင်ဆောင်နေသည်။





"ဘာဖြစ်လို့ ဦးအောင်ဇေယျ မဟုတ်တာလဲ"

လုပ်ပြန်ပြီ။ လုပ်ချင်တာသာ လုပ်တော့ပေဟ့။ မိရှေးကလည်း ပြန်ကိုမေးပစ်လိုက်ဦးမှာ။ အိုးရွဲ့ရွဲ့ကြီး တွေ့လို့ကတော့ မိရှေးတို့က လုံးဝလက်နေးမနေတော့ပေါင်။ စလောင်းရွဲ့ရွဲ့မှ လုံးဝကို ရွဲ့ရွဲ့ကြီးပဲ။

"ဘာဖြစ်လို့ ဦးအောင်ဇေယျ ဟုတ်ရမှာလဲ အစ်မရဲ့"

"ဒါပဲရှိတာကြီး၊ ဒါပဲဖြစ်ရမှာကို"

"ဩဇာလည်း မဟုတ်ပါလားလို့ ကျတော့ ဘာလို့ မမေးလဲ"

"ဟယ် ... ဘာလို့မေးရမှာလဲ၊ အဓိပ္ပာယ်မရှိတာ ဘာဆိုင်လဲ။ ဩော် ... ဒါနဲ့ ဩဇာ ဆိုလို့ ပြောရဦးမယ်။ သူ့ဆရာကို တို့ ပြောပေးလိုက်ပါတယ် သိလား။ ကောင်လေးအတွက် နေရာကောင်း တစ်နေရာရာမှာ မန်နေဂျာရာထူးနဲ့ စီစဉ်ပေးလိုက်ပါဦးလို့ promotion ပေါ့"

"ကြည်လင်သွားပြီပေါ့"

မခင်မြတ်ကြွယ် ပြန်ထွက်သွားပေမယ့်လည်း ကိုတိုးမြင့်က "ဦးအောင်ဇေယျ ဆိုတာ ဘယ်သူလဲ၊ ဩဇာ ဆိုတာရော ဘယ်သူလဲ" စသဖြင့် မမေးပါ။ သူ့ဟာသူ အောက်မယ်လို့ထင်တဲ့ အလုပ်မျိုးကို လုံးဝမလုပ်မယ့်သူမျိုးမှန်း ဒီတစ်ချက်နဲ့တင် မှန်းနိုင်သည်။ အဲဒါကြာ သိပ်တော့အရေးမကြီးလှပါ။

အရေးကြီးတာက ခုနတုန်းကတော့ ဟိုနှစ်ယောက် ဘာလို့ ခုထိရောက်မလာကြသေးလဲဆိုတာ တစ်ချက်ပဲ။ ခုကကျ တော့ နှစ်ချက်ဖြစ်သွားပြီ။ မခင်မြတ်ကြွယ်လို ဒီအဖြစ်အပျက် တွေရဲ့ အစကနေ အဆုံးလောက်အထိနီးပါး ကိုယ်တိုင်က ဇာတ် ဆောင်တစ်ယောက်လို ပါဝင်လှုပ်ရှားကပြခဲ့ဖူးသူ တစ်ယောက်ဟာ ဘာဖြစ်လို့များ "ဦးအောင်ဇေယျလည်း မဟုတ်ပါလား"လို့ပဲ ပြောရတာလဲ။ ဘာဖြစ်လို့များ "ညဇာလို့ ဘာလို့ မေးရုံမှာလဲ အဓိပ္ပာယ်မှ မရှိတာ၊ ဘာဆိုင်လဲ"လို့ ပြောရတာလဲ။

ဘာလဲ ...။ အဲဒါ ဘာလဲ။ သူ့ခေါင်းထဲကအတွေး တွေ အသိတွေက ဘာတွေမို့လို့ သူက သူများတကာရဲ့ ကိစ္စ တစ်ခုမှာ တစ်ယောက်ကိုကျတော့ "ဒါပဲရှိတာကြီး ဒါပဲဖြစ်ရမှာကို" လို့ ဆုံးဖြတ်ပြီး နောက်တစ်ယောက်ကျတော့ "အဓိပ္ပာယ်မရှိတာ၊ ဘာဆိုင်လဲ"လို့ ဆုံးဖြတ်ရမှာလဲ။

စိတ်ရှုပ်ထွေးလှစွာနှင့် ထိုင်ရာမှ ထရပ်လိုက်မိလျှင် ကိုတိုးမြင့်က မျက်ခုံးနှစ်ဖက် မြှင့်တင်ကာ မော့ကြည့်ရင်း ...

"ဒီနေ့ရဲ့ တွေ့ဆုံခြင်းက ဒါပဲလား၊ ဒီလိုပဲ ဘာအဓိပ္ပာယ် မှမရှိ"

"ဟုတ်ကဲ့ ... ကျွန်မ ခေါင်းကိုက်လာလို့"

"ကောင်းပြီလေ၊ ဒါနဲ့ အဲဒီမင်္ဂလာဆောင် လိုက်လို့ရမလား"

ဒီအသိုင်းအဝိုင်းတစ်ခုအတွင်းမှာ "ဦးအောင်ဇေယျ" ဆိုတာကို တွေ့ဖူး၊ အကဲခတ်ဖူးချင်လို့ နေမှာပေါ့၊ ဒါပဲရှိတာ။





အကြံကြီးနှင့်မှန်း သိသော်လည်း မိရှေးကလည်း ဘာဖြစ်လာဦး မယ်၊ ကိုယ် ဘာဆက်လုပ်ချင်ဦးမယ်ကို ရုတ်တရက် မဆုံးဖြတ် နိုင်သေးချိန်မျိုးပဲဖြစ်ရာ ...

"ပြန်ပြောလိုက်မယ်လေ၊ အဲဒီနေ့ကျမှ ဖုန်းပြန်ဆက်မယ်"

အပြန်လမ်းမှာ ကားကမီးပွိုင့်မိနေတုန်း ဝတ်ထားတဲ့ မျက်မှန်တွေ၊ ဦးထုပ်တွေကို ဒေါသတကြီး စိတ်ရှုပ်ရှုပ်နဲ့ ဖောင့် ခနဲ၊ ဖောင့်ခနဲ ဆွဲဆွဲဖြုတ်၊ လွှင့်ပစ်နေသည့် မိရှေးကို ဘေးချင်း ယှဉ်ရပ်ထားသည့်ကားက အံ့ဩတကြီးပုံစံနှင့် လာကြည့်နေသည်။ ဘာလဲ။ ဘာလာကြည့်နေတာလဲ။ ရင်ဖုံးအင်္ကျီတောင်မှ ဆွဲချွတ် ပစ်လို့ မရလို့ပေါ့။ အပင်ပန်းခံပြီး ရုပ်အဖျက်ကြီး ဖျက်ထားပြီး မှ လာချောင်းဖမ်းမယ့်သူ တစ်ဦးမှ ပေါ်မလာတဲ့အဖြစ်ကို ငါ ဘယ်လောက်ဒေါသဖြစ်နေတယ် မှတ်လို့လဲ။

မိရှေးက အိမ်ပြန်ရောက်ရောက်ချင်း မိစောထံ ဖုန်းဆက်လိုက်သည်။

"ဟဲ့ ... မိစော၊ နင် အားလား၊ အားအား မအားအား အား စမ်းဟာ"

"ပြော ... ရတယ်၊ ပြီးရင်တော့ ဖုန်းကိုဆောင့်ချမသွားနဲ့၊ ဒီတစ်ချီတော့ သည်းမခံဘူး၊ မနက်က နားတော်တော်အူ သွားတယ်"

"နင် ဟိုနှစ်ယောက်ကို ငါ ဒီနေ့ ထွက်တာသွားပြောလား၊ မပြောဘူးလား"

"ပြောတယ်လေ၊ ပြောကို ပြောမယ်လို့ နင့်ကို အပြတ်ပြော ပြီးသားပဲ"

"ဒါဖြင့်ရင် အဲဒီနှစ်ယောက်က ဘာဖြစ်လို့ ငါ့ကို လိုက်ချောင်းမဖမ်းကြတာလဲ။ ဘာဖြစ်လို့ လာမနှောင့်ယှက်တာလဲ။ ဘာဖြစ်လို့ ဘယ်သူမျှားပါလိမ့်လို့ အပြေးအလွှားလာမကြည့်ကြရတာလဲဟဲ့။ အဲဒီလောက်ပဲ ငတုံးကြီးတွေဖြစ်နေကြသလား ..."

ဘုရားနားမှာ၊ ဂျပန်သံရုံးနားမှာလို့ နင်မှန်းပြောနိုင်နေရင် အဲဒီနေရာကြားကို တစ်ခေါက်လောက် ဖြတ်လျှောက်လိုက်ရုံနဲ့ မြေပုံဒေသာကျွန်းမှာဆိုတာလည်း နင်တို့မှန်းနိုင်ကြမှာပဲ။ အထဲမှာလည်း ငါ့ကားကရပ်ထားတာပြူးပြူးကြီး။ ဘာလို့မတွေ့နိုင်ရမှာလဲ"

မိစောဆီက ဘာသံမှ ပြန်မကြားရဘဲ ခေတ္တမျှ တိတ်ဆိတ်သွားသည်။ ခဏကြာမှ ...

"အဲဒါ မကောင်းဘူးလား"

"ဘာပြောတယ်"

"နင်ကမှ အဲဒါတွေ ဖြစ်မလာစေချင်ဘဲ။ ဖြစ်မလာတာကို နင် ကျေနပ်နေရမှာလေ"

"မိစော ..."

"ငါ နှစ်ယောက်လုံးကို ဖုန်းဆက်ပြောပါတယ် မိရွှေဦးအောင်ဖေယျက ဩဇာ သွားပါလိမ့်မယ်တဲ့။ ဩဇာ





ဦးအောင်ဖေယျ သွားလိမ့်မယ်တဲ့။ သူတို့က သူတို့အပြောအဆို ခံထားကြရလို့ စိတ်ဆိုးနေတာ၊ မစုံစမ်းပေးချင်တော့ဘူး ဆိုတာထက်ကို နှောင့်ကိုမနှောင့်ယှက်ချင်တော့တာတဲ့။ သူတို့ရဲ့သည်းသည်းလှုပ်၊ အဖြစ်သည်း၊ အကဲပိုတာတွေကြောင့် နင်စိတ်တိုနေရတာ၊ စိတ်အနှောင့်အယှက် ဖြစ်နေရတာကို နားလည်ကြတယ်။ သူတို့ ဝင်ဝင်ပါကြရင် နင့်ဘဝမှာ အကူအညီထက် အတားအဆီးပဲ ဖြစ်နေမလားလို့ စိုးရိမ်ကြတယ်၊ အဲဒါပဲလေ"

"ငါလိုမိန်းကလေးမျိုးကများ အောင်သွယ်ကူမှုထိက ဘစ်ဆင့် တွေ့ရတဲ့သူတွေထဲကပဲ ရွေးချယ်ယူရတော့မှာလား" လို့ အတင်းကြီး ခေါင်းမာငြင်းဆန်ချင်တဲ့ မိရွှေ။ "မနှောင့်ယှက်ပါနဲ့၊ ဝင်မပါနဲ့"ဆိုပြီး ရောက်မလာကြပြန်တော့လည်း ဝမ်းနည်းဒေါသထွက်ပြန်တဲ့ မိရွှေ။

မိရွှေမှာ ဖုန်းလေးကိုကိုင်ရင်း ကုလားထိုင်တစ်လုံးပေါ်သို့ ခြေပစ်လက်ပစ်ကြီးသာ ကျသွားပါတော့သည်။ ဝင်တော့လည်း မပါကြစေချင်ဘူး။ ဝင်မပါကြတော့ဘူးလို့ ဆုံးဖြတ်လိုက်ကြပြီ ဆိုတော့လည်း ဝမ်းနည်းခံခက်ရတယ်။ မိရွှေရယ် ... ခက်တော့နေပါပြီ။

"ဘယ်လိုလဲ အဆင်ပြေလား၊ ဗန်ကောက်က လူနဲ့လေ"

စောကလျာကတော့ ပါးစပ် ခပ်ပိတ်ပိတ်ကြီးနှင့် ဖုန်းကိုကျတော့ ချမပစ်ဘဲ ဒီတိုင်းအကြာကြီး ဆက်ကိုင်ထားသည့်

မိရှေးကို ပြေရာပြေကြောင်း၊ အာလာပသလ္လာပ ပြောလိုက်တာမျိုးလည်း ဖြစ်ချင်ဖြစ်ပါလိမ့်မည်။ မိရှေးမှာတော့ စောကလျာရဲ့ စကားကြောင့် အနာကို တုတ်နဲ့ထိုးဆွလိုက်သကဲ့သို့သာရှိကာ...

"ပြေတာပေါ့ ပြေတယ်၊ ပြေသလား မမေးနဲ့"

"အေး ... ပြေတယ်ဆိုတော့လည်း ကောင်းတာပေါ့"

"မခင်မြတ်ကြွယ်နဲ့တောင် တွေ့သေးတယ်၊ သူ့မင်္ဂလာဆောင်တောင် ဖိတ်လိုက်သေးတယ်"

"သြော် ... ဟုတ်တယ်၊ ငါ မလိုက်နိုင်လို့ နေလင်းနဲ့ သွားကြတယ်"

"ငါတို့က အဲဒီပွဲကျရင် စုံတွဲတောင်တက်မှာ။ ကိုတိုးမြင့်နဲ့လေ"

"သြော် ... အင်း၊ ကောင်းပါတယ် အေးပေါ့"

စောကလျာတော့ ဖုန်းကိုဆောင့်ချသွားတော့မည် ထင်လိုက်မိပေမယ့် မိစောက ဒီလောက်သာပြောကာ ခပ်ကြာကြာပဲ တိတ်နေလေသည်။ အတော်လေးကြာမှ မိရှေးတို့နှစ်ယောက် ဖုန်းကိုယ်စီကို ညင်ညင်သာသာလေးတွေ ကိုယ်စီပိတ်လိုက်ကြသည်။

♥ ◇ ♥





"တကယ်တော့ ကျွန်တော်နဲ့မှ မဟုတ်ရင် ခင်ဗျားပဲရသင့်တာပေါ့ ကိုယ့်ဆရာရယ်။ ခင်ဗျားကြီးက တော်တော်အသုံးမကျတဲ့ လူကြီးပဲဗျာ။ အလွယ်တကူနဲ့ ကြောက်တတ်တယ်။ ဘာမဟုတ်တာလေးနဲ့ နောက်ဆုတ်တတ်တယ်။ စိတ်လျှော့တာကလည်း မြန်လိုက်တာဗျာ။ ခင်ဗျားက ဘာကောင်းသတုံးဗျ"

ဩဇာက ဦးအောင်ဇေယျရဲ့မျက်နှာထဲကို လက်ကြီးတစ်ချောင်းလုံး ထိုးဝင်သွားတော့မတတ် လက်ညှိုးတထိုးထိုးနှင့် နစ်နစ်နာနာ ပြောလိုက်လျှင် အောင်ဇေယျမှာ ဩဇာရဲ့လက်ညှိုးကြီး ကိုယ့်မျက်လုံးထဲ တည့်တည့်ကြီး မထိုးမိရလေအောင် ရှောင်ရင်း၊ တိမ်းရင်း၊ ပုတ်ထုတ်ရင်းကပင် ...

"ဟေ့ကောင် ... ငါ့ကိုချည်း အပြစ်တွေ ပုံချနေတယ်။ မင်းပြောနေတဲ့ အချက်တွေအားလုံး မင်းနဲ့လည်း ငြိနေတယ်ဆိုတာ ကိုယ့်ဘာသာကိုယ် သတိမပြုမိဘူးလား နလပိမ်းတုံးလေးရဲ့။ မင်း ဆက်ကြိုးစားပါလား။ မင်းရှေ့ဆက်တိုးပါလား။ မင်းကျတော့ ဘာဖြစ်လို့ ငါ့နောက်ကျောဘက်တောင်မှ ပြေးဝင်နေသေးသလဲကွ"

"သူက ခင်ဗျားကြီးကို လူကြီးမို့ အမြဲပ,စားပေး၊ ဦးစားပေးထားတာပဲ၊ ခင်ဗျားမှာ အခွင့်အရေး ပိုရှိတာပေါ့"

"ဘယ်လိုလုပ် ဟုတ်မှာလဲ၊ ပ,စားပေးတာ မဟုတ်ဘူး။ ပ,ထုတ်ထားတာ။ အသက်ကွာတယ်ဆိုပြီး စာရင်းထဲတောင် မထည့်တာ။ မင်းကျတော့ ရွယ်တူချင်း တိုင်ပင်ဖော် တိုင်ပင်ဖက်လို့ ဒီလောက် သဘောထားနေတာ၊ မင်းလောက်များသာ ငါ အခွင့်အရေးရခဲ့ရင်တော့ကွာ"

"ဘာလဲ ! မြေးတောင် ချီနေရပြီလို့ ပြောမလို့လား။ ဘယ်မှာလဲ၊ တိုင်ပင်ဖော် တိုင်ပင်ဖက်။ ဖုန်းဆက်စရာရှိရင်တောင် မှုမှုတတလို့ ပါးစပ်ကသာ ကျူးကျူးအော်နေတာ၊ အရင်ကောက်လှည့်လိုက်တိုင်း ခင်ဗျားကြီးဆီကိုချည်းပဲ။ ကျုပ်က အမြဲလို ဒုတိယဦးစားပေး"

"အပိုတွေ အညွန့်တွေ လျှောက်ပြောမနေနဲ့တော့။ အဲဒီကောင်နောက် အပါခံတော့မှာလား။ ဒါပဲ မင်းပြော"

သြဇာက မျက်လုံးကို အောက်စိုက်ချပြီး မျက်လွှာချထားရာကနေ မသိမသာ ပင့်မော့ပြီး ခပ်လှမ်းလှမ်းက စားပွဲသို့ လှမ်းကြည့်လိုက်သည်။ တောက် ... အတော်လက်ပါ ခြေပါရှိလှတဲ့ကောင်။ သူများတကာရဲ့ မင်္ဂလာဆောင်ခန်းမလယ်ကောင်ကြီးမှာ မင်းလမ်းမကြီးဘေးက စားပွဲကိုလည်း ယူထားသေးတယ်။ လူမြင်ကွင်းကြီးပါလားလို့တောင် သတိမပြုမိတော့ဘူးလား။ အေးလေ ... သတိမပြုမိတာထက် သတိပြုမိလို့ကို တမင်ပြုမူလုပ်ဆောင်နေတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့။





လက်ကတော့ ရောက်သလား မမေးနဲ့။ နဖူးပေါ်ဝဲကျနေတဲ့ ဆံနွယ်လေးကို သွားသွားပင့်တင်ပေးနေတာကပဲ ခြောက်ခါလောက်ရှိပြီ။ ဆံပင်ပဲ ခေါင်းပေါ်မှာ ကလစ်ထိုးထားမှ မြဲနေမှာပေါ့။ ဘာနဲ့မှ ညှပ်ပြုမထားရင် ယောကျ်ားလေးဆံပင် Crew cut တွေလို တိုတိုလေးတွေ ထောင်နေတာမှ မဟုတ်တာ။ ဒီနဖူးပေါ်ပဲ ကျကျလာမှာပေါ့။ မိန်းကလေးလုပ်တဲ့လူက လှချင်လို့ တမင်ဆွဲချထားတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့။ အဲဒါကိုပဲ ခေါင်းပေါ်ပြန်သပ်တင်ပေးလို့မရဘဲ နဖူးပေါ်ချည်း ပြန်ပြန်ကျလာနေတဲ့ ဆံနွယ်ဆီကို ခြောက်ခါတိတိ လက်ရောက်နေစရာ ဘာအကြောင်းမှ မရှိဘူး။

အဲဒါပဲလားဆိုတော့ မဟုတ်ပြန်။ တစ်ရှူးကို ကိုင်ပြီး နှုတ်ခမ်းနားကို လက်ရောက်သွားတာက တစ်ခါ။ ပါးပေါ်မှာ ပန်းပေါ်မှာ ဘာမှလဲရှိဟန်၊ တင်ကပ်နေဟန် မတူဘဲ ခါခါထုတ်ပေးနေရတာက နှစ်ခါ။ တီးဝိုင်းက ခဏရပ်ရင် သူပါရပ်နေပြီး တီးဝိုင်းက အသားကုန် ထု,ထတီးမှပဲ လက်ဝါးလေးတစ်ဖက်ထောင်ပြီး သူများပါးနား၊ နားရွက်နား ၃၃,မျက်နှာကြီး၊ ပါးစပ်ကြီးထိုးပြီး စကားကပ်ကပ်ပြောရတာက နှစ်ခါ၊ သုံးခါလောက်။

ငါ အရှမ်းဒေါသထွက်လာပြီနော်။ အခွင့်အရေးသမား၊ အကွက်ကောင်း စောင့်ချောင်းနေတဲ့ကောင်အဖြစ် ဘယ်လောက်နာမည်ဆိုးရရ ကိုယ်တောင် တစ်ခါမှ စိတ်နဲ့တောင်မပြုမူဘူးတဲ့ အပြုအမူတွေကို ဒီမသာကောင်က အချိန်တိုအတွင်းမှာ

ဂဒီး ဂဒီးကို ပြုမူနေတော့တာ။ ပြောရမယ်ဆိုရင် ဘယ်တုန်းကမှ ကြည့်မရ၊ အမြင်တွေ လိမ့်ကတ်ခဲ့ရသည့် ဦးအောင်ဇေယျထံမှာပင် ဒီလိုအပြုအမူမျိုးတွေကို မျက်စိမှောက်ပြီးတော့တောင် မတွေ့ဘူးခဲ့။

"လုပ်ဗျာ ... လုပ်ဗျာ ... လုပ်ဗျာ ခင်ဗျား။ တစ်ခုခုတော့ လုပ်"

ကိုယ့်ပခုံးတစ်ဖက်ကို ဆောင့်ဆောင့်တွန်းပြီး ပြောလိုက်သော ဩဇာကြောင့် အောင်ဇေယျမှာ ရွံ့စောင်းပုံပျက်သွားတဲ့ တိုက်ပုံအင်္ကျီကို ပခုံးပေါ် ပြန်ဆွဲတင် နေရာချလိုက်ရရင်း ...

"လုပ်ချင်တာကတော့ အဲဒီစားပွဲရှိရာကို ထသွားပြီး ရှေးနှောင်းကို လက်ကကိုင်ဆွဲပြီး ဒီကိုပြန်ဆွဲခေါ်လာချင်တယ်"

"ကောင်းတယ် ... လုပ်လေ"

"မင်း လုပ်ပါလား"

"ခင်ဗျားကို ဦးစားပေးတယ်ဗျာ"

"မင်းအဘတဲ့မှ ပါးရိုက်ခံရမယ့် အနေအထားမျိုးကျတော့ လာဦးစားပေးနေတယ်"

"မဟုတ်ဘူး ဆရာကြီး၊ ခင်ဗျား အဆင်ပြေမယ်၊ ခင်ဗျားနဲ့ပဲ စိတ်ချနိုင်မယ်ဆိုရင် ကျွန်တော် နောက်ဆုတ်လိုက်တော့မယ်၊ တကယ်ပြောတာ"





အောင်ဇေယျက ဩဇာကို မျက်လုံးပြူးကာ လှမ်းကြည့်လိုက်လျှင် ဩဇာက ခေါင်းမော့ကာ "ဟား"ဟုတစ်လုံးတည်း ရယ်လိုက်လေသည်။ ဒီကောင်လေး ဒီနေ့ အတော်ထူးခြားနေတယ်။ အောင်ဇေယျကိုပဲ အားပေးအားမြှောက်နဲ့ တွန်းပို့လိုတဲ့သဘောတွေ၊ သူကပဲ ဝေသန္တရာမင်းကြီးလိုလို စကားမျိုးတွေချည်း ပြောနေပါလား။

အေးလေ။ ဟိုအချောင်သမား၊ အလစ်ဝင်နိုက်ချင်နေတဲ့ကောင်ကြောင့် ဒီကောင်လေးရင်ထဲ ဘယ်လောက်ထိ ပြောင်းဆန်နေပြီလဲ ဆိုတာ ကိုယ်လည်း ကိုယ်ချင်းစာနိုင်နေတဲ့ဥစ္စာ။ ကိုယ်ဆိုရင်လည်း မခံစားနိုင်တိုင်း၊ ဒေါသထွက်ရတိုင်း ဗိုက်ထဲမှာ အက်ဆစ်တွေ လိမ့်ထွက်ပြီး ဗိုက်အောင့်ချင်သလိုလို မျို့အန်ချင်သလိုလိုတောင် ဖြစ်နေရပြီ။

ရှေးနှောင်း ...။ ရှေးနှောင်း ...။ တစ်ယူသန် တစ်ဖွတ်ထိုးစိတ်ထားနဲ့ လူပီသလိုက်တဲ့ ကောင်မလေး။ လူဆိုတာပေါပေါများများသာ ရနေရင် ကိုယ်တိုင်က ဘယ်လောက်ကြိုက်တဲ့ဟာပဲဖြစ်ပစေ တန်ဖိုးမထားချင်တော့ဘူးလေ။ မလိုချင်တော့ပါဘူးလို့ပါ ထင်လာတတ်တယ်လေ။ ဩဇာ ပြောသလိုပဲ "တကယ်တော့ ကျွန်တော်နဲ့မှ မဟုတ်ရင် ခင်ဗျားပဲ ရသင့်တာပေါ့"ဆိုသလို သူ့လောက်တော့ မွန်မြတ်တဲ့ ဝေသန္တရာစကားမျိုး မပြောနိုင်သေးပေမယ့် ဩဇာနဲ့မှဆိုရင်တောင် ကြိတ်မှိတ်ပြေသိမ့်ပြီး ခေါင်းညိတ်ပေးလိုက်မိတော့မယ်ပဲ ပြောပါတော့။

ခုကျတော့ မိရေးဟာက လာလာသမျှ ယောက်ျား တိုင်းကို နွားဖြစ်ဖြစ် ကျားဖြစ်ဖြစ် ဒီနစ်ယောက်ကလွဲရင် ပြီးရော ဘယ်သူဖြစ်ဖြစ် လက်ခံစဉ်းစားမယ်ဆိုတဲ့ သဘောမျိုးတောင် ဖြစ်နေတာ။ ခုဒီတစ်ယောက်ရဲ့ရုပ်ရည်ကြည့်ရတာလည်း (မနာလို နေမိတဲ့စိတ်ရင်းခံစားချက်နဲ့ ကြောင့်လားတော့မသိ) ယောက်ျားချင်း မျက်စိထဲမတော့ တစ်စက်မှ အချိုးမပြေ။ "မှုဟန်ပိုကဲလွန်းနေခြင်း"ဟာ "တစ်စုံတစ်ခုကို ဖုံးကွယ်လိုခြင်း"လို့ အနက်အဓိပ္ပာယ် ဖွင့်လို့ရသတဲ့။

"ဟာ"

ဩဇာထံမှ ဒေါသသံကြီး ခပ်ကျယ်ကျယ်ပင် ထွက်လာသဖြင့် အောင်ဇေယျက ဩဇာရဲ့လက်မောင်းတစ်ဖက်ကို ခပ်ဖွဖွထိန်းကိုင် သတိပေးလိုက်ရပါသည်။ သူ့သာ ထိန်းလိုက်ရတာ ကိုယ့်ဘာသာကျတော့ ဗလောင်ဆူဇော်လျက်။ လက်သီး တစ်ဖက်ကို ကျစ်ကျစ်ပါအောင်ပင် ဆုပ်ထားမိသည်။ ဟိုဘသား ချောက ရေးနောင်းရဲ့လက်ဖဝါးတစ်ဖက်ကို ဆွဲယူကိုင်လိုက်ကာ သူ့ရင်ဘတ်ထဲပဲ ထည့်တော့မလိုလို ပုံစံမျိုး လုပ်လိုက်သည်လေ။

ရေးနောင်းမှာ ပထမတော့ ခပ်ကျိတ်ကျိတ်ရှန်းနေပုံ ရသည်။ သူနှင့်တစ်စားပွဲတည်း ထိုင်နေကြသူများကိုတော့ လုံးဝ မျက်လုံးဝဲကြည့်ရဲပုံမရ။ မင်းလမ်းမကိုကျော်ပြီး ဒီဘက်က ဩဇာ နှင့် အောင်ဇေယျတို့ ရှိနေရာ စားပွဲဘက်ဆီသို့တော့ ခိုးဝှက်ကြည့် တို့က တစ်ချက် တစ်ချက်မှာ ရောက်ရောက်လာသည်။ ကြည့်





ရတာ ဒီဘက်မှာ ဒီနှစ်ယောက် ရှိနေကြတယ် ဆိုတာကို သူ အစောကတည်းကပင် လှမ်းမြင်ထားနှင့်ပြီးသား ဖြစ်ပါလိမ့်မည်။

"ခင်ဗျားကြီးကို တစ်ခုခု လုပ်တော့ဖို့ ကျွန်တော်ပြောနေတယ်ဗျာ"

ဝင်မပါတော့ပါဘူးလို့ ဆုံးဖြတ်ထားပေမယ့် အောင်ဇေယျက ထိုင်နေရာကနေ မတ်တတ်ထရပ်လိုက်မိပါသည်။ ထို အခိုက်မှာပင် ပတ်ဝန်းကျင်က ဘယ်သူမှ မရိပ်မိအောင် လူမသိ သူမသိ ကျိတ်ရှန်းနေတဲ့ ရေးနောင်းက မရမက အတင်းကြီး ဆောင့်ရှန်းလိုက်တဲ့အတွက် လူလယ်ကောင်ကြီး ဣန္ဒြေမရဖြစ်နေတဲ့ မြင်ကွင်းကတော့ နည်းနည်း၊ သပ်သပ်ရပ်ရပ် ပြန်ဖြစ်သွားသည်။ အောင်ဇေယျလည်း ပုဆိုးပြင်ဝတ်သလိုလို အညောင်းဆန့် သလိုလိုနဲ့ပဲ ကိုယ့်ခုံမှာ ကိုယ်ပြန်ဝင်ထိုင်လိုက်ပါသည်။

အဲဒီအချိန်ကမှာပဲ ဩဇာနဲ့ အောင်ဇေယျတို့ စားပွဲဆီသို့ စောကလျာ တစ်ယောက် အသံလေးစာစာ စာစာနဲ့ ရောက်ရှိလာခဲ့လေသည်။

"ခုံလွတ်သေးလား၊ နေရာတွေက ပိုနေတာလား၊ ဦးထားတာလား၊ လူရှိလား"

"ပွဲပဲစနေပြီဟာ လွတ်ရင် ဝင်ထိုင်ပေါ့။ မေးမနေနဲ့"

စိတ်တိုနေသည့် ဩဇာက ဘုပြန်မှုတ်လိုက်သည်။

"ဩော် ... လွတ်နေပေမယ့် အိမ်သာတွေ ဘာတွေများ ထသွားနေကြသေးတာလား ဘာညာ မေးရသေးတာပေါ့"

"လူမရှိပါဘူး စောကလျာ၊ ထိုင် ထိုင်၊ ကိုယ်တို့နှစ်ယောက်က တမင်လူရှင်းတဲ့ နောက်ဆုံးစားပွဲကို ရွေးထားကြတာပါ၊ ထိုင်လို့ရတယ် ... ထိုင်"

"ဦးအောင်ဇေယျကမှ စကားပြောလို့ဆိုလို့ ကောင်းသေးတယ်။ အဲဒါကြောင့် ကျွန်မကလည်း ဦးအောင်ဇေယျကို ဘယ်တော့မှ မမေ့ပါဘူး၊ ခေါင်းထဲ အမြဲထည့်ထားတာသိလား။ ကိုယ့်မှာ တာဝန်ရှိတယ်၊ မေ့ကိုမမေ့ဘူး"

အောင်ဇေယျက စောကလျာကို အံ့အားသင့်သလိုငုံ့စောင်းမော့ကြည့်လိုက်လျှင် စောကလျာသည် သူကိုယ်တိုင်ကလည်း ခုံတစ်လုံးကို ဆွဲယူဝင်ထိုင်လိုက်ရင်းက ...

"ထိုင်ကြပါ အစ်မတို့၊ ညီမတို့"

အောင်ဇေယျရဲ့မျက်လုံးတွေ ပိုပြူးသွားသည်။ သြဇာလည်း မျက်နှာကြောနည်းနည်းလျော့ကာ "ဘာတွေလဲ"ဟု အကဲခတ်နေပုံနှင့် ရှိလေသည်။

"သြဇာလည်း တို့ရဲ့ Client အစစ်မဟုတ်ပေမယ့် လုပ်ပုံကိုင်ပုံနဲ့ စာရင်းဝင်ပြီးသားလို ဖြစ်နေတာနော် ... ဒါပဲ။ ရှင့်လည်း ပစ်မထားပါဘူး"

ပြီးလျှင်တော့ စောကလျာဟာ ထိုင်ခုံအလွတ်တွေမှာ ဝင်ထိုင်လိုက်ကြတဲ့ အရွယ်စုံ အမျိုးသမီးသုံးယောက်တို့နှင့် အောင်ဇေယျတို့ သြဇာတို့ကို ကျကျနနကြီး မိတ်ဆက်ပေးပါလေတော့သည်။ ဘာစကားလုံးမျိုးကိုမှ အတိအကျ ထည့်မပြောပေမယ့် သူ့ လုပ်ပုံကိုင်နေပုံ အချိုးအချိတ်ဟာ ဘာသဘောအဓိပ္ပာယ်





ကို ဆောင်နေပါသလဲ။ သူကလွှဲထဲ့ စားပွဲက ကျန်ငါးယောက်စလုံး ကောင်းကောင်းသိသည်။ အောင်ဇေယျရော သြဇာပါ စောကလျာကို လုံးဝနားမလည်နိုင်တော့ဘဲ အံ့ပဲအံ့သြနေကြရလေသည်။ မချောလေးကတော့ "သူ့ အလုပ်ကုန်ပြီ"ဟု ယူဆချိန်မှာ "မခင်မြတ်ကြွယ်နား ခဏသွားနေပေးလိုက်ဦးမယ်"ဟု ထထွက်သွားလေတော့သည်။

အမျိုးသမီးတို့မှာ အရမ်းကြီး သွက်တယ်လည်းမဟုတ်။ မမြိုတစ်တွေလည်း မဟုတ်။ တည်တည်ကြည်ကြည်ဣန္ဒြေရရနှင့် မိတ်ဆွေဖြစ်လွယ်သော သဘောတွေတော့ ရှိကြပါသည်။ အငယ်ဆုံးတစ်ယောက်ကတော့ ပင်ကိုဟာသဓာတ်ခံရှိပုံနှင့် စကားပြောလိုက်တိုင်း အသော့လေးတွေ စွက်တတ်တာမို့ စကားဝိုင်းလေးက အရယ်အပြုံး ခပ်များများနှင့် စိုစိုပြည်ပြည်လည်းရှိလှသည်။

အောင်ဇေယျနှင့် သြဇာတို့နှစ်ယောက်စလုံး ဒေါသတွေ မောဟတွေပင် ခေတ္တချုပ်ငြိမ်းကာ ရယ်ကာမောကာနှင့် ဖြစ်နေကြရတော့သည်။

ခဏကြာတော့ သြဇာက ဦးအောင်ဇေယျကို တံတောင်နှင့် ကျိတ်တွက်လိုက်သည်။ နှစ်ချက်က သုံးချက် ခပ်ဆတ်ဆတ် ထိုး,ထိုးလာတော့ အောင်ဇေယျကလည်း သိပြီ။ ခါးချိုးသလိုလို၊ ဇက်ချိုးသလိုလိုနှင့် ရှေးနှောင်းတို့ဝိုင်းသို့ လှမ်းကြည့်လိုက်လျှင် စူပုပ်တင်းမာနေသည့် မျက်နှာလေးတစ်ခုနှင့် ရင်ဆိုင်တိုးလိုက်ရပါသည်။

"ဟို ... ဟိုအကောင် ဘာလုပ်ထည့်လိုက်ပြန်ပြီလဲ မြင်လိုက်သေးလား"

"ဘယ်ကလာ၊ ခင်ဗျားပါးစပ်ကြီးဖြဲဖြဲပြီး ရယ်နေတာကို မကျေမနပ်ဖြစ်နေတာ မရှုစိမ့်နိုင် ဖြစ်နေတာ"

"မင်းလည်း ရယ်နေတာပဲလေကွာ"

"ခင်ဗျားက ပိုဆိုးတယ်။ ပြီးကျတော့ သူက ကျွန်တော့်တော့ ဘာဖြစ်ဖြစ် ကျိုးထိုးထိုး၊ လောက်ကိုက်ကိုက်။ ခင်ဗျားတော့ လာမထိနဲ့ဆိုတဲ့ အစားထဲကလေဗျာ"

လာပြန်ပါပြီ။ တွန်းတွန်းထိုးထိုး ဝေသန္တရာလုပ်ချင်သော စကားမျိုး။ ခဏကြာတော့ စားပွဲဝိုင်းမှ အမျိုးသမီးသုံးယောက်က "ပြန်လိုက်ပါဦးမယ်"ဟု နှုတ်ဆက်ကာ ထထွက်သွားကြပါသည်။

"စောကလျာကတော့ ဘယ်သူ ဘာဖြစ်နေနေ သူ့အလုပ်သူ ဆက်လုပ်နေမှာပဲ"

အောင်ဇေယျက ခပ်တိုးတိုး မှတ်ချက်ချလျှင် ညဇာက ခေါင်းကို အသာခါယမ်းကာ ...

"မဟုတ်ဘူး၊ ဒါ အလုပ်အပေါ် သစ္စာရှိနေတာ မဟုတ်ဘူး။ သစ္စာမရှိတာလို့ ခေါ်တယ်။ သူ့ဆီမှာ အလုပ်အပ်ထားတဲ့သူ အချင်းချင်း ပွဲတစ်ပွဲမှာ လာဆုံနေကြတုန်း စကားစမြည်ပြောကြည့်လို့ရအောင် စီစဉ်ပေးတာမျိုးမှ မဟုတ်ဘဲဗျာ။ သူ့သူငယ်ချင်းကို ဆွချင်နေတာပဲ ဖြစ်လိမ့်မယ်"





ညဇာက ပါးစပ်ကြီး ဟလာသော အောင်ဇေယျကို ခပ်ပြုံးပြုံး ကြည့်နေရင်း ...

"ခင်ဗျားကြီး မယုံရင်ကြည့်နေလေ၊ မိရှေးက ပြန်ရွဲ့လိမ့်မယ်ဗျ။ သူ့ကိုဆွတာကတော့ သူ့သူငယ်ချင်း။ ဒါပေမဲ့ သူပြန်ရွဲ့ပြချင်တာက ကျုပ်တို့ကိုပဲဆိုတော့ ကျုပ်တို့က လုံးဝမမြင်ချင်ယောင်ဆောင်နေမှဖြစ်မယ်"

"မင်းကလည်းကွာ"

"ခင်ဗျား အသည်းနှလုံးကြီးကပဲ နဖပ်နေသလိုလို၊ ကျုပ်ကပဲ ချစ်ခြင်းမေတ္တာတရားကို နားမလည်တဲ့ လူစိမ်းကားလူရိုင်းကြီးလိုလို ရုပ်မျိုးကြီး လာလုပ်ပြမနေစမ်းပါနဲ့ဗျာ။ ခင်ဗျား သွားကြည့်နေလို့ကတော့ ခင်ဗျားမဒီက ဟိုကောင့်ကို သွားဖက်နမ်းချင်ရင်တောင် ဖက်နမ်းလိုက်မှာ။ ဘယ်လိုလုပ်မလဲ ... တဲ"

"ဒါဖြင့် ငါလည်း လုံးဝမကြည့်မိတော့အောင် နေမယ်။ မင်းလည်း တစ်စက်မှ မျက်စိမရောက်စေနဲ့"

ညဇာရော အောင်ဇေယျပါ တအားစိတ်တင်းထားလေ ပိုကြည့်ချင်လေ။ သူတို့ကြည့်မနေမိလိုက်ခင်မှာ လက်ပါခြေပါကောင်က မိရှေးကလေးကို ဘာများလုပ်ထည့်လိုက်ဦးမှာပါလိမ့်ဆိုတဲ့ အတွေးဟာ နှစ်ယောက်စလုံးရဲ့ အာရုံကို ကျွဲတွေဝင်ခတ်နေသကဲ့သို့သာတည်း။ သူတို့ ကြည့်နေလည်း ကြည့်ကြည့်ကြီးနဲ့ပဲ

ဘာမှလဲ ပြေးမလုပ်နိုင်၊ ဒေါသတွေထွက်ရတာသာရှိလျက် ငြိမ်ပဲနေလိုက်ရမှာ ဖြစ်သော်လည်း "မကြည့်မိခင်စပ်ကြား တစ်ခုခုလုပ်ထည့်လိုက်ရင်" လို့ တွေးရတာက အင်မတန် ခါးသီးအခံရခက်ဖို့ကောင်းသည်။

ဒါဖြင့်ရင်လည်း ဒီလောက်တောင်မှ ဖြစ်နေရင် ကြည့်လေ၊ ကြည့်ပေါ့၊ ကြည့်နေလိုက်ရင်လည်း ရတာပဲ ဆိုပေမယ့် ဟိုအကောင်က မိရှေးကို တစ်ခုခုပြုမူလိုက်မှာထက် မိရှေးက သူတို့ကို အရွဲ့တိုက်ပြချင်ဇောနဲ့ အဲဒီအကောင်ကို တစ်ခုခုသွားလုပ်တာကို မြင်လိုက်ရမယ့် မြင်ကွင်းက ပိုဆိုးနိုင်မှန်း နှစ်ယောက်စလုံး သိသည်။ ခုတောင် ကိုတင်လှနဲ့ မခင်မြတ်ကြွယ်ရဲ့ မင်္ဂလာပွဲဆိုတာ အဲဒီအကောင်နဲ့ ဘာဆိုင်လို့လဲ။ မိရှေး တစ်ယောက်တည်းကိုဖိတ်တိုင်း စုံတွဲကြွရောက်ရအောင် လင်မယားလည်းမဟုတ်၊ ချစ်သူ သမီးရည်းစားတွေတောင်မှ မဟုတ်တဲ့ဟာ။ ဒါလည်း ခုလို ပြန်စဉ်းစားတော့ အရွဲ့တိုက်လာတာ ဖြစ်နိုင်တာပဲမဟုတ်လား။

အောင်ဇေယျမှာ တအားကြီး စိတ်တင်းထားရလို့ ဇက်ကြောင်း ခါးကြောင်းလာလျှင်၊ ဖျတ်ခနဲ လှည့်ကြည့်လိုက်မိတော့မတတ် ဖြစ်လာလျှင် ဩဇာကိုပဲ အသံမာမာနှင့် ...

"မင်း လုံးဝလှည့်မကြည့်မိစေနဲ့နော်၊ ဟိုက တစ်ခုခုလုပ်ပစ်လိုက်လို့ကတော့ မင်း တရားခံပဲ"





ဩဇာကလည်း "မနေနိုင်တော့ဘူး ကြည့်မိတော့မယ်၊ မရတော့ဘူး" ဟု စိတ်မထိန်းနိုင်ဖြစ်ချင်လာလျှင် ဦးအောင်ဇေယျကြီးကိုပဲ မဲပြီး ...

"ကျုပ်က ဘာမြင်လိုက်ရ မြင်လိုက်ရ ဘာမှမဖြစ်ဘူး။ မိရှေးရဲ့စိတ်ထဲက မပါဘဲ တမင်ရွဲ့နေတာဆိုတာ နားလည်ပြီးသား။ ခင်ဗျားသာ မအိပ်နိုင် မစားနိုင် တပိန်ပိန်တလိုလိုနဲ့ အဲဒီမြင်ကွင်းချည်းပဲ စိတ်ထဲစွဲပြီး ဒုက္ခရောက်နေရမှာ။ ဇက်က နိုင်ရုံမကလို့ ပြတ်ပဲကျကျ ကိုယ့်လည်ပင်းကိုယ် ဂရုစိုက်ပြီး ထိန်းသိမ်းပါ။ လှည့်မိဖို့နေနေ ထောင့်မတ်ကျ အနေအထားကနေ စောင်းတောင် မစောင်းလိုက်မိစေနဲ့"

ဦးအောင်ဇေယျနှင့် ဩဇာတို့ အတော်ကြီး ညောင်းညာတောင့်တင်းသွားချိန်၌ ဧည့်ပရိသတ်များ ထပြန်စပြုကြ၍ နှစ်ယောက်သား မတ်တတ်လိုက်ရပ်ကြပါသည်။

"လာဟောကောင် ... အမြန်လာလေ၊ သူတို့မထွက်နိုင်ခင် သူတို့ရှေ့က ဦးအောင် ကျော်အောင် ထွက်မယ်"

"ဘာဖြစ်လို့လဲ၊ လူတွေက အများကြီးဟာ အတင်းတိုးဝှေ့နေလည်း ကိုယ်လိုရာကို ရောက်ချင်မှရောက်မှာ။ တိုးနေဝှေ့နေတုန်း မြန်းဆို ဘေးတိုက်ကြီး တန်းတိုးနေမှ ရှောင်ရတာ ပိုမခက်နိုင်ဘူးလား။ သွားနှင့်ပစေပေါ့၊ သူတို့ထွက်သွားပြီးမှ ကိုယ်က အေးဆေး နောက်ကလိုက်ထွက်တာပေါ့"

"သူတို့ထွက်သွားမသွားက ဘယ်လိုလုပ် သိမှာလဲ"

"ဒီလိုပဲ အကဲခတ်နေရမှာပေါ့ဗျ"

"ခင်းပဲ သွားမကြည့်မိစေနဲ့ဆို"

နှစ်ယောက်သား ငြင်းခုန်နေကြဆဲမှာပင် သူတို့နှစ်ယောက်စလုံး သတိမထားလိုက်မိသည့် အရာကား သူတို့နှစ်ဦးစလုံးရဲ့ရှေ့က ကျောပြင်နှစ်ခုမှာ ...။

"ဟော့ ... ဟော့"

အောင်ဇေယျက ဩဇာကို လက်ကုတ်ကာ ခပ်တိုးတိုး သတိပေးလိုက်သော်လည်း မမီတော့ပါ။ ဦးအောင်ဇေယျရဲ့ အသံကို ကြားသွားဟန်ရှိတဲ့ ရှေးနှောင်းဟာ သူ့နံဘေးကလူရဲ့ ညာဘက်လက်မောင်းကို သူ့ရဲ့ဘယ်ဘက်တံတောင်ဆစ်လက်ကွေးနှင့် ကောင်းကောင်းကြီး ချိတ်ထည့်လိုက်ပါလေတော့သည်။ အောင်ဇေယျကော ဩဇာပါ စိတ်ထဲကနေ ကျယ်လောင်စွာပင် တောက်ခေါက်ပစ်လိုက်ကြပါသည်။ နှစ်ယောက်စလုံးဟာ ရင်ဝကို အသီးသီး ဆောင့်ကန်ခံလိုက်ရသလို။

"အဲဒါ မင်းလုပ်လို့။ အရှေ့က ကျောအောင်ထွက်သွားရင်ပြီးနေတဲ့ဟာကို၊ ဘာမှ မြင်စရာအကြောင်းမရှိဘူး"

"ဘာမှမဆိုင်ဘူး။ အစက ကျုပ်တို့နောက်မှာ ပါလာကြတာ သူမှမသိသေးတဲ့ဥစ္စာ၊ ခင်ဗျားကြီးဘာသာ မနေနိုင်မထိုင်နိုင်နဲ့ 'တဟောဟော' ထအော်လိုက်လို့ နောက်ကပါလာတဲ့လူဟာ ခင်ဗျားမှန်း သူ သိသွားတာ။ သူက အသံတစ်သံကြားရင် ဘယ်လောက်ပဲဝေးဝေး၊ တိုးတိုး ဘယ်သူ့အသံလဲဆိုတာ ချက်ချင်းမှတ်မိတဲ့ အကျင့်ရှိတယ်"





တစ်ချိန်လုံး ကျောတောင့်ဇက်ခိုင်ထားခဲ့ကြရတာသည် ခုတော့ ဘာများအကျိုးအမြတ် ရှိသနည်း။ သတို့သား သတို့သမီးတို့က မင်္ဂလာခန်းမထိပ်ကနေရပ်ပြီး ခန်းမထဲက ထွက်လာနေသူ ပရိသတ်များကို လက်ခံနှုတ်ဆက်နေတဲ့အတွက် ဘန်းစီထွက်နေရသူတွေမှာ တရွေ့ရွေ့ချင်း တစ်လှမ်းချင်းမျှသာ လှမ်းနိုင်သည်ဖြစ်ရာ ဩဇာနှင့် အောင်ဇေယျတို့မှာ တွယ်ဖက်သလို ချိတ်ထားတဲ့ လက်တစ်စုံကို မကြည့်ချင် မြင်လျက်သား။ ရုပ်ရှင်တွေထဲမှာ Slow Motion အနေးပြကွက် ရိုက်ပြထားသကဲ့သို့ပင် ဖြစ်နေပါတော့သည်။

ခန်းမရဲ့အပြင်ဘက်ကိုရောက်တော့မှ ရှေးနှောင်းဟာ သူ တွယ်ချိတ်ထားတဲ့လက်ကို ဝုန်းခနဲ ပြန်မတွန်းဖယ်ရုံတမယ် လူချင်းခွာပစ်လိုက်သည်။ သို့သော် ရမယ့်များ ထင်ပါသလား။ ဟိုမောင်က လွှတ်လပ်သွားတဲ့ သူ့ရဲ့ညာလက်နဲ့ ရှေးနှောင်းရဲ့ ညာပခုံးလေးကို ဖြုန်းခနဲပင် ပြန်ကိုဆွဲဖက်ထားလိုက်တာ။

"အို ... ဘယ်လိုလုပ်တာလဲ"

အင်မတန် ရွဲ့ပြချင်တဲ့ မမချောက ဒီလိုကျတော့လည်း အလန့်တကြားနဲ့။ အသိဉာဏ်ကို မရှိဘူး၊ ယောက်ျားဆိုတဲ့ ကျားသတ္တဝါတွေကို ဘယ်လိုများ ထင်နေလို့လဲ။ ယောက်ျားတစ်ယောက်ကို ကိုယ်ကစလို့ သွားစတင်မိရင် ဒီလောက်ကတော့ အနည်းဆုံး တန်ပြန်ရလဒ်ထွက်လာမှာပဲ။ ခံလိုက်။

ညြဓာမှာ မုန်းမုန်းရှိသည်နှင့် နစ်နစ်နာနာတွေ ဖိတွေးမိနေချိန်၌ ဦးအောင်ဇေယျရဲ့ မျက်နှာခများမှာ သွေးရောင် ပင်မရှိတော့သလို ဖြစ်နေသည်ကို မြင်လိုက်ရ၍ သနားတောင် သနားသွားရပါသည်။ ရွံ့ချင်တဲ့ ဒေါ်ရွှံ့ဟာ သူကသာ သွားချိတ်ရင် ချိတ်ထားမည် ပြန်အဖက်ခံထားရတာကိုကျတော့ နောက်က လူတွေ မြင်မှာကို ကြောက်ရွံ့ထိတ်လန့်တယ် မဟုတ်လား။ ခန်းမကြီးထဲက ထွက်လာပြီ ဖြစ်သော်လည်း ဟိုတယ်ပရဝုဏ်ထဲ မှာပဲ ရှိနေသေးချိန်မို့ ပထမတော့ ကျိတ်ရန်။ ဘယ်လိုမှ မရနိုင် မုန်းသိတော့မှ မြင်သာထင်သာရန်။

အတင်းကာရောတွေ ဖြစ်လာတော့မှပင် ဟိုလူက လည်း အသာလေး ပြန်လွှတ်ပေးလိုက်ရင်း ...

"အသုံးချချင်ရုံ၊ ပြချင်ရုံလောက်ပဲ လုပ်နေမှာ ဆိုရင်တော့ ကိုယ်ကလည်း ငပေါတစ်ယောက်တော့ မဟုတ်ဘူးလေ။ ဟုတ်ပြီလား"

ရှေးနှောင်း တစ်ယောက် လှစ်ခနဲပင် ထွက်ပြေး သွားပါလေတော့သည်။ ရှန်းကန်တွန်းထိုးနေတဲ့ ညြဓာကိုတော့ ဦးအောင်ဇေယျက အားကုန်သုံးကာ ကျုံးဆွဲထား။ ထိုလူကလည်း သူ့နောက်နားဆီက ယောကျ်ားနှစ်ယောက်ဟာ အလကားနေရင်း သက်သက် အမိပွာယ်မဲ့ တွန်းထိုးရုန်းကန်နေကြတာ မဟုတ်ဘူး။ ငါ့ကိုပြသနာပေးတော့မယ့် ကောင်တွေပဲဖြစ်မှာ ဆိုတာကိုတော့ ငဲ့စောင်းကြည့်တစ်ချက်နှင့်ပင် သိသွားပုံရပါသည်။ ဘာမှမဖြစ်





သလိုပုံစံနှင့် ပြန်လှည့်သွားပေမယ့် ခပ်သုတ်သုတ်တော့ ကိုယ် ဆောင်ပျောက် ထွက်ခွာသွားသည်။

"ခင်ဗျားကြီးကို ဒါ ကျွန်တော် နောက်တစ်ကြိမ်တိတိကျကျ ထပ်ပြောတာပဲ။ မရ,ရအောင်တိုး၊ မရမချင်း ရှေ့ဆက်တိုး ကျွန်တော် ဖယ်နေခဲ့လိုက်တော့မယ်၊ ဟုတ်ပြီနော်"

ဒီတစ်ခါ အောင်ဇေယျရဲ့ မျက်လုံးပြူးအကြည့်ကြီး ကိုတော့ ညြဓာက အရယ်နှင့် မတုံ့ပြန်တော့ပါ။ ခပ်တည်တည် မျက်နှာပေးနှင့် ပြန်စိုက်ကြည့်နေသည်။

♥ ✧ ♥

## အခန်း(၇)

"မမရှေး ... မမရှေး"

ရှေးနှောင်းက ထိတ်လန့်တကြား လာအော်သော အိမ်ကကောင်မလေးကို မျက်မှောင်ကုတ်ကုတ်နှင့် လှမ်းကြည့်ကာ "ဘာလဲ"ဟု မေးဆတ်မေးလိုက်သည်။

"မိန်းမတစ်ယောက် ရောက်နေပါတယ်၊ မမရှေးနဲ့ တွေ့ရမှ ဖြစ်မယ်တဲ့"

"ဟယ် ... ငါ နေမကောင်းလို့ပါဆိုနေမှ။ ဘယ်သူလာမေးမေး ငါမရှိဘူး အပြင်သွားတယ်လို့ နင့်ကို ငါပြောနိုင်းထားတယ်လေ"

"ဟုတ် ... ကျွန်မ ပြောပါတယ်၊ ဒါပေမဲ့ သူက ဒီကားရှိနေရင် မမရှေးလည်း ရှိနေတာ သူ သိတယ်တဲ့၊ သူ့ကို ထွက်မတွေ့ချင်း ထိုင်စောင့်နေမှာတဲ့၊ ဒေါ်သတွေလည်း ထွက်ပြီး အော်နေတာ မမရှေး"





ရှေးနှောင်းရဲ့ မျက်မှောင်တွေ ပိုကုတ်သွားရပါသည်။ သူများတကာအိမ်ကိုလာပြီး သောင်းကျန်းအော်ဟစ်နေတယ်ဆိုတဲ့ မိန်းမဟာ ဘာလဲ၊ ဘယ်သူလဲ၊ ဘယ်ကလဲ။ ရှေးနှောင်းမှာ အောက်ထပ်သို့ ခပ်မြန်မြန်ပဲ ဆင်းခဲ့ရပါသည်။

"ရှေးနှောင်း"

"ဟုတ်ကဲ့ ... ဘယ်သူပါလဲ၊ အစ်မကို ကျွန်မ မသိဘူး"

"အေး ... နင် ဒီလိုပဲ ပြောမယ်လို့ ထင်သားပဲ၊ မသိဘူးဆိုလည်း သိအောင် မှတ်ထားပေါ့။ တိုးမြင့်နဲ့ သူအသက်နှစ်ဆယ်လောက်ကတည်းက ပေါင်းခဲ့တဲ့ အိမ်ထောင်သက်ဆယ်နှစ်ကျော်နေတဲ့ တရားဝင်ဇနီးမယားက ငါပဲ။ ကလေးကနှစ်ယောက်ရှိတယ်"

ဘုရား ... ဘုရား ... ဘုရား ...။

ရှေးနှောင်းမှာ မိုက်ခနဲပင် ဖြစ်ချင်သွားရသဖြင့် နံဘေးက မှီရာဖုန်းစင်တိုင်ကလေးတစ်ခုကို အသာလှမ်းပြီး ထိန်းကိုင်ထားလိုက်ရပါသည်။

"ညည်းလည်း အပျိုလေးအရွယ်လေး အသက်ကလေးကလည်း ငယ်သေးတယ်အေ။ အခြေအနေ အဆင့်အတန်းအရလည်း မဟုတ်မဟတ်ထဲက ဟုတ်ပုံမရပါဘူး။ သူတစ်ပါးအိမ်ရာကို မပစ်မှား မစော်ကားချင်ပါနဲ့"

"အစ်မ ... အစ်မ ... တိုးတိုးပြောပါ အစ်မရယ်။ တောင်းပန်ပါတယ်၊ မအော်ပါနဲ့။ ကျွန်မ ဘာမှမသိပါဘူး။ တကယ့်ကို ဘာမှမသိပါဘူး။ သူနဲ့ ကျွန်မလည်း ဘာမှလုံးဝ မဟုတ်ပါဘူး။ အစ်မအနေနဲ့ ဒီလိုလာတားဆီးရမယ့် အနေအထားကို မဟုတ်ပါဘူး"

အမျိုးသမီးမှာ ရှေးနှောင်းရဲ့ရုပ်ရည်၊ အသံနဲ့ တောင်းပန်သော စကားလုံးတို့ကြောင့် အကြီးအကျယ် ဒေါသတွေ ထွက် နေရာကနေ နည်းနည်းတော့ ငြိမ်သွားပါသည်။

"သူကပြောတော့ ညည်းလည်း အကုန်လုံးသိတယ်၊ လက်ခံတယ်၊ ကွာရှင်းစာပဲ လိုတာလို့ ပြောနေပါလား။ တို့ဆီက ကွာရှင်းတဲ့လက်မှတ် လိုချင်လို့ဆိုပြီး ကလေးတွေကိုရော တို့ကိုပါ အကျပ်ကိုင် ခြိမ်းခြောက်နေတာ"

"တကယ်ပါ၊ ဘာမှမသိပါဘူး။ အစ်မတို့အကြောင်းကို ဘာမှမသိတဲ့အပြင် သူ့အကြောင်းကိုတောင်မှ ဘာမှကို မသိသေးတာပါ။ သူနဲ့တောင် ဒီမှာမဟုတ်ဘူး ဗန်ကောက်မှာ စသိဖူးကြတာတောင် နှစ်လလောက်ပဲ ရှိပါသေးတယ်။ သူ ဒီကိုပြန်ရောက်လာတော့လည်း သူ့ဘက်က တောင်းဆိုမှုပဲ ရှိပေမယ့် ကျွန်မဘက်က လက်ခံခေါင်းညိတ်တာမျိုးတောင် မလုပ်ရသေးပါဘူး။ ကျွန်မ မိကောင်းဖခင်သားသမီးပါ အစ်မရယ်။ ဒါမျိုး ငါးပါးသီလကျိုးပျက်ပြီး ကံကြီးထိုက်မယ့် အလုပ်မျိုးကို သိသိကြီးနဲ့ဆိုရင် စိတ်နဲ့တောင် မကျူးလွန်ဝံ့ပါဘူး"





"ဟုတ်ပါပြီလေ၊ တကယ်ပဲ ဘာမှမသိဘူး၊ ဘာမှမဖြစ်ကြသေးဘူးဆိုလည်း ဝမ်းသာပါတယ်။ ဒါပေမဲ့ ဘာမှမဖြစ်ကြသေးဘူးသာဆိုတယ် တို့အစ်မဝမ်းကွဲက ပြောတော့ အများပရိသတ်လယ်ကောင်မှာတောင် လက်ချင်းချိတ်တွဲပြီး ပွဲတက်နေကြပြီ ဆိုပါလား"

မျက်နှာထိ မျက်နှာထားနဲ့ လှမ်းတေ့လိုက်သော အမျိုးသမီးရဲ့ စွပ်စွဲချက်မှာ ကိုယ်လည်း တကယ်ပဲ ကျူးလွန်ခဲ့မိတဲ့လုပ်ရပ်မို့ ရှေးနှောင်းမှာ ဘာဆက်ပြောရမှန်းမသိဘဲ ခေါင်းကြီးပဲ ငုံ့ချလိုက်ရပါသည်။ တယ်လီဖုန်းတင်ထားသော စင်ကလေးရဲ့တိုင်ကို မှီကိုင်ထားပေမယ့် ရှေးနှောင်းရဲ့ဒူးနှစ်ဖက်ဟာ ဘဆတ်ဆတ်တုန်ပြီး ပြိုလဲခွေယိုင် ကျဆင်းလု ဖြစ်နေပြီ။ ရင်ဘတ်ထဲမှာလည်း တဒိန်းဒိန်း မြည်ဟီးနေသံဟာ အထဲကနေ တုတ်တိုနဲ့ ပြန်နှက်နေသကဲ့သို့ရှိကာ ရင်ခွင်တစ်ပြင်လုံး ပေါက်ကွဲထွက်လုနီးပါး ဖြစ်နေပြီ။

ဒီတစ်ခါတော့ဖြင့် "ကံဆိုတာ လူကလုပ်တာ၊ ငါလည်း ဘာမှမ မလုပ်ဘဲနဲ့"လို့ ရှေးနှောင်းတစ်ယောက် ရဲရဲကြီး ပြောဝံ့ပါတော့မလား။ ရှေးနှောင်းရဲ့အပါးကို ရောက်ရှိလာတဲ့ နောက်ကြောင်း ဘာမှသေချာမသိသေးသူ တစ်ယောက်ဟာ ဇနီးမယား သမီးသားတို့နဲ့ မလွတ်လပ်သူတစ်ယောက် ဖြစ်နေခဲ့တာက မိစောပြောတဲ့ ('ကိုယ်ကလုပ်တာလည်း မဟုတ်၊ ကိုယ်လည်း

မြင်လို့မရတဲ့) “အတိတ်ကံ”ဆိုရင် ဘာအကြောင်းမှ ဂနသေချာ မသိသေးဘဲနဲ့ လက်ခံတဲ့မိတာ၊ အရွဲ့ပါ တိုက်ပြလိုက်မိသေးတာ၊ ကိုယ်ကကျူးလွန်တဲ့ ကိုယ့်ကြောင့်ဖြစ်တဲ့ ကိုယ့်အပြစ်ကံပေါ့။

“တို့လည်း မိန်းမသားချင်း သိပ်မပြောချင်ပါဘူး။ မသိလို့ ဖြစ်ရတာဆိုလည်း သိပြီးတဲ့အခါတော့ ဆင်ခြင်ပေါ့အေ။ သိသိကြီးနဲ့ ရှေ့ဆက်တိုးဦးမယ် ဆိုရင်တော့ တို့အဆိုးမဆို နဲ့ပေါ့။ ခုတောင် တို့က အဆုံးစွန်အထိကို ပြင်ဆင်ပြီးမှ ရောက်လာခဲ့တာပဲ။ ကိုယ့်သမီး ကိုယ့်သားကိုပါ ထိခိုက် လာပြီဆိုတော့လေ၊' တို့က ' ဘာမှမကြောက်တော့ဘူး။ ယှဉ်သတ်ရသတ်ရလို့တောင် ထွက်လာခဲ့ပြီးသား”

ရှေးနှောင်းမှာ ဘာစကားမှတောင် ပြန်မပြောနိုင် တော့ပါ။ လက်ကလေးတစ်ဖက်သာ အနိုင်နိုင် ထောင်ပြမိလိုက် တော့၊ ထိုမိန်းမက ရှေးနှောင်းရဲ့ မဟန်လှတော့တဲ့ သွင်ပြင်ကို ရိပ်စားမိလိုက်ပုံ ရပါသည်။

“ဒါဆိုရင် ပြန်လိုက်တော့မယ်”

သူ ပြန်ထွက်သွားတာနဲ့ ရှေးနှောင်းမှာ ပုံရက်သား ကလေးကို လဲကျသွားခဲ့တော့တာပါပဲ။ 'မျက်စိကိုပါ စုံမှိတ်ချ လိုက်တော့ မည်းနေတဲ့ မြင်ကွင်းပြင်ထဲ အရင်ဦးဆုံး ပေါ်လာတဲ့ ပုံရိပ်နှစ်ခုဟာ ဦးအောင်ဇေယျနဲ့ ညဇာ။ ဒီတစ်ခါရော “သူတို့ စုံစမ်းပေးလိုက်တိုင်း မကောင်းတာကြီးတွေပဲ ဖြစ်ဖြစ်နေတယ်”





ဟု ကိုယ့်ကံကို သူတို့ဘက် အပြစ်ပုံ လွှဲချလို့ ရနိုင်ဦးမလား။ လာလာသမျှ တစ်ယောက်မှ အကောင်းပါမလာသောကံမျိုး ရှိနေ လျှင် ခုလောက်ထိ အခြေအနေ ဆိုးဝါးသွားပြီးမှ သိလိုက်ရသော ထက် စောစောစီးစီး ကြိုသိရင် ကြိုရှောင်နိုင်မည်ပဲ မဟုတ်ဘူးလား။

ရုတ်ခြည်းမှာ အထီးကျန်အားငယ်မှုကို ထူးထူးခြား ခြားကြီး ခံစားလိုက်ရသည်။ လူသူကင်းဝေးတဲ့ တောကြီးမျက် မည်းထဲကို တစ်ယောက်တည်းပဲ မျက်စိသူငယ် နားသူငယ်နဲ့ ရောက်သွားရသလိုလို။ အထီးကျန်ခံစားမှုဟာ နောက်ဆုံးကျတော့ “ပစ်ပယ်ခံထားရတာ”ဆိုတဲ့ ခံစားချက်နဲ့ သွားပြီးတစ်ထပ်တည်း ကျနေသည်။

ကြမ်းပြင်ကြီးပေါ်မှာ ပုံရက်သားကလေး လဲနေသော ရှေးနှောင်းကို ကောင်မလေးက “မမရှေး ... မမရှေး”ဟု လန့် ထိတ်သလို လှုပ်လှုပ်ပြီး လာခေါ်နေလေသည်။ အိမ်မှာ ဘယ်သူမှ မရှိကြဘူးဆိုတော့ သူ့တာဝန်လိုလိုဖြစ်ကာ သူလည်း အတော်ကြီး ထိတ်လန့်နေပုံပင်။ အဆိုးထဲက အကောင်းမှာ မိဘများအိမ်မှာ မရှိကြချိန် ဖြစ်နေခြင်းတည်း။

ရှေးနှောင်းက ကောင်မလေးကို လက်ကိုင်ဖုန်းလေး ရှိရာသို့ လက်ညှိုးလှမ်းထိုးပြလိုက်သည်။ ကောင်မလေးက ပြေး ပြီးသွားယူလာပေးတော့ ရှေးနှောင်းဟာ Message Box ကို ဖွင့် လိုက်သည်။

ရဲဘော်ရဲဘက်ကြီး နှစ်ယောက်ကို သတိရလွန်းလို့ ရွှေနှောင်းရဲ့ ပါးပြင်နှစ်ဖက်မှာ မျက်ရည်များနဲ့ ရွှဲရွှဲစိုနေခဲ့ပါပြီ။ အရေးတကယ်ကြုံတော့ ဒါပဲရှိတာ။ သူတို့ပဲရှိတာ။ သူတို့ကမှ ပစ်ထားရင် ရွှေနှောင်းရဲ့ ရှေ့ဘဝခရီးမှာ ဘယ်လိုဆက်လက် ရှင်သန်ကြည့်ရမှာလဲ။

"I was humiliated while I was neglected."

(လစ်လျူရှု ပစ်ပယ်ခံထားရချိန်မှာ အရှက်ခွဲ စော်ကားခံ လိုက်ရတယ်။)

မိရွှေရဲ့ SMS စာတိုလေးတွေကိုရတဲ့အခါ သူငယ်ချင်း ရဲဘော်ရဲဘက်ကြီးတွေ ဘယ်လိုခံစားသွားကြမလဲ။ "တွေ့လား၊ ငါတို့ကို အရေးမစိုက်လို့ နင် ခံလိုက်ရတာ နည်းတောင် နည်းသေးတယ်"လို့ ပြောလာမယ့်သူ ဘယ်သူမှမရှိဘူး ဆိုတာကို တော့ ယုံကြည်ပါသည်။

ရွှေနှောင်း ပို့လိုက်တဲ့ Message လေးတွေ အောင်မြင်စွာ ထွက်သွားကြပြီလို့ တယ်လီဖုန်းမှန်သားပြင်ပေါ်မှာ ပေါ်လာပြီးချိန်မှာတော့ မိရွှေဟာ ကောင်မလေးဆီက စာရွက်တစ်ရွက်၊ စာအိတ်တစ်လုံးနှင့် ဘောလ်ပင်တစ်ချောင်းကို တောင်းယူပြီးတော့ စာတစ်စောင်ကို ထိုင်ရေးနေခဲ့ပါသည်။

♥ ◇ ♥





"ဩဇာရဲ့ကားပဲ ဖြစ်ရမယ်"

အောင်ဇေယျက ရွှေနှောင်းကို လှမ်းပြောလိုက်သည်။ ခြံထဲကို ဝုန်းဒိုင်းကြဲ မောင်းဝင်လာတဲ့ကားဟာ ပေါ်တီကို အောက်က မြင်သာထင်သာ လွတ်လွတ်ကင်းကင်း စဥ့်ပန်းအိုးကြီး တစ်လုံးကို ဝုန်းခနဲ ဝင်တိုက်လိုက်ပြီးမှ ထိုးရပ်သွားခဲ့လေသည်။

"ဟာ ... ဘယ်လိုဖြစ်တာလဲ မောင်ရင်"

အောင်ဇေယျမှာ အိမ်ထဲကနေ အော်ဟစ်ထွက်လာခဲ့ပြီးမှ ပေါ်တီကိုအောက်ကကားကို မြင်လိုက်တော့ စကားသံက တိခနဲ ရပ်ပိတ်သွားသည်။ ဩဇာရဲ့ကားမှာ ညာဘက်နောက်ဘေး ထောင့်စွန်းတစ်ခုလုံး ပိန်ချိုင့်စုတ်ပြတ်လျက်။ ခုလေးတင် သူဝင်တိုက်လိုက်သော စဥ့်ပန်းအိုးကြီးကြောင့်တော့ဖြင့် မဟုတ်နိုင်ပါ။ ပန်းအိုးက ကွဲကြေ၊ မြေကြီးတွေက အပုံလိုက်ကလေးပြိုကျ၊ အပင်ကပါ မြေခသွားခဲ့ပေမယ့် အဲဒီ ဝင်တိုက်လိုက်တဲ့ အရှိန်လောက်နဲ့တင်တော့ ကားက ဒီလောက်ထိ ဖြစ်မနေနိုင်ပါ။ ပြိုကျ စဥ့်အိုးကို သူက ကားရှေ့နဲ့ ဝင်တိုးလိုက်တာ၊ သူ့ကားရဲ့ ဒဏ်ရာများက နောက်မှာ။

"ကျွန်တော် ကားတိုက်ခဲ့တယ်။ အခုပြောတာ မဟုတ်ဘူး၊ ခုနက။ ဒီပန်းအိုးကို မဟုတ်ဘူး။ တခြားကားတစ်စီးနဲ့"

ညြဇာ တစ်ယောက် ပြော၍မှ မဆုံးသေးခင် ရှေးနောင်းတို့အိမ်ခြံဝင်းထဲသို့ နောက်ကားတစ်စီးကပါ ကမူးရှူးထိုးဝင်ချလာခဲ့ပါသည်။

"ဟုတ်တယ် အဲဒီကားပဲ၊ အဲဒီကား ... အဲဒီကားနဲ့တိုက်ခဲ့တာ"

"ဟော့လူ ... ကားတိုက်တာကို မဖြေရှင်းဘဲ ဘာဖြစ်လို့မောင်းပြေးရတာလဲ"

နောက်ကကားပေါ်မှ လူတစ်ယောက် အော်ဟစ်ပြီးဆင်းချလာသည်။

"မောင်းပြေးတာ မဟုတ်ဘူး၊ အမှုကြီးပြီး ရှင်းနေရရင်ကျွန်တော် ရောက်ချင်တဲ့နေရာကို အချိန်မီ မရောက်နိုင်တော့မှာစိုးလို့"

ညြဇာက ထိုလူ့ကို ပြန်အော်ရင်းက ဦးအောင်ဇေယျာကိုလှည့်၍ ...

"မိရှေး ဘယ်လိုလဲ၊ အခြေအနေကောင်းလား၊ အိုကေလား"

"ရတယ်၊ ကိစ္စမရှိဘူး"

"ငိုနေသေးလား"

"ငိုတော့ ငိုနေတယ်၊ ဒါပေမဲ့ ပြီးသွားမှာပါ"

"ဟာ ... ! ငိုနေတယ် ... ! "

"ဟော့လူ ... ကျုပ်ကားကိစ္စက ဘယ်လိုရှင်းမှာလဲ"





နောက်ကနေ မလွှတ်တမ်း ထက်ကြပ်မောင်းလိုက်လာသူမှာ ... ကားကိစ္စကို ဆက်မဆွေးနွေးဘဲ နှစ်ကိုယ်ချင်းစကားပြောနေကြသည့် အောင်ဇေယျာနှင့် ညြဇာကို စကားဖြတ်ပြီး ဝင်အော်လိုက်သည်။

"ကားကိစ္စက ရှင်းပေးမှာပေါ့။ ခင်ဗျား ကျုပ်နောက်ကနေဒီအထိမောင်းပြီး လိုက်ပါလာနိုင်မှတော့ ရှင်းမပေးမှာကိုပူမနေနဲ့တော့။ ဒါပေမဲ့ ခဏနေဦး၊ ကျုပ်မှာကိစ္စရှိသေးတယ်"

"ဟော့လူ ... ကျုပ်ကလည်း ကလေးကျောင်းသွားကြိုရဦးမယ်၊ အချိန်မရဘူး"

အောင်ဇေယျာမှာ ဒီလေသံ ဒီစကားလုံးမျိုး ကြားဖူးပါတယ်ဟု ထင်လိုက်သည်။ သူ့ကားကို လှမ်းကြည့်လိုက်တော့ဘာမှလဲသိပ်မဖြစ်။

"နေပါဦး ... တိုက်တာက ဘယ်နည်းဘယ်ပုံ တိုက်တာလဲခင်ဗျားကားကရော ဘာဖြစ်သွားလဲ၊ ကဲ ... ညြဇာ ဝင်ရင်လည်း ဝင်သွားဟော့၊ ငါ ဆက်ကြည့်လုပ်လိုက်မယ်"

"နေပါဦး ... နေပါဦး၊ တရားခံကို မျက်စိရှေ့မှောက်အောက်က ပျောက်ထုတ်လိုက်လို့ ဘယ်ဖြစ်မှာလဲ။ ခုထောင်ထွက်ပြေးတာကို မနည်းမျက်ခြည်မပြတ် နောက်ကလိုက်ဖမ်းထားရတာ"

"ဘာတရားခံလဲ၊ ကားတွေပုံစံကြည့်ရတာတော့ သူ့ကား နောက်ဘေးကို ခင်ဗျားကားက တည့်တည့်က ဝင်တိုက်တာ"

"ဟုတ်တယ်လေ၊ ဒါပေမဲ့ ကျုပ်က ပုံမှန်လမ်းမှန် မောင်းလာတာ၊ သူက ရှေ့ကနေ အတင်းဝင်ဖြတ်ပြီး မောင်းပြေးသွားတာ၊ ဟော့လူ ဘယ်သွားမလို့လဲ၊ နေဦးလို့ ပြောနေတယ်"

"သူ့မှာ အလုပ်ကိစ္စရှိသေးတယ်၊ ကျုပ်နဲ့ပဲရှင်းပါ၊ ခင်ဗျားတို့ လမ်းတွေက မီးပွိုင့်ရှိသလား၊ ဘယ်သူက လမ်းကျယ် ဘယ်သူက လမ်းကျဉ်းလဲ"

"မီးပွိုင့်မရှိဘူး၊ ရပ်ကွက်ထဲက လမ်းတွေပဲ ဘယ်သူမှ မကျဉ်းမကျယ်ဘူး"

"အဲဒါဆို ခင်ဗျားအမှားပေါ့၊ ကဲ ... သူ့ကားကိုကြည့်စမ်း၊ စုတ်ပြတ်နေတာပဲ၊ လျော် ... ခင်ဗျားလျော်"

"ကျုပ်က ဘာလို့မှားရမှာလဲ၊ ကျုပ်က ပုံမှန်လမ်းမှန် မောင်းနေတာ၊ သူက အတင်းဖြတ်တာ။ ကျုပ်ကားလည်း ပျက်စီးတာပဲဗျ၊ တိုက်ပြီးမှ မောင်းပြေးကတည်းက သူမှားလို့ပေါ့၊ သူက အတင်းစဝင်တာ"

"သူကမှားလို့ မောင်းပြေးတာ မဟုတ်ဘူး၊ ဒီမှာ အလုပ်ကိစ္စရှိလို့"

"ကျုပ်လည်း ကျောင်းကြိုရဦးမှာပဲလေ၊ အလုပ်ရှိတာပဲ"





"မီးပွိုင့်မရှိ၊ လမ်းကျယ်လမ်းကျဉ်း မရှိရင် ကားရဲ့နောက်ပိုင်းကိုတိုက်တာ ခင်ဗျားအမှားပေါ့။ ရှေ့ပိုင်းကိုတိုက်ရင်တော့ သူက အတင်းဝင်လာတာ ဖြစ်ချင်ဖြစ်မယ်၊ ခုဟာက နောက်ပိုင်း။ သူက အဲဒီလမ်းဆုံကို လွတ်နေတဲ့သဘော ဖြစ်နေပြီ။ ခင်ဗျားကသာ အတင်းဝင်လာပြီး တည့်တည့်တိုက်တာ။ ကဲ ... ခင်ဗျားလျော်။ မှားတာလည်း သူ။ အလျော်လိုက်တောင်းတော့လည်း သူ။ အခါခါပဲ၊ ဘယ်နှခါရှိပြီလဲ၊ ခင်ဗျား ဘယ်လိုလူလဲ"

ထိုလူ ဇဝေဇဝါ ဖြစ်သွားသည်။

"ကျုပ်ကားက ဘန်ပါချိုင့်ပြီး ဆေးကွာသွားတယ်"

"ပြန်ထုပြီး ပြန်သုတ်လိုက်ပေါ့။ အဲဒီနေရာက ပြန်သုတ်ထားတာမှ မကြာသေးတော့ ဘယ်စွဲမြဲမလဲ၊ ပြန်ကွာမှာပေါ့"

ထိုလူ ပိုပြီး တစ်မျိုးဖြစ်သွားသည်။

"ခင်ဗျားကို ကျုပ် နှစ်ချက်ပဲ ပြောမယ်၊ ဘယ်သူမှန်မှန် ဘယ်သူမှားမှား ဒီလောက် စုတ်ပြတ်သွားတဲ့ ကျုပ်တို့ကားကို ခင်ဗျားလျော်မလား"

"ဘာလို့ လျော်ရမလဲ၊ မလျော်ဘူး"

"ဒါဆိုလည်း သွားတော့လေ၊ ခင်ဗျား ကလေးကို အေးအေးဆေးဆေး ကျောင်းမကြိုချင်ဘူးလား။ ခင်ဗျားကလေးလေး တစ်ယောက်တည်း ကျောင်းရှေ့မှာ အစောင့်ကြီး

စောင့်နေရပြီး လာကြိုမယ့်သူ မရှိတော့ဘူးဆိုရင် ဘယ်လိုလုပ်မလဲ"

"ဟင် ... ခင်ဗျား ... ခင်ဗျား"

ထိုလူ လုံးဝပြန်မှတ်မိသွားသည်။

"ဟုတ်တယ်၊ ခုထက်ထိ လူပျိုကြီးပဲ ဖြစ်နေသေးတယ်"

အဲဒီလူ တစ်မျိုးတည်း ပြန်လစ်သွားပါလေတော့သည်။

အောင်ဇေယျမှာ "တဟားဟား" အော်ရယ်ရင်း အိမ်ထဲသို့ ပြန်ဝင်လာခဲ့သည်။ သုံးယောက်ဆုံချိန်းကြစဉ် တစ်ခါကတော့ ကိုယ်က အနည်းငယ်နောက်ကျတဲ့လူ။ သင်းကလေးတို့နှစ်ယောက် ကိုယ်မရှိသေးတုန်း ဘာတွေများ ပြောပြီးဆိုပြီးကုန်ပြီလဲလို့ ပူလိုက်ရတာ။ ခုတော့ ဩဇာမှာ ကားတိုက်နေရလို့ထင့်။ အတော်ကြာကြာကြီး နောက်ကျပြီးမှ ရောက်လာရတဲ့သူက ခုလောက်ရှိ "ဟိုလူကြီးနဲ့ မိရှေးနဲ့ သူ မရှိတုန်း ဘာတွေပြောလဲ" လို့ အသည်းအသန်ကြီးတွေ စုံစမ်းနေပြီလား။

သို့သော် အိမ်ထဲရောက်တော့ ဩဇာမှာ အဖြစ်သည်းသည်း အပိုတွေလုပ်ပြီး ပူပန်စပ်စုနေခြင်းမျိုး မရှိပါ။ နှစ်ယောက်ထိုင်ဆိုဖာကြီးရဲ့ နောက်မှီမှာ ခေါင်းမှေးတင် ပြေလျော့ထိုင်ရင်း မျက်စိတွေကိုလည်း စုံတင်းတင်း မှိတ်ထားသည်။ မှိတ်ထားသော မျက်လုံးတို့ရဲ့ ဘေးထောင့်စွန်းနှစ်ခုမှ မျက်ရည်စီးကြောင်းနှစ်ခုတို့ကတော့ နားထင်နှစ်ဖက်ကနေ စီးဆင်းလျက်။





ဒီကောင် ငိုနေတာ။ မျက်ရည်ကျနေတာပါလား။

အောင်ဇေယျက ရှေးနှောင်းကို အလန့်တကြားကြည့်လိုက်လျှင် ရှေးနှောင်းသည်လည်း အောင်ဇေယျကို နားမလည်နိုင်သလို မျက်လုံးဝိုင်းကလေးတို့နှင့် ပြန်မော့ကြည့်နေလေသည်။ ပြီးလျှင်တော့ အသံမထွက်စေဘဲ မေးဆတ်ပြရုံ၊ ပါးစပ်လှုပ်ပြရုံအပြောနှင့် "ဘာဖြစ်လို့လဲ၊ ရောက်ကတည်းက အဲလိုကြီးဖြစ်နေတာပဲ"ဟု သိချင်စိတ်တို့နှင့် မေးခွန်းလှမ်းထုတ်ပါသည်။

ခုနက အရက်တကွဲ အကျိုးနည်းကိစ္စနှင့် ကြုံလိုက်ရ၍ကတစ်မျိုး။ အောင်ဇေယျတို့နှစ်ယောက်က သူ့ကို အပြိုင်စိတ်လုပ်ပြီး ပစ်ပယ်ထားကြသည်ဟု အထီးကျန်ခံစားနေရတာကတစ်မျိုးတို့နှင့် နင့်နင့်သီးသီး၊ ပြင်းပြင်းထန်ထန်၊ မပြီးနိုင်မစီးနိုင်အောင် ငိုယိုဝမ်းနည်း ရင်ကွဲပက်လက်ဖြစ်နေတဲ့ ရှေးနှောင်းကို အောင်ဇေယျက အတော်ကြီး ချော့မော့နှစ်သိမ့်ခဲ့ရပြီးပြီ။

ဒါတောင် အောင်ဇေယျသာ အတော်လေးကုန် အာပေါက်သွားခဲ့တာ။ ရှေးနှောင်းဟာ အငိုတိတ် အပြီးသတ်ကာ ပြန်လည်အနည်ထိုင် ပုံမှန်ပြန်ရောက်ခြင်းမျိုး မရှိသေး။ ဩဇာတစ်ယောက် ရောက်မလာသေးတာမို့ နောက်တစ်ယောက်ရဲ့အချော့အမော့ကို တစ်ခါထပ်ခံယူဖို့ အပြီးမသတ်သေးဘဲ ဆက်စောင့်နေသလားပင် ထင်ရပါသည်။

ခုတော့ ရှေးနှောင်းလည်း တိတ်လိုက်ရပြီ။ အောင်ဇေယျရဲ့အချော့မှာ ပြေနိုင်သေးဟန်မတူတဲ့ ရှေးနှောင်းဟာ ဩဇာ

ရဲ့မျက်ရည်နဲ့ကျတော့ တစ်ခါတည်း အပြီးသတ်၊ ပုံမှန်ပြန်ရောက်သွားခဲ့ပြီ ထင်ပါသည်။

နေပါဦး၊ ဒီကောင်က ဘာလို့ငိုရမှာလဲ။ မိရှေးတစ်ယောက် ခံလိုက်ရလေခြင်းလို့ ကိုယ်ချင်းအစာကြီးစာပြီး ခံစားပစ်လိုက်တာလား။ သူ မကူညီလိုက်နိုင်လို့ ဒီလိုခံရတာဆိုပြီး Guilty ဖြစ်(အပြစ်မကင်းသလို ခံစား)ရလို့လား။ ဒါမှမဟုတ် ကားတိုက်လာတာကို ခုမှ ထတုန်လှုပ်ပြီး စိတ်မထိန်းနိုင်သလို ဖြစ်သွားတာလား။ ဒါမှမဟုတ် ငိုတယ်ဆိုတော့ အချော့ခံချင်လို့ပဲလား။ နောက်ဆုံးပေါ် ထတီထွင်လိုက်တဲ့ ဒီကောင့်ရဲ့အကွက်သစ်ပဲလား။

"အဟမ်း … ဟိုလူတော့ သွားပြီ။ မင်းကား နောက်တောင်ကတော့ တော်တော်ပြန်ပြင်ရမယ်ထင်တယ်၊ ဒါနဲ့ ဘယ်လိုဖြစ်လို့ တိုက်မိသွားတာလဲ"

ယောက်ျားလေးတစ်ယောက်ရဲ့ အထူးသဖြင့် ဩဇာလို ကောင်စားလေးတစ်ကောင်ရဲ့ မျက်ရည်ကို ကြာရှည်ကြာမြင့်မမြင်လို (ရှေးနှောင်းကိုလည်း မမြင်စေလို)တဲ့ အောင်ဇေယျာက တမင်ပင် စကားစလိုက်ပါသည်။

"ဟိုလူ ထည့်မပြောသွားဘူးပေါ့၊ မသိလိုက်ဘူးထင်တယ်။ အမှန်က လွတ်နေပြီ။ ကျွန်တော်က ဘရိတ်နင်းလိုက်လို့"

ဩဇာက မျက်နှာကိုပြင်၊ မျက်ရည်စီးကြောင်းများကိုလည်း ခပ်တည်တည်နဲ့ပင် လက်ဖမိုးလက်ခုံနဲ့ ပွ[illegible]သုတ်ပစ်လိုက်ပြီး ထလာပါသည်။





"ဒီကိုရောက်ဖို့ စိတ်စောနေလို့ အလောတကြီး ဖြတ်လိုက်မိတာနဲ့ တိုက်တာမဟုတ်ဘူးပေါ့။ ဘရိတ်နင်းလိုက်တာဟုတ်လား၊ ဘာဖြစ်လို့လဲ"

"ဘာမှမမြင်တော့လို့ဗျ။ ကျွန်တော် ခေါင်းထိုးကိုက်ပြီးမိုက်ခနဲ ဖြစ်သွားလို့ ရှေ့မှာတိုက်မိမှာစိုးတာနဲ့ အုပ်ချလိုက်တာ၊ နောက်ကတိုက်သွားတာပဲ"

"ခေါင်းကိုက်တာ ဟုတ်လား၊ ဟိုတစ်ခါ ဆေးရုံတက်ရတာလိုမျိုး"

ထပ်ချော့မယ့်လူ မရှိတော့ဘဲ သူ့အလိုလို ပြေလိုက်ရတဲ့ ရှေးနှောင်းက ဩဇာရဲ့မျက်ရည်တို့ကို အမိပွာယ်ဖော်နိုင်သွားသလို စိတ်သက်သာတဲ့ မျက်နှာလေးနဲ့ ဖြစ်သွားကာ …

"ခုကော တအားဆက်ကိုက်နေသေးလို့ မျက်ရည်ပါကျနေတာလား။ တစ်ခုခုစားပြီး Analgesic တစ်မျိုးမျိုးသောက်လိုက်လေ"

"ရတယ် … ရသွားပြီ"

ဩဇာက ပြောပြောဆိုဆို ရှေးနှောင်းဘက်သို့ လက်ကမ်းလိုက်ပါသည်။ ရှေးနှောင်းမှာ အူကြောင်ကြောင်လေး ခဏတော့ ဖြစ်သွားရပြီးမှ ဘာမှထပ်စဉ်းစားမနေတော့ဟန်နှင့် သူ့လက်ကလေးကို အလွယ်တကူပင် ဩဇာရဲ့လက်ထဲသို့ ပြန်ထည့်ပေးလိုက်သည်။ သူတို့ရဲ့လက်ချင်း တွဲယှက်သွားမှုမှာ ရင်ထဲတစ်မျိုးကြီး ဖြစ်သွားရတဲ့ အောင်ဇေယျာဟာ ဟိုမင်္ဂလာဆောင်မှာ ဟို

ကောင့်ရဲ့လက်ထဲ ရွှေနှောင်းရဲ့လက်ကလေးတစ်ဖက် ရောက်သွားရတုန်းကလိုတော့ ဒေါသတကြီး မခံမရပ်နိုင်တာမျိုးတွေ ဖြစ်မလာတာ ကိုယ့်ဘာသာ သတိထားလိုက်မိပါသည်။

အေးလေ ... အပြီးသတ်က ဒီလိုပဲ ဖြစ်သွားတယ်ဆိုတော့လည်း ဒီလိုပဲပေါ့။ ဒါနဲ့ပဲ ပြီးသွားတယ်ပေါ့။ ဒီလိုဆိုရင် လက်တွဲထားကြပြီဖြစ်တဲ့ ကလေးနှစ်ယောက်ရဲ့ရှေ့မှာ လူပိုကြီးသက်သက်လို ဖြစ်သွားပြီဖြစ်တဲ့ ကိုယ်က နေရာကပဲ လှည့်ပြန်ထပြန်သွားရမှာလား။ ဒါမှမဟုတ်ရင် (ရင်ထဲကနေ ဖျစ်ညှစ်ပြီးတော့ပဲ ဖြစ်ဖြစ်ပေါ့လေ)ဝမ်းသာစကားပဲ ဆိုလိုက်ရမှာလား။

အောင်ဇေယျတစ်ယောက် ဇဝေဇဝါ၊ သို့လောသို့လောနဲ့ တစ်ခုခုကို ဆုံးဖြတ်ချက် လျင်လျင်မြန်မြန် မချနိုင်သေးဘဲ ဘာလုပ်ရမှန်းမသိ ဖြစ်နေချိန်မှာ ဩဇာက အောင်ဇေယျဘက်သို့ သူ့ရဲ့ကျန်တဲ့ လက်တစ်ဖက်ကိုပါ ထပ်ကမ်းလိုက်ပြန်သည်။

"ငါ ..."

အောင်ဇေယျက မယုံကြည်နိုင်သလို ကိုယ့်ရင်ဘတ်ကိုယ် ပြန်ထောက်ပြီး မေးကြည့်လိုက်တော့ ဩဇာက ခေါင်းညိတ်ပြရင်း သူ့ရဲ့ကမ်းလက်ကိုလည်း "ပေးပါ ... ပေးပါ"ဆိုတဲ့ သဘောနဲ့ လက်ကလေး လေးချောင်းကို လှုပ်ပြလိုက်သေးသည်။ အောင်ဇေယျက မျက်ခုံးနှစ်ဖက်ကို မြင့်တက်အံ့ဩကာသာ ဩဇာဘက် လက်ပြန်ကမ်းလိုက်ပါသည်။





ဩဇာက သူ့လက်နှစ်ဖက်၊ ရွှေနှောင်းရဲ့လက်တစ်ဖက်၊ အောင်ဇေယျရဲ့လက်တစ်ဖက်၊ ပေါင်း လက်လေးဖက်တို့ကို ပေါင်းစုထပ်ထားလိုက်သည်။ ပြီးရင်တော့ သူ့လက်နှစ်ဖက်တို့ရဲ့ကြားမှာ ရွှေနှောင်းရဲ့လက်နဲ့ အောင်ဇေယျရဲ့လက်တို့ဟာ ပူးယှက်ထပ်ကပ်လျက်။ အဲဒီအဖြစ်ကို အောင်ဇေယျက သတိထားလိုက်မိသလို ရွှေနှောင်းလည်း သတိထားလိုက်မိပုံ ရှိပါသည်။ ဩဇာထက် အောင်ဇေယျဘက်ကို ခပ်ငေးငေးလေး လှမ်းကြည့်လာသည်။

အဲဒီပုံစံအတိုင်း ခပ်ကြာကြာကြီး ဖြစ်နေတော့ လူကြီးဖြစ်တဲ့ အောင်ဇေယျမှာ မနေတတ်၊ မထိုင်တတ်နဲ့ ...။

"အဟမ်း ... အဲ ... ကဲ ... ညီမကလည်း ပြီးတာတွေပြီးပစေတော့၊ နောက်တစ်ကြိမ်တွေကျရင်တော့ ကိုယ့်ကျ အသက်ကွာလို့၊ မတိုင်ပင်ချင်တာတွေ ဘာတွေရှိမယ်ဆိုလည်း ဩဇာကိုတော့ ပြောပါ တိုင်ပင်ဖြစ်အောင် တိုင်ပင်စမ်းပါ၊ ဟုတ်ပြီလားကွာ"

"ဟင့်အင်း ... ဦးအောင်ဇေယျ၊ ခင်ဗျားကြီးက လူကြီးဆိုတော့ ကျွန်တော့်ထက်စာရင် မျက်စိကြီး နားကြီးလည်းရှိတယ်၊ ဉာဏ်အမြော်အမြင်နဲ့လည်း ပိုပြည့်စုံလိမ့်မယ်။ ကျွန်တော်က မိရှေးကို ခင်ဗျားလို၊ ခင်ဗျားလောက်အထောက်အကူ ပြုနိုင်မယ် မထင်ဘူး။ အင်း ... မထင်တော့ဘူးလို့ ပြောရမယ်ထင်တယ်"

"ဘာလဲကွာ၊ မင်း ပြောခဲ့ဖူးသလိုပဲ စိတ်လျှော့တာက လည်း မြန်လိုက်တာ၊ အလွယ်တကူလေး ဘာမဟုတ်တာ လေးနဲ့ နောက်ဆုတ်စရာ မလိုဘူး၊ မဟုတ်ဘူးလားကွ"

"ခင်ဗျားကြီးနဲ့ ပြိုင်ဘက်မဖြစ်နိုင်တော့ဘူးဆိုတဲ့ အဖြစ်ကို တော့ ဝမ်းနည်းနေမှာဗျာ"

"ဟော့ကောင် ... တကယ်ပြောနေတာလား၊ ဘာလဲ ... မင်းက ဘာမို့လို့လဲ"

"ဟို ... ဟို ... မခင်မြတ်ကြွယ် ပြောဖူးတယ် ဦးအောင် ဇေယျ၊ သူ ရာထူးတက်သွားပြီ၊ နိုင်ငံခြားသွားရတော့မှာ လား ဟုတ်လား သြဇာ"

"ဟင့်အင်း"

"ဒါဖြင့် ဘာတုန်း၊ မိစော ပြပေးတဲ့ ဟိုအလကားနေရင်း ရယ်နေတဲ့ ကောင်မလေးကိုပဲ သွားကြိုင်တော့မယ်ပေါ့ ဟုတ်လား ... ဟွန်း !"

"မဟုတ်ရပါဘူးကွာ"

"ဒါဖြင့် ဘာလဲလို့ မေးနေတယ်၊ ဒါကရော ဘာလဲ၊ ဘာ လုပ်ထားတာလဲ"

ရှေးနှောင်းက စုကောက်ကောက်နှင့် ပူးထပ်ထား သော လက်အစုံတို့ကို လွှတ်နေသော လက်တစ်ဖက်နှင့် လက်ညှိုး ထိုးညွှန်ပြလိုက်သည်။





"ကြည့်နေမှာ ... ဆက်တော့ လှမ်းကြည့်နေမှာနော်၊ မမြင်ထဲ ရဘူး"

"ဘာလဲ ... ! "

"ဘာလဲ ... ! ဘယ်ကနေ ကြည့်နေမှာလဲ"

သြဇာက ပြုံးပဲပြုံးနေသည်။ ဘာမှပြန်မဖြေတော့ပါ။ အောင်ဇေယျမှာလည်း သြဇာရဲ့ တကယ့်ဆုံးဖြတ်ချက် ဖြစ်ပုံရတာ ကို အံ့သြနေရတာရယ်၊ အဲဒီအတွက် ရှေးနှောင်းကလေး ဘယ် လိုနေမှာလဲ ဆိုတာကို အကဲခတ်နေရတာရယ်နှင့်ပဲ ဘာစကားမှ ထပ်မဆိုနိုင်ခဲ့။

♥ ✧ ♥

Brain tumour (ဦးနှောက်အကျိတ်ကင်ဆာ)တဲ့။

ပထမအကြိမ် ဆေးရုံတက်ရစဉ်ကတည်းက တစ် ကိုယ်လုံးကိုလည်း အစစ်ကြီးစစ်။ ခေါင်းနဲ့ဦးနှောက်ကိုပါ အဆစ် အပိုင်းလိုက် နေရာပေါင်းစုံက ဓာတ်မှန်ရိုက်တာတောင်မှ ဘာမှ ရှာမတွေ့ခဲ့။ အဲဒီအချိန်ကနေ ဘာမှမကြာလိုက်ဘဲ အမြဲမပြတ် ဆက်တိုက်စစ်နေခဲ့တဲ့ ဆေးစစ်ချက်တစ်ခုမှာ ရောဂါရဲ့လက္ခဏာ တကယ်တွေ့ပြီဆိုတော့၊ ရောဂါနာမည်ပါ တပ်နိုင်ပြီဆိုတော့ "သွား"ရဖို့အချိန်က နည်းနည်းကလေး၊ နီးနီးကပ်ကပ်ကလေးပဲ ကျန်တော့ပြီ။

ရောဂါရဲ့တိုးတက်မှု၊ လူရဲ့ဆုတ်ယုတ်ကျဆင်းမှုက အချိန်တိုတိုကလေးအတွင်း ဝုန်း ... ဝုန်းနှင့် လျင်မြန်သွားခဲ့ပါသည်။ သုံးယောက်သား နောက်ဆုံးတွေ့ဆုံမှုအပြီး တစ်ပတ်အကြာမှာပင် ညဗာဟာ မှုန်ရာမှဝါး၊ ဝါးရာမှ နောက်ဆုံး မျက်စိအလင်းလုံးဝကွယ်သွားခဲ့တဲ့အတွက် မိရှေး ပေးခဲ့တဲ့ စာကလေးကို ဖွင့်ဖတ်ခွင့် မရလိုက်ပါ။

အဲဒီတစ်နေ့က ဦးအောင်ဇေယျတစ်ယောက် ခြံထဲမှာ ကားတိုက်လာတဲ့လူနဲ့ စကားအခြေအတင်ရှိနေကြဆဲမှာ ညနေခန်းထဲ လှမ်းဝင်လာခဲ့တဲ့ ညဗာကို မိရှေးက စာအိတ်လေးတစ်လုံး ဖျတ်ခနဲ ထုတ်ပေးခဲ့ပါသည်။

"ဘာလဲဟင် မိရှေး"

"ဖတ်ကြည့်"

"နောက်မှလား၊ ခုချက်ချင်းလား"

"အင်း ... ပြန်မှ"

ဦးအောင်ဇေယျရဲ့အပြောအရ "ငိုတော့ ငိုနေတယ်" ဆိုတဲ့ မိရှေးဟာ ညဗာနဲ့ဆုံတော့ မျက်ရည်မရှိတော့ပြီ။ မိရှေး လှမ်းပေးခဲ့တဲ့ "ခုမဖတ်ရသေးဘူး"ဆိုတဲ့ စာလေးကို လက်ထဲမှာ တဖျပ်ဖျပ် ကိုင်ရိုက်ရင်း ညဗာရဲ့ရင်ထဲ ဝမ်းနည်းမှုတွေနဲ့ ချက်ချင်းလွှမ်းခြုံသွားခဲ့ရသည်။ ဦးအောင်ဇေယျ မရှိချိန်မှာ ထုတ်ပေးတာဆိုတော့၊ ပြီးကျတော့ "ပြန်မှဖတ်"ဆိုတော့ ဒီစာလေးဟာ ဦးအောင်ဇေယျကို မသိစေချင်တဲ့ ညဗာ တစ်ယောက်တည်းအတွက်သာ ရည်ရွယ်တဲ့ သီးသန့်စာကလေးပေါ့။





"ရှေးကတော့ မျှမျှတတပဲ"လို့ အမြဲပြောတတ်တဲ့ မိရှေး၊ ဦးအောင်ဇေယျကို နိုးပြီးသစ္စာဖောက်နေရလို့လားတော့ မသိ။ ချွေးလေးတွေပင်ပြန်ကာ စိတ်လှုပ်ရှားနေခဲ့တာလည်း အသိသာကြီး။ အရမ်းဝမ်းနည်းသည်။ ကိုယ်ဟာ ဒီဘဝမှာ နေရချိန် သိပ်မကျန်တော့ဘူးဆိုတာ အဲဒီအချိန်ကတည်းက သိနှင့်ပြီးဖြစ်တဲ့ ညဗာအတွက် အရမ်းဝမ်းနည်း ကြေကွဲရပါသည်။

ကိုယ်တင်ပဲလား။ မိရှေးကလေးလည်း ကံဆိုးလိုက်တာ။ ဒီနှစ်ယောက်ထဲက တစ်ယောက်ကို မရွေးချယ်ချင်လို့ကိုထင်ရာတွေ လျှောက်လုပ်နေတော့လည်း အားလုံး ဆိုးဆိုးဝါးဝါး၊ အလွဲလွဲ အမှားမှားနှင့် ထိခိုက်နာကျင်စရာတွေချည်းပဲ ကြုံလို့။ စိတ်ထဲက တကယ်သေချာသိသွားပြီးချိန်ကျတော့လည်း သူရွေးချယ်လိုက်ပြန်သူဟာ မကြာခင်မှာ သူ့ကို ချန်ထားရစ်ပြီး လက်ပြနှုတ်ဆက် ထွက်ခွာသွားရဦးမယ့်သူ။

ကံဆိုးလိုက်တာ မိရှေးရယ်။

ကိုယ့်အတွက် မဟုတ်ပါ။ ကိုယ့်ဘဝတစ်ခုလုံးထက်တောင် ပိုပြီးတန်ဖိုးထား ချစ်ခင်ခဲ့ရသေးတဲ့ ကောင်မလေးအတွက် ဝမ်းနည်းရလွန်းလို့ကို အဲဒီနေ့က ညဗာ တစ်ယောက် မျက်ရည်ကျခဲ့ရတာ။ အဲဒါကြောင့်လည်း တမင်ပဲ အဲဒီစာကို မဖတ်သေးခင်မှာတင် သူတို့နှစ်ဦးကို သဘောတူ စိတ်ချတာတွေ ဘာတွေပြောဖြစ်အောင်ကို လျှောက်ပြောပစ်လိုက်သည်။

မိရှေးရဲ့မျက်နှာလေးကိုလည်း သေချာလုံးဝမကြည့်။ သူ့ဘက်က စတင်ပြီး စာတစ်တန် ပေတစ်ဖွဲ့နဲ့ ပွင့်ပွင့်လင်းလင်း ရှိခဲ့ပြီးတာတောင် ဩဇာ တစ်ယောက် ဘာတွေလျှောက်လုပ်နေတာလဲလို့ မေးခွန်းတွေပါနေမယ့် ရုပ်ကလေးကို မျက်လုံးချင်း မဆိုင်ဝံ့တာလည်းပါသည်။ မျက်နှာချင်းဆိုင် သေချာကြည့်လိုက်မိရင် သူကလေးထံမှ အဖြေတစ်ခုကို ရထားပြီးပြီဆိုတော့ သေချာနေသည့် လူတစ်ယောက်အနေနဲ့ လူဖီပီ အတွက်ကြီးသွားမိမှာ၊ ကိုယ့်အတွက်ပဲ ကိုယ်တွက်လိုက်မိမှာကို ကြောက်တာလည်းပါသည်။

ဩဇာလည်း လူတစ်ယောက်ပဲ။ ကိုယ်သိပ်ချစ်ရတဲ့ ကောင်မလေးကလည်း "ကိုယ့်ဖို့" ဟု စာတစ်စောင်ကလေး တိတ်တိတ်ပေးခဲ့ပြီးတဲ့နောက်မှာ ဘာကြီးပဲ ဖြစ်နေပစေ။ ဘယ်လောက်ပဲ နီးနေပြီ ဖြစ်ပစေ။ ရသမျှသော အချိန်လောက်ကလေးအတွင်းမှာ သူကလေးနဲ့ပဲ အချိန်တွေကို ကုန်ဆုံးပျော်ပိုက်သွားလိုက်ချင်တာပေါ့။

အဲသလိုဆိုရင် ကိုယ့်အတွက်ကတော့ နောက်ဆုံးအချိန်ကလေးတွေဟာ သိပ်လှသွားမယ်။ သူကလေးအတွက်ကတော့ ဘယ်လိုမှ ပြန်လည်ဖြေဆည်လို့ မရနိုင်တော့လောက်အောင် အလူးအလဲ ကျန်ရစ်ရတော့မှာပေါ့။ ဒီလောက် ကံဆိုးတဲ့ မိန်းကလေးကို ကိုယ်က ထပ်ကာ ထပ်ကာ ပိုဆိုးစေသင့်သေးလို့လား။





သူက ကိုယ့်ကို အဖြေပေးလိုက်တယ်။ အဲဒီနေ့ အဲဒီအချိန်မှာပဲ ကိုယ်က သူ့ကို ဦးအောင်ဖေယျနဲ့ သဘောတူကြောင်း ထကြေညာပစ်လိုက်တယ်။ အဲဒီလိုဆိုတော့ မိရှေးလေးမှာ ဘာလုပ်ရမှန်းမသိ ဖြစ်သွားပြီ။ ဒါပေမဲ့ အိမ်ပြန်ရောက်လို့ ဩဇာတစ်ယောက် စာဖွင့်ဖတ်ပြီးပြီလို့ ထင်ရလောက်တဲ့အချိန်ကျတော့ ကိုယ့်ဘက်ကနေ "ဒီလိုဆို ဘာလုပ်ကြရတော့မလဲ" လို့ ပြန်တိုင်ပင်လာမယ့် အချိန်ကို မိရှေးက စောင့်မျှော်နေမှာပေါ့။ စောင့်နေတဲ့သူကို ပြန်မဆက်သွယ်တော့ရင် အံ့ဩရာကတစ်ဆင့် နာတော့မည်။

နာကြည်းနေရတာဟာ နာကျင်ကျန်ရစ်တာထက် သက်သာပါတယ် မိရှေး။ ဩဇာက မိရှေးရဲ့စာကလေးကို လုံးဝဖွင့်မဖတ်လိုက်တော့ပါ။ အတွက်ကြီးချင်လာမှာကို ကြောက်သည်လေ။ အဲဒီနောက်မှာတော့ သုံးယောက်သား နောက်ဆုံးတွေ့ဆုံမှု အပြီး တစ်ပတ်အကျော်မှာ ဩဇာရဲ့မျက်လုံးတွေဟာ အမြင်အာရုံ လုံးဝပျောက်ကွယ်သွားတော့တဲ့အတွက် မိရှေးပေးခဲ့တဲ့ စာကလေးကို လုံးဝဖွင့်ဖတ်ခွင့် မရလိုက်တော့ပါ။

ဩဇာက အဆောင်နေသူငယ်ချင်း တစ်ယောက်ကို တစ်နေ့နေ့ တစ်ချိန်ချိန်ကျ မိရှေးကို ပြန်ပေးပေးဖို့ စာကလေးကို အပ်နှံထားခဲ့သည်။

♥ ✧ ♥

အောင်ဇေယျက ရှေးနှောင်းကို လက်မောင်းလေးက နေတွဲထူကာ အသာမတ်တတ်ထရပ်စေလိုက်သည်။

"ဘယ်လိုမှ ထင့်မထားမိဘူး။ သူ သိပ်နှုတ်ပိတ် မျိုသိပ်နိုင်ခဲ့တာပဲ ဦးအောင်ဇေယျရယ်"

"ကိုယ်တို့ နည်းနည်း တစ်ယောက်နဲ့တစ်ယောက် မျက်ခြည်ပြတ်ပြီး လူချင်းခဏတဖြုတ်လောက် ပြန်ဝေးသွားကြတာလည်း ပါမယ်"

ရှေးနှောင်းက ဩဇာကိုကျတော့ စာတစ်တန် ပေတစ်ဖွဲ့ လုပ်လိုက်မိလို့။ ဦးအောင်ဇေယျကိုကျတော့ ဩဇာ လုပ်ချသွားခဲ့ပုံကြီးကြောင့် မျက်နှာချင်း ပြန်ဆိုင်ရခက်၊ အရှက်တွေသည်းနေရလို့ မြန်မြန်ကြီး ပြန်မဆက်သွယ်ရဲဘဲ ရှောင်နေမိခဲ့သလို။

အောင်ဇေယျကကျတော့ ဩဇာရဲ့ စီမံမှုကြောင့် ရှေးနှောင်းကို နောက်တစ်ကြိမ်ထပ် propose လုပ်ကြည့်ရဦးမှာလား။ ဒါမှမဟုတ် ဘာမှထပ်မကြိုးစားဘဲလည်း ဒီနှစ်ယောက်ဟာ အများအသိအမှတ်ပြု သေချာသွားပြီပဲလား ဆိုတာ မဝေခွဲနိုင်လို့။ အမြဲငြင်းနေခဲ့တဲ့ မိရှေးဟာ ဩဇာရဲ့စကားတစ်ခွန်းနဲ့တင် တကယ်ပဲ ခေါင်းညိတ်လက်ခံနိုင်မှာလား ဆိုတာကိုလည်း မသေချာလို့။





တစ်ယောက်တည်း ကျိတ်မှိတ်ကုပ်ကပ်ကာ အိမ်နဲ့အလုပ်၊ အလုပ်နဲ့အိမ်ကလွဲရင် တခြားဘယ်မှကို မသွားတော့ဘဲ ဟိုနှစ်ယောက်ကိုပါ ရှောင်နေဖြစ်လိုက်တာ။

ပြန်ဆုံမယ့် ဆုံရတော့ သတင်းစာကြော်ငြာတစ်ခုကို ပြိုင်တူဖတ်မိကြချိန်မှာ ...။

"ဦးအောင်ဇေယျ ... ဦးအောင်ဇေယျ"

"ညီမ ... မငိုနဲ့၊ သိပ်လည်း စိတ်မလှုပ်ရှားပါနဲ့၊ ခုပဲ ကိုယ်လာခဲ့မယ်"

ဩဇာရဲ့အသုဘအခမ်းအနားကိုပင် အနိုင်နိုင်မီအောင် ရောက်ကြရပါသည်။ ဘာမှမပြောင်းလဲလှဘူးလို့ ထင်ရတဲ့ ဩဇာဟာ "ကြည့်နေမှာ၊ ဆက်တော့ လှမ်းကြည့်နေမှာနော်၊ မဖြုတ်ရဘူး"ဆိုတဲ့ စကားကို အိပ်နေရင်းကပင် လှမ်းပြောနေသယောင်ယောင်။

"သူ ဘာဖြစ်လို့ ရှေးတို့ကို မပြောတာလဲ"

"ညီမကို စိတ်မထိခိုက်စေချင်လို့ ဖြစ်မှာပါ"

"ဒါပေမဲ့ ခုကျတော့လည်း ထိခိုက်တာပဲဟာ။ သူ့နောက်ဆုံးအချိန်တွေမှာ ရှေးတို့ သူ့အနားမှာ ရှိမနေပေးလိုက်ရဘူး။ ရှေးတို့က သူများထက် နားလည်ထားကြပြီးသား သူငယ်ချင်းမိတ်ဆွေတွေလေ။ သူ့အကြောင်းတွေကို သူများတွေက ပြောပြမှပဲ သိရမှာလား။ သတင်းစာကတစ်ဆင့်မှပဲ သိကြရတော့မှာလား ...

ဘာဖြစ်လို့ နေခွင့်မပေးတာလဲ။ အချိန်တိုတိုလေးပဲ ကျန်တော့တယ်ဆိုရင် ရွှေးတို့ကို ဒီအခွင့်အရေး သူ ဘာလို့မပေးတာလဲ၊ သူ ... သူ ... ရွှေးကို စိတ်နာသွားတာနေမှာပါ"

"ညီမကို သူက ဘာလို့ စိတ်နာရမှာလဲ မိရွှေးရယ်၊ မဆိုင်တာပဲ။ ညီမနဲ့ ကိုယ်တို့နှစ်ယောက် ပြဿနာဖြစ်လိုက်ကြသလို ရှိမိတာက ပြီးခဲ့ပြီလေ။ သူ ကားတိုက်တဲ့၊ ညီမအိမ်ကို ကိုယ်တို့နှစ်ယောက်လုံး ပြေးရောက်လာခဲ့တဲ့ နေ့ကပဲ ပြီးခဲ့ကြပြီလေ။ ညီမအပေါ် သူက ဘာများစိတ်နာစရာရှိရမလဲ။ မနာပါဘူး။ ညီမကို သူက စိတ်နာဖို့နေနေ ချစ်ခင်ရှာလွန်းလို့ပဲ ညီမအတွက်ပဲကြည့်ပြီး သူ အားလုံးကို မျိုသိပ်နှုတ်ပိတ်သွားခဲ့တာပါ"

"မဟုတ်ဘူး၊ အဲဒီနေ့က ရွှေး သူ့ကို စာတစ်စောင်ပေးလိုက်မိတယ်"

အောင်ဇေယျက ရွှေးနှောင်းကို အံ့အားသင့်သလိုကြည့်လိုက်သည်။ အဲဒီနေ့က သူ အိမ်ထဲပြန်ဝင်လာတော့ မိရွှေးဟာ သိသိသာသာကြီး အငိုတိတ်နေတယ်။ မျက်လုံးဝိုင်းကလေးတွေနဲ့ ထူးခြားနေသယောင်ရှိတယ်။ ဩော် ... လက်စသတ်တော့ ကိုယ်မသိလိုက်ရဘဲ ကလေးနှစ်ယောက်ကြားမှာ သူတို့ချင်းသာ သိတဲ့ ဇာတ်လမ်းတစ်ခု ရှိလိုက်သေးတာကိုး။

"မရွှေးနှောင်း ဆိုတာလားခင်ဗျာ"





အောင်ဇေယျနှင့် ရွှေးနှောင်းတို့ "ရေဝေး"မြေမှ ပြန်မထွက်ခွာသေးမီ အချိန်ပိုင်းမှာပင် အနီးသို့ လူငယ်တစ်ယောက် ရောက်လာခဲ့ပါသည်။

"ဟုတ်ပါတယ်"

"ဩဇာက စာတစ်စောင် ချန်ထားခဲ့ပါတယ်"

ရွှေးနှောင်းက ဦးအောင်ဇေယျကို အသာမော့ကြည့်လိုက်သည်။ နောက်ဆုံးနေ့က ရွှေးနှောင်းက ဩဇာကို စာတစ်စောင်။ နောက်ဆုံးအချိန်ပိုင်းကျတော့ ဩဇာက ရွှေးနှောင်းကို စာတစ်စောင်။ ကိုယ်မသိနိုင်တဲ့ လူငယ်နှစ်ယောက်တည်းကြားက နားလည်မှုတွေ၊ အဆက်အသွယ်တွေက ဒီလိုလား။ အောင်ဇေယျမှာ သက်ပြင်းကိုသာ "ဟင်း"ခနဲ ချလိုက်မိပါတော့သည်။

"ဟင် ... စာ ... စာ ... အဲဒီစာ ...။ အဲဒါ ရွှေးကသူ့ကိုပေးခဲ့တဲ့စာပဲ ဦးအောင်ဇေယျရဲ့"

"ဖွင့်ဖတ်မထားဘူး ညီမ"

"ဟုတ်တယ်၊ သူ ဒီစာကို ဖတ်မသွားခဲ့ဘူး ခင်ဗျ။ အဲဒါ မရွှေးနှောင်းရဲ့စာ၊ မရွှေးနှောင်းကို ဒီအတိုင်းသာ ပြန်ပေးလိုက်ပါလို့ပဲ မှာသွားခဲ့တယ်"

ဩဇာရဲ့သူငယ်ချင်းဖြစ်သူ ထွက်ခွာသွားချိန်မှာတော့ မိရွှေးဟာ "ကိုယ်နားလည်ပေးနိုင်ပါတယ်"ဆိုတဲ့ အကြည့်မျိုးနဲ့ သာကြည့်နေတဲ့ ဦးအောင်ဇေယျကို ခပ်စိုက်စိုက်လေး ပြန်ကြည့်နေရာက ...

"ရော့ ... ဖတ်ကြည့်လိုက်ပါ"

"ရပါတယ် ညီမ"

"မဟုတ်ဘူး၊ ဖတ်ကြည့်လိုက်ပါ။ သူ ဖတ်မသွားခဲ့ဘူးဆိုရင် ဦးအောင်ဇေယျတော့ ဖတ်ဖို့လိုပါတယ်"

အောင်ဇေယျက စာအိတ်ညိုဝါဝါကလေးကို ထိပ်ဝကနေ အသာလေး ဆွဲဆုတ်ကာ စာကလေးကို ထုတ်ယူလိုက်သည်။

"သြဇာ ...

အထီးကျန် အဖော်မဲ့သလို ခံစားနေရချိန်မှာ –

လျစ်လျူရှု ပစ်ပယ်ခံရသူ တစ်ယောက်လို ခံစားလိုက်ရချိန်မှာ ...

မိရှေးမှာ တကယ့်အဖော်ကောင်း ဆိုတာမျိုး လိုပြီဆိုတာ သေချာသဘောပေါက် နားလည်နိုင်လိုက်ပါတယ်_။

သြဇာကိုလည်း မိရှေး လိုအပ်တယ်။ သူငယ်ချင်းရဲဘော်ရဲဘက် တစ်ယောက်လို လိုအပ်ပါတယ်။

ဒါပေမဲ့ ဦးအောင်ဇေယျကိုကျတော့ ဘဝရဲ့အဖော် လက်တွဲဖက်တစ်ယောက်အဖြစ် မိရှေးရဲ့နှလုံးသားကပါ လိုအပ်နေမိတယ်။

နားလည်ပေးနိုင်မယ်ဆိုရင် မိရှေးတို့သုံးယောက် အရင်ကလိုပဲပြန်ပြီး စည်းစည်းလုံးလုံး နေကြမယ်။

မိရှေး"





"ဟာ ... ဟာ ... ညီမ ... မိရှေး"

အောင်ဇေယျမှာ "ရေဝေး"မြေ အလယ်ကောင်ကြီးမှာမို့ စာတစ်စောင် လက်ထဲကိုင်ကာ ဝမ်းသာလုံးဆို့နေရပေမယ့် စိတ်ကြိုက်သတိလက်လွှတ် မပေါက်ကွဲလိုက်ရဲပါ။

"အဲဒီနေ့ကတော့ သူက သဘောတူသယောင်ယောင်တော့ ပြောသွားတာပေါ့နော်။ ဒါပေမဲ့ တကယ်တမ်း စာကိုဖတ်ကြည့်လိုက်ပြီးမှ စိတ်ခု စိတ်နာသွားလို့ ပြန်မဆက်သွယ်တော့တာလို့ထင်ပြီး မိရှေးကလည်း စိတ်ညစ်ညစ်နဲ့ပဲ အားလုံးကို ရှောင်နေလိုက်မိပြန်တော့တာ။ ဒါပေမဲ့ သူက စာကိုဖတ်တောင်မသွားဘူး။ ဘာဖြစ်လို့လဲ ဦးအောင်ဇေယျရယ်"

"ဒါလည်း ညီမကို သူ သိပ်ချစ်လို့ပါ ညီမရယ်၊ စာကို ကိုယ်မရဘူး၊ သူပဲရလိုက်တာဆိုတော့ သူ ပျော်တော့ပျော်သွားလိမ့်မယ်။ ဒါပေမဲ့ ညီမကိုလည်း သိပ်သနားသွားလိမ့်မယ်။ အဲဒါကြောင့် စာကိုလည်း ဖွင့်မဖတ်တော့ဘူး၊ ညီမကိုလည်း ရှောင်နေလိုက်တော့တယ်"

"ဒါ ... ဒါဆို"

"သူ မသိသွားဘူး၊ ညီမရဲ့မေတ္တာကို သူ ရခဲ့တယ်လို့ ကျေနပ်သွားပါတယ်၊ သူ ယူသွားခဲ့တယ်"

မျက်ဝန်းလေးနှစ်ခုကို စုံမှိတ်လိုက်တော့ မိရှေးရဲ့ ပါးပြင်ပေါ်ကို မျက်ရည်စီးကြောင်းကြီးနှစ်ခု စီးကျလာခဲ့ပါသည်။

အဲဒီလို မျက်ရည်ကျရခြင်းတွေ၊ နောင်မှာ အင်မတန်နည်းပါး ခြောက်သွေ့နေစေဖို့ အောင်ဇေယျက သြဇာကို လှမ်းကတိပေး ဖြစ်လိုက်သည်။ "ဆက်ပြီး လှမ်းကြည့်နေမှာ"ဆိုတဲ့ သြဇာတစ်ယောက် ကိုယ့်ကတိကိုရရှိ၊ သိနေမှာပါလို့လည်း အောင်ဇေယျက ယုံကြည်ပါသည်။

♥ ✧ ♥

ပုဏ္ဏမီ